# ဆာသီယဆိုင်းဘာဘာ ၏ ဖြစ်တော်စဉ်

မောင်ကြာညို ပြန်ဆိုသည်



TAPOVANAN SACRED LIFE STORY OF

BHAGAVAN SRI SATHYA SAI

Santisri

ပုံနှိပ်ခြင်း
ပထမအကြိမ်

ထုတ်ဝေခြင်း
မေလ ၊ ၂၀၁၇ ခုနှစ်

ကွန်ပျူတာစာစီ
ယဉ်ယဉ်ထွေး

မျက်နှာဖုံးနှင့်အတွင်းအပြင်အဆင်
**akt1960**

ဦးမောင်မောင်သောင်း(၀၂၁၇၅)၊ ပညာအလင်းပြ ပုံနှိပ်တိုက် အမှတ်(၁၃၀)၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်၊ ရန်ကုန်မြို့တွင် မျက်နှာဖုံးနှင့် အတွင်းစာသားများ ပုံနှိပ်သည်။

# TAPOVANAN SACRED LIFE STORY OF BHAGAVAN SRI SATHYA SAI

Santisri

# မာတိကာ

ပြန်ဆိုသူ၏အမှာ ၁

**အခန်း [ ၁ ]** ၇
တာပေါဗာနမ်
ပရာနာဗမ် (ဥုံရွတ်ဆိုပူဇော်ခြင်း) ၉
နာဂရဆန်ကီယာတန် ၁၁
ဆန်ဒါရှန် ၁၃
ကောင်းကင်စံပုဂ္ဂိုလ်တွေတောင် ကျွန်ုပ်ကိုစောင့်မျှော်ကြတယ် ၁၅
ပက်ဒါဘော့တူ၏ အတွေ့အကြုံ ၁၆
ရာဂျာရက်ဒီ၏ တွေ့မြင်မှု ၁၇
ဘဂျန်း ၁၈

**အခန်း [ ၂ ]** ၂၀
ရှီရဒီဆိုင်း-ပါတီဆိုင်း
ဂျီဒီအာဒီပေါလီဆိုမပွ
ပရိမ္မကုတီယာရမ် ၂၂
ရှီးဗားဆပ်က်တိဘာဘာ ၂၃
ရှီရဒီဆိုင်းအရှင်မြတ်ကြီး၏ ဘဝဇာတ်လမ်း ၂၈
ရှီရဒီဘိုင်း၏ကတိ ၃၅
ကိုယ်ခန္ဓာက နှစ်ခု၊ ဘုရားဖြစ်မှုကတော့ အတူတူပဲ ၃၈
ဘာဘာသည် နေရာတကာ ရောက်ရှိနေသည် ၄၁
ကျွန်ုပ် သိတယ်၊ သင် မသိဘူး ၄၃

**အခန်း [ ၃ ]** ၄၅
ပုတ္တဗာခနီ
အိန္ဒိယာရုမ္ဘ ၄၇
ဘွာမိ၏ဝင်စားမှု ၄၈
သန္ဓေတည်ခြင်း မဟုတ်၊ကွဲလာခြင်းသာ ဖြစ်သည် ၅၁
ဘုရားခတ်၏ ထိတွေ့မှု ၅၃
ဆရာ့ကုလားထိုင် ၅၄
ကျားပစ်မှုဆိုးကို အပြစ်တင်ခြင်း ၅၆

**အခန်း [ ၄]** ၅၈
ဆိုင်းဖူးပွင့်လာခြင်း
ပွတ်ရှ်ပဂီရိပွဲတော်
ကျွန်ုပ်ဟာ အားလုံးရဲ့အစေခံဖြစ်တယ် ၆၀
ပျောက်သွားသောမြင်း ၆၁
ကချေသည်အဖြစ် သရုပ်ဆောင်ခြင်း ၆၂
ကင်းမလက်မည်း တစ်ကောင် အတုပ်ခံရခြင်း ၆၅
အသိပညာပေးသူ ၆၅
သည်းခံခြင်း ၆၆
ကျွန်ုပ်ဟာ ဆိုင်းဘာဘာဖြစ်တယ် ၆၇
မဟာကြေညာချက် ၇၀
ရှေးဟောင်းစာပေကျမ်းဂန်များထဲတွင် ၇၁
ဘဂဝမ်ဆာသီယ ဆိုင်းဘာဘာကို ရည်ညွှန်းချက်များ

**အခန်း [ ၅ ]** ၇၇

ဓမ္မကို ပြန်လည်ဖော်ထုတ်ခြင်း

ဘုရားကျောင်းများကိုရှင်သန်တက်ကြွလာစေခြင်း၊ဘဒရီနတ်သ်

ဗာရာဏသီ ၇၉

ဆောမနတ်သ် ၈၀

ဒွါရက ၈၁

စရီဆိုင်းလမ် ၈၂

ပန္ဓာပူရ် ၈၂

ဝေဒကျမ်းလာဓမ္မကို ပြန်လည် အသက်သွင်းပေးခြင်း ၈၃

မှန်ကန်တဲ့ မူဟူအာသမ်(မင်္ဂလာအချိန်)ကို ဘယ်သူသိသလဲ။ ၈၄

ယဇ်ဖလား ၈၅

အထွတ်အထိပ် ဘုရားဓာတ် ၈၆

**အခန်း [ ၆ ]** ၈၇

ဘာဘာက အခြားဘုရားအားလုံးကို ကျော်လွန်သည်

စရီမဟာဂနာပတိအဖြစ် ၈၈

စရီဆူဗရာမန်းနီးယား ဆွာမိအဖြစ် ၈၉

ပရမရှီးဗားအရှင်မြတ်အဖြစ် ၉၁

စရီရာမာအရှင်မြတ်အဖြစ် ၉၅

ဗာလာ(ကလေးအရွယ်)ကရိသျှဏအဖြစ် ၉၈

ဂေါတမဗုဒ္ဓအဖြစ် ၁၀၀

ယေရှုခရစ်တော်အဖြစ် ၁၀၁

ဆွာမိ လက်ဖဝါးတွင် ကာဗပေါ်လာခြင်း ၁၀၃

စရီဒတ္တာတရိယအဖြစ် ၁၀၃

ဆွာမိသည် စကြဝဠာတစ်ခုလုံးကို ပျံ့နှံ့ဝင်ရောက်သည် ၁၀၄

**အခန်း [ ၇ ]** ၁၀၇
တန်ခိုးတော်အနန္တနှင့် ပြည့်စုံသော
ဖန်ဆင်းသူ၊ တည်မြဲစေသူ၊ ဖျက်ဆီးသူ
ဖန်ဆင်းခြင်း
ပုရွက်ဆိတ်ကို ပုတီးစေ့များဖြစ်စေခြင်း
ကွမ်းရွက်ရိုးများမှ ကြက်တူရွေးဖြစ်စေခြင်း ၁၀၈
ပဲကြော်ထဲက စိန်နားပန် ၁၀၉
တည်မြဲအောင် ထိန်းသိမ်းခြင်း(အသက်ကယ်ခြင်း) ၁၁၀
ဆင်းမလားဖြစ်ရပ် ၁၁၂
အဆုံးသတ်ပေးခြင်း ၁၁၃
ဖန်ဆင်းခြင်း၊ ထိန်းသိမ်းခြင်းနဲ့ ဖျက်သိမ်းခြင်းတို့ဟာ ၁၁၄
ကျွန်ုပ်လက်ထဲမှာ ရှိတယ်

**အခန်း [ ၈ ]** ၁၁၅
ဓာတ်တွေအားလုံးကို သူ ထိန်းချုပ်သည်
မီးဘေးမှ ကယ်ဆယ်ခြင်း
ရေကြီးခြင်းမှ ကယ်ဆယ်ခြင်း ၁၁၆
ရေကို ဓာတ်ဆီဖြစ်စေခြင်း ၁၁၇
ဟိမဝန္တာမှာ နေသာခြင်း ၁၁၈

**အခန်း [ ၉ ]** ၁၁၉
ကျွန်ုပ်ရှိနေတဲ့အခါ ဘာလို့ကြောက်ရမလဲ
ဘုရားက လင်ယောက်ျားထက် နီးစပ်သည် ၁၂၀
ဘုရားက မိခင်ထက် နီးစပ်သည် ၁၂၁
သတ်သေမှုကို တားဆီးခြင်း ၁၂၂
မြွေဟောက်ကို ကယ်ဆယ်လိုက်ခြင်း ၁၂၄

**အခန်း [ ၁၀ ]** ၁၂၅
အချိန်ကို ပိုင်စိုးသူ
အချိန်ကို အကျဉ်းချုံးခြင်း ၁၂၆
အချိန်ကို ဆွဲဆန့်ပေးခြင်း ၁၂၈
အချိန်နဲ့အာကာသဟာ ကျွန်ုပ်ကို ချုပ်နှောင်မထားနိုင်ဘူး ၁၃၀
အသွင်အမျိုးအပြား ခံယူခြင်း ၁၃၁
အမှတ်မထင် ရောက်ရှိလာခြင်း ၁၃၄
စိတ်ဒုက္ခရောက်မှုက ဆွာမိကို သနားစေသည် ၁၃၅
တုပ်ကွေးကို မောင်းထုတ်ခြင်း ၁၃၇
နာမ်ပိုင်းဆိုင်ရာ လေ့လာမှု၏သာလွန်မှု ၁၃၈
ကျွန်ုပ်ရဲ့ကလေးများဟာ ကျွန်ုပ်ပိုင်တဲ့ ပစ္စည်းအလုံးစုံဖြစ်တယ် ၁၃၉
ကျီစယ်တတ်သောဘုရား ၁၄၁

**အခန်း [ ၁၁ ]** ၁၄၂
ရှုပါအထူးကုဆေးရုံကြီးများ
ပရာဆဒမ်(ဘုရားကိုဆက်ကပ်ခဲ့သော ခဲဖွယ်/ပစ္စည်း)၏ အာနိသင် ၁၄၆
ခွဲစိပ်မှုကို ဘယ်သူလုပ်ဆောင်ခဲ့သလဲ ၁၄၇
ဘုရားဒီမှာရှိနေတာ ဘာကြောင့်ဆေးရုံလိုမလဲ ၁၄၈

**အခန်း [ ၁၂ ]** ၁၅၀
ဝိဘူသီးက ကင်ဆာကို ဖျက်သိမ်းလိုက်ခြင်း
လူမျိုးနွယ်စုခေါင်းဆောင် သက်ဝင်ယုံကြည်လာခြင်း ၁၅၁
ဝိဘူသီး၏ အံ့ဖွယ်အာနိသင် ၁၅၄

**အခန်း [ ၁၃ ]** ၁၅၆
ပင်လယ်ရပ်ခြား တန်ခိုးပြမှုများ
ဌျန်ဟစ္စလော့နှင့် ယေရှု၏ရုပ်ပုံ
အင်ဒြာဒေဝီ ၁၅၉
ဒေါက်တာဖရန့်က်ဘာရိုနောင်းစကီး ၁၆၅
ဒေါက်တာ အတ်အောင်းဂျမ်ဆိုင် ၁၆၉
ပျော်ပျော်နေပါ သင့်ထံက ကျွန်ုပ်ဒါပဲတောင်းဆိုတယ် ၁၇၂
ဂျာဂဒီးဆန် ၁၇၇

**အခန်း [ ၁၄ ]** ၁၇၉
ကျွန်ုပ်ဟာ လူတိုင်းရဲ့အတိတ်၊ ပစ္စုပ္ပန်နဲ့ အနာဂတ်ကိုသိတယ်
မကောင်းမှုသည် မကောင်းမှုကို ဖြစ်စေသည် ၁၈၀

**အခန်း [ ၁၅ ]** ၁၈၂

နာမစမာရန်၏ အရေးပါမှု

တုလဆမ္မာ ၁၈၃

နာမစမာရန်သည် ဘုရားကို ပင့်ခေါ်သည့်သဘောဖြစ်သည် ၁၈၄

နာမစမာရန်သည် ဘုရားကို ဖုန်းဆက်ရာရောက်သည် ၁၈၅

အဖိနှိပ်ခံရသူများဟာ ကျွန်ုပ်ရဲ့ကလေးတွေ ဖြစ်ကြတယ် ၁၈၆

ဘော့စနီးယားက အဖြစ်အပျက် ၁၈၉

**အခန်း [ ၁၆ ]** ၁၉၀

ဒုက္ခသည် ဘုရားကို အနီးရောက်လာစေသည်

**နိဂုံး** ၁၉၃

# ပြန်ဆိုသူ၏အမှာ

ဤစာရေးသူသည် ''သူတော်စင်ကြီး ဆိုင်းဘာဘာ'' ဟူသော စာအုပ်နှင့် ''ဆိုင်းဘာဘာ တပည့်တစ်ဦး၏ ဆန်းကြယ်သော အတွေ့အကြုံများ'' ဟူသော စာအုပ်တို့ကို ပြန်ဆိုရေးသား ထုတ်ဝေခဲ့ပါသည်။ ထို့နောက် ဆိုင်းဘာဘာဆိုင်ရာ စာအုပ်များ ဆက်လက် ထုတ်ဝေရန် Erlendur Haraldsson Ph.D ရေးသော "Miracles are my Visiting Cards" ခေါ် စာအုပ်ကို (အစအဆုံး ဖတ်မကြည့်မိသေးဘဲ) စတင်ပြန်ဆိုပါသည်။ ပြန်ရင်း ပြန်ရင်းနှင့် ထိုစာအုပ်သည် လူပေါင်းအမြောက်အမြား၏ ရှေ့မှောက်တွင် ရှင်းရှင်းလင်းလင်း ပြသခဲ့သော တန်ခိုးပြမှုများကို လက်မခံဘဲ အကြံအဖန် လက်လှည့်မျက်လှည့်ပြမှုများဖြစ်အောင် နည်းနည်းမှ ယုတ္တိမရှိသော ဆင်ခြေဆင်လက်များဖြင့် ချေဖျက်ပုတ်ခတ်ထားသော စာအုပ်တစ်အုပ်ဖြစ်ကြောင်း တွေ့လာရလေသည်။

ဆိုင်းဘာဘာသည် အဝတာရ ပုဂ္ဂိုလ် (Avatar) ဖြစ်လေသည်။ အဝတာရ ဆိုသည်မှာ လူ့ပြည်တွင် အဓမ္မတရား ထွန်းကားနေခြင်းကို ပယ်ဖျက်ကာ လူအပေါင်းတို့အား ဓမ္မလမ်းကြောင်းကိုပြရန်၊ သာသနာပြုရန်၊ ကယ်တင်ရန် ဘုရားသခင်က လူအဖြစ် ဝင်စားသောပုဂ္ဂိုလ်ဖြစ်လေရာ မွေးကတည်းက အနန္တတန်ခိုးတော်နှင့် ပြည့်စုံလေသည်။ ဆိုင်းဘာဘာသည် သူ အဝတာရဖြစ်ကြောင်း လူအများ လက်ခံ ယုံကြည်လာကြစေရန် လူသေကို ပြန်လည် ရှင်သန်လာစေခြင်းအပါအဝင် ရောဂါအမျိုးမျိုးကို ပျောက်ကင်းစေ

ခြင်း၊ စိန်ရွှေ လက်ဝတ်လက်စားအမျိုးမျိုးကို ဖန်ဆင်းကာ ထိုက်တန်သူများကို ပေးခြင်း၊ သူ့ရှေ့မှောက် ရောက်လာကြသူအားလုံး၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တို့ကို သိခြင်း၊ သစ်ပင်တစ်ပင်တည်းမှ တပည့်တို့လိုရာ သစ်သီးအမျိုးမျိုး သီးစေခြင်း၊ တစ်ချိန်တည်းတွင် ဝေးလံသောနေရာ နှစ်နေရာ၌ ရောက်ရှိနေခြင်း၊ သေချာပေါက် ရွာတော့မည့်မိုးကို မရွာရန် ဟန့်တားခြင်း၊ ရေကြီးပြီး အရှိန်အဟုန်နှင့် စီးဝင်လာသော မြစ်ရေကို ပြန်ဆုတ်သွားစေခြင်း စသည့် ရင်သပ်ရှုမောဖွယ် အံ့ဩမကုန်နိုင်ဖွယ် တန်ခိုးပြာဋိဟာ အမျိုးမျိုးကို ပြသခဲ့လေသည်။ ယင်းသို့ ပြသမှ လူအများက သူ့ကို တန်ခိုးရှင်တစ်ပါးအဖြစ် လေးစား ကြည်ညိုလာကြပြီး သူ ချပေးသည့် လမ်းစဉ်ကို လက်ခံကျင့်သုံးကြမည်ဖြစ်ကြောင်း သူက ပြောကြားခဲ့လေသည်။ ယခုအခါ၌ဆိုလျှင် သူ့ကို နိုင်ငံတကာ ကမ္ဘာအရပ်ရပ်၌ သက်ဝင်ယုံကြည် ကိုးကွယ်ဆည်းကပ်သူပေါင်း သိန်းသန်းကုဋေ ရှိနေကြလေပြီ။

ဤသို့ ထူးမြတ်လှသောပုဂ္ဂိုလ်ကို လူလိမ်လူညာ ပဉ္စလက်ဆရာဖြစ်အောင် တင်ပြထားချက်များကို တစ်ခုပြီးတစ်ခု တွေ့လာရသည့်အခါ ဤစာရေးသူသည် အကြီးအကျယ် စိတ်ပျက်လာပြီး ဘာသာပြန်လက်စ စာအုပ်ကို ရပ်ဆိုင်းကာ နောက်တစ်အုပ် ပြန်ဆိုရန် စီစဉ်ခဲ့သည်။

နောက်ထပ် စတင်ပြန်ဆိုဖြစ်သော စာအုပ်များ ဆိုင်းဘာဘာ၏ ဟောပြောချက်များကို စုပေါင်း ရိုက်နှိပ် ထုတ်ဝေသည့် Sathya Sai Speaks အတွဲတစ် ဖြစ်သည်။ ထိုကဲ့သို့သော စာအုပ်ပေါင်း နှစ်ဆယ်ရှိသည်။ ထိုစာအုပ်ကို ပြန်ဆိုတော့ ပြဿနာတစ်မျိုး နှစ်မျိုး တွေ့ရပြန်သည်။ ပြဿနာတစ်ခုက ဆိုင်းဘာဘာ၏ ဟောပြောချက် အများစုမှာ အဆင့်မြင့်လှသဖြင့် စာဖတ်သူ အများစု လိုက်နိုင်ကြပါ့မလားဟု စိုးရိမ်မိခြင်း ဖြစ်သည်။ လွယ်ကူရှင်းလင်းအောင် ဘာသာပြန်လျှင် မူရင်းဆိုလိုချက်အချို့ ပျောက်သွားနိုင်သည်။ ပို၍ ကြီးမားသော ပြဿနာမှာ ဟောပြောချက်များတွင် အိန္ဒိယဘာသာရေးသမိုင်းမှ ပုဂ္ဂိုလ်များ၊ ဖြစ်စဉ်များကို ရည်ညွှန်းချက်များ အများအပြား ပါဝင်နေခြင်း ဖြစ်သည်။ အိန္ဒိယ ဘာသာရေးသမိုင်းကို ကြားဖူးနားဝ ရှိသူများသာ ကောင်းစွာ သဘောပေါက် နားလည်နိုင်ကြမည့် ရည်ညွှန်းချက်များ ဖြစ်သည်။ ဥပမာ–ရာမဇာတ်ထဲမှ ဇာတ်ကောင်များ၊ အဖြစ်အပျက်များ၊ ဘဂဝဒ်ဂီတာကျမ်း

မှ ဇာတ်ကောင်များ၊ အဖြစ်အပျက်များ၊ ထင်ပေါ်ကျော်ကြားသော အခြား ဘာသာရေးလောကထဲမှ ပုဂ္ဂိုလ်များအကြောင်း မကြာခဏပါလာသည်။ ယင်းတို့ကို အများစု မြန်မာစာဖတ်ပရိသတ်များ ပြည့်ပြည့်ဝဝ နားမလည်နိုင်ချေ။ ဤပြဿနာကိုတော့ ကျော်လွှားရန် မဖြစ်နိုင်ပေ။ သို့နှင့် ဒုတိယစာအုပ်ကိုပါ ပြန်လက်စတန်းလန်းနှင့် လက်လျှော့လိုက်ရပြန်တော့၏။

ဤစာရေးသူတွင် ဆိုင်းဘာဘာနှင့် ဆိုင်ရာစာအုပ် တော်တော်များများ ရှိပါသည်။ ယင်းတို့အထဲမှ မည်သည့်စာအုပ် ပြန်ဆိုရမည်ကို ရွေးရခက်နေသည်။ နှစ်ခါထိပြီးပြီလေ။ သိပ်မကြာလိုက်ပါ။ ဤ Tapo Vanam စာအုပ်ကို သွားတွေ့သည်။ တွေ့ပုံမှာ အလွန်ထူးဆန်း၏။ လွန်ခဲ့သည့် သုံးနှစ်ခန့်က ဤစာရေးသူ၏ သမီးကြီး ဆရာဝန်မ သူ့မိတ်ဆွေ ဦးဝင်းကျော်တို့နှင့် ဘုရားကျောင်းတွင် ဆုံမိကြသည်။ ဦးဝင်းကျော်က ဆိုင်းဘာဘာ၏တပည့်ရင်း တစ်ဦး ဖြစ်သည်။ သူသည် ဆိုင်းဘာဘာကို အနီးကပ် တွေ့ဆုံဖူးမြော်ခွင့်များ ရခဲ့ပြီး ဆိုင်းဘာဘာ၏ ခြေသလုံးများကိုပင် နှိပ်ပေးခြင်းဖြင့် ပူဇော်ခွင့် ရခဲ့သည်။ သူသည် ဆိုင်းဘာဘာ ဖန်ဆင်းပေးသော ကျောက်လက်စွပ်တစ်ကွင်းကိုလည်း ရရှိခဲ့သည်။ ကျောက်မှာ စိမ်းဝါရောင် ဖြစ်သည်။ ကျောက်စိမ်းတော့ မဟုတ်။ သူ့တွင် ဆိုင်းဘာဘာ စာအုပ်များ အများအပြားရှိသည်။ သူ့ကို Miracles (ဘုရားတန်ခိုးပြမှုများ) များများ ပါဝင်သော စာအုပ်တစ်အုပ် ပေးဖတ်ပါဟုပြောရာ သူက Tapo Vanam စာအုပ်ကို ပေးသည်။ ဆိုင်းဘာဘာ၏ဖြစ်စဉ်တော်များ အံ့ဖွယ်သရဲ တန်ခိုးပြမှုများကို ဖတ်ရှု ကြည်ညိုနိုင်ကြရန် ရေးထားသောစာအုပ် ဖြစ်သည်။ ဤစာရေးသူသည် ထိုစာအုပ်ကို အနည်းငယ် လှန်လှော ကြည့်ရှုပြီး နောက်မှ အစအဆုံးဖတ်မည်ဟု သိမ်းထားလိုက်သည်။ လုံးဝနီးပါး မေ့သွားသည်။ Sathya Sai Speaks စာအုပ် ပြန်ဆိုမှုကို လက်လျှော့လိုက်ပြီး ဘာဆက်ပြန်ရမလဲဟု စဉ်းစားနေချိန်တွင် ထိုစာအုပ်သည် တစ်ရက် နှစ်ရက်အတွင်း ထွက်လာသည်။ ညှေ့ခန်း တီဗီရှေ့ ဤစာရေးသူ ထိုင်နေကျနေရာအနီးမှ စာအုပ်တင်စားပွဲအောက်ထပ်တွင် တွေ့ရခြင်းဖြစ်သည်။ ဤစာရေးသူထားခြင်း မဟုတ်။ အတူနေ သမီးကို မေးကြည့်သောအခါ သူလည်း မထား၊ မသိဟု ဖြေသည်။ ဤသို့ဆိုလျှင် ဤစာအုပ်ကို ဆိုင်းဘာဘာထားခြင်း ဖြစ်မည်ဟု ဤစာရေးသူ တစ်ထစ်ချ

ယုံကြည်လိုက်ပါသည်။ ဤစာအုပ်ကို ပြန်ဆိုစေလို၍ ထားခြင်းဖြစ်မည်ဟု စဉ်းစားမိပါသည်။ ဖတ်ကြည့်သောအခါ ရင်သပ်ရှုမော အံ့သြစရာအများ ပါဝင်ပြီး အလွန်စိတ်ဝင်စားစရာကောင်းသော စာအုပ်ဖြစ်နေကြောင်း တွေ့ရပါသည်။ ထိုစာအုပ်ကို ယခု ပြန်ဆိုတင်ဆက်လိုက်ပါသည်။ ဖတ်ကြည့်ပြီး ဆိုင်းဘာဘာအပေါ် သက်ဝင်ယုံကြည်မှုများ ပွားများနိုင်ကြပါစေကုန်။

ဆိုင်းဘာဘာ ပြောကြားခဲ့သော အဝတာရ တစ်ပါး၏ ဝတ္တရားများ ထဲတွင် ကိုးကွယ်ဆည်းကပ်သူများအား စောင့်ရှောက်ခြင်းလည်း ပါဝင်သည်။ လူအများသည် ဒုက္ခတစ်ခုမဟုတ်တစ်ခု ရောက်နေကြသည်။ ပြဿနာ တစ်ခု မဟုတ် တစ်ခု ပေါ်နေကြသည်။ အခက်အခဲ တစ်ခုမဟုတ်တစ်ခု ရင်ဆိုင် နေကြရသည်။ ထိုသူများအားလုံးကိုတော့ အဝတာရက ကယ်မမည် မဟုတ် ပေ။ လူအားလုံး၏အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တို့ကို သိမြင်သော အဝတာရ က ဤဘဝတွင် ဒုက္ခရောက်ကြရခြင်းသည် ယခင်ဘဝများက ဘာတွေလုပ် ခဲ့ကြ၍ ပေးဆပ်နေကြရခြင်းဖြစ်ကြောင်းသိသည်။ သိသည့်အလျောက် များ သောအားဖြင့် သူ့ထိုက်နှင့်သူ့ကံ ခံပါစေဟု လွှတ်ပေးထားသည်။ မိမိသည် ဘက်မလိုက်သော သက်သေဖြစ်သည်ဟု ဆိုင်းဘာဘာက ပြောကြားခဲ့သည်။ သို့သော် အလုံးစုံ သိမြင်သော ရွှေဉာဏ်တော်ဖြင့် သုံးသပ်၍ ကယ်ဆယ်ထိုက် သူများကိုကား ကယ်ဆယ်သည်။ ပြေးမလွတ်သော ဝဋ်ကြွေးကို ကိုယ်စား ဝင်ရောက်ခံယူခြင်းအားဖြင့် လွတ်ကင်းစေသည်။ တစ်ကြိမ်တွင် ဆိုင်းဘာဘာ သည် ခုနစ်ရက်ကြာ ဘယ်ဘက် ကိုယ်တစ်ခြမ်း လေဖြတ်သည်။ ရှစ်ရက် မြောက်နေ့ကျမှ ရေတစ်ခွက်တောင်းပြီး သူ့ကိုယ်သူ ညာလက်ဖြင့် ပက်ဖျန်း ပြီး ပျောက်ကင်းသွားစေသည်။ အကောင်းပကတိ ဖြစ်သွားသည်။ ယင်းမှာ သူ့ကို ကိုးကွယ်ဆည်းကပ်သူတစ်ဦးတွင် ကျရောက်မည့်ရောဂါကို သူက ဝင်ရောက်ခံယူခြင်း ဖြစ်သည်။ ဤသို့ ဝင်ရောက်ခံယူသောအခါ သူ့ကျန်းမာ ရေး ထိခိုက်လာသည်။ သူ အသက် ၉၆ နှစ်ကျမှ ဤကိုယ်ခန္ဓာကို စွန့်ခွာ မည်ဟု ကြေညာခဲ့ပြီး ၈၄ နှစ်မှာပင် စွန့်ခွာခဲ့ခြင်းမှာ ဤသို့ သူတစ်ပါး ကိုယ်စား ရောဂါဒဏ်တွေ ဝင်ခံခဲ့မှုများကြောင့် သူ့သက်တမ်း တိုလာသော ကြောင့် ဖြစ်သည်ဟု သူ တမလွန်က ၁၀ ရက်ကြာ ပြန်ကြွလာသောအခါ ပြောကြားသည်။ (ဆိုင်းဘာဘာသည် ၂၀၁၁ ခု၊ ဧပြီလ ၂၄ ရက်နေ့က လူ့

ပြည်ကို စွန့်ခွာပြီး မဟာသမာဓိခံယူသွားခဲ့ရာမှ နောက် ၃ နှစ်ကျော်အကြာ ၂၀၁၄ ခု၊ မေလ ၁၂ ရက်မှ ၂၁ ရက်အထိ အိန္ဒိယပြည် တမီးလ်နာဒူးပြည်နယ်မှ နာမည်ကျော် တောင်စခန်းတစ်ခုဖြစ်သော ကိုဒိုက်ကနယ်လ်သို့ သွေးနှင့်ကိုယ် သားနှင့်ကိုယ် ပြန်ကြွလာခဲ့ပါသည်) ဤသို့ လူ့ပြည်ကို စွန့်ခွာသွားခဲ့သော်လည်း ပရိမ္မဆိုင်းဘာဘာအဖြစ် ပြန်လည် ကြွလာဦးမည်ဟု ပြောကြားထားပါသည်။ ဆိုင်းဘာဘာ သုံးဘဝဆက်၍ သာသနာပြုမည့်သဘောဖြစ်ပါသည်။ ပရိမ္မဆိုင်း နောက်ပိုင်းတွင်လည်း ကာလများစွာ ကြာမြင့်လာပြီး အဓမ္မတရား ပြန်လည် ခေါင်းထောင်လာသည့်အခါ နောက်ထပ် အဝတာရ တစ်ပါး ကြွလာဦးမည် ဖြစ်ပါသည်။ "အဓမ္မတရား မင်းမူလာတဲ့အခါမှာ လူတွေကို တရားလမ်းကြောင်း ပြန်ပြဖို့ တရားရှိသူတွေကို စောင့်ရှောက်ကယ်မဖို့ လိုအပ်တဲ့အခါတိုင်း ငါ ပြန်ကြွလာမှာ ဖြစ်တယ်" ဟု အဝတာရ တစ်ပါးဖြစ်သော ကရိသျှဏ အရှင်မြတ်က ပြောကြားသွားခဲ့ပါသည်။ လူ့ပြည်သို့ အဝတာရ ကြွမလာသောအခါများတွင်လည်း အစဉ်အမြဲ တည်ရှိနေသော ဘုရားသခင်က စောင့်ရှောက်ထိုက်သူ အားလုံးကို စောင့်ရှောက်နေမည် ဖြစ်ပါသည်။ ယင်းသို့ စောင့်ရှောက်ခံရရန် လိုအပ်ချက်မှာ မကောင်းမှုကို ရှောင်ပြီး ကောင်းမှုကို လုပ်ဆောင်ကြရန် ဘုရားတရားကို ကိုင်းရှိုင်းကြရန် ဖြစ်ပါသည်။ ဆိုင်းဘာဘာသည် သူ့အကြောင်းကို မကြားဖူးသောသူအချို့ကိုပင် ကယ်ဆယ်မစခဲ့သည့် အဖြစ်အပျက်များ ရှိပါသည်။ သူ့ကို ကိုးကွယ်ဆည်းကပ်သူများဆိုလျှင် အထူးပြောဖွယ်မရှိပါ။ သိသိသာသာ မစ စောင့်ရှောက်တတ်ပါသည်။ သို့ဖြစ်၍ အရေးကြုံလျှင် ဆိုင်းဘာဘာကို တ,ကြည့်ပါ။ ယုံယုံကြည်ကြည်နှင့် ဆုတောင်းကြည့်ပါ။ ပြဿနာအခက်အခဲများ ပြေလည်သွားတတ်ကြပါကြောင်း တင်ပြအပ်ပါသည်။

[ ဤစာအုပ်တွင် ဆိုင်းဘာဘာ သက်ရှိထင်ရှားရှိစဉ်က သူ၏စခန်းသာ ပရရှန္တိနီလာယမ်တွင် တစ်နံနက်ခင်းအပါအဝင် ဘာဘာ၏အကြောင်းအရာများကို ဖတ်ရှု ကြည်ညိုသဒ္ဓါပွားများနိုင်ကြစေရန် တင်ပြထားပါသည်။

# အခန်း [ ၁ ]

## တာပေါ်မာနမ်

(ဆိုင်းဘာဘာ၏ စခန်းဖြစ်သော) ပရရှန္တိနီလာယမ်မှ (ဆိုင်းဘာဘာ၏) တက္ကသိုလ်သို့ သွားရောက်ရာ ကုန်းမြင့်တက်လမ်းအနီးတွင် ညောင်ပင်တစ်ပင် ရှိလေသည်။ ယင်းသည် သာမန်သစ်ပင်မဟုတ် တရားအားထုတ်ရာသစ်ပင် ဖြစ်လေသည်။ ၁၉၅၉ ခု၊ ဇွန်လ ၂၉ ရက် (အာရှာစာလ၊ လပြည့်နေ့) တွင် ဘဂဝမ် ဆိုင်းဘာဘာသည် တန်ခိုးကြီးသော ဗီဇအက္ခရာများ ရေးထွင်းထားသည့် ၁၅"×၁၀" ရှိ ကြေးနီပြားထူထူတစ်ချပ်ကို ဖန်ဆင်းလိုက်ပြီး ပရရှန္တိနီလာယမ်နောက်ဘက် အထူးရွေးချယ်ထားသော နေရာတစ်ခုတွင် မြှုပ်နှံကာ ထိုအပေါ်မှ ဤညောင်ပင်ကို စိုက်ပျိုးခဲ့လေသည်။ အလေးအမြတ်ထားအပ်သော ထိုအခမ်းအနားတွင် ''ဒီသစ်ပင်ဟာ ဂေါတမဗုဒ္ဓ အဲဒီအောက်မှာ ထိုင်ပြီး တရားအားထုတ်ရာက တရားအလင်းရခဲ့တဲ့ ဗောဓိပင်ဖြစ်တယ်။ ဘာသာရေး အမြင့်မှန်းသူတွေဟာ ဒီသစ်ပင်အောက်မှာ ထိုင်ပြီး တရားအားထုတ်ကြရင် အာရုံတွေကို ထိန်းချုပ်နိုင်မယ်၊ စိတ်တည်ငြိမ်မှုရမယ်၊ အားထုတ်မှုတွေ အောင်မြင်မယ်'' ဟု သူက ပြောကြားခဲ့လေသည်။ ထိုညောင်ပင်ကို တာပေါ် ဗရစ်ရှမ် (တရားအားထုတ်ရာ သစ်ပင်ဟု ခေါ်သည်)

ထိုစဉ်က ပရရှန္တိနီလာယမ်ကို မတည်ဆောက်ရသေး။ တစ်နေ့တွင် ဘဂဝပ်သည် ထိုနေရာရှိ ကျောက်ခဲ ထူထပ်သော မြေပြင်ပေါ်၌ရပ်ပြီး ဤသို့

ပြောကြားခဲ့သည်။ "မကြာခင် ဒီနေရာဟာ ရှီရ်ဒီ (ဆိုင်းဘာဘာ ဘဝဟောင်းက နေထိုင်ခဲ့သောရွာ)၊ တိရ္ထပတိ (နာမည်ကျော် ဘာသာရေးမြို့) နဲ့ ဗာရာဏသီ ဖြစ်လာလိမ့်မယ်။ ထောင်ပေါင်းများစွာသော ယောဂီတွေ လောကီကို စွန့်လွှတ်ခဲ့တဲ့ ရဟန်းတွေ အမှန်တရားနဲ့ ဘုရားရဲ့ မစ စောင့်ရှောက်မှုကို ရှာဖွေသူတွေဟာ စိတ်ဝိညာဉ်ဆိုင်ရာ ငြိမ်းချမ်းမှုနဲ့ လွတ်မြောက်မှုတို့ကို ရရှိဖို့ ဒီနေရာကို အလျှင်အမြန် လာကြလိမ့်မယ်။ ထာဝရ ဘာသာတရား (သနသနဓမ္မ) ပြန်လည် ရှင်သန်လာရေးအတွက် ကမ္ဘာလုံးဆိုင်ရာ အစီအစဉ်ဟာ ဒီနေရာမှာ စတင်ပေါ်ပေါက်လိမ့်မယ်။ ကမ္ဘာအရပ်ရပ်က သိန်းပေါင်းများစွာသော လူတွေဟာ ကျွန်ုပ်ကို စိတ်အားထက်သန်စွာ ရှာဖွေဖို့ ဒီနေရာကို လာရောက်ကြလိမ့်မယ်"

ဆွာမိ (ဆိုင်းဘာဘာ) ဤသို့ ကြေညာပြီး တိုတောင်းသော အချိန်အတွင်းမှာပင် ပရရှန္တိနီလာယမ်သည် ပုံပေါ်လာခဲ့လေသည်။ ထူးခြားလှပသော ပုံစံနှင့် ပရရှန္တိဘုရားကျောင်း မျှော်စင်သို့ ရောက်လာကြသော ကိုးကွယ်ဆည်းကပ်သူများအား နေရာထိုင်ခင်းပေးသည့် အထပ်များစွာ ပါဝင်သော တိုက်ကြီးများ အများအပြား လက်ရာကောင်းမွန်လှသော လပြည့်ဝန်းခန်းမကြီးနှင့် ဆိုင်းကူလ်ဝမ့်တ်ခန်းမကြီးတို့သည် ပေါ်ပေါက်လာခဲ့ကြလေသည်။ များမကြာမီ ပရရှန္တိနီလာယမ်သည် မြို့နယ်တစ်ခုအဖြစ် သတ်မှတ်ခြင်းခံရလေသည်။

ဘာဘာက ပြောသည်မှာ "ဒါဟာ လူသားတိုင်း အမွန်မြတ်ဆုံး စိတ်ဝိညာဉ်ဆိုင်ရာ ငြိမ်းချမ်းမှုကို ခံစားနိုင်တဲ့နေရာဖြစ်တယ်။ အဲဒါဟာ မိမိတို့ ကိုးကွယ်တဲ့ ဘာသာအလျောက် ဘုရားကျောင်းလည်း ဖြစ်တယ်။ ခရစ်ယာန်ဘုရားရှိခိုးကျောင်းလည်း ဖြစ်တယ်။ ဂျူးဘုရားရှိခိုးကျောင်းလည်း ဖြစ်တယ်။ ဘုရားဟာ ဒီနေရာမှာ လူအဖြစ် မွေးဖွားခြင်းကို ခံယူခဲ့တယ်။ ဒီမှာ လူတိုင်းဟာ အမြင့်မားဆုံး စိတ်ဝိညာဉ်ဆိုင်ရာ စွမ်းဆောင်မှုကို ရရှိနိုင်တယ်။ ကျွန်ုပ်ရဲ့ပန်းတိုင်က လူတိုင်းရဲ့နှလုံးသားကို ပရရှန္တိနီလာယမ်အဖြစ် ပြောင်းလဲပေးဖို့ဖြစ်တယ်။ ဒီအတွက် ကျွန်ုပ်ဟာ အဝတာရအဖြစ် ခံယူခဲ့ခြင်း ဖြစ်တယ်" တဲ့။

အတိတ်ဘဝပေါင်းများစွာတွင် ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုကံ

ကြောင့်သာ လူတစ်ယောက်သည် ဤတာပေါဇာနမ် (တရားအားထုတ်မှု ဥယျာဉ်) ကို ဝင်ရောက်နိုင်ခြင်း ဖြစ်ပေသည်။ "ကျွန်ုပ်ရဲ့ဆန္ဒမပါဘဲနဲ့ ဘယ်သူမှ ပုတ္တပါတီ (ဆိုင်းဘာဘာ၏ဇာတိ) ကို ခြေမချနိုင်ဘူး။ တိုက်ဆိုင်လို့ဖြစ်ဖြစ်၊ မတော်တဆဖြစ်ဖြစ် ရောက်မလာနိုင်ဘူး" ဟု ဘဂဝမ်က ပြောကြားခဲ့လေသည်။

## ပရာနာဗမ် (ဥုံရွတ်ဆို ပူဇော်ခြင်း)

ဘုရားဖူး လာရောက်မှု၏ ဗဟိုချက်ဖြစ်သော ပုတ္တပါတီကို လှပသော တောင်ကုန်းများ ဝန်းရံထားသည်။ သာယာအေးချမ်းသော ပတ်ဝန်းကျင်ကို ဖြစ်ပေါ်စေသည်။ အချိန်ကတော့ အရုဏ်ဦး အေးမြသော လေညင်းကလေးများ တသုန်သုန် တိုက်ခတ်နေသည်။ ငှက်ကလေးများသည် နိုးထနေကြပြီး ချိုသာစွာ သီကြွေးနေကြသည်။ ပရရှန္တိနီလာယမ်ပရိဝုဏ်၌ နံနက် ၄ နာရီ မိနစ် ၄၀ ခန့်တွင် မောင်း ၁၂ ချက်တီးသည်။ ယင်းသည် ဘုရားစခန်းတော်ကြီးတွင် တစ်နေ့တာလုပ်ငန်းများကို အသက်ဝင်လာစေသည်။ ကိုးကွယ်ဆည်းကပ်သူများသည် ရှေ့ကွက်လပ်ထဲသို့ ငြိမ်ငြိမ်ဆိတ်ဆိတ် ဝင်ရောက်လာကြကာ ညီညီညာညာ အတန်းများတွင် နေရာယူကြသည်။ ၄ နာရီ ၅၀ တွင် မောင်း ၅ ချက်တီးသည်။ ရှေ့ကွက်လပ်တွင် ထိုင်နေသူများသည် ခန်းမကြီး အတွင်းသို့ ချောချောမောမော ဝင်ရောက်လာကြသည်။ ဘဂျန်းခန်းမကြီး လူပြည့်သွားပြီးနောက် မီးများ ငြိမ်းကာ တံခါးများကို ပိတ်လေသည်။

အချိန်က ၅ နာရီတိတိ။ ခေါင်းလောင်းတစ်ချက် ထိုးသည်။ စုရုံးရောက်ရှိနေကြသော ကိုးကွယ် ဆည်းကပ်သူများသည် ဥုံကာ (ဥုံရွတ်ဆိုခြင်း) ကို စည်းဝါးကျကျ ရွတ်ဆိုကြလေသည်။

ဥုံ၏ နက်ရှိုင်းသော ထူးခြားချက်နှင့် ပတ်သက်၍ ဘာဘာက ဤသို့ ပြောသည်။ "စကြဝဠာရဲ့ နေရာတကာမှာ ပျံ့နှံ့နေတဲ့စကားလုံး တစ်လုံးပဲ ရှိတယ်။ အဲဒါဟာ ဥုံကာပဲ၊ ပရာနာဗမ်ပဲ။ ဖန်ဆင်းထားသမျှ အရာအားလုံးဟာ ပရာနာဗမ်နဲ့ ပြည့်လျှမ်းနေတယ်။ သမုဒ္ဒရာတွေဟာ ပရာနာဗမ်ကို သီကြွေးနေကြတယ်။ အသက်ရှူသွင်းခြင်းနဲ့ ရှူထုတ်ခြင်းဟာ တောင်ပရာနာဗမ်သာ ဖြစ်တယ်။ ထမ်းစင်ထမ်းရခြင်း၊ သို့မဟုတ် အလေးအပင် မရခြင်း၊

သို့မဟုတ် အဝတ်လျှော်ရခြင်းလို ပင်ပန်းတဲ့အလုပ်တွေ လုပ်ရသူတွေဟာ ပရာနာဗမ်ကို မှန်မှန်အသံထုတ်ခြင်းအားဖြင့် (ဟောဟဲ… ဟောဟဲ ရှူခြင်းကို ဆိုလိုသည်) သူတို့ရဲ့ ပင်ပန်းမှုဒဏ်ကို သက်သာစေကြတယ်။ အဲဒီလိုဆိုတော့ ပရာနာဗမ်ရဲ့ အဓိပ္ပာယ်နဲ့ ထူးခြားချက်ကို ပြည့်ပြည့်ဝဝ နားလည်မှုနဲ့ ကြည်ညိုစွာ ရွတ်ဆိုရင် ရွတ်ဆိုသူဟာ စုပုံနေတဲ့ အကုသိုလ် ဝဋ်ကြွေးတွေ ပေးဆပ်ရာရောက်ပြီး မွေးဖွားခြင်းနဲ့ သေဆုံးခြင်း သံသရာက လွတ်မြောက်မှာ ဖြစ်တယ်''

မီးရထားခေါင်းတွဲကြီးနှင့် ချိတ်ဆက်လိုက်သောအခါ ရှည်လျားသော ရထားတွဲတန်းကြီးသည် ရွေ့လျားလာသကဲ့သို့ မန္တန်အားလုံးသည်လည်း ပရာနာဗမ်နှင့် စလိုက်သည့်အခါ (ရှေ့က ဉုံခံလိုက်သည့်အခါ) အာနိသင်ထက်မြက်၊ အကျိုးပေးလာလေသည်။ ပရာနာဗမ်တစ်ခုတည်းကိုသာ ရွတ်ဆိုလျှင်ပင် ဝေဒကျမ်းများအားလုံး၏ အနှစ်သာရကို ရွတ်ဆိုလိုက်ရာ ရောက်လေသည်။

ဤသို့ အာနိသင် ထက်မြက်ပြီး အထွတ်အထိပ် အမြိုက်သုခကို ပေးတတ်သည့် ဉုံကာသည် ယခုအခါ ပရှုရှ္ဘိနီလာယပ်တွင် ၂၁ ကြိမ် ပဲ့တင်ထပ်ခဲ့လေပြီ။

ထို့နောက် ဆူပရာဘာတမ် (အရှင်မြတ်အား အခမ်းအနားဖြင့် နှိုးခြင်း) အချိန်ကျသည်။ သက္ကတဘာသာဖြင့် သီကုံးထားသော လင်္ကာများကို နံနက်စော ပတ်ဝန်းကျင်နှင့် လိုက်ဖက်သည့် ဂီတဖြင့် တွဲဖက်၍ သာယာစွာ သီကျူးကြခြင်းဖြစ်သည်။ ဘုရားကျောင်းတွင် ထိုင်နေကြသော အမျိုးသမီးများက ချစ်ခင် ကြည်ညိုမှုအပြည့်အဝဖြင့် သီဆိုကြခြင်း ဖြစ်သည်။ အစဉ်နိုးကြားနေသော (ဘယ်တော့မှ မအိပ်စက်သော) ဘဂဝမ်ကို လူသားများက တေးဂီတဖြင့် နှိုးကြခြင်းဆိုသည်မှာ ဆန်းသလိုလို ဖြစ်နိုင်ပေသည်။ ဆူပရာဘာတမ်၏ တကယ့်ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့အားလုံး နှလုံးသား၌ ကိန်းအောင်းသော ဘုရားလှူပ်ရှားကာ ခွဲခြမ်းစိတ်ဖြာတတ်မှု နိုးထလာစေရန် ဖြစ်ပေသည်။

အဖြစ်အပျက်တစ်ခုကို တင်ပြလိုပါသည်။ မြင့်မြတ်သော ရှီးဗားရှ္ဒရီ (လိင်္ဂမ်အသွင်ဖြင့် ရှီးဗား (သီဝ) အရှင်မြတ် ဖွားတော်မူခြင်းကို အမှတ်

အသားပြုသည့်) ညတွင် ဖြစ်သည်။ ပရရှန္တိနီလာယမ်တွင် ဘဂျန်း (ဂုဏ်တော်ဖွင့် သီခြင်းများ) သီဆိုနေကြသည့် ကိုးကွယ်ဆည်းကပ်သူများအကြားတွင် စရီဒီပါလပင်ချေယ ဆပ်စထရီခေါ် ပညာရှင်တစ်ဦး ထိုင်နေသည်။ ရုတ်တရက် သူသည် ထူးဆန်းသောအတွေးတစ်ခုကို ရလိုက်သည်။ "ဘဂဝမ်ဆိုင်းဘာဘာ အိပ်ပျော်နေတဲ့အခါ သူ့ရဲ့ ဖွယ်ရာပြေပြစ်မှုနဲ့ သပ္ပာယ်မှုတို့ကို ဖူးမြော်ချင်လိုက်တာ" တဲ့။ ထိုညမှာပင် ၁၁ နာရီခန့်၌ ဘာဘာက သူ့ကို အင်တာဗျူးအခန်းသို့ အခေါ်လွှတ်ပြီး စကားစပြောသည်။ တစ်နာရီခန့်ကြာလာသည်။ ဆပ်စထရီသည် အချိန်ကုန်သွားသည်ကို သတိမထားမိ။ သူသည် အိပ်ငိုက်လာပြီး သူ၏ သမ်းဝေမှုများကို မထိန်းနိုင်ဖြစ်လာသည်။ ထိုအခါ ဆွာမိက သူ့ကို "ဆပ်စထရီ ကျွန်ုပ် အိပ်ပျော်နေတာကို သင် ဖူးမြင်ချင်ခဲ့တယ်။ အခု သင်ကိုယ်တိုင် အိပ်ငိုက်နေပါပကော" ဟု ပြောလိုက်သည်။ ဆပ်စထရီသည် ရုတ်တရက် နိုးကြားလာပြီး လွန်ခဲ့သည့်အချိန် အနည်းငယ်က သူ့ခေါင်းထဲတွင် ဖြစ်ပေါ်ခဲ့သည့် စိတ်ကူးကို ဘာဘာ သိနေပါကလားဟု တွေးမိသည်။ ဘာဘာက တည်ကြည် အေးချမ်းသော အသံဖြင့် "ဆပ်စထရီ၊ ကျွန်ုပ် အိပ်ပျော်သွားရင် သင် ပြန်လည် နိုးထနိုင်လာပါဦးမလား" ဟု မေးလိုက်လေသည်။ ဘုရားသခင်သည် အစဉ်နိုးထနေပြီး စကြဝဠာ အရပ်ရပ်၏ ရေးရာများကို ထာဝရ စီမံခန့်ခွဲနေသည်။ ဤရှင်းလင်းသော အမှန်တရားကို ကျွန်ုပ်တို့ မမေ့အပ်ပါ။ ဘာဘာသည် ညအချိန် အနည်းငယ်တွင် အိပ်ရာပေါ်၌ လဲလောင်းသော်လည်း ဘယ်တော့မှ အိပ်စက်ခြင်း မရှိဟု နှစ်ရှည်လများ အတူနေ တပည့်များက ပြောကြလေသည်။

## နာဂရဆန်ကီယာတန်

ဆူပရာဘာတမ်အပြီးတွင် နာဂရဆန်ကီယာတန်အလှည့် ရောက်လာသည်။ ယင်းသည် ကိုးကွယ်ဆည်းကပ်သူ အုပ်စုများ၊ လမ်းများထဲတွင် လှည့်ကာ မင်္ဂလာတေးများ သီဆိုကြခြင်း ဖြစ်သည်။ ငှက်ကလေးများ တေးသီနေကြပြီး လေနုအေးကလေး သုတ်ဖြူးနေချိန် နံနက်စောတွင် ဆွာမိ၏ ဘုရားကျောင်းကို ပိတ်၍ ကိုးကွယ်ဆည်းကပ်သူများ သီဆိုပူဇော်ကြသော ဂီတမှာ မမေ့နိုင်စရာ အတွေ့အကြုံတစ်ရပ် ဖြစ်လေသည်။

နာဂရဆန်ကီယာတန်သည် ပရရှန္တိနီလာယမ် အဝင်ဝရှိ ဖြန့်ကားနေသော ဖောဓိပင်ကြီးအောက်၌ တည်ရှိသည့် ဂနက်ရှ် (ဆင်ဦးခေါင်းရှိသော ဘုရား) အရှင်မြတ်ကို မင်္ဂလာရှိရှိ ဖူးမြော်ကြခြင်းဖြင့် စသည်။ ကိုးကွယ်ဆည်းကပ်သူများသည် စီကာစဉ်ကာ လျှောက်လှမ်းကြပြီး နီလာယမ်ရှိ အဆောက်အအုံများကို လှည့်ပတ်ကာ စတင်ထွက်ခွာရာဖြစ်သော ဂနက်ရှ် ဘုရားကျောင်းသို့ ပြန်လည် ရောက်ရှိလာကြလေသည်။

ဆယ်နှစ်သားအရွယ်တွင် ထိုစဉ်က ဆာသီယနာရာယနရာဂျူး သို့မဟုတ် လွယ်လွယ်ရှင်းရှင်း ဆာသီယမ်ဟု ခေါ်ကြသော စရီဆာသီယ ဆိုင်းဘာဘာသည် ဘဂျန်းသီချင်းများ သီဆိုရန် ပုတ္တပါတီမှ လူကလေးတစ်စုကို စုရုံးခဲ့သည်။ ထိုအုပ်စုက သူတို့ကိုယ်သူတို့ စရီပန်ဒုရန်ဂ ဘဂျန်း မန်ဒါလီဟု ခေါ်ကြသည်။ ဆာသီယမ်၏ ညှို့ယူဆွဲဆောင်တတ်သော ပင်ကိုစရိုက်၏ လှုံ့ဆော်မှုကြောင့် ထိုအုပ်စုသည် သင့်တော်သောဝတ်စုံများကို ဝတ်ဆင်ပြီး သူတို့လက်ထဲတွင် အလံများ ကိုင်ဆောင်ကာ ရွာကို တစ်လမ်းချင်း လှည့်ပတ်၍ လင်းကွင်းများ တီးခတ်ရင်း ဘဂျန်းများ သီဆိုကြလေသည်။ မကြာမကြာ ကာလဝမ်းရောဂါနှင့် ကျောက်ရောဂါကဲ့သို့ ကူးစက်တတ်သော ရောဂါများသည် ပုတ္တပါတီဝန်းကျင်ရှိ ရွာများတွင် ကျရောက်တတ်ကြလေသည်။ သို့သော် ပုတ္တပါတီတွင်ကား လူတိုင်းသည် လုံခြုံ၊ ကျန်းမာ၊ ပျော်ရွှင်လျက်ရှိကြောင်း ရွာသူရွာသားများ သတိပြုမိကြလေသည်။ ယင်းသည် ဆာသီယမ်၏ မန်ဒါလီအုပ်စု၏ ဘာသာရေးနှင့်ဆိုင်သော လုပ်ဆောင်မှုကြောင့်သာဖြစ်ကြောင်း သူတို့ခံစားမိကြလေသည်။ မကြာမီ အနီးအနားရှိ ရွာများတွင် နေထိုင်ကြသူများကလည်း သူတို့ရွာများသို့လာ၍ ဘဂျန်းများ သီဆိုပေးကြရန် မန်ဒါလီအဖွဲ့ကို ဖိတ်ခေါ်စပြုလာကြလေသည်။ အချိန်ကျလာသောအခါ သူတို့လည်း ရောဂါဖြစ်ပွားခြင်းနှင့် အချိန်မတိုင်မီ သေဆုံးရခြင်းတို့မှ ကင်းလွတ်ကြကြောင်း သတိထားမိလာကြလေသည်။ ကြာညောင်းခဲ့ပြီဖြစ်သော ထိုအချိန်က ဆာသီယမ် စိုက်ပျိုးခဲ့သော အပင်ပေါက်ကလေးသည် ယခုအခါ ကြီးထွားဖူးပွင့်လာကာ စရီဆာသီယဆိုင်းအကျိုးဆောင်အဖွဲ့များ ပေါ်ပေါက်လာခဲ့ပြီး ကမ္ဘာအရပ်ရပ်တွင် ဘဂျန်းသီဆိုမှုများ ပြန့်ပွားနေပြီ ဖြစ်လေသည်။

## ဆန်ဒါရှန်

နဂရဆန်ကီယာတန် အပြီးတွင် ဆန်ဒါရှန်အချိန် ရောက်လာသည်။ အများပြည်သူ ဘဂဝမ်ကို ဖူးမြော်ချိန်ဖြစ်ပြီး ဒါရှန်ဟု ရင်းရင်းနှီးနှီး ခေါ်ကြသည်။ စိတ်အားထက်သန်နေကြသော ကိုးကွယ်ဆည်းကပ်သူများသည် ဖူးမြော်ခန်းမကို ဝင်ရောက်လာကြကာ စနစ်တကျ စီတန်း၍ နေရာယူနေကြသည်။ ဤအတွင်းတွင် ဘုရားကျောင်း ဘုန်းတော်ကြီးသည် ဂနက်ရှ် အရှင်မြတ်နှင့် ဆူဗရာမန်နိယ အရှင်မြတ်တို့ကို ဝတ်ပြုပူဇော်သည်။ ထိုအရှင်မြတ်တို့၏ ဘုရားကျောင်းများသည် ပရရှန္တိနီလာယမ် ပရိဝုဏ်အဝင်ဝတွင် ရှိကြသည်။ မကြာမီ ထိုအရှင်မြတ်နှစ်ပါးကို ရေသပ္ပာယ်ပြီး ပန်းများ၊ ပန်းကုံးများဖြင့် အလှဆင်ကာ အာရတီ (ပရုတ်မီးဖြင့်) ပူဇော်သည်။ နံနက်ခင်းနာရီများသည် ဝေဒကျမ်းလာ မန္တန်များဖြင့် ထုံမွှန်းနေလေသည်။

ယခုအခါ လူတိုင်းသည် စီစီရီရီ အတန်းများတွင် နေရာယူထားကြပြီး လူသားတို့အား ကယ်တင်မည့် ဘဂဝမ်ကို စောင့်မျှော်နေကြသည်။ စိတ်အား ထက်သန်နေသော ပရိသတ်များအကြားတွင် ကွဲပြားခြားနားသော ဘာသာများကို ကိုးကွယ်ကြသော တိုင်းတစ်ပါး ရပ်ဝေးမှ လာကြသူများလည်း ပါဝင်သည်။ သို့သော် အားလုံးသည် ယခုအခါ ဘဂဝမ်စရီဆာသီယ ဆိုင်းဘာဘာ နေ့စဉ် ဖြစ်ပျက်နေကျအတိုင်း ကြွရောက်လာမည်ကို တစ်စိတ်တစ်ဝမ်းတည်း စောင့်ကြိုနေကြသည်။

နှစ်နာရီကြာသွားပြီ သို့သော် ဆွာမိ မရောက်လာသေး။ ဒုက္ခရောက်နေသော ကိုးကွယ် ဆည်းကပ်သူတစ်ယောက်ယောက်က တစ်နေရာရာမှာ ဆွာမိကို တ,ခဲ့လေသလော။ "အိုး··· ဆိုင်း" ဟု သူ တ,လိုက်သော တစ်ခဏတွင် အရှင်မြတ်သည် သူ့ရှေ့တွင် ပေါ်လာကာ "အေး··· ကျွန်ုပ် ရောက်လာပြီ" ဟု ပြောပြီး လိုအပ်သည့် ကယ်ဆယ် မစမှုကို ချက်ချင်းပေးအပ်ပေလိမ့်မည်။ သို့သော် မစအပြီးတွင် ကျေးဇူးတင်နေသော ကိုးကွယ်ဆည်းကပ်သူက အရှင်မြတ်ကို အလွယ်တကူ လွှတ်ပေးပါ့မလား။ သူသည် ဝမ်းသာမျက်ရည်များ ဖြိုင်ဖြိုင်ကျလာပြီး အရှင်မြတ်၏ ခြေတော်များကို ကျေးဇူးတင် မျက်ရည်မိုး သွန်းဖြိုးပေလိမ့်မည်။ ဘဂဝမ် ရောက်မလာသေး

သည့် အကြောင်းရင်းက ဒါပဲဖြစ်မည်။ သို့မဟုတ်ပါက မဟာကရုဏာထားတော်မူသော ဆိုင်းသည် ဘုရားကျောင်းတွင် သူ၏ ဒါရှန်ကို စိတ်အားထက်သန်စွာ စောင့်မျှော်နေကြသည့် ထောင်ပေါင်းများစွာသော ကိုးကွယ်ဆည်းကပ်သူတို့၏ စိတ်ပင်ပန်း ကိုက်ခဲမှုကို ဤမျှကြာအောင် ဘယ်တော့မှ အချိန်ယူမည် မဟုတ်ပေ။

အလို နားဆင်ပါ။ ဆွာမိ ကြွရောက်လာခြင်း၏ ရှေ့ပြေးဖြစ်သော ချိုသာသည့် ပလွေသံကလေးကို ကြားရသည်။ ထောင်ပေါင်းများစွာသော ဦးခေါင်းများသည် အသံလာရာဘက်သို့ လှည့်ကြသည်။ လက်ခနဲ အနီရောင်ကို သူတို့ မြင်လိုက်ပါသလား။ ထိုအရောင်သည် ဆွာမိ ကြွလာသည့်ဘက်ကို အမှတ်အသားပြုသည်။ အသရေတင့်လှသည့် ရှုခင်း။ ဘဂဝမ်စရီဆာသီယ ဆိုင်းသည် ဖြည်းညင်းစွာ ခြေလှမ်းများကာ ကိုးကွယ်ဆည်းကပ်သူတို့ အတန်းများ အတွင်းသို့ ဝင်ရောက်လာသည်။ လက်တစ်ဖက်က ဘေးကင်းပါစေဟူသော အဓိပ္ပာယ်ကို ဆောင်သည့် အဘယမုဒရဖြင့် ဖြန့်၍ မြှောက်ထားသည်။ ဒုက္ခအသီးသီးဖြင့် ရောက်ရှိလာကြသော ကိုးကွယ် ဆည်းကပ်သူတို့၏ ခြောက်သွေ့နေသည့် နှလုံးသားများကို စွတ်စို အေးမြသွားစေသည်။ သူသည် ကိုးကွယ်ဆည်းကပ်သူတို့ ဆက်ကပ်သော စာများကို လက်ခံသည်။ အချို့ကို အလွန်မြတ်နိုး စုံမက်ကြသော ခြေတော်များကို ဦးခိုက်ပူဇော်ခွင့်ပေးသည်။ အချို့ကို သူ လေထဲ လက်ဝှေ့ယမ်းရုံဖြင့် ဖန်ဆင်းလိုက်သော အာနိသင်ကြီးမားသည့် ဝိဘူသီး (ဓာတ်ပြာ) များ ချီးမြှင့်သည်။ အချို့ကို အသာအယာပုတ်၍ ကောင်းချီးပေးသည်။ စုရုံးရောက်ရှိလာကြသူများအား ဖူးမြော်ခွင့်ပေးပြီးနောက် ဘဂဝမ်သည် ကျောင်းဆောင် ဝရန်တာတွင် တန်းစီထိုင်နေကြသော သူ့ကျောင်းသားကလေးများကို ဖြတ်လျှောက်သည်။ လူအချို့ကို ရွေးချယ်ပြီး အင်တာဗျူးခန်းသို့ ဝင်ရောက်ရန် ပြောကြားသည်။ ထိုနောက် ပြုံးရွှင်သော မျက်နှာထားဖြင့် သူကိုယ်တိုင် အင်တာဗျူးခန်းသို့ ဝင်သွားသည်။ နံနက်ခင်း ဒါရှန် ပြီးပေပြီ။

## ကောင်းကင်စံပုဂ္ဂိုလ်တွေတောင် ကျွန်ုပ်ကို စောင့်မျှော်ကြတယ်

ဘဂဝမ် တစ်ကြိမ်က ပြောကြားခဲ့သည်။ "ကျွန်ုပ်ကို ဖူးမြင်ရခြင်း ဆိုတဲ့ ကောင်းချီးကို ရရှိအပြီးမှာ တိတ်ဆိတ် ငြိမ်သက်တဲ့နေရာတစ်ခုကို သွားပြီး သင်တို့ စိတ်ကို တည်တည်ငြိမ်ငြိမ် ထားပါ။ အဲလို တည်ငြိမ်တဲ့ အခြေအနေမှာ ကျွန်ုပ်ရဲ့အသွင်နဲ့ ကျွန်ုပ်ကို ကိုယ်တိုင် ဖူးမြင်ခဲ့ရခြင်းဆိုတဲ့ အခွင့်ထူးအကြောင်းကို တွေးတောပါ။ အဲဒီအခါမှာ သင်တို့ဟာ ကျွန်ုပ်ရဲ့ ကောင်းချီးပေးမှုများရဲ့ အကျိုးသက်ရောက်မှုကို ပြည့်ပြည့်ဝဝ ခံစားရလိမ့် မယ်။ အများပြည်သူ ဖူးမြော်ပွဲမှာ သင်တို့ကို ကျွန်ုပ် ဖြတ်ပြီး လျှောက်သွား တဲ့အခါမှာ ကျွန်ုပ်ရဲ့ စွမ်းအားဟာ ကျွန်ုပ်ထံမှ သင်တို့ထံ ရောက်သွားတယ်။ ကျွန်ုပ်ရဲ့ ဘုရားတန်ခိုးဟာ သင်တို့ကိုယ်ထဲကို ဖြာဝင်သွားတယ်။ သင်တို့ဟာ အဲဒီကနောက်မှာ တိတ်တိတ်မနေဘဲ စကားပြောရင် အဖိုးတန်လှတဲ့ စွမ်းအား ဟာ ပျက်ပြယ်သွားပြီး သင်တို့ကို အကျိုးမပြုဘဲ ကျွန်ုပ်ထံ ပြန်လာတယ်။ ကျွန်ုပ်ရဲ့ ကြည့်ခြင်းကို ခံရသူတိုင်းဟာ အကောင်းဘက်ကို ပြောင်းလဲသွားပြီး ထိရောက်မှုအသစ်ကို ရရှိတယ်။ အဲဒီထိရောက်မှုဟာ တစ်နေ့ထက်တစ်နေ့ ပိုပြီး အစွမ်းထက်လာတယ်။ ကျွန်ုပ်ကို ဖူးမြင်ရခြင်းရဲ့ ကောင်းကျိုးပေးမှုကို ဘယ်တော့မှ လျှော့မတွက်နဲ့။ သင်တို့အကြားမှာ ကျွန်ုပ် လျှောက်သွားခြင်းဟာ အမြင့်ဆုံး ကောင်းကင်ဘုံက နတ်တွေတောင် တောင့်တကြတဲ့ လက်ဆောင်မွန် ဖြစ်တယ်။ သင်တို့ဟာ အဲဒီ မစမှုကို အခု ရရှိနေကြတယ်။ သင်တို့ဟာ ဒီ လက်ဆောင်မွန်ကို သင်တို့ရဲ့ အရင်ဘဝတွေမှာ ပြုခဲ့တဲ့ ကောင်းမှုတွေကြောင့် ဆုအနေနဲ့ ရရှိခြင်းဖြစ်တယ်ဆိုတာကို သံသယ မရှိကြနဲ့။ ကောင်းကင်စံပုဂ္ဂိုလ် တွေတောင် ကျွန်ုပ်ရဲ့ ဒါရှန်ကို စိတ်ရှည်စွာ စောင့်မျှော်ကြရတယ်။ ဒီရှားပါး လှတဲ့ အခွင့်ထူးကို သင်တို့ တစ်နေ့ပြီးတစ်နေ့ ရရှိနေကြတယ်။ ဒါဟာ သင်တို့ရဲ့ အရင်ဘဝတွေက ကုသိုလ်ကြောင့် ဖြစ်တယ်ဆိုတာ မမေ့ကြနဲ့။ သင်တို့ရရှိတဲ့ ဒီကောင်းချီးတွေဟာ အချိန်ကျရင် သီးပွင့်လာကြလိမ့်မယ်"

"ကောင်းကင်စံ ပုဂ္ဂိုလ်တွေတောင် ကျွန်ုပ်ရဲ့ ဒါရှန်ကို စိတ်ရှည်စွာ စောင့်မျှော်ကြရတယ်" ဟူသော ဆွာမိ၏ ပြောကြားချက်မှာ အံ့ဖွယ်ကောင်း

လှပါသည်။ ဤပြောကြားချက်နှင့် သက်ဆိုင်သော အဖြစ်အပျက်နှစ်ခုကို တင်ပြအပ်ပါသည်။

## ပက်ဒါဘော့တူ၏ အတွေ့အကြုံ

ရှိရ်ဒီဆိုင်းဘာဘာ (ဆာသီယ ဆိုင်းဘာဘာ၏ ယခင်ဘဝကပုဂ္ဂိုလ်) အား စိတ်အားထက်သန်စွာ ကိုးကွယ် ဆည်းကပ်သူ ဂလိဆရဒဒေဝီခေါ် အမျိုးသမီးတစ်ယောက် ရှိသည်။ ရှိရ်ဒီဆိုင်း မဟာသမာဓိခံယူသွားပြီးနောက် နှစ်ပေါင်း ၂၀ ကျော်အကြာတွင် သူမသည် ဆာသီယဆိုင်းကို ဖူးတွေ့ရပြီး သူက သူမကို ပုတ္တပါတီသို့ ခေါ်ယူခဲ့သည်။ နောက်ပိုင်းတွင် သူမသည် ပရရှန္တိနိလာယမ်တွင် အမြဲနေထိုင်ခွင့်ရရှိခဲ့သည်။ သူမသည် နဖူးတွင် ကုမ်ကုမ် (ဟင်းသပဒါးအနီကွက်) အကြီးကြီး လိမ်းထားလေ့ရှိသည်။ ထို့ကြောင့် ဘဂဝမ်က သူမကို ပက်ဒါဘော့တူဟု ချစ်စနိုးခေါ်သည်။ ဘင်ဒီ (ကုမ်ကုမ်) ကြီးဟု အဓိပ္ပာယ်ရသည်။ တစ်ခုသော နံနက်တွင် သူမသည် ပုတ္တပါတီရှိတာပေါ ဗရစ်ရှမ် ညောင်ပင်ကြီးအောက်တွင် ထိုင်၍ တရားမှတ်နေသည်။ အချိန်က စောသေး၍ မှောင်နေသေးသည်။ သူမသည် သူမ၏ မျက်စိများကို တစ်ချက် ဖွင့်လိုက်ချိန်တွင် ရုတ်တရက် မယုံနိုင်ဖွယ်ရာ ရှုခင်းတစ်ရပ်ကို မြင်တွေ့လိုက်ရသည်။ နတ်သမီးများသည် ပရရှန္တိဘုရားကျောင်း၏ အထက် ကောင်းကင်ယံတွင် ရွေ့လျားနေကြသည်။ သူတို့သည် တောင်တန်းများအထက်မှ အရှေ့အရပ်သို့ ရွေ့လျားနေကြစဉ်တွင် တောက်ပသော အဖြူရောင် ဖြာထွက်နေကြသည်။ သူတို့၏အသားအရောင်သည် ဝင်းလက်နေပြီး ပန်းများ ပန်းကုံးများ လှပစွာ ဆင်မြန်းထားကြသည်။ ပက်ဒါဘော့တူသည် သူတို့ ကောင်းကင်အမြင့်၌ ပျံသန်းနေကြစဉ် ချိုသာသော ဂီတသံများကိုလည်း ကြားနေရသည်။ သူတို့သည် ပရာဘရာမာ (အထွတ်အထိပ်ဘုရားရှင်) စရီဆာသီယ ဆိုင်းဘာဘာကို ဖူးမြော်ပြီးနောက် သူတို့စံဌာနကို ပြန်သွားနေကြခြင်း ဖြစ်သည်ဟု သူမ သဘောပေါက်လေသည်။ ခဏအကြာတွင် သူမသည် တောင်ကုန်းကို ဆင်းလာပြီး ဘဂျန်းခန်းမကို ဖွင့်ကြည့်ရာ အထဲရှိ လူတိုင်းအိပ်ပျော်နေကြဆဲဖြစ်ကြောင်း တွေ့ရလေသည်။ သို့သော် ဂီတသံများကို ကြားနေရဆဲဖြစ်သည်။ ကောင်းကင်စံအချို့သည် ဘာဘာအား ဂီတနှင့် အကများဖြင့်

ပူဇော်နေကြဆဲ ဖြစ်သည်ဟု သူမ တွေးမိလေသည်။ နံနက်ခင်းတွင် ဘာဘာ အား ပက်ဒါဘော့တူ တွေ့ရသည့်အခါ "ဆွာမိ ကောင်းကင်စံတွေ၊ အရှင်ဘုရား ကို ဖူးတွေ့ရအပြီးမှာ ပြန်သွားကြတာကို တပည့်တော်မ တွေ့လိုက်ရပါတယ်" ဟု သူမက လျှောက်တင်သည်။ ဆွာမိက ပြုံး၍ "သင် တွေ့လိုက်ရသလား" ဟု မေးလေသည်။ ပက်ဒါဘော့တူသည်၊ ဆိုင်းဘာဘာ နှစ်ဘဝကို ကြုံတွေ့ ကိုးကွယ် ဆည်းကပ်ခဲ့ရပြီး သမ္မာရင့် တရားအားထုတ်သူဖြစ်၍ ဤဆန်းကြယ် လှသော အတွေ့အကြုံကို ဆွာမိက သူမအား ချီးမြှင့်ခဲ့ခြင်း ဖြစ်လေသည်။

## ရာဂျာရက်ဒီ၏ တွေ့မြင်မှု

ထိုနေ့ကား မွန်မြတ်လှသော ဝေကွန္တကေဒသီနေ့ ဖြစ်သည်။ ထိုနေ့ တွင် စရီမဟာဗစ်ရှနူး အရှင်မြတ်သည် သူ၏ ကောင်းကင်ယံ စံဌာနေ မြောက်ဘက်အဝင်ဝတွင် ကိုးကွယ်ဆည်းကပ်သူများအား သူ့ကို ဖူးမြင်ခွင့် (ဒါရှန်) ပေးခဲ့သည်ဟု မြင့်မြတ်သော ဝေဒကျမ်းများက ဖော်ပြကြသည်။ ထိုနေ့တွင် ရာဂျာရက်ဒီ အမည်ရှိ ကိုးကွယ်ဆည်းကပ်သူ တစ်ယောက်သည် ပရှန္တိနီလာယမ် ပထမထပ်ရှိ ဝရန်တာတွင် အိပ်နေသည်။ သန်းခေါင်အချိန် လောက်တွင် သူ နိုးလာပြီး ဆွာမိ၏ အနည်းငယ် ဟထားသော တံခါးပေါက် မှ အလွန်တောက်ပသော အလင်းရောင်တစ်ခု ထွက်လာနေသည်ကို သူ သတိ ပြုမိသည်။ ညဥ့်နက်သန်းခေါင်တွင် ဘာကြောင့် လင်းထိန်နေသော အလင်း ရောင် ထွက်ပေါ်နေရသလဲဟု သူ သိချင်စိတ် ဖြစ်မိသည်။ သူသည် အနီးကပ် ပြီး ဟနေသော တံခါးမှ အတွင်းကို လှမ်းကြည့်လိုက်သည်။ ကောင်းကင်စံ တော်တော်များများသည် ဘဂဝမ် ဆာသီယဆိုင်းဘာဘာ၏ ကြာပဒုံ ခြေတော် အစုံကို အလှည့်ကျ ဦးခိုက်ပူဇော်နေကြသည်ကို မြင်တွေ့ရ၍ သူ အကြီး အကျယ် အံ့ဩသွားလေသည်။ သူတို့သည် ထူးကဲလှသော အလင်းရောင်ကို ထုတ်လွှတ်ကြသည်။ ဆွာမိသည် အဒိဆေရှ ဆက်ကပ်သော ညောင်စောင်း ထက်မှ စရီမဟာဗစ်ရှနူးကဲ့သို့ လဲလျောင်းနေပြီး သူတို့၏ အလေးအမြတ် ပြုမှုကို ပျူပျူငှာငှာ ခံယူနေလေသည်။ ဆွာမိ၏ အိပ်ရာပတ်လည်တွင် မီး တောက် ခုနစ်ခု တောက်နေကြသည်။ ထိုမြင်ကွင်းသည် ရာဂျာရက်ဒီကို လန့်သွားစေသည်။ သူသည် ဟနေသော တံခါးကို အသာဆွဲစေ့ပြီး ဝရန်တာ

ရှိ သူ့အိပ်ရာသို့ ပြန်သည်။ သို့သော် သူ ပြန်အိပ်၍ မရတော့ချေ။ နောက်တစ်နေ့တွင် သူသည် သူ့အတွေ့အကြုံကို ဆွာမိအား လျှောက်ထားပြီး "ဆွာမိ အဲဒီပုဂ္ဂိုလ်တွေက ဘယ်သူတွေပါလဲ" ဟု မေးမြန်းသည်။ ဆွာမိက ရှင်းပြသည်။ "သူတို့တွေဟာ ကောင်းကင်စံပုဂ္ဂိုလ်တွေ (ဒေဝတာတွေ) ပဲ။ သူတို့ဟာ ကျွန်ုပ်ရဲ့ ဒါရှန်ကို ရယူဖို့လာခဲ့ကြတာ ဖြစ်တယ်။ မီးတောက်တွေအသွင်နဲ့ သင်မြင်ခဲ့ရသူတွေဟာ ဆက်ပ်တာရစ်ရှီတွေ၊ ကျော်ကြားလှတဲ့ ရသေ့ကြီး ခုနစ်ပါး ဖြစ်တယ်။ သင့်ကို ကျွန်ုပ်ရဲ့ ကောင်းချီးတွေနဲ့ ကာကွယ်ပေးထားလို့ သင် အသက်ရှင်နေသေးတာ ဖြစ်တယ်။ နို့မဟုတ်ရင် အဲဒီမြင်ကွင်းကို သင် မြင်လိုက်တာနဲ့ တစ်ပြိုင်နက် သင် ပြာကျသွားပြီ"

ပရရှန္တိနီလာယမ်မှ လုပ်ဆောင်မှုများကို ဆက်လက် ဖော်ပြရလျှင် နီလာယမ် ဘုရားကျောင်းအတွင်းရှိ ရှီးဗားအရှင်မြတ်ကို ကိုယ်စားပြုသော ဆာလာဂရမ်ကို ရေသပ္ပာယ်သည်။ ထို့နောက် စရီ ဆာသီယ ဆိုင်းဘာဂဝမ် ၏ နာမတော် ၁၀၈ ပါးကို ရွတ်ဆို ပူဇော်ကြသည်။

## ဘဂျန်း

ယခု ၉ နာရီထိုးပြီ။ ဘုရားကျောင်းတွင် ဘဂျန်း သီဆိုပူဇော်မှုများ စတင်ပြီ။ ဘဂဝမ်သည် ညင်သာသောအပြုံးဖြင့် ကြွရောက်လာပြီး အလှဆင်ထားသော ပလ္လင်ထက်တွင် နေရာယူသည်။ သူသည် သီဆိုနေကြသော တေးများနှင့် စည်းကိုက်ဝါးကိုက် လက်များကို လှုပ်ယမ်းသည်။ သူသည် လေထဲတွင် တစ်စုံတစ်ခု ရေးသားနေသကဲ့သို့ သူ့လက်ချောင်းများကို လှုပ်ရှားသည်။ တစ်ခါတစ်ခါ ပြုံးသည်။ သူ ဘာကိုရေးနေသလဲ။ သူ ရေးနေရင်း ဘာကြောင့် ပြုံးသလဲဟု ပရိသတ်က သိလိုကြသည်။

ဆွာမိက ပြောဖူးသည်။ "ဘဂျန်း ခန်းမမှာ ကျွန်ုပ် ထိုင်နေတဲ့အခါ ကျွန်ုပ် တစ်ယောက်ယောက်ကို အသိအမှတ်ပြုသလို ပြုံးတာကို သင်တို့ သတိထားမိကြလိမ့်မယ်။ ကျွန်ုပ်ဟာ တစ်ခုခု ရေးနေသလို လက်ချောင်းတွေကို လှုပ်တယ်။ အဲဒါ ဘာလို့လဲဆိုတော့ သင်တို့မမြင်ရတဲ့ ပုဂ္ဂိုလ်တွေနဲ့ ကျွန်ုပ် စကားပြောနေလို့၊ ဆက်သွယ်နေလို့ ဖြစ်တယ်။ ကျွန်ုပ်ကို ဝတ်ပြုဆုတောင်းကြတဲ့သူတွေကို ကျွန်ုပ် အမြဲကူညီတယ်။ ဒီကိစ္စတွေကို ကျွန်ုပ်

လူသိရှင်ကြား ပြောမနေဘူး။ ဖခင်တစ်ယောက်ဟာ သူ့သားသမီးကို သူ ချစ်ချစ်ခင်ခင် ကူညီတာကို ထုတ်ပြောနေသလား"

ဘဂျန်း အစီအစဉ်တွင် ဂနက်ရှိ အရှင်မြတ်၊ စရီရာမာအရှင်မြတ်၊ စရီကရိသျှဏာ အရှင်မြတ်၊ ဗုဒ္ဓ၊ ယေရှု၊ ဆိုင်းနှင့်အလ္လာတို့အား ပူဇော်သော တေးများ ပါဝင်သည်။ သီဆိုသူများသည် တူရိယာအမျိုးမျိုးနှင့် တွဲဖက်ကာ ခံစားချက်အပြည့်ဖြင့် သီဆိုကြသည်။ ပရိသတ်များလည်း ပါဝင်သီဆိုကြသည်။

ဘဂျန်း သီဆိုခြင်းနှင့် ပတ်သက်၍ ဆွာမိ ပြောကြားခဲ့ဖူးသည်မှာ "သင်တို့ဟာ သစ်ပင်တစ်ပင်အောက်မှာ စုရုံးပြီး ကျယ်ကျယ်လောင်လောင် အသံပြုရင် သစ်ပင်ပေါ်မှာ နားနေတဲ့ ငှက်တွေ ပျံသွားကြလိမ့်မယ်။ လူ့ဘဝ ဟာ ငှက်တွေနားနေပြီး အာရုံပျက်စေတဲ့ အသံအအမျိုးမျိုး ပြုနေကြတဲ့ သစ်ပင် ကြီးနဲ့ တူတယ်။ အဲဒီငှက်တွေဟာတော့ ရာဂ၊ ဒေါသ၊ လောဘ၊ မောဟ၊ ဝင့်ဝါမှုနဲ့ မနာလိုမှု ငှက်တွေဖြစ်တယ်။ သူတို့ဟာ သင်တို့ရဲ့ ငြိမ်းချမ်းမှုနဲ့ စိတ်တည်ငြိမ်မှုတွေကို အနှောင့်အယှက်ပေးနေကြတဲ့ အသံမျိုးစုံကို ပြုနေ ကြတယ်။ သင်တို့ဟာ ရာမ၊ ကရိသျှဏာ၊ ဂေါဝိန္ဒ၊ နာရာယန စတဲ့ ပုဂ္ဂိုလ် တွေရဲ့ နာမတော်တွေကို ကျယ်ကျယ်သီဆိုလိုက်ရင် အဲဒီငှက်တွေဟာ ပျံသွား ပြီး သင်တို့ရဲ့စိတ်များ စင်ကြယ်အောင် သင်တို့ရဲ့နှလုံးသားများ အေးချမ်း အောင် ထားခဲ့ကြလိမ့်မယ်" တဲ့။

ယခုအခါ ဘဂျန်း ပြီးစီး၍ ဆွာမိအား အာရတီ (ပရုတ်မီး) ဖြင့် ပူဇော်ပြီး ဘဂဝမ်သည် သူ၏ အတွင်းခန်းသို့ ကြွမြန်းတော်မူလေသည်။ ဤကား ဆွာမိရှိစဉ်က ပရရှန္တိနီလာယမ်တွင် တစ်မနက်ခင်း လှုပ်ရှား လုပ် ဆောင်မှုများအကြောင်း ဖြစ်ပါသည်။

# အခန်း [၂]

# ရှိရ်ဒီဆိုင်း-ပါတီဆိုင်း

ဒီဆာသီယဆိုင်းဘာဘာဆိုတာ ဘယ်သူပါလဲ။ လွန်ကဲတဲ့ လူ့သဘာဝကို ကျော်လွန်တဲ့ ညို့ယူဖမ်းစားတတ်တဲ့ စွမ်းရည်တွေကို ပြသတတ်တဲ့ ဒီဆွာမိ ဟာ ဘုရားလား။ ကျွန်ုပ်တို့သည် မိမိတို့၏သဘာဝကိုပင် ပြည့်ပြည့်ဝဝ မသိကြချေ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အရင်းနှီးဆုံး အပေါင်းအဖော်များ ၏ သဘာဝကိုပင် နားမလည်နိုင်ကြချေ။ ဒီတော့ ကျွန်ုပ်တို့သည် (ဘုရား) ဝင်စားသူ တစ်ဦး၏ ရှုပ်ထွေးခက်ခဲ နက်နဲသော အခြေခံသဘောတရားနှင့် ပုဂ္ဂလသဘာဝတို့ကို ဘယ်လို နားလည်နိုင်ကြပါမလဲ။ ကျွန်ုပ်တို့သည် အရဲ ကိုး၍ ဆိုင်းအရှင်မြတ်ကို နားလည်အောင် ကြိုးစားမည်ဆိုပါက ရနိုင်သော အတိုင်းအတာများကို အားကိုးရပေလိမ့်မည်။ ယင်းတို့မှာ ဘဂဝမ်စရီဆာသီယ ဆိုင်းဘာဘာပေးခဲ့သော သရုပ်ပေါ်စေသည့် အဖြစ်အပျက်များနှင့် အဆိုအမိန့် များ ဖြစ်ကြပေသည်။

### ဂျိုဒ်အာဒိပေါလီဆိုမပွဲ

၁၉၅၈ ခု နိုဝင်ဘာလ ၂၅ ရက်နေ့ ဖြစ်သည်။ ၂၃ ရက်နေ့တွင် ပရရှန္တိနီလာယမ်၌ ဆွာမိ၏မွေးနေ့ ဆင်ယင်ကျင်းပမှုများကို ပါဝင်ဆင်နွှဲပြီး နောက် ဗင်ကတာရမ်နှင့် သူ့မိသားစုသည် ဘန်ဂလောမြို့သို့ ကားဖြင့် ထွက်ခွာ ခဲ့ကြသည်။ လမ်းတွင် ဗဂျီပေါလီရွာသို့ ရောက်သောအခါ သူတို့ သေရေး

ရှင်ရေးကာလနှင့် ရင်ဆိုင်ကြရသည်။ သူတို့သမီးကလေး ဂီတသုမသည် အသက်မရှုတော့သည်ကို တွေ့ရသောကြောင့် ဖြစ်သည်။ သူမသည် သေဆုံးပြီ သို့မဟုတ် သေလုဆဲဆဲဖြစ်သည်ဟု မိသားစုက ခံစားမိကြသည်။ သူတို့သည် ကိုယ်စိတ်ဆင်းရဲစွာဖြင့် အကူအညီရှာကြသည်။ လယ်သမားတစ်ဦးဖြစ်ဟန်တူသော အဘိုးကြီးတစ်ယောက်သည် ဘယ်ကမှန်းမသိ ထွက်လာသည်။ သူသည် အနီးကပ်လာပြီး ကလေးမကလေးကို ပွေ့ချီလိုက်သည်။ သူ့လက်နှင့် ထိလိုက်သောအခါ ကလေးမကလေးသည် အံ့ဖွယ်သရဲ၊ အသက်ဝင် လှုပ်ရှားလာပြီး ငိုသံပေးလေသည်။ မိသားစုသည် သူတို့ သေပြီထင်သော သမီးကလေး ရုတ်တရက် အသက်ဝင် လှုပ်ရှားလာသည်ကို တွေ့ရ၍ အံ့အားသင့်သွားကြသည်။ ကလေးမကလေး၏ ဖခင်ဖြစ်သူ ဗင်ကကာရမ်က အကြီးအကျယ် ဝမ်းမြောက်ပျော်ရွှင် ကျေးဇူးတင်လျက် အမျိုးအမည်မသိရသော ကျေးဇူးရှင်ကို ရှုပီးငွေ တစ်ကျပ် ပေးကမ်းလေသည်။ အဘိုးကြီးက ယဉ်ကျေးစွာ ငြင်းပယ်သည်။ သူ့အမည်ကို မေးသောအခါ ဂျိုဒိအာဒိပေါလီဆိုမပွဖြစ်သည်ဟု ဖြေကြားသွားလေသည်။

နောက်ပိုင်းတွင် ဆွာမိသည် ဤအဖြစ်အပျက်ကို သူ၏ တပည့်ရင်းသူ့အတ္ထုပ္ပတ္တိကို ရေးသူ စရီကပ်စ်တူရီအား ပြောပြသည်။ "ကျွန်ုပ် အဲဒီကိုကျေးရွာသား အဘိုးကြီးတစ်ယောက်အသွင်နဲ့ သွားခဲ့တယ်။ သေသွားတဲ့ကလေးကို ပြန်အသက်သွင်းပေးတာ ကျွန်ုပ်ပဲ" ဟု ဆွာမိက ပြောသည်။ စရီကပ်စ်တူရီက ထိုထူးဆန်းသော အမည်တွင် ထူးခြားသောအဓိပ္ပာယ်ရှိသလားဟု သိချင်သည်။ ဆွာမိက ရှင်းပြသည်။ "အာဒိပေါလီဆိုတာ အသစ်အတိုင်းရှိတဲ့ရွာလို့ အဓိပ္ပာယ်ရတယ်။ ရှီးဗားအရှင်မြတ်ရဲ့ စံဌာနေ ကိုင်လာ့ဆမ်ကို ပြောတာ။ ဆိုမပွဆိုတာကတော့ (ဆ + ဥမ္မာ) ရှီးဗားအရှင်မြတ်နဲ့ သူ့ကြင်ရာတော် ဥမ္မာတို့ကို ပူးတွဲခေါ်တာ" စရီဆာသီယဆိုင်းဘာဂဝမ်သည် ဤသို့ဖြင့် သူသည် ရှီးဗားအရှင်မြတ်နှင့် သူ့ကြင်ရာတော် ဥမ္မာ (ဆပ်ကတ်တိ) တို့ ပူးတွဲဝင်စားသူ ရှီးဗားဆပ်ကတ်တိ ဖြစ်ကြောင်း သူ၏ဇာတိမှန်ကို ထုတ်ဖော်ခဲ့လေသည်။

တစ်ကြိမ်တွင် ဆွာမိက ကိုင်လာဆမ် အမည်ရှိ လူတစ်ယောက်အား သူ့နာမည်၏ အဓိပ္ပာယ်ကို မေးသည်။ ထိုသူက ပြန်မဖြေနိုင် အကြာကြီး

စဉ်းစားသော်လည်း အဖြေမထွက်လာ။ ဆွာမိက သူ့ကို ရှင်းပြသည်။ "ကိုင်လာဆမ်ဆိုတာ အသန့်ရှင်းဆုံး၊ အစင်ကြယ်ဆုံး၊ အပြစ်အနာကင်းတဲ့ သလင်းကျောက်ကို ပြောတာ။ အဲဒါဟာ အစင်ကြယ်ဆုံး၊ အစွန်းအထင်းမရှိတဲ့ နှလုံးသားရဲ့ သင်္ကေတလည်း ဖြစ်တယ်။ ရှီးဗားအရှင်မြတ်ဟာ သူ့ရဲ့ကောင်းကင်စံဌာနေအားဖြင့် ကိုင်လာဆမ်ကို ရွေးချယ်ခဲ့တယ်။ သူဟာ စင်ကြယ်တဲ့နှလုံးသားမှာလည်း သီတင်းသုံးတယ်" တဲ့။

## ပရိမ္မကုတီယာရမ်

ဗဂျီပေါလီရွာအနီးအဝေးသွား လမ်းမကြီးပေါ်တွင် ပရိမ္မကုတီယာရမ် (မေတ္တာတစ်ထပ်တိုက်ကလေး) ခေါ် အဆောက်အအုံတစ်ခုရှိပြီး ၎င်းအနီးတွင် ကမ္ဘာ့ဘာသာအသီးသီးမှ အခြေခံအကျဆုံး ဥပဒေသများကို ပေါင်းစပ်တင်ပြထားသည့် သဗ္ဗဓမ္မစတူပမ်ခေါ် အဆောက်အအုံရှိသည်။

၁၉၈၀ ပြည့်နှစ်တွင် ၎င်းကို တည်ထောင်စဉ်က ၎င်းကို ပရိမ္မကုတီယာရမ်ဟု မသိကြသေး။ ထိုစဉ်က ၎င်းကို စရီဆာသီယဆိုင်း ဆဲဗားဆီဘီရမ် (အကျိုးဆောင်စခန်း) ဟု ခေါ်ခဲ့ကြသည်။ စီစဉ်သူများမှာ ဆိုင်း ကိုးကွယ်ဆည်းကပ်သူများဖြစ်ကြပြီး ပရရှန္တိနီလာယမ်မှ ပွဲလမ်းအခမ်းအနားကို တက်ရောက်ရန် လာရောက်ကြသော ဘုရားဖူးများ အသွားအပြန်တွင် အစားအသောက်များ ကျွေးမွေးလှူရှိကြသည်။ ဆီဘီရမ်သည် ၎င်း၏စောက်ချအကျိုးဆောင်မှုများကြောင့် ဘာသာ၏ အထူးတန်ဖိုးထားမှုနှင့် ကောင်းချီးပေးမှုတို့ကို ခံယူခဲ့ရသည်။ ၁၉၈၀ ပြည့်နှစ် နိုဝင်ဘာလ ၃၀ ရက်တွင် ဘာဘာသည် ဆီဘီရမ်သို့ ကြွရောက်ပြီး "ကောင်းမှုကို စောက်ချလုပ်ဆောင်သူ ဘယ်သူမဆို ကျွန်ုပ်ရဲ့ ကောင်းချီးပေးမှုများကို အမြဲအလျှံပယ် ရရှိနိုင်တယ်" ဟု စီစဉ်သူများကို ပြောကြားခဲ့သည်။ ဆွာမိ၏ကောင်းချီးပေးမှုများကြောင့် ဆီဘီရမ်သည် ပိုမို အားတက်လာပြီး ၎င်း၏လုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်လာသည်။ အချိန်ကျလာသောအခါ သဗ္ဗဓမ္မဆဇန်ဗဟ ဂေါပကအဖွဲ့ ပေါ်ပေါက်လာပြီး ၎င်းက ဆဲဗဆဒန် မိဘမဲ့ဂေဟာနှင့် ဘိုးဘွားရိပ်သာတစ်ခုကို တည်ထောင်လေသည်။

ကြံ့လာသည်မှာ နာမည်ကျော် တေလူဂူ ရုပ်ရှင်မင်းသမီး အန်ဂျလီ

ဒေဝီ အဆိုကျော် မီးဇ်ပီဆူဆီလာနှင့် သူတို့၏အပေါင်းအသင်းအချို့သည် ပုတ္တပါတီသို့ လာရောက်ကြသည်။ စီစဉ်သူများက သူတို့ကို ကြိုဆို နှုတ်ဆက်ကာ ဆီဘီရမ်တွင် တည်ခင်း ကျွေးမွေးသော ပရဆဒမ် (အရှင်မြတ် ကောင်းချီးပေးထားသော အစားအသောက်) ကို သုံးဆောင်ပါရန် ဖိတ်ကြားကြသည်။ သို့သော် နာမည်ကျော် ခရီးသည်များက ဤကောင်းမွန်ဖော်ရွေသော အပြုအမူကို တန်ဖိုးမထားကြချေ။ ဧည့်ခံသူများသည် နာမည်ကျော်များနှင့် အနီးကပ် ထိတွေ့ဆက်ဆံလိုသော တွေ့ရှိးတွေ့စဉ် ရုပ်ရှင်ဂီတ ဝါသနာအိုးများသာ ဖြစ်သည်ဟု လွဲမှားစွာယူဆကြပြီး သူတို့၏ ဖိတ်ကြားချက်ကို လက်မခံဘဲ ခရီးဆက်ခဲ့ကြလေသည်။ နောက်ပိုင်းတွင် သူတို့ဆွာမိနှင့် အတူရှိသောအခါ ဆွာမိက သူတို့ကို အသာအယာ ဆုံးမသည်။ "ကျွန်ုပ်ဟာ ပရရှန္တိနီလာယမ်မှာသာ ရှိတာမဟုတ်ဘူး။ ဗဂျီပေါလိက ဆဲဗားဆီဘီရမ်မှာလည်း ရှိနေတယ်" တဲ့။ သူတို့သည် ဆွာမိပေးသော သင်ခန်းစာကို သဘောပေါက်သွားကြသည်။ သူတို့သည် အပြန်လမ်းတွင် ဆီဘီရမ်၌ ရပ်ဖြစ်အောင် ရပ်ကြပြီး စီစဉ်သူများကို ရွှန်းရွှန်းစေအောင် တောင်းပန်စကား ပြောကြားကြကာ သူတို့ကမ်းသော ပရဆဒမ်ကို ကျိုးကျိုးနွံနွံ လက်ခံ သုံးဆောင်ပြီးမှ ခရီးဆက်ကြလေသည်။

၁၉၉၆ ခု ဇွန်လ ၇ ရက်တွင် ဆွာမိသည် ဗဂျီပေါလိက ဘိုးဘွားရိပ်သာကို ဖွင့်ပေးပြီး "ဒီဆီဘီရမ်ဟာ ပရိမ္မကုတီယာရမ်၊ စရီဆာသီယဆိုင်း ပရိမ္မကုတီယာရမ် ဖြစ်တယ်" ဟု ကြေညာခဲ့လေသည်။ ထိုအချိန်မှစ၍ ယင်းကို ထိုအမည်ဖြင့် သိလာခဲ့ကြလေသည်။ သူ၏ ကြာပဒုံ ခြေတော်အစုံ၏ မြင့်မြတ်သော ထိတွေ့မှုသည် မကြာခဏ ပရိမ္မကုတီယာရမ်ကို သိဒ္ဓိတင်ပေးခဲ့သည်။ ၂၀၀၀ ပြည့်နှစ် ဇွန်လ ၁၁ ရက်တွင် ဘဂဝမ်သည် ပရိမ္မကုတီယာရမ်သို့ ထပ်မံ ကြွရောက်လာပြီး သက်ကြီးများ နားနေဆောင်၊ ဂနက်ရှိ အရှင်မြတ်ဝတ် ကျောင်းနှင့် နွားတင်းကုပ်တို့ကို ဖွင့်ပေးခဲ့လေသည်။

## ရှီးဗားဆပ်က်တိဘာဘာ

ဘဂဝမ်သည် တစ်ကြိမ်က စိတြဝတီမြစ်၏ သောင်ကမ်းတစ်လျှောက် သူ့ကို ကိုးကွယ်ဆည်းကပ်သူအချို့နှင့် လျှောက်သွားနေသည်။ သူသည် ညို့

ယူ ဖမ်းစားတတ်စွာ ပြုံးနေပြီး ပြေပြစ်စွာ လျှောက်လှမ်းနေသည်။ ယင်းသည် ကင်မရာပါလာသူ တပည့်တစ်ဦးကို အထူးဆွဲဆောင်သဖြင့် ထိုသူက ဓာတ်ပုံ ရိုက်ရန် အသင့်ပြင်ပြီး "ဆွာမိ တစ်ပုံတည်းပါ ကျေးဇူးပြုပြီး" ဟု ခွင့်ပန် သည်။ ဆွာမိက သူ့ကိုတားဖို့ ကြိုးစားသည်။ "ဟင့်အင်း ဘန်ဂရု၊ ဟင့်အင်း" ဟု ပြောသည်။ (ဘန်ဂရုသည် ဘာဘာတို့ဒေသသုံးတေလူဂူ ဘာသာစကား ဖြစ်ပြီး ရွှေဟုအဓိပ္ပာယ်ရသည်။ ဘာဘာက ချစ်ခင်ရင်းနှီးသူများကို ဘန်ဂရု ဟု ခေါ်လေ့ရှိသည်) သို့သော် ဓာတ်ပုံသမားက ကင်မရာကို နှိပ်ပြီးသား ဖြစ်နေသည်။ အချိန်တန်၍ ကူးဆေးလိုက်သောအခါ ထိုဓာတ်ပုံသည် ဆွာမိ ၏ အာစနေရီဆွာရ (ရှီးဗားအရှင်မြတ်နှင့် သူ၏ကြင်ရာတော် ဒေဝီပါရ်ဗာတီ/ ဆပ်က်တိ) တို့၏ ပူးတွဲပုံတော်ဖြစ်နေလေသည်။

၁၉၄၅ ခု ဝန်းကျင်တွင် ပုတ္တပါတီရှိ ဘုရားကျောင်းဟောင်းမှ ဒပ် ဆယ်ရ ပွဲတော်စီတန်းလှည့်လည်မှုများ လုပ်ဆောင်သည့်အခါ ဆွာမိသည် အာစနရီဆွာရအသွင် ဆင်မြန်းလေ့ရှိလေသည်။ ထိုထူးမြတ်လှသော အသွင် တော်ကို ဖူးမြင်ကြရသူများထဲတွင် စိတ်အားထက်သန်လှသော ကိုးကွယ် ဆည်းကပ်သူများ ဖြစ်ကြသည့် ကုမာရမ္မနှင့် ဆကမ္မတို့ ပါဝင်ကြပြီး သူတို့ သည် ထိုဖူးမြင်ခဲ့ကြရမှုအကြောင်း တဖွဖွ ပြန်ပြောင်းပြောဆိုလေ့ ရှိကြလေ သည်။

တရိတယုဂခေတ်ကြီးအတွင်းတွင် မဟာသီဘာရဒွါဇ ခေါ် ကြီးမြတ် လှသည့် ရစ်ရှိရသေ့ကြီးတစ်ပါး ရှိခဲ့သည်။ သူသည် ဝေဒကျမ်းများ လေ့လာ မှုကို မြတ်နိုးပြီး သူ့ဘဝ၏နှစ်ပေါင်းတစ်ရာကို ထိုလုပ်ငန်းအတွက် စောက်ချ သုံးစွဲခဲ့လေသည်။ သို့သော်ငြားလည်း သူသည် သူ၏လုပ်ငန်းများ ဘယ်တော့ မှ ပြီးဆုံးနိုင်မည်မဟုတ်ကြောင်း သဘောပေါက်လာသည့်အတွက်၊ ဒေဝတာ တို့၏ အရှင်ဒေဝိန္ဒြကို ဦးတည် ရည်စူးကာ ဒုက္ကရစရိယာ ကျင့်လေသည်။ နောက်ဆုံးတွင် ဒေဝိန္ဒြသည် မဟာသီ၏ ရှေ့မှောက်တွင် ပေါ်လာပြီး "ဝေဒ ကျမ်းများကို သင် ဘယ်တော့မှ ပြည့်ပြည့်ဝဝ နားလည်နိုင်မည်မဟုတ်။ ဤအကျိုးမရှိသော လိုက်စားမှုကို စွန့်လွှတ်ပြီး ယင်းအစား သဝိတြယာဂ ယဇ်ပူဇော်မှုကိုပြုလော့။ ထိုယဇ်ပူဇော်မှုက ဝေဒလေ့လာမှုများကို လုပ်ဆောင် ခြင်းအားဖြင့် သင် ရရှိရန် မျှော်မှန်းထားသော စိတ်ဝိညာဉ်ဆိုင်ရာ ကျေနပ်

မှုကို သင့် အားပေးအပ်လိမ့်မည်'' ဟု ပြောကြားလေသည်။ မဟာသီဘာရဒ္ဒါဇသည် လိုအပ်သော ယဇ်ပူဇော်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များကိုလည်း ဒေဝိန္ဒြထံမှ လက်ခံရရှိလေသည်။

ထိုယဇ်ပူဇော်ပွဲသို့ ဆပ်က်တိအရှင်မ ကိုယ်တိုင် ကြွရောက်ချီးမြှင့်ရန် မဟာသီက အပြင်းအထန် လိုလားလေသည်။ သူသည် အရှင်မအား ကိုယ်တိုင်ဖိတ်ကြားရန် ရှီးဗားစံဌာနေကိုင်လာဆမ်သို့ သွားရောက်လေသည်။ ကိုင်လာဆမ်တွင် ရှီးဗား အရှင်မြတ်နှင့် ဆပ်က်တိအရှင်မတို့သည် တွဲကနေကြပြီး လုံးဝ စျာန်ဝင်နေကြသည်ကို သူ တွေ့ရလေသည်။ ရသေ့ကြီးသည် ဆပ်က်တိအရှင်မကို ပင့်ဖိတ်ရန် အဆင်ပြေသော အခိုက်အတန့်ကို မတွေ့နိုင်ဘဲ ဖြစ်နေသည်။ သူ စောင့်ရင်း စောင်းရင်း ခုနစ်ရက် ကြာသွားသည်။ ရှီးဗား အရှင်မြတ်ကသာ သူ့ကို အသိအမှတ်ပြုသည်။ ဆပ်က်တိအရှင်မက သူ့ကို အသိအမှတ်ပြုခြင်းမရှိ။ သူသည် စိတ်ပျက် စိတ်ဆင်းရဲလာသည်။ သို့သော် ရှစ်ရက်မြောက်နေ့တွင်ကား အရှင်မှုက သူ့ကို ဘေးစောင်းတစ်ချက်ကြည့်ကာ ညင်ညင်သာသာ ပြုံးပြပြီး ပြန်လှည့်သွားကာ ဆက်လက် ကနေပြန်လေသည်။ ဒေဝီဆပ်က်တိသည် သူ့ကို တမင်သက်သက် မထီမဲ့မြင်ပြုသည်ဟု မဟာသီက အထင်လွဲသွားပြီး ချက်ချင်း ကိုင်လာဆမ်မှ ထွက်ခွာကာ အပြန်ခရီးကို စသည်။ လမ်းတွင် တောင်ကုန်းတစ်ခုအဆင်း၌ သူသည် ရုတ်တရက် သူ၏ လက်ဝဲဘက်ခြေနှင့် လက်တို့ကို မလှုပ်နိုင်တော့ကြောင်း တွေ့ရသည်။ မျက်လုံးတစ်ဖက်လည်း ကန်းသွားသည်။ လေဖြတ်သွားသည့်ပုံပေါ်သည်။ ရှီးဗားအရှင်မြတ်က သူ့ကို လာကယ်သည်။ သူက အနီးကပ်လာပြီး ကြင်နာသော စကားများဖြင့် သူ့ကို နှစ်သိမ့်သည်။ ''မပူပါနဲ့ အသင်ရသေ့၊ ဒေဝီဆပ်က်တိက သင့်ကိုရော သင့်ရဲ့ယာဂကိုရော ကောင်းချီးပေးပါတယ်'' ဤအားပေးစကားများဖြင့် အရှင်မြတ်သည် သူ၏ ခရားမှရေအချို့ကို ကြောင်တက်တက်ဖြစ်နေသော ရသေ့ကြီးအပေါ် ဖြန်းပေးသည်။ ရသေ့ကြီးသည် အကောင်းပကတိ ပြန်ဖြစ်သွားလေသည်။ ရှီးဗားအရှင်မြတ်ကရော ဆပ်က်တိ အရှင်မကပါ သူ၏ ယာဂသို့ လာရောက်ရန် ကတိပြုကြပြီး နှုတ်ဆက် ထွက်ခွာသွားကြလေသည်။

ဘာရဒ္ဒါဂျသည် သူ၏ယာဂကို အောင်မြင်စွာ ပြီးမြောက်စေခဲ့လေ

သည်။ ရှီးဗားအရှင်မြတ်ရော ဆပ်က်တိ အရှင်မပါ။ သူ၏ ယာဂသို့ ကြွရောက် ချီးမြှင့်ပြီး ကောင်းချီပေးခဲ့ကြသည်။ သူတို့၏ ကြည်နူးမှု သင်္ကေတအဖြစ် ရှီးဗား အရှင်မြတ်က ရသေ့ကြီးကို ကတိပေးသည်။ "ကျွန်ုပ်တို့နှစ်ပါးစလုံး သင့်ရဲ့မျိုးရိုးမှာ သုံးကြိမ်ဝင်စားမယ်။ ပထမဝင်စားမှုမှာ ကျွန်ုပ်က ရှိရ်ဒီဘာဘာ ဖြစ်လာမယ်။ ဒုတိယ ဝင်စားမှုများ ကျွန်ုပ်တို့နှစ်ပါးပူးတွဲပြီး ပုတ္တပါတီမှာ ဆာသီယဆိုင်းဘာဘာ ဖြစ်လာမယ်။ နောက်ပိတ်ဆုံးဒေဝီဆပ်က်တိက ပရိမ္မဆိုင်းအဖြစ် ဝင်စားမယ်။ (ပထမဆိုင်း၊ ရှိရ်ဒီဘာဘာကြီးသည် ကျားကျားလျားလျား တကယ့်ယောကျ်ားကြီးပုံ ဖြစ်ပါသည်။ ဒုတိယဝင်စားသူ ဆာသီယဆိုင်းဘာဘာသည် ယောကျ်ားအသွင်နှင့် မိန်းမအသွင်ရောနေပါသည်။ တတိယမြောက် ဝင်စားမည့် ပရိမ္မဆိုင်း၏ပုံတော်ကို ဆာသီယဆိုင်းက ထုတ်ပေးသွားခဲ့ရာ ယောကျ်ားပင် ဖြစ်သော်လည်း မိန်းကလေးတစ်ဦးအသွင်ပေါက်နေသည်ကို တွေ့မြင်ကြရပါသည်။ ပြန်ဆိုသူ) အို… အသင်ရသေ့။ သင်ကိုင်လာဆမ်ကိုဖောခဲ့တဲ့အခါမှာ ဒေဝီဆပ်က်တိက သင့်ကို ရှစ်ရက်ကြာ လျစ်လျူရှုခဲ့တယ်။ အဲဒါကို ပြေရာပြေကြောင်း လုပ်ဆောင်တဲ့အနေနဲ့ ကျွန်ုပ်တို့ နှစ်ပါးပူးတွဲပြီး သင်ရဲ့မျိုးရိုးမှာ ဝင်စားတဲ့အခါ ဒေဝီဆပ်က်တီဟာ ကိုင်လာဆမ်မှာ သင် ခံစားခဲ့ရသလို အလားတူ ခံစားရမယ်။ အဲဒါဖြစ်ပွားတဲ့အခါမှာ ကိုင်လာဆမ်မှာ သင် ပြန်လည် ကောင်းမွန်လာအောင် ကျွန်ုပ် ကုသပေးခဲ့သလို ဒေဝီဆပ်က်တိကို ကျွန်ုပ် မြင့်မြတ်တဲ့ ရေစင်ပက်ဖြန်းပြီး ပြန်ကောင်းလာစေမယ်"

၁၉၆၃ ခု ဇွန်လ ၂၉ ရက်တွင် ဘဂဝမ်ဆိုင်းဘာဘာသည် လေဖြတ်ပြီး ဘယ်ဘက်ကိုယ်တစ်ခြမ်း သေသွားခဲ့လေသည်။ ပရရှန္တိနီလာယမ်တွင် စုရုံး ရောက်ရှိနေကြသော ကိုးကွယ်ဆည်းကပ်သူ ရာပေါင်းများစွာတို့သည် အရှင်မြတ်ဝေဒနာ ခံစားနေရသည်ကို မြင်ရသောအခါ မချိတင်ကဲ ဖြစ်ကြရလေသည်။ ဆွာမိသည် သုံးရက်ကြာအောင် မေ့မြောနေလေသည်။ နှလုံးဖောက်ပြန်မှု လေးကြိမ် ဖြစ်ပွားသည်။ သို့သော် အသက်ရှင်ကျန်ခဲ့သည်။ ဖြေမဆည်နိုင်သော ကိုးကွယ်ဆည်းကပ်သူများမှာ မျက်ရည်ကျရုံမှလွဲ၍ ဘာမှမတတ်နိုင်ကြ။ တစ်ပတ်တင်းတင်းပြည့်အပြီး ဂုရုပူနိမနေ့ ဇူလိုင်လ ၆ ရက်တွင် တပည့်ရင်းများ ဖြစ်ကြသော စရီကပ်စ်တူရီ၊ စရီရာဓာရက်ဒီနှင့် စရီ

ကရီသျှဏာပွတို့က ဘဂဝမ်အား ပွေ့ချီ၍ သူ၏အထပ်ထပ်အခန်းမှ မြေညီထပ်ရှိ ဘဂျန်းခန်းမသို့ သယ်ဆောင်ခဲ့ကြသည်။ စင်မြင့်ထက်ရှိ ဘာဘာ၏ ထိုင်နေကျ သလွန်ပေါ်တွင် သူ့ကိုချထားရန် အခက်အခဲရှိသည်။ သို့ဖြစ်၍ ငွေသလွန်ကို ယူချလာပြီး စင်မြင့်အနီး မြေပြင်ပေါ်တွင် ချထားရသည်။ ထိုအပေါ်တွင် ဘာဘာ သက်သောင့်သက်သာရှိစေရန် နူးညံ့သော ကူရှင်များစီစဉ်ချထားပြီး သူ့ကို အေးအေးသက်သာတင်ရသည်။ ဘာဘာ၏ ဘယ်လက်သည် တောင့်တင်းနေပြီး ဘယ်ခြေကိုလည်း မထိန်းနိုင် မလှုပ်နိုင် ဖြစ်နေသည်။ ကိုးကွယ် ဆည်းကပ်သူများသည် သူတို့၏ ချစ်စွာသော အရှင်မြတ်၊ ဆိုးဆိုးဝါးဝါး အခြေဆိုက်နေသည်ကို တွေ့မြင်ကြရသောအခါ အော်ဟစ်ငိုကြွေးကြသည်။ ထိုအခါ ဆွာမိသည် ကြားနိုင်ရုံ လေသံကလေးဖြင့် "ဒီဝေဒနာဟာ ကျွန်ုပ်ရဲ့ဝေဒနာ မဟုတ်ဘူး။ (တပည့်တစ်ယောက်အပေါ် ကျရောက်မယ့်) ဒီဝေဒနာကို ကျွန်ုပ်ရဲ့ဆန္ဒအလျောက် ကျွန်ုပ်အပေါ် လွှဲပြောင်းခံယူခဲ့ခြင်း ဖြစ်တယ်။ ကျွန်ုပ်ကို ဘာရောဂါကမှ မတိုက်ခိုက်နိုင်ဘူး။ ဘယ်သူမှ မပူပန်ကြစေနဲ့။ ကျွန်ုပ်ကို ကိုးကွယ်ဆည်းကပ်သူတွေ ဒုက္ခခံစားနေရရင် ကျွန်ုပ် သည်းမခံနိုင်ဘူး" ဟု စရီကပ်စ်တူရီကို ပြောလေသည်။ ဘာဘာ့စကားများကို ကပ်စ်တူရီက အသံချဲ့စက်ဖြင့် ကြေညာပေးသည်။

ဆွာမိက အမူအရာဖြင့် ရေတောင်းသည်။ ရေတစ်ဖန်ခွက်ကို သူ၏နှုတ်ခမ်းသို့ တေ့ပေးသည်။ သူက ထိုဖန်ခွက်ကို ကောင်းစွာ မကိုင်နိုင်။ သူ၏ ညာဘက်လက်ချောင်းများက ရေထဲသို့ ဝင်သွားပြီး သူသည် သူ၏ မလှုပ်နိုင်သော ဘယ်လက်နှင့် ဘယ်ခြေတို့ကို ရေဖြင့် ပက်ဖြန်းသည်။ သူသည် သူ၏ ဘယ်လက်ကို ညာလက်ဖြင့် အသာအယာ သပ်ပေးသည်။ ထို့နောက် သူ၏ ဘယ်ခြေကို သူ၏လက်နှစ်ဖက်စလုံးဖြင့် ပွတ်သပ်သည်။

ပျော်ရွှင်ကြည်နူးမှုဖြင့် မြူးတူးသွားကြသော ကိုးကွယ် ဆည်းကပ်သူအစုအဝေးကြီးသည် ယခုအခါ ဆွာမိ သူ့ကိုယ်သူ ကုသလိုက်ပြီဖြစ်ကြောင်း သဘောပေါက် နားလည်သွားကြကာ ဝမ်းမြောက်ဝမ်းသာ ဟစ်ကြွေးကြသည်။ ထို့နောက် သူတို့သည် "ပရီမ္မာ ဆွာရူပူလာရ (အို... မေတ္တာ၏ ပြယုဂ်တို့)" ဟု ခေါ်ဝေါ် နှုတ်ဆက်ကာ ဂုရုပူနိမ နေ့ထူးနေ့မြတ်တွင် ထုံးစံအတိုင်း အသံချဲ့စက်မှ ဆွာမိ ဟောပြောချက် စတင်နေပြီဖြစ်ကြောင်း ကြားနာကြရလေသည်။

ဆွာမိသည် သူ၏ ဖြစ်မြဲစဉ်လာ အဟောအပြောကောင်းမှု ရှင်းလင်းပြတ်သားမှု၊ သိမ်မွေ့သော ဟာသတို့ဖြင့် တစ်နာရီကြာမျှ ပရိသတ်ကြီး၏ ဘဝင်နှလုံးကို ရွှင်ပြုံးစေခဲ့လေသည်။ သူသည် ဘာရဒွါဇရသေ့ကြီး ရှစ်ရက်ကြာ ခံစားခဲ့ရပုံနှင့်အဆုံးတွင် ရှီးဗား အရှင်မြတ်က သူ၏ လေဖြတ်သွားသော ခြေလက်များအား မွှန်မြတ်သော ရေစင် ပက်ဖြန်းပေးခြင်းဖြင့် ပြန်ကောင်းလာစေပုံတို့ကို ပြောပြသည်။ ရှီးဗားအရှင်မြတ်နှင့် သူ၏ ကြင်ရာတော်တို့သည် မြေပြင်ပေါ်တွင် ရှီးဗားဆပ်ကတ်တီအဖြစ် ဝင်စားကြပြီး (ကိုယ်ခန္ဓာ၏ ဘယ်ဘက်ခြမ်းကို ကိုယ်စားပြုသော) ဆပ်ကတ်တီသည် ရှစ်ရက်ကြာ ဝေဒနာခံစားရမည်ဖြစ်ကာ အဆုံးတွင် (ကိုယ်ခန္ဓာ၏ ညာဘက်ခြမ်းကို ကိုယ်စားပြုသော) ရှီးဗား အရှင်မြတ်က မွှန်မြတ်သော ရေစင် ပက်ဖြန်း၍ အရှင်မကို ပြန်ကောင်းလာစေမည်ဖြစ်ကြောင်း အရှင်မြတ်၏ ကတိကိုလည်း ဆွာမိက ပြန်လည် ဖော်ပြလေသည်။

"တရိတာယုဂခေတ်က ရှီးဗား အရှင်မြတ်နဲ့ ဆပ်ကတ်တီအရှင်တို့ ချီးမြှင့်ခဲ့တဲ့ ဆုအရ ကျွန်ုပ်ဟာ ဘာရဒွါဇရသေ့ကြီးရဲ့ မျိုးရိုးမှာ ပေါက်ဖွားခဲ့တဲ့ ရှီးဗား-ရှပ်ကတ်တီ ဖြစ်တယ်" ဟု ဆွာမိက ကျယ်လောင် အောင်မြင်သောအသံဖြင့် ကြေညာခဲ့လေသည်။

## ရှိရ်ဒီဆိုင်းအရှင်မြတ်ကြီး၏ ဘဝဇာတ်လမ်း

လူများသည် ရှိရ်ဒီဆိုင်းဘာဘာ ရှိရ်ဒီရွာသို့ ရောက်ရှိလာပြီးနောက်ပိုင်း ဖြစ်စဉ်များကိုသာ သိရှိခဲ့ကြသည်။ သူ၏ စောစောပိုင်း ဘဝအသေးစိတ်အချက်အလက်များကို မသိရှိခဲ့ကြချေ။ သူ့ကို ဘယ်တုန်းက ဘယ်အရပ်မှာ မွေးဖွားခဲ့သလဲ။ သူ ရှိရ်ဒီသို့ မလာရောက်ခင် သူ့ဘဝက ဘယ်လိုလဲ။ ယင်းတို့ကို ၁၉၉၀ ပြည့်နှစ် စက်တင်ဘာလ ၂၈ ရက်တွင် ပရရှန္တိနီလာယမ်၌ စရီဆာသီယ ဆိုင်းဘာဘာက ထုတ်ဖော်ပြောကြားမှ သိကြရသည်။ ထိုနေ့သည် ဘာဘာ ကြေညာခဲ့သည့်အတိုင်း ရှိရ်ဒီဆိုင်းဘာဘာ၏ မွေးနေ့ဖြစ်သည်။ စရီဆာသီယ ဆိုင်းဘာဘာ ထုတ်ဖော်ခဲ့သော ရှိရ်ဒီဆိုင်း၏ ဘဝဇာတ်လမ်းကို ဖော်ပြလိုက်ပါသည်။

နိုင်ဇမ်စော်ဘွားကြီး (မဟာရာဇာ) အုပ်စိုးခဲ့သောဒေသရှိ ပတာရီရွာ

တွင် ဂန်ဂဘာဗနှင့် ဒေဗဂီရိ အမွှာခေါ် ဘာသာရေး ကိုင်းရှိုင်းသော ဇနီး မောင်နှံနှစ်ဦး ရှိခဲ့သည်။ အမျိုးသမီးက ရှီးဗား အရှင်မြတ်၏ ကြင်ရာတော် ဂေါရီ အရှင်မ (ပါရဗာတီ ဆပ်က်တီဟုလည်း သိကြသည်) ကို စိတ်အား ထက်သန်စွာ ကိုးကွယ်ဆည်းကပ်သူ ဖြစ်သည်။ ယောကျ်ားဖြစ်သူကမူ ရှီးဗား အရှင်မြတ်ကို ကိုးကွယ် ဆည်းကပ်သည်။ သူတို့တွင် သားသမီး မရှိကြ။ ယင်းဖြစ်ရပ်သည် သူတို့အား လောကီ တွယ်တာနှောင်ဖွဲ့မှု လျော့နည်းစေ ပြီး သူတို့သည် သူတို့အချိန် အများအပြားကို ရှီးဗား အရှင်မြတ်နှင့် ဒေဝီပါရ်ဗာတီတို့ကို ဝတ်ပြုခြင်းဖြင့် ကုန်ဆုံးစေကြသည်။ ဂန်ဂဘာဗသည် မြစ်ကူး လှေလှော်ခတ်ခြင်းအားဖြင့် အသက်မွေးသည်။ အချိန်က မိုးရာသီဖြစ်ပြီး မြစ် က ရေကြီးနေသည်။ ဂန်ဂဘာဗက သူ့လှေကို ပစ်ထားပါက ရေထဲ မျောပါ သွားမည်စိုး၍ သူ့လှေကို ညအိပ်သွားရောက် စောင့်ရှောက်မည်ဖြစ်ကြောင်း သူ့ဇနီးကို ပြောသည်။ သူမက ည ၇ နာရီခန့်တွင် သူ့ကို ညစာကျွေးကာ သူ ထွက်ခွာသွားပြီး မကြာမီ ညစာစားသည်။

၉ နာရီခန့်တွင် ရှေ့တံခါးခေါက်သံတစ်ချက် ထွက်လာသည်။ သူမ ၏ ယောကျ်ားဖြစ်မည်ဟုထင်ကာ ဘာကြောင့် စောစောပြန်လာပါလိမ့်ဟု သိချင်စိတ်ဖြစ်ရင်း သူမသည် စိုးရိမ်စွာ တံခါးဖွင့်လိုက်သည်။ အပြင်ဘက် တွင် အဘိုးကြီးတစ်ယောက် ရပ်နေသည်။ သူက မဆိုင်းမတွ ဝင်လာပြီး "အမား (မိခင်)၊ အပြင်ဘက်မှာ သိပ်အေးတယ်။ ကျွန်ုပ်ကို ဒီမှာ တစ်ညတာ တည်းခိုဖို့ နေရာကလေးနည်းနည်း ပေးနိုင်မလား" ဟု မေးလေသည်။ ဧည့်ဝတ်ကျေပွန်တတ်သော သူမက မွေ့ရာတစ်ခု ဆွဲထုတ်လာကာ သူ့ကို ပေးပြီး အိမ်ရှေ့ ဝရန်တာတွင် အိပ်ရန် နေရာပြသည်။ ထိုနောက် သူမသည် သူမ၏အခန်းကို ပြန်ဝင်ကာ တံခါးပိတ်၍ အိပ်ရာဝင်ခဲ့လေသည်။ သို့သော် များမကြာမီ အဘိုးကြီးသည် တံခါးခေါက်ပြန်သည်။ သူမက တံခါးဖွင့်လိုက် သောအခါ "အမား ကျွန်ုပ် ဆာတယ်၊ ထမင်းလေး နည်းနည်းစားပါရစေ" ဟု အဘိုးကြီးက ပြောသည်။ သူမ၏ မီးဖိုခန်းတွင် တူတူတန်တန် စားစရာ ဘာမှမရှိသဖြင့် သူမသည် တွေ့သော ဆန်မှုန့် အနည်းငယ်ကို ဒိန်နှင့်ဖျော်ကာ စားစရာ ဖန်တီးပေးလိုက်ပြီး သူမ၏အခန်းကို ပြန်ဝင်ကာ တံခါးပိတ်၍ အိပ်ရာဝင်ရန် ပြင်ဆင်သည်။ အချိန်အနည်းငယ်အကြာတွင် အဘိုးကြီးက

တံခါးခေါက်ပြန်သည်။ သူမက တံခါးဖွင့်လိုက်သောအခါ အဘိုးကြီးက "အမား ကျွန်ုပ် ခြေထောက်တွေ ကိုက်နေတယ် နည်းနည်း နှိပ်ပေးပါလား" ဟု ပြောလေသည်။

သူမသည် လန့်သွားသည်။ သူမသည် သူမ၏ ဘုရားခန်းသို့ သွားကာ ပါရဗာတိ အရှင်မ၏ ပုံတော်ရှေ့တွင် ဝပ်တွား၍ မျက်ရည်စက်လက်ဖြင့် "အိုး… မယ်တော်ဘုရား၊ တပည့်တော်မကို ဘာကြောင့် မယ်တော် ဒီလိုဆိုးဆိုးဝါးဝါး စမ်းသပ်နေရပါသလဲ။ တပည့်တော်မ အခု ဘာလုပ်ရပါမလဲ။ ဒီအရှက်ရစေမဲ့ အခက်အခဲကနေ တပည့်တော်မကို ကယ်တော်မူပါ" ဟု လျှောက်ထားသည်။ အချိန်အနည်းငယ်အတွင်း သူမသည် ပြန်လည် တည်ငြိမ်လာသည်။ စိတ်ကူးတစ်ခု ဖျတ်ခနဲ ပေါ်လာသည်။ သူမသည် နောက်ဖေးပေါက်မှ အိမ်အပြင်ကို ထွက်ပြီး တစ်ယောက်ယောက်ကို ပိုက်ဆံပေး၍ အဘိုးကြီးကို နှိပ်ပေးခိုင်းရန် လူရှာသည်။ ရှာသော်လည်း မရ၍ စိတ်ပျက်လက်ပျက်ဖြင့် အိမ်ပြန်ခဲ့သည်။ ရုတ်တရက် နောက်ဖေးတံခါးခေါက်သံ ကြားရသည်။ သူမ တံခါးဖွင့်လိုက်သောအခါ မိန်းမတစ်ယောက် ဝင်လာပြီး "အမား၊ ဒီက အဘိုးကြီးတစ်ယောက်ကို လိုတာလုပ်ပေးဖို့ လူရှာဖို့ ကျွန်မအိမ်ကို အစ်မ လာခဲ့တယ်ထင်တယ်။ ကျွန်မ လိုတာလုပ်ပေးဖို့ လာခဲ့တာပါ" ဟု ပြောလေသည်။ ဒေဗဂီရိအမ္မာသည် သူမ၏ လေးနက်သောဆုတောင်းပြည့်သွားသည့်အတွက် ဝမ်းမြောက် ပျော်ရွှင်သွားသည်။ သူမသည် ထိုအမျိုးသမီးကို ဝရန်တာသို့ ခေါ်သွားပြီး အဘိုးကြီးနှင့် ထားခဲ့ကာ သူမ၏ အခန်းကို ပြန်ဝင်၍ တံခါးပိတ်လိုက်လေသည်။

သူတော်စင် အမျိုးသမီးထံမှ ထူးထူးဆန်းဆန်း ဝန်ဆောင်မှုကို တောင်းခံခဲ့သော အဘိုးကြီးနှင့် သူ့ကို ကြည့်ရှုလုပ်ဆောင်ပေးရန် ထွက်ပေါ်လာခဲ့သော မိန်းမတို့သည် လူသားများ မဟုတ်ကြချေ။ သူတို့သည် ရှီးဗား အရှင်မြတ်နှင့် ပါရ်ဗာတိ အရှင်မတို့ ဖြစ်ကြလေသည်။ သူတို့သည် တစ်ဦးကိုတစ်ဦး စကားပြောစပြုကြ၏။

ရှီးဗား အရှင်မြတ်က ပြောသည်။ "ဒေဝီပါရ်ဗာတိ ဘာသာတရားကို ရိုသေကိုင်းရှိုင်းတဲ့ ဒီအမျိုးသမီး လိုရာဆန္ဒကို ဖြည့်ပေးလိုက်ပါ" ပါရ်ဗာတိ အရှင်မက ပြန်လျှောက်သည်။ "အရှင်ဘုရားက အထွတ်အထိပ် အရှင်မြတ်

ပဲ။ အဲဒါကို အရှင်ဘုရားကိုယ်တိုင် ဆောင်ရွက်ပါ'' ရှီးဗား အရှင်မြတ်က ပြန်ဖြေသည်။ ''ကျွန်ုပ်က သူမရဲ့ ဘာသာတရား ကိုင်းရှိုင်းမှုကို စမ်းသပ်ဖို့ ဒီကိုလာခဲ့တာ ဖြစ်တယ်။ အသင်ကတော့ သူမရဲ့ လေးလေးနက်နက် ဆုတောင်းမှုကို တုံ့ပြန်တဲ့အနေနဲ့ လာခဲ့တာ။ သူမကို သင်က ဆုပေးရင် သင့်လျော်လိမ့်မယ်''

အိပ်ခန်းတံခါးကို ခေါက်သံထွက်လာပြန်သည်။ အိမ်ထဲတွင် မိန်းမအဖော်တစ်ယောက် ရောက်ရှိနေပြီဖြစ်၍ ဒေဗကီရိအမ္မာသည် တွန့်ဆုတ်ခြင်းမရှိဘဲ တံခါးကို ဖွင့်လိုက်သည်။ သူမသည် ရှီးဗားအရှင်မြတ်နှင့် သူမမြတ်နိုးကိုးကွယ်သော ဂေါရီအရှင်မတို့ ကိုယ်ရောင်ကိုယ်ဝါ တောက်ပ ခန့်ညားစွာ ရပ်နေကြသည်ကို တွေ့ရလေသည်။ သူမ၏ နှလုံးသားသည် ဝမ်းမြောက်ပျော်ရွှင် ကြည်နူးမှုဖြင့် ပြည့်လျှမ်းသွားပြီး သူမသည် သူတို့၏ခြေတော်ရင်းတွင် ဝပ်စင်းလေသည်။ ဂေါရီအရှင်မက ပြောသည်။ ''သင့်ကို ကျွန်ုပ်၊ သင်တို့မျိုးရိုးဂုဏ်ကို ဆောင်မယ့် သားတစ်ယောက် ဆုပေးမယ်။ သင်တို့ ကညာဒါန (သမီးကို တစ်ဦးတစ်ယောက်လက်သို့ လှူဒါန်းပေးအပ်ရခြင်း) ကောင်းမှုပြုနိုင်အောင် သမီးတစ်ယောက်လည်း ပေးမယ်'' ဒေဗကီရိအမ္မာက ရှီးဗားအရှင်မြတ်၏ ခြေတော်ကို နဖူးဖြင့် ထိတွေ့ပူဇော်သည်။ သူက ''ချစ်သမီး သင့်ရဲ့ ကိုင်းရှိုင်းမှုကို ကျွန်ုပ် နှစ်ခြိုက်တယ်။ ကျွန်ုပ်ကိုယ်တိုင် သင်တို့ရဲ့ တတိယမြောက်ကလေးအဖြစ် ဝင်စားမယ်'' ဟု ပြောလေသည်။ အလျှံပယ် ကောင်းချီးပေးခြင်းခံရသော အမျိုးသမီးသည် ပီတိဖြာဝေကာ မျက်ရည်များ ဖြိုင်ဖြိုင်ကျလျက် ရှီးဗား အရှင်မြတ်နှင့် ဂေါရီသခင်မတို့ကို နက်နက်ရှိုင်းရှိုင်း ကန်တော့လေသည်။ သူမ မော့ကြည့်လိုက်သောအခါ သူတို့သည် ပျောက်ကွယ်သွားခဲ့ကြလေပြီ။

သူမသည် ယခု ပီတိသောမနဿ ဖြစ်နေလေပြီ။ သူမသည် စိတ်အားထက်သန်ပြီး စိတ်မရှည်နိုင် ဖြစ်နေသည်။ ဘယ်တော့ အရုဏ်တက်မလဲ။ သူမ၏ ယောကျ်ား ဘယ်တော့ အိမ်ပြန်လာမလဲ။ သူမ၏ ထူးမြတ်လှသော အတွေ့အကြုံကို ဘယ်လောက်စောစော သူ့ကို မျှဝေပေးနိုင်မလဲ။ သူမသည် မအိပ်နိုင်တော့ချေ။ နံနက်လင်းချိန်တွင် သူ ပြန်လာပြီး သူမ ပြောပြသော အဖြစ်အပျက်အားလုံးကို ကြားနာရသည်။ သို့သော် သူသည် မယုံကြည်ချေ။

သူက ပြောသည်။ "ဒေဗဂီရိရယ် မင်း ရှုးသွားပုံပေါက်တယ်။ မင်း အိပ်မက် မက်နေတာ ဖြစ်ရမယ်။ ရှီးဗားအရှင်မြတ်နဲ့ ဒေဝီပါရ်ဗာတီတို့က တို့အိမ်ကို ကိုယ်တိုင် လာကြတယ်။ မင်းကို ဒါရှန်ပေးတယ်။ အဓိပ္ပာယ်မရှိလိုက်တာ" သူက သူမကို သရော်သည်။ သူမက သူ့ကို ယုံကြည်လာအောင် ကြိုးစား သော်လည်း သူက မယုံ။

အချိန်သည် လျင်မြန်စွာ ကုန်ဆုံးလာပြီး ဒေဗဂီရိအမ္မာသည် ကိုယ်ဝန် ရှိလာသည်။ သူမ မျှော်လင့်ထားသည့်အတိုင်း ယောက်ျားကလေး မွေးဖွား သည်။ နောက်တစ်နှစ်အကြာတွင် မိန်းကလေးတစ်ဦး ဖွားမြင်သည်။ ဂန်ဂ ဘာဗသည် သူ့မိန်းမ ပြောကြားခဲ့သည့် ကိစ္စနှစ်ခု အမှန်တကယ် ဖြစ်လာသည် ကို တွေ့ရှိရသည်။ ရှီးဗားအရှင်မြတ်နှင့် ပါရ်ဗာတီအရှင်မတို့သည် သူ့မိန်းမ ကို အမှန်တကယ် ဖူးမြော်ခွင့်ပေးခဲ့ကြောင်း သူ ယုံကြည်လာသည်။ "မင်း သိပ်ကံကောင်းတယ်။ ငါက ကံမကောင်းခဲ့ဘူး" ဟု သူက သူ့မိန်းမကို ပြောလေသည်။

ထိုအတွေးသည် သူ့စိတ်ထဲတွင် ခိုင်မြဲစွာ အမြစ်တွယ်နေပြီး အချိန် ကြာလာသည်နှင့်အမျှ ကြီးထွားလာသည်။ သူသည် ရှီးဗားအရှင်မြတ်နှင့် ပါရ်ဗာတီ အရှင်မတို့၏ ဒါရှန်ကို ရယူရန် သန္နိဋ္ဌာန်ချလေသည်။ နောက်ဆုံး တွင် သူ့မိန်းမက တတိယမြောက် ကိုယ်ဝန်ရှိလာပြန်သည်။ ဤနောက်ဆုံး အထောက်အထားသည် သူ၏စိတ်ကို ခိုင်မာလာစေသည်။ သူသည် ဂနာမငြိမ် ဖြစ်လာသည်။ "ငါ ဒီအိမ်က ဘယ်တော့ ထွက်ခွာသွားနိုင်မလဲ။ ရှီးဗား အရှင်မြတ်နဲ့ ဒေဝီဂေါရီတို့ရဲ့ ဒါရှန်ကို ငါ ဘယ်လောက်မြန်မြန် ရယူနိုင်မလဲ။ ငါ ဘယ်တော့ ဒုက္ကရစရိယာ စကျင့်နိုင်မလဲ"

ဤအတွေးများသည် သူ၏နှလုံးသားကို ကိုက်ဖောက်နေကြသည်။ ဤအတွင်း ကိုးလ အချိန်ကုန်လွန်သွားသည်။ သူသည် ပို၍ ပို၍ စိတ်မရှည် နိုင် ဖြစ်လာသည်။ သူ ဆက်မစောင့်ဆိုင်းနိုင်တော့။ သူသည် ချက်ချင်းပင် တောထဲဝင်ပြီး သူ၏ ဘာသာရေးဆိုင်ရာ လိုက်စားမှုကို အားသွန်ခွန်စိုက် လုပ်ဆောင်ရန် ဆုံးဖြတ်လေသည်။ ဒေဗဂီရိအမ္မာသည် နောက်ဆုတ်တတ်သူ မဟုတ်။ သူမသည် မွေးဖွားခါနီးဖြစ်သော်လည်း သူနှင့်အတူ လိုက်လေသည်။ လမ်းတွင် သူမသည် တောထဲ ညောင်ပင်ကြီးတစ်ပင်အောက်၌ သားကလေး

ဖွားမြင်လေသည်။ ထိုနေ့ကား ၁၈၃၈ ခု စက်တင်ဘာလ ၂၈ ရက် ဖြစ်လေသည်။

ဒေဗဂီရိအမွှာသည် သူမ၏ ဆာရီတစ်ပိုင်းကို ဆုတ်ဖြဲပြီး မွေးစကလေးကို ပတ်ပေးကာ မွေးသည့်နေရာမှာပင် နူးညံ့သော သစ်ရွက်များဖြင့် ဖုံးအုပ်ထားခဲ့ပြီး သူမ၏ယောက်ျားနောက်သို့ လိုက်သွားလေသည်။ သို့အတွက် ထိုကလေး၏ မိဘမျိုးရိုးကို မည်သူမျှ မသိကြဘဲ နှစ်ပေါင်းတစ်ရာကျော်အကြာတွင် စရီဆာသီယ ဆိုင်းဘာဘာက ထုတ်ဖော် ပြောကြားတော့မှ သိကြရခြင်းဖြစ်ပေသည်။

အနီးရှိ ရွာတွင် ဆူဖီး (ဂိုဏ်းဝင်) ဖကီးရ် (မွတ်စလင် ဘုန်းကြီး) တစ်ပါးရှိသည်။ သူ့တွင် သားသမီးမရှိ။ သူသည် ကလေးကိုတွေ့၍ အိမ်သို့ယူသွားလေသည်။ ၁၈၃၈ ခုမှ ၁၈၄၂ ခုအထိ ကလေးသည် ထိုဖကီးရ်၏အိမ်တွင် ကြီးပြင်းခဲ့လေသည်။ ဖကီးရ် ကွယ်လွန်သောအခါ သူ့မိန်းမက ကလေးကိုဆက်လက် ပြုစုစောင့်ရှောက်လေသည်။ ကလေး၏အပြုအမူမှာ တော်တော်ထူးခြားသည်။ သူသည် ဟိန္ဒူဘုရားကျောင်းများသို့ သွားရောက်ပြီး "ကျွန်ုပ်ဟာ အလ္လာ (ဘုရား) ဖြစ်တယ်" ဟု လည်းကောင်း၊ "အလ္လာမလစ်ဟိုင်း" (ဘုရားဟာ အရှင်သခင်ဖြစ်တယ်) ဟု လည်းကောင်း အော်တတ်သည်။ ဗလီများသို့ သွားရောက်ပြီး "ရာမ တစ်ပါးတည်းသာ ဘုရားဖြစ်တယ်" ဟု လည်းကောင်း၊ "ရှီးဗားဟာ အလ္လာဖြစ်တယ်" ဟု လည်းကောင်း အော်ဟစ်လေ့ရှိသည်။ သူ၏ သမားရိုးကျ မဟုတ်သော အပြုအမူများကြောင့် ဟိန္ဒူများကရော မွတ်စလင်များကပါ ကွယ်လွန်သူ ဖကီးရ်၏ဇနီးကို မကျေမနပ် တိုင်တန်းပြောဆိုကြသည်။ သူမက သူ့ကို ပြုပြင်ထိန်းသိမ်းရ ခက်ခဲကြောင်း တွေ့ရသည်။ သူမသည် ဗင်ကုစ အမည်ရှိ လူတစ်ယောက်ကို သိသည်။ သူသည် ပညာရှင်နှင့် ဘာသာကိုင်းရှိုင်းသူဖြစ်ပြီး တရားရနေသော ပုဂ္ဂိုလ်တစ်ဦးအဖြစ် အများက သိကြသည်။ သူမသည် ထိန်းသိမ်းမနိုင်သော လူကလေးကို သူ့လက်ထဲသို့ အပ်နှံသည်။ ၁၈၄၂ ခု ၁၈၅၁ ခုအထိ ကိုးနှစ်ကြာမျှ သူသည် ဗင်ကုစ၏ ကျွေးမွေးစောင့်ရှောက်ခြင်းကို ခံရသည်။ ဗင်ကုစက သူ့ကို ချစ်ခင်ကြင်နာစွာ ဆက်ဆံသည်။ ယင်းသည် ဗင်ကုစ၏ တရားရိပ်သာတွင် နေထိုင်ကြသောသူများကို မနာလို ဖြစ်လာစေသည်။ တစ်နေ့

တွင် လူကလေးသည် ထိုနေရာမှ ထွက်ခွာသွားပြီး ရှိရ်ဒီရွာသို့ သွားရောက်ကာ နှစ်လကြာ နေထိုင်သည်။ ထိုနောက် သူသည် ရှိရ်ဒီမှ ထွက်ခွာကာ နှစ်ပေါင်းအတန်ကြာမျှ တစ်နေရာမှ တစ်နေရာသို့ လှည့်လည်သွားရောက်နေထိုင်သည်။

သူသည် လှည့်လည် သွားလာရင်း ဒု(ပ်)ခေဒ ခေါ် ရွာတစ်ရွာသို့ ရောက်လာသည်။ သူ ထိုရွာတွင် နေထိုင်ခိုက် ချန်ဒ်ဘိုင်ပတေးလ် ခေါ် ရွာသားတစ်ဦး၏ အိမ်ထောင်တွင် မင်္ဂလာဆောင်တစ်ခု စီစဉ်သည်။ သတို့သားမှာ သူ့မိန်းမ၏ မောင်အငယ်ဆုံး ဖြစ်သည်။ လှည့်လည်သွားလာနေသော လူကလေးသည် ထိုမင်္ဂလာဆောင်အဖွဲ့နှင့် ရှိရ်ဒီရွာသို့ လိုက်ပါလာကာ ၁၈၅၇ ခုမှ ၁၉၁၈ ခုတွင် သူ ကွယ်လွန်သည်အထိ ထိုအရပ်တွင် အသက်ထက်ဆုံးနေထိုင်သွားလေသည်။ သူ့ကို ဆိုင်းဘာဘာဟု သိကြသည်။ သူ၏ ထူးခြားလှသော တန်ခိုးများကို မကြာမီ သိရှိလာကြပြီး လူများသည် သူ့ထံရောက်ရှိလာကြလေသည်။ သူသည် သူတို့ကို ကြင်နာမှု၊ ကရုဏာ၊ မေတ္တာတို့ဖြင့် လက်ခံကာ သူတို့၏ပြဿနာများ၊ ဒုက္ခများကို စိတ်ရှည်လက်ရှည် စာနာမှုအပြည့်ဖြင့် နားဆင်ပြီး သူတို့၏အခက်အခဲများကို ကျော်လွှန်ရန် သင့်တော်သော လမ်းညွှန်မှုများကို ပေးလေသည်။ သူသည် သူတို့ကို စိတ်ဓာတ်ခွန်အား၊ ယုံကြည်မှုနှင့် စိတ်ဝိညာဉ်ဆိုင်ရာ လမ်းညွှန်မှုကို ပေးလေသည်။ တစ်စစနှင့် သူ၏ကျော်ကြားမှုသည် ရပ်နီးရပ်ဝေး ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့သွားလေသည်။

အထက်ပါ အကြောင်းအရာတို့ကို ဘဂဝမ်စရီဆာသီယ ဆိုင်းဘာဘာက ဖော်ပြခဲ့သည်။ ရှိရ်ဒီဆိုင်းဘာဘာနှင့် ဟာရီ ဗီနယက်ဆာသီး၊ ကဲလ်ကား၊ ရှားဗား အစရှိသော သူ့တပည့်များ၏ ရင်းနှီးသော ဆက်ဆံမှုများအကြောင်းကို သူက ပြောပြသည်။ "ရှိရ်ဒီဆိုင်းရဲ့ မြေပြင်ပေါ်ဘဝ ကုန်ဆုံးခါနီးမှာ သူက သူ့တပည့်ရင်းတစ်ဦးဖြစ်တဲ့ အက်ဘ်ဒူလာကို သူ ကွယ်လွန်သွားရင် မပူဆွေးဖို့ ဘာလို့လဲဆိုတော့ သူဟာ ပြန်လည် မွေးဖွားလာပြီး အက်ဘ်ဒူလာကို ဒါရှန်ပေးဦးမှာမို့လို့လို့ ပြောတယ်။ အဲဒါ ဘယ်တော့ဖြစ်မှာပါလဲလို့ အက်ဘ်ဒူလာက မေးတော့ ရှစ်နှစ်အကြာမှာလို့ ဘာဘာက ဖြေတယ်။ ပထမဝင်စားမှုက မဟာရဋ္ဌရပြည်နယ်မှာ ဒုတိယဝင်စားမှုက မဒရပ်စ် အုပ်ချုပ်ရေး

ဒေသမှာ (ပုတ္တပါတီသည် ထိုစဉ်က မဒရပ်စ်အုပ်ချုပ်ရေးဒေသတွင် ပါဝင်ပြီး ယခုအခါ အန္ဓရာပရာဒက်ရှ်ပြည်နယ်ထဲ ရောက်နေပြီဖြစ်သည်) ဘာဘာ ဘယ်အသွင်နဲ့ ပြန်ဝင်စားမှာပါလဲလို့ အက်ဘ်ဒူလာက မေးတဲ့အခါ သူ ဆာသီယမ်ဆိုတဲ့နာမည်ကို ခံယူမယ်လို့ ဘာဘာက ဖြေတယ်။ လက်ရှိ စရီ ဆာသီယဆိုင်း ဝင်စားမှုကို ရည်ညွှန်းတာပေါ့။ ပုဂ္ဂိုလ်နှစ်ပါးဟာ ခြားနား တယ်။ ဒါပေမဲ့ သူတို့ရဲ့ ဘုရားဖြစ်မှုကတော့ အတူတူပဲ'' ဟု ဆွာမိက ပြောလေသည်။

ဘဂဝမ်သည် ''ရှီရဒ်ီဆိုင်း ပထမ ဝင်စားမှုရဲ့ ရည်ရွယ်ချက်က ဘုရားဖြစ်မှုရဲ့ အရိပ်အမြွက်ကို ဖော်ပြဖို့ ဖြစ်တယ်။ ဆာသီယဆိုင်း၊ ဒုတိယ ဝင်စားမှုက ဘုရားဖြစ်မှုကို လက်ဆောင်အဖြစ် ပေးအပ်ဖို့ ဖြစ်တယ်။ လာမယ့် ပရိမ္မဆိုင်း၊ တတိယဝင်စားမှုကတော့ ဘုရားဖြစ်မှုကို သင်ပြပေးဖို့ဖြစ်မယ်'' ဟု ရှင်းပြခြင်းအားဖြင့် စိတ်ဝင်စားဖွယ်ကောင်းလှသော သူ၏ ယခင်ဘဝ ဇာတ်လမ်းကို နိဂုံးချုပ်လိုက်လေသည်။

## ရှီရဒ်ီဘိုင်း၏ကာတိ

ပြီးခဲ့သည့် အခန်းတွင် ကျွန်ုပ်တို့သည် ရှီရဒ်ီဆိုင်းအား စိတ်အား ထက်သန်စွာ ကိုးကွယ်ဆည်းကပ်သူ ဂလိဆရဒဒေဝီအကြောင်းကို အနည်း အကျဉ်း ဖတ်ရှုခဲ့ရသည်။ သူမသည် စောစောအိမ်ထောင်ကျ၍ သား ခြောက် ယောက် ရခဲ့သည်။ သို့သော် ဘယ်ကလေးမှ ခြောက်နှစ်ထက် ပို၍ ကြာ အောင် အဖတ်မတင်။ သူမသည် စိတ်ဆင်းရဲလှ၍ ရှီရဒ်ီသို့ သွားရောက်ပြီး သူမကို စိတ်ဝိညာဉ်ဆိုင်ရာ အေးချမ်းမှု ပေးသနားပါရန် ဆိုင်းဘာဘာကို တောင်းခံသည်။ သူက သူမကို စာနာထောက်ထားမှုဖြင့် လက်ခံပြီး နှစ်သိမ့် မှုပေးကာ သူမ၏စိတ်ဝိညာဉ်ဆိုင်ရာ တိုးတက်မှုကို လွယ်ကူမြန်ဆန်လာစေ ခဲ့သည်။ သူမက သူမ၏စိတ်ဝိညာဉ်ဆိုင်ရာ တိုးတက်မှုအတွက် သူမကို အာနိသင် ပြင်းပြသော မန္တန်သင်ပေးပါရန် သူ့ကို တောင်းပန်သည်။ သူက ဟိုလိုလို ဒီလိုလိုဖြင့် ငြင်းပယ်ခဲ့သည်။ တစ်ခါတစ်ရံ စိတ်ဆိုးဟန်လည်း ပြသည်။ ၁၉၁၈ ခုတွင် ရှီရဒ်ီဆိုင်း မကွယ်လွန်မီအချိန်အနည်းငယ်အလို၌ သူမသည် သူ့ခြေကို တင်းတင်းဖက်ပြီး မန္တန်ဥပဒေသ ပို့ချပေးပါရန် တောင်းခံ

ပြန်သည်။ သူမ၏ မရမနေ တောင်းခံမှုကြောင့် သူသည် စိတ်အနှောင့်အယှက် ဖြစ်သွားပုံပေါ်ပြီး ဒေါသဖြင့်လှည့်ကာ သူမ၏ရင်ဘတ်ကို ခြေနှင့်ကန်လိုက်သည်။ သူမသည် စိတ်နာသွားပြီး သူ့ကို ထားခဲ့ကာ အစာမစားတော့ဘဲ ဒွါရ်ကမယီ (ရှီရ်ဒီဆိုင်း နေထိုင်ခဲ့ရာ ဗလီဟောင်းအဆောက်အအုံ) ရှေ့ သစ်ပင်ကြီးတစ်ပင်အောက် မြေပြင်ပေါ်တွင် သွားအိပ်နေသည်။ ထိုည နှောင်းပိုင်းတွင် ကရုဏာရှင် ဘာဘာသည် သူမကို လာချော့သည်။ "သမီး ကလေး ဂေါရီ။ ကျွန်ုပ် သင့်ကို တစ်ခုခု ပြောပြမယ်။ လင်ဒီဥယျာဉ်ထဲကို သွားကြစို့။ သင် စိတ်ဆင်းရဲနေပြီး အစာမစားရသေးတာ ကျွန်ုပ် ဘယ်မှာ ကောင်းကောင်းအိပ်နိုင်ပါ့မလဲ" တဲ့။ ဥယျာဉ်ထဲသို့ ရောက်ကြသောအခါ သူက လက်မြှောက်၍ "အဒမ်မာလစ်ဟိုင်း (ဘုရားဟာ အရှင်သခင် ဖြစ်တယ်)" ဟု ပြောရင်း ပူရီနှစ်ချပ်နှင့် တွဲဖက်စားစရာ ခိုယာ (မလိုင်မုန့်) ကို ဖန်ဆင်းပေးလိုက်သည်။ သူမက သောက်ရေ သွားယူမည်ပြုသောအခါ သူက တားပြီး စားစရာ ဖန်ဆင်းပေးလိုက်သလို သောက်ရေအိုးကလေး တစ်လုံးကိုလည်း ဖန်ဆင်းပေးလိုက်သည်။ သူမ စားသောက်ပြီး၍ အေးအေး သက်သာ ရှိလာသောအခါ "ဒီမှာ သမီး ဂေါရီ၊ သင့်ကို ကျွန်ုပ် တစ်ခုပြော ပြမယ်။ ဒါပေမဲ့ မပြောခင် သင် ကျွန်ုပ်ရဲ့ ခြေကိုကိုင်ပြီး ဒီအကြောင်းကို ဘယ်သူ့ကိုမှ ပြောမပြပါဘူးလို့ ကတိပေးပါ" ဟု သူက ပြောသည်။ သူမ က ကတိပေးအပြီးတွင် သူက ဆက်ပြောသည်။ "ကျွန်ုပ်ဟာ အန္ဓရာဒေသ မှာ ဆိုင်းဘာဘာဆိုတဲ့ ဒီနာမည်နဲ့ပဲ ပြန်လည် မွေးဖွားမယ်။ အဲဒီကျတော့ သင် ကျွန်ုပ်ထံလာပြီး ကျွန်ုပ်နဲ့ အနီးကပ် နေထိုင်ရမယ်။ ပျော်ရွှင်မှုရမယ်။ သင်ဟာ အခု မန္တန်တစ်ခုခု လိုအပ်တဲ့အဆင့်ကို ကျော်လွန်နေပြီ။ ကျွန်ုပ်ရဲ့ ဒုတိယ အဝတာရ ဘဝမှာ ကျွန်ုပ်ကို တွေ့ပြီးတဲ့နောက် ဒီအကြောင်းကို သင်ဟာ အလျဉ်းသင့်သလို သူများတွေကို ပြောပြနိုင်တယ်" တဲ့။ ဆရာဒေဝီသည် သူမ အလွန်ကံကောင်းပြီး သူမ၏ဘဝသည် ကောင်းချီးပေးခြင်း ခံရသည်ဟု ခံစားမိလေသည်။ ဤအဖြစ်အပျက်အပြီးများ မကြာမီ စရီ ရှီရ်ဒီဆိုင်းသည် ဒတ်ဆဲရပွဲတော်နေ့ (၁၉၁၈ ခု အောက်တိုဘာလ ၁၅ ရက်) နေ့လယ် ၂း၃၀ နာရီ၌ ခန္ဓာကိုယ်ကို စွန့်ခွာကာ မဟာသမာဓိဝင်စံသွားလေ သည်။

နှစ်ပေါင်း နှစ်ဆယ်ကျော် ကုန်လွန်သွားချိန်တွင် ဆရာဒေဝီသည် မိဘမဲ့ကလေး ဂေဟာတစ်ခု တည်ထောင် ကွပ်ကဲနေသည်။ သူမသည် ခရီးလှည့်၍ ရန်ပုံငွေ ရှာဖွေနေရင်း ဥရဗကုန္တာမြို့သို့ ရောက်လာသည်။ သူမသည် ဆာသီယမ်ခေါ် အံ့ဖွယ်သရဲ ထူးခြားလှသည့် လူကလေးတစ်ယောက် အကြောင်းကို အများကြီး ကြားဖူးသည်။ သူသည် ထိုမြို့တွင် သူ့အစ်ကို ဆက်ရှမရာဂျူး၏အိမ်၌ နေထိုင်သည်ဟု သိရ၍ သွားတွေ့သည်။ ဆာသီယမ်က သူ့ကိုမြင်သောအခါ အနားလာရန် ခေါ်ပြီး နှစ်လိုဖွယ်ကောင်းသောအသံဖြင့် "ဂေါရီ" ဟု ခေါ်ဝေါ် နှုတ်ဆက်သည်။ သူမသည် လန့်သွားသည်။ အကြောင်းမှာ သူမကို ချီသာ ချစ်ခင်စွာ ဂေါရီဟု ခေါ်ဝေါ်သူမှာ ရှိုရ်ဒီဆိုင်းတစ်ပါးသာ ရှိသည်။ အခြားမည်သူမျှ သူမကို ထိုကဲ့သို့မခေါ်။ ဆာသီယမ်က ထပ်ပြောသည်။ "သင် ကျွန်ုပ်ကို ၁၆ ရူပီး ပေးစရာရှိတယ်လေ၊ မှတ်မိသေးရဲ့လား" တဲ့။ သူမသည် သူ့ကို ပထမဦးဆုံး တွေ့ရခြင်းဖြစ်၍ ဘာပြောနေပါလိမ့်ဟု တွေးရခက်သွားသည်။ သူက ဆက်ပြောသည်။ "သင် ရှိုရ်ဒီကို ပို့ဖို့ ရူပီး ၄၀ ကောက်ထားတယ်။ ဒါပေမဲ့ ၂၄ ရူပီးပဲ ဗာလာရမ်က တစ်ဆင့် ပို့ခဲ့တယ်။ ဒီတော့ သင် ကျွန်ုပ်ကို ပေးဖို့ ၁၆ ရူပီး ကျန်မနေဘူးလား" သူက သူမ စိတ်ချသွားအောင် ထပ်ပြောသည်။ "ကျွန်ုပ်ဟာ ရှိုရ်ဒီဘာဘာ ဖြစ်တယ်ဆိုတာ သင် သိစေဖို့သာ ဒီအကြောင်းကို ပြောပြတာပါ။ သင် ဝင်လာတော့ သင်ဟာ ဒုက္ခခံပြီး ကျွန်ုပ်ကို ကန်တော့တောင် မကန်တော့ဘူး။ ဝင်လာလာချင်း တန်းထိုင်တယ်" သနားစရာ ဆရာဒေဝီသည် မျက်ရည်များ ကျလာပြီး သူ့ခြေရင်းတွင် ဝပ်စင်းကာ ရှိုရ်ဒီတွင် သူမ ပြုနေကျအတိုင်း ခြေတော်များကို ပွေ့ဖက်လေသည်။ ဆာသီယမ်က သူမကို တည်ငြိမ်သွားစေပြီး "သင့်ကို အဲဒီတုန်းက ကျွန်ုပ် ပြောပြခဲ့တယ်။ ဒါပေမဲ့ သင်က အမှတ်မထားဘူး။ အားလုံး မေ့သွားတယ်။ အခုတော့ သင် ကျွန်ုပ်ထံ ရောက်လာပြီ။ ကျွန်ုပ် ပုတ္တပါတီကို သွားမယ်။ သင် လိုက်လာခဲ့။ အဲဒီမှာ သင့်ကို အားလုံးပြောပြမယ်" ဟု ပြောလေသည်။ နောက်ပိုင်းတွင် စရီဆာသီယဆိုင်း၏ ညွှန်ကြားချက်အရ သူမသည် ပရရှန္တိ နီလာယမ်တွင် အမြဲအသက်ထက်ဆုံး နေထိုင်ခဲ့လေသည်။ ရှိုရ်ဒီဘာဘာက မကြာခဏ ဒေါသကို ပြသခဲ့သည်၊ ဆာသီယဆိုင်းဘာဘာကတော့ ချိုသာသည်။ ဆွာမိက ဤ

ခြားနားချက်ကို တစ်ခါက ရှင်းပြခဲ့သည်။ "အမေလုပ်တဲ့သူဟာ မီးဖိုဆောင်ထဲမှာ ချက်ပြုတ်နေတုန်း သူ့ကလေးတွေလာပြီး နှောင့်ယှက်ရင် ဒေါသထွက်တယ်။ ဒါပေမဲ့ ချက်ပြုတ် ပြင်ဆင်ပြီးလို့ ကလေးတွေကို ကျွေးမွေးတဲ့အခါ မေတ္တာ၊ ကရုဏာ၊ စိတ်ရှည်မှုအပြည့်နဲ့ ဖြစ်တယ်။ အရင်အဝတာရ ဖြစ်စဉ်က စားကောင်းသောက်ဖွယ်တွေကို ပြင်ဆင် ချက်ပြုတ်နေတဲ့အဆင့် ဖြစ်တယ်။ အခု အဝတာရက သင်တို့ကို မေတ္တာနဲ့ စားကောင်းသောက်ဖွယ်တွေ ကျွေးမွေးနေတဲ့အဆင့် ဖြစ်တယ်"

## ကိုယ်သန္ဓာတ နှစ်ခု၊ ဘုရားဖြစ်မှုကတော့ အတူတူပဲ

မခေါ်ဗ်အက်စ် ဒစ်က်ရှစ်သည် ကလေးဘဝတွင် ရှိရ်ဒီဆိုင်းဘာဘာကို ဖူးတွေ့ခဲ့ရသည်။ သို့သော် သူ့ဘဝ၏ နောက်ဆုံးအပိုင်းကို ဘန်ဂလောမြို့အနီး ပွိုက်ဖီးလ်ဒ်မြို့ကလေးရှိ ဆိုင်းဘာဘာ၏ ဗရင်ဒဝန်စခန်းတွင် ကုန်ဆုံးစေခဲ့လေသည်။ လူကလေးဘဝတွင် သူသည် မခံမရပ်နိုင်လောက်အောင် ပြင်းထန်သည့် ခေါင်းတစ်ခြမ်းကိုက် ဦးယည်းနာကို ခံစားခဲ့ရလေသည်။ လူကလေး၏ ဘကြီး (သူ့ဖခင်၏အစ်ကို) ဟာရီစီတာရမ်ဒစ်က်ရှစ်က သူ့ကို ရှိရ်ဒီဘာဘာထံ ခေါ်သွားသည်။ ဟာရီစီတာရမ်ဒစ်က်ရှစ်ကို အများက ကာကာဆဟက်ဘ် ဒစ်က်ရှစ်ဟု သိကြသည်။ ဘာဘာသည် သူ၏ ဓူနီ (မီးဖို၊ ဘာဘာသည် သူ့ဘေးတွင် အမြဲတမ်း မီးဖိုတစ်ဖို ဖိုထားပါသည်) မှ ပြာတချို့ကိုယူ၍ လူကလေး၏ နဖူးကို ပွတ်ပြီးသွားဟု ခပ်ပြတ်ပြတ် ပြောလိုက်သည်။ လူကလေးသည် နဖူးကို အရိုက်ခံလိုက်ရသည်ဟု ခံစားမိပြီး သွားဟု တုံးတိအပြောခံလိုက်ရသောကြောင့် နောက်တွန့်သွားသည်။ သူသည် ဘာဘာ့ထံ နောက် ဘယ်တော့မှ မသွားတော့ဟု ဆုံးဖြတ်လိုက်သည်။ သို့သော် သူ့ဘကြီး အိပ်ချ်၊ အက်စ်ဒစ်က်ရှစ်က မျက်နှာကို ရိုက်လိုက်ခြင်းဟု သူ အထင်မှားနေသည်မှာ တကယ်တော့ ဘာဘာ၏ ကောင်းချီးပေးခြင်းဖြစ်ကြောင်း သွားဟု ခိုင်းသည်မှာ လူကလေးကို ပြောခြင်းမဟုတ်ဘဲ သူ၏ ဦးယည်း ခေါင်းခဲနာကို ပြောခြင်းဖြစ်ကြောင်း သူ့ကို ရှင်းပြသည်။ "ငါတို့အားလုံး အဲဒီလို ဘာဘာရဲ့ မစစောင့်ရှောက်မှု အထိမ်းအမှတ်ကို စောင့်မျှော်နေကြတာ။ တစ်ယောက်ယောက်ဟာ အဲဒီလို ဘာဘာရဲ့ "အရိုက်" ခံရရင်

အကြီးအကျယ် ကောင်းချီးပေးခံရတယ်လို့ ခံစားမိမှာပဲ" ဟု သူအကြီးက ထပ်ပြောလေသည်။ ထိုဖြစ်ပျက်ချိန်မှစ၍ သူ၏ ဦးယဉ်း ခေါင်းခဲနာသည် ဘယ်တော့မှ ပြန်မပေါ်လာတော့ချေ။

နှစ်ပေါင်းများစွာ ကြာသောအခါ ရှိရ်ဒီဘာဘာသည် ဆာသီယ ဆိုင်း ဘာဘာအဖြစ် ဝင်စားခဲ့သည်ဟု ကြားရ၍ မခေါ်ဗ်အက်စ်ဒစ်က်ရှစ်သည် သူ့မိတ်ဆွေအချို့နှင့် ပုတ္တပါတီသို့ သွားလေသည်။ ထိုနေ့ကား ၁၉၆၁ ခု၊ အောက်တိုဘာလ ၂၃ ရက်၊ ဗိဂျယဒက်ရှမီနေ့ ဖြစ်လေသည်။ ထိုကိစ္စနှင့် ပတ်သက်၍ ဆွာမိက "ဒီဘုရားတန်ခိုးတော်ဟာ ၁၉၁၈ ခုမှာ ခန္ဓာကိုယ် ဟောင်းက စွန့်ခွာခဲ့တယ်။ အဲဒီတုန်းက ကိုးကွယ်ဆည်းကပ်သူတွေကို ရှစ် နှစ်အကြာမှာ ကျွန်ုပ် ပြန်လာခဲ့မယ်လို့ ပြောကြားခဲ့တယ်။ ကျွန်ုပ်ရဲ့ ပြော ကြားချက်ကို ကာကာဆဟက်ဘ်ဒစ်က်ရှစ်က သူရဲ့ ဒိုင်ယာရီစာအုပ်မှာ ရေး သွင်းရာမှာ ရှစ်နှစ်သားအဖြစ် ပြန်လာဖို့ ကျွန်ုပ်က ကတိပြုခဲ့တယ်လို့ မှတ် တမ်းတင်လိုက်တယ်။ ဒီလိုမှားတာဟာ သူ ကျွန်ုပ် ပြောကြားချက်ကို ကြား ပြီးတာနဲ့ တန်းပြီးမရေးဘဲ အချိန်အများကြီးကြာမှ သူရဲ့မှတ်ဉာဏ်ကို အားကိုး ရေးသွင်းခဲ့လို့ ဖြစ်တယ်" ဟု ပြောပြခဲ့လေသည်။

အမ်၊ အက်စ်၊ ဒစ်က်ရှစ်သည် ရှီးဗားရဇ္ဇရီပွဲလမ်းများအတွက် ပုတ္တ ပါတီသို့ ရောက်ရှိနေခိုက် "ဒါက ဘာလဲ၊ ရှီရ်ဒီဆိုင်းက ရိုးရိုးစင်းစင်း ဝတ်ဆင်တတ်တဲ့ မဝင့်ဝါတတ်သူဖြစ်တယ်။ သူဟာ ပြန်ပြီး ဝင်စားရာမှာ ငါ အခုမြင်နေရတဲ့ ပိုက်ထုတ်တတ်သူအသွင်ကို ခံယူခဲ့တာလား။ သူ ဝတ်စား ထားတာက ရုပ်ရှင်မင်းသားကျနေတာပဲ" ဟု သံသယအတွေးများ ဝင်ခဲ့လေ သည်။ သူ စောင့်ကြည့်နေခိုက် ဘဂဝမ်သည် စင်မြင့်ပေါ်တွင် ရှီရ်ဒီဆိုင်း၏ ရုပ်တုတော်ကို ဝိဘူသီးဖြင့် သွန်းလောင်းပေးနေသည်။ ရုပ်တုတော်၏အထက် တွင် ဘာမှထည့်မထားသော မြေအိုးငယ်တစ်လုံးကို တပည့်တစ်ယောက်က မှောက်လျက် ကိုင်မြှောက်ထားသည်။ ထိုအိုးထဲသို့ လက်နှိုက်၍ မွှေပေးသော အခါ ဝိဘူးသီးများ ရုပ်တုတော်ပေါ်သို့ တရဟော ကျဆင်းလာသည်။ မရပ် မနား ကျဆင်းလာသည်မှာ ရုပ်တုတော်တစ်ခုလုံးကို ဝိဘူးသီးများ ဖုံးလွှမ်း သွားသည်အထိ ဖြစ်သည်။ ဘဂဝမ်၏ အာခံတွင်းမှ ရှီးဗားလိင်္ဂမ်များ (ရှီးဗား အရှင်မြတ်၏သင်္ကေတ ဘဲဥပုံ ခဲတတ်လုံးကြီးများ) ထွက်ပေါ်လာကြသည်ကို

လည်း သူ မြင်သည်။ ထိုနောက် ဘဂဝမ်က ဟောပြောရာတွင် "ဒီမှာ ရောက်နေကြတဲ့အထဲက တချို့က ကျွန်ုပ်ဟာ ရုပ်ရှင်မင်းသားတစ်ယောက်လို ပိုးထည်ဝတ်ဆင်ထားတာရယ်၊ တစ်မူထူးတဲ့ ဆံပင်ပုံစံရှိတာရယ် (ဆွာမိ၏ ဆံပင်များသည် ကပ်ပြားမနေဘဲ ထိုးထိုးထောင်ထောင် ဖွာဆန်ကြဲနေကြပါသည်။ ပြန်ဆိုသူ) ဟာ နည်းနည်းကြောင်တယ်လို့ ထင်နေကြတယ်" ဟု ထည့်သွင်း ပြောကြားသွားလေသည်။ ဒစ်ကီရှစ်သည် လန့်သွားလေသည်။ ဘာဘာသည် သူ၏သံသယများကို ရည်ညွှန်းပြောကြားလိုက်ခြင်း ဖြစ်ကြောင်း၊ သူ သံသယမရှိချေ။

ဘဂဝမ်သည် အမ်၊ အက်စ်၊ ဒစ်ကီရှစ်ကို သူ၏ အင်တာဗျူးခန်းသို့ ခေါ်သည်။ သူ၏အိတ်ထဲတွင် သူ၏ကွယ်လွန်သူ ဘကြီး ကာကာဆဟက်ဘ် ဒစ်ကီရှစ်၏ ဓာတ်ပုံပါလာသည်။ ဆွာမိက ထိုဓာတ်ပုံကို ကြည့်ပြီး "ဒါဟာ သင့်ဘကြီး ကွယ်လွန်သူ အပ်ချ်၊ အက်စ်၊ ဒစ်ကီရှစ်ရဲ့ပုံ ဖြစ်တယ်။ သူဟာ ကျွန်ုပ် ရှီရ်ဒီမှာ ရှိခဲ့စဉ်က ကျွန်ုပ်ကို ကိုးကွယ်ဆည်းကပ်သူ ဖြစ်ခဲ့တယ်။ သင့်စိတ်ထဲမှာ သံသယတွေ ရှိနေတုန်းပဲလား" ဟု ပြောလေသည်။ ဒစ်ကီရှစ်၏ စိတ်ထဲမှ သံသယအားလုံးသည် ပျောက်ကွယ်သွားခဲ့ကြလေပြီ။ သို့သော် သူ့စိတ်ထဲတွင် ပြင်းပြသော ဆန္ဒတစ်ခု ကျန်နေသေးသည်။ သူသည် ရှီရ်ဒီ ဘာဘာ၏ တံခါးစောင့်အဖြစ် ထမ်းရွက်ခဲ့သည်။ သူသည် ထိုအလုပ်ကို ပြန်လိုချင်သည်။ ယင်းကို ဆွာမိက သိပြီး သူ့ဆန္ဒကို ဖြည့်ပေးလိုက်သည်။ သူ့ကို ကရင်ဒဗန်တွင် တံခါးစောင့်အဖြစ် အလုပ်ပေးလိုက်သည်။ ဆွာမိက သူ့ကို ပြောသည်။ "သင် ကောင်းကင်ဘုံကို သွားရတော့မယ့်အချိန် ရောက်လာပြီ။ ဒါပေမဲ့ သင်ဟာ ရှီရ်ဒီဘာဘာနဲ့ ရှစ်နှစ်နေခဲ့လို့ သင့်သက်တမ်းကို ရှစ်နှစ်တိုးပေးဖို့ ဆွာမိက ဆုံးဖြတ်လိုက်တယ်" ဒစ်ကီရှစ်သည် ဘရင်ဒဗန် တံခါးဝရှေ့ရှိ အိမ်တစ်လုံးတွင် နေထိုင်သည်။ သူသည် ရှစ်နှစ်အကြာတွင် ကွယ်လွန်သွားလေသည်။

၁၉၃၆ ခု အောက်တိုဘာလ ၂ ရက်သည် ထူးမြတ်သောနေ့တစ်နေ့ ဖြစ်သည်။ ထိုနေ့တွင် ကိုးကွယ် ဆည်းကပ်သူများသည် ခမ်းနားလှသော ဆိုင်းကူလ်ဝမ် ခန်းမကြီး၌ ပဒူးကာ (ဘာဘာ၏ ခြေနင်းတော်ပုံတူ) ၁၀၀ ဂရံကို ပူဇော်ကန်တော့ကြသည်။ ထိုအခမ်းအနားတွင် ဒေါက်တာ ဒီ၊ ဂျေ၊

ဂမီယာက ဟောပြောသည်။ ထိုနောက် ဘာဘာက ဆက်လက် ဟောပြောရာတွင် ဒေါက်တာ ဂမီယာအကြောင်းကို ထည့်သွင်း ပြောကြားသွားသည်။ ''သူဟာ အမ်၊ အက်စ် ဒစ်က်ရှစ်ရဲ့သား၊ ရှီရ်ဒီမှာ နေခဲ့တဲ့ ကာကာဆဟက်ဘ် ဒစ်က်ရှစ်ရဲ့ မြေးဖြစ်တယ်။ သူ့အဖေ အမ်၊ အက်စ်၊ ဒစ်က်ရှစ်က ကာကာဆဟက်ဘ်ဒစ်က်ရှစ်ရဲ့ ဒိုင်ယာရီတွေကို ကျွန်ုပ်ထံ ယူလာပြီးပြတယ်။ အဲဒီထဲမှာ လူတစ်ယောက်ဟာ ဘဝမှာ ဘာအခက်အခဲတွေပဲ ရင်ဆိုင်ရသည်ဖြစ်စေ ဆွာမိကို လက်မလွှတ်သင့်ဘူးလို့ သူ ရေးမှတ်သွားတယ်။ ဒီဆရာဝန်ရဲ့ ဖခင် အမ်၊ အက်စ် ဒစ်က်ရှစ်ဟာ ဘရင်ဒဝန်မှာ နှစ်ပေါင်း ၃၀ နေသွားတယ်။ ဒီဂမီယာကို ဆေးပညာသင်ဖို့ အားပေးလိုက်တာ ကျွန်ုပ် ဖြစ်တယ်။ သူ့ကို ကျွန်ုပ် မနီပါလ်ကို စေလွှတ်လိုက်ပြီး နောက်ပိုင်းမှာ လန်ဒန်ကိုသွားဖို့ စေခိုင်းခဲ့တယ်။ ဒီလိုအားဖြင့် ဒီလူနဲ့ ဆိုင်းဘာဘာရဲ့ ဆက်နွယ်မှုဟာ ရှေးရှေးက သူ့ဘိုးဘေးတွေရဲ့အချိန်ကတည်းက ဆင်းသက်လာခဲ့တာ ဖြစ်တယ်။

''ဒါဟာ ဒီကိုရောက်လာတဲ့ လူတိုင်းနဲ့ သက်ဆိုင်တယ်။ နို့မို့ရင် သင်တို့ ဒီကိုလာဖို့ မဖြစ်နိုင်ဘူး။ သင်တို့ဟာ လွန်ခဲ့တဲ့ ဘဝပေါင်းများစွာအဆက်ဆက်က ပြုခဲ့၊ စုမိခဲ့တဲ့ ကောင်းမှုတွေကြောင့် သင်တို့ ဒီလမ်းကို ဝင်ရောက်ခဲ့ကြရတာ ဖြစ်တယ်။ အိန္ဒိယမှာ လူတွေ ကုဋေကုဋာရှိတယ်။ သူတို့ထဲက ဘယ်နှယောက် ဒီကိုလာနိုင်ခဲ့ကြသလဲ။ လူအများဟာ ဒီကို လာချင်တဲ့ဆန္ဒရှိကြပါတယ်။ ဒါပေမဲ့ သူတို့ဆန္ဒကို သူတို့ မဖြည့်စွမ်းနိုင်ကြဘူး။ ဒီမြင့်မြတ်တဲ့နေရာကို သင်တို့ လာနိုင်ခဲ့ကြတာဟာ ဘုရားရဲ့ ကောင်းချီးပေးမှု ဖြစ်တယ်'' ဟု ဆွာမိက ပြောကြားသွားသည်။

## ဘာဘာသည် နေရာတကာ ရောက်ရှိနေသည်

အော်စလိုမြို့မှ နော်ဝေ လူမျိုး တိုက်ဒမန်းယိုဟာန်ဆင်သည် ပုတ္တပါတီသို့ ရောက်လာခဲ့သည်။ ဆွာမိသည် သူ ရင်ဆိုင်နေရသော ပြဿနာများ ပြေလည်စေရန် လက်စွပ်တစ်ကွင်း ဖန်ဆင်း၍ သူ့ကို ပေးလိုက်သည်။ နှစ်အနည်းငယ်ကြာသောအခါ သူသည် ဘန်းဂလားဒက်ရှ်တွင် ခရီးသွားရင်း စစ်တကောင်းမြို့အနီး မြစ်တစ်ခုထဲတွင် ထိုလက်စွပ် ကျွတ်ကျ ပျောက်ဆုံးခဲ့သည်။ ပျောက်ဆုံးပြီး တစ်လအကြာတွင် ပွိုက်ဖီးလ်ဒ်မြို့အနီး ဘရင်ဒဝန်

စခန်းသို့ သူ ရောက်လာသောအခါ ဘဂဝမ်က သူ့အနီးသို့ ကပ်လာပြီး ထို လက်စွပ်ကို သူ့လက်သို့ ပြန်ဝတ်ပေးလိုက်သည်။ အလွန်အမင်း အံ့သြသွားသော သူ့ကို "ဒီလက်စွပ်ဟာ ကျွန်ုပ်လက်ထဲ ရောက်လာတယ်။ ဘာလို့လဲဆိုတော့ ကျွန်ုပ်က အဲဒီမြစ်ထဲမှာ ရှိနေတယ်။ အဲဒီမြစ်တွင်မကဘူး မြစ်တကာထဲမှာ နေရာတကာမှာ ကျွန်ုပ်ရှိနေတယ်" ဟု ဆွာမိက ပြောပြလေသည်။ ဆွာမိသည် နေရာတကာတွင် ရှိနေပါသည်။

တစ်ကြိမ်တွင် ဘန်ပူမြို့မှ ကိုးကွယ်ဆည်းကပ်သူ အမျိုးသမီးတစ်ဦးသည် ဒွါရကမယီသို့ လာရောက်ပြီး ရှိရ်ဒီဆိုင်းကို ကန်တော့ကာ ထိုင်သည်။ ဘာဘာက သူမ၏သား မွေးနေ့ပွဲ အဆင်ပြေရဲ့လားဟု သူမကို မေးသည်။ သူမက သူ့ကို ပြန်လျှောက်သည်။ "ဘာဘာ တပည့်တော်မတို့ အဲဒီနေ့ကို ပျော်ပျော်ရွှင်ရွှင်နဲ့ ကုန်ဆုံးစေခဲ့ကြပါတယ်။ တပည့်တော်မတို့ ဆွေမျိုး မိတ်သင်္ဂဟတွေကို ဖိတ်ခေါ် ကျွေးမွေးခဲ့ပါတယ်။ မကျွေးခင် စားစရာမျိုးစုံကို ငွေလင်ပန်းတစ်ချပ်မှာ ထည့်ပြီး ဘုရားခန်းမှာ အရှင်ဘုရားကို ရည်စူးဆက်ကပ်ပူဇော်ထားခဲ့ပါတယ်။ ခဏကြာတော့ အဲဒီ ပရဆဒမ်ကို ဧည့်သည်တွေ ဝေငှကျွေးမွေးမလို့ သွားယူတော့ အဲဒီလင်ပန်းကို မတွေ့ရတော့ပါဘူး။ တပည့်တော်မ ယောက်ျားနဲ့ တပည့်တော်မပဲ ဘုရားခန်းကို ဝင်တာပါ။ တခြားဘယ်သူမှ မဝင်ပါဘူး။ အဲဒါ ဘယ်လိုလုပ် ပျောက်သွားခဲ့တာပါလဲ။ ဘာဖြစ်ခဲ့တာလဲ ဘာဘာ" ဆိုင်းဘာဘာက ပြန်ပြောသည်မှာ "သင် မှတ်မိသေးရဲ့လား၊ ဘုရားခန်းထဲ ကျွန်ုပ်ပုံရှေ့မှာ လင်ပန်းကိုချပြီး ပျော်စရာကောင်းတဲ့ သင့်သားမွေးနေ့ပွဲကို ကျွန်ုပ်ကိုယ်တိုင် ကြွရောက်ပြီး ဆက်ကပ်တဲ့ ခဲဘွယ်ဘောဇဉ်ကို သုံးဆောင်ပါလို့ သင် ဆုတောင်းခဲ့တယ်လေ။ သင် ဆန္ဒရှိတဲ့အတိုင်း ကျွန်ုပ် ကြွရောက်ပြီး အကုန်လုံးကို သုံးဆောင်တယ်။ အဲဒါကို သင်တို့ ယုံကြည်ပါ့မလားဆိုတာ မသေချာလို့ အဲဒီလင်ပန်းကို ကျွန်ုပ်နဲ့အတူ ယူလာခဲ့တယ်။ အဲဒါ ဟောဒီမှာ" တဲ့။ ထိုကဲ့သို့ပြောပြီး သူ မှီထိုင်နေသော ခေါင်းအုံးအောက်ကို လက်နှိုက်ကာ လင်ပန်းကို ဆွဲထုတ်ပေးလိုက်သည်။ သူမသည် အလွန်အံ့အားသင့် ဝမ်းမြောက် ရွှင်လန်းသွားလေသည်။

ဒွါရကမယီတွင် နေရာသန့်ရှင်းရေးကို အက်ဘ်ဒူလာက နေ့စဉ်ဆောင်ရွက်နေကျဖြစ်သည်။ သူသည် ခေါင်းအုံးများ အိပ်ရာခင်းများကို သပ်ရပ်

အောင် လှုံကျင်း ဖြန့်ဆန့်စေလေ့ရှိသည်။ သူသည် ထိုနေ့က မလာဖြစ်၍ သူ့အလုပ်ကို နောက်တစ်ယောက်က လုပ်ရသည်။ သို့သော် ထိုနေ့က ဘယ်သူမှ ထိုလင်ပန်းကို မတွေ့ခဲ့ပေ။ ဘယ်လိုလုပ်ပြီး အခုမှ ရုတ်တရက် ပေါ်လာတာပါလဲ။ ဘဂဝမ်က သူသည် နေရာတကာမှာ ရှိနေသည်ဟု ပြောကြားခဲ့ချက်ကို ကျွန်ုပ်တို့ နားလည်နိုင်ပေသည်။

## ကျွန်ုပ် သိတယ်၊ သင် မသိဘူး

ဆာသီယ ဆိုင်းဘာဘာ ကေရဲလား ပြည်နယ်သို့ သွားရောက်ခဲ့စဉ်က ဖြစ်သည်။ သူသည် တြိဗန်ဒရမ်မြို့အနီးရှိ ရွာတစ်ရွာကို ရောက်လာသည်။ သူ၏ ခြွေရံသင်းပင်းများထဲတွင် နာမည်ကျော် သိပ္ပံပညာရှင် ဒေါက်တာအက်စ်၊ ဘဂဝမ်တမ် ပါလာသည်။ ရပ်နီးရပ်ဝေးမှ ကိုးကွယ် ဆည်းကပ်သူများသည် ထိုအရပ်တွင် ကျင်းပသော တွေ့ဆုံပွဲကို တက်ရောက်ကြသည်။ ဆွာမိက သူ့အနီးရှိ ဘဂဝမ်တပ်ဆို လူအုပ်ကြီး၏ ထောင့်တစ်ထောင့်တွင် ရပ်နေသော အဘွားကြီးတစ်ယောက်ကို ညွှန်ပြပြီး သူမ ကလေးအရွယ်ကတည်းက သူမကို သူ သိခဲ့သည်ဟု ပြောပြလေသည်။ ဒေါက်တာ ဘဂဝမ်တမ်က "ဘာဘာက အများကြီး ပိုငယ်တယ်။ အဲဒီမိန်းမကြီးက အများကြီး ပိုကြီးတာ သိသာတယ်။ သူ ဘယ်လိုလုပ်ပြီး သူမကို ကလေးဘဝကတည်းက သိနိုင်ခဲ့ပါလိမ့်" ဟု သိချင်စိတ် ဖြစ်မိသည်။ သူက ဆွာမိကို မေးသည်။ "ဘာဘာ အရှင်ဘုရားက အသက် ၃၀ လောက်ပဲ ရှိသေးတယ်။ အဲဒီအဘွားကြီးက အသက် ၇၀ ကျော်ရှော့မယ်။ သူမ ကလေးအရွယ်ကတည်းက အရှင်ဘုရား သူမကို သိခဲ့တယ်ဆိုတာ ဘယ်လိုလုပ်ဖြစ်နိုင်ပါ့မလဲ" သူမကိုယ်သူ သူ၏ အရင်ဘဝက သိခဲ့ခြင်းဖြစ်သည်ဟု ပြန်ရှင်းပြသည်။

အချိန်အနည်းငယ်အကြာတွင် ဒေါက်တာ ဘဂဝမ်တပ်သည် လူအုပ်ထဲ ဝင်၍ အဘွားကြီး အနားကပ်ကာ စကားစပြည် ပြောရင်း "ခင်ဗျားရှီရ်ဒီကို ရောက်ဖူးသလား" ဟု မေးလိုက်သည်။ အဘွားကြီးက ပြန်ဖြေသည်။ "ငါ ကလေးဘဝတုန်းက ငါ့အဖေရဲ့ညီ ငါ့ဘထွေးက ဘာဘာကို ဖူးဖို့ ငါ့ကို ရှီရ်ဒီကို ခေါ်သွားတယ်။ ဘာဘာက ငါ့ကို ဆွဲသီးကလေးတစ်ခု ပေးတယ်။ ငါ အဲဒါကို အခုထက်ထိ လည်ပင်းမှာ ဆွဲထားတုန်းပဲ" ဟု

ပြောပြီး ဆွဲသီးကလေးကို ပြသည်။ ဒေါက်တာ ဘဂဝမ်တပ်၏ သံသယ များသည် ပျောက်ကွယ်သွားကြလေသည်။

ဤအဖြစ်အပျက်ကလေးကို ကြားရသောအခါ ကျွန်ုပ်တို့သည် ဘဂဝဒ် ဂီတကျမ်း၊ အခန်း ၄ အစတွင် ပါဝင်သော လင်္ကာတစ်ပိုဒ်ကို သွားသတိရ လေသည်။ ထိုလင်္ကာတွင် စရီကရိသျှဏာ အရှင်မြတ်က အာဇုနကို ပြောသည်။ "ကျွန်ုပ်ဟာ အမြဲတည်တံ့မယ့် ဒီတရား (ဘဂဝဒ်ဂီတ) ကို ဟိုးရှေးရှေးက ဗိဗာဆွမ် (နေနတ်မင်း) ကို သင်ပြခဲ့တယ်။ သူက အဲဒါကို မနုကို လွှဲအပ် တယ်။ မနုက အဲဒါကို သူ့သား ဣက္ခွာကုကို လက်ဆင့်ကမ်းတယ်။ အဲဒီ ရှေးကျလှတဲ့တရားကို အခု ကျွန်ုပ် သင့်ကို ဟောပြရပြန်ပြီ" အာဇုနက မေးသည်။ "အိုး... ကရိသျှဏာ၊ နေနတ်မင်းဟာ လောကကြီးကို ဖန်ဆင်း ကတည်းက ရှိနေခဲ့တာ။ သူဟာ သက်တမ်းရှည်ကြာလှပါပြီ။ အရှင်ဘုရား က ခုခေတ်မှ ကြွတော်မူလာတာ။ အရှင်ဘုရား နေနတ်မင်းကို ဒီတရား သင်ပြခဲ့တယ်ဆိုတာ ဘယ်လိုဖြစ်နိုင်မလဲ" တဲ့။ ကရိသျှဏာ အရှင်မြတ်က ရှင်းပြသည်မှာ "အသင်အာဇုန၊ သင်နဲ့ ကျွန်ုပ်ဟာ မရေတွက်နိုင်လောက်တဲ့ ဘဝတွေကို ဖြတ်သန်းခဲ့ကြတယ်။ အဲဒီဘဝတွေအားလုံးကို သတိပြုမိမှုကို ကျွန်ုပ်က ပိုင်ဆိုင်တယ်။ သင်က မပိုင်ဆိုင်ဘူး) မသိဘူး" တဲ့။

# အခန်း [၃]

## ပုဏ္ဏဗာခနီ

ယနေ့ ပုဏ္ဏပါတီရွာကို ရှေးခေတ်က ဂေါလပေါလိ (နွားကျောင်းသား တို့ ရွာ) ဟု သိခဲ့ကြသည်။ ထိုဒေသတစ်ခုလုံးတွင် နွားကျောင်းသားများနှင့် သူတို့၏ နွားများ နေထိုင်ကြသည်။ တစ်နေ့တွင် ထိုရွာသား နွားကျောင်းသား တစ်ယောက်သည် နွားစားကျက်မှ အပြန်တွင် သူ့နွားမ တစ်ကောင်သည် နို့အုံထဲ၌ နို့ မရှိတော့သည်ကို သတိပြုမိသည်။ ထိုကိစ္စသည် နောက်ရက် ပေါင်း တော်တော်ကြာ ဆက်လက် ဖြစ်ပွားနေသည်။ သူသည် ထိုနွားမ၏ နို့ကို ဘယ်သူ ခိုးယူနေသလဲဟု သိရရန် လိုက်လံ ချောင်းမြောင်းလေသည်။ နွားမသည် ထုံးစံအတိုင်း တောထဲဝင်ကာ တောင်ပို့တစ်ခုအနီးတွင် ရပ်သည်။ တောင်ပို့ထဲမှ မြွေကြီးတစ်ကောင် ထွက်လာပြီး နွားမ၏ နောက်ခြေနစ်ဖက် ကို ရစ်ပတ်ကာ နွားမ၏နို့ကို စို့လေသည်။ နွားကျောင်းသားသည် အကြီး အကျယ် ဒေါသဖြစ်သည်။ ထိုမြွေသည် ထူးခြားသည်။ ဘုရားနှင့် သက်ဆိုင် နေမည်လားဟု သူ မစဉ်းစားမိဘဲ ကျောက်ခဲကြီးကြီး တစ်လုံးကို ကောက်ယူ ကာ မြွေကို ထုလိုက်လေသည်။ သွေးထွက်လာပြီး ကျောက်ခဲကို စွန်းသွား သည်။ မြွေလည်း သေသွားသည်။ ထိုကိစ္စဖြစ်ပွားချိန်မှစ၍ ဂေါလပေါလိ ရွာမှ နွားကျောင်းသားမိသားစုများသည် တဖြည်းဖြည်း လျော့နည်း ဆုတ်ယုတ် လာကြပြီး ထိုနေရာတစ်ဝိုက်တွင် တောင်ပို့များ အများအပြား ထွက်ပေါ်လာ ကြလေသည်။ အချိန်ကြာလာသောအခါ ဂေါလပေါလိကို ပုဏ္ဏဗာခနီ (မြွေ

တောင်ပို့တွေ ပေါတဲ့နေရာ) ဟု သိလာကြလေသည်။ သေခါနီး မြွေက ရွာသားများကို ကျိန်ဆဲသွားခဲ့ပြီး ယင်းသည် ရွာသားများ ဒုက္ခရောက်ခြင်း၏ အကြောင်းရင်း ဖြစ်သည်ဟု လူများက ယုံကြည်ကြလေသည်။

နောင်တ ရသော ရွာသားများသည် မြွေကို သေစေခဲ့သော သွေးစွန်းသည့် ကျောက်ခဲကို ဂေါပါလဆွာမိ (နွားကျောင်းသား ကရိဿျဏ)ဟု အမည်ပေးကာ ရွာတွင်ထားရှိ၍ မှန်မှန်ကိုးကွယ် ပူဇော်ကြလေသည်။ ကရိဿျဏ အရှင်မြတ်သည် နွားကျောင်းသားများအကြားတွင် ကြီးပြင်းလာခဲ့ပြီး ကလေးဘဝက ရွှင်မြူးဖွယ် နောက်ပြောင် ကျီစယ်မှု အများအပြား လုပ်ဆောင်ခဲ့သည်။ ကလေးတစ်ဦးအဖြစ်ဖြင့် သူသည် နွားနို့၊ ထောပတ်၊ ဒိန်များကို ပျော်စေပြက်စေသဘောဖြင့် ခိုးယူကာ သူလည်း စားသောက်၊ သူ့အပေါင်းအသင်းများကိုလည်း ကျွေးမွေးခဲ့လေသည်။ (ဆာသီယ ဆိုင်းဘာဘာဘဝတွင် ဆွာမိသည် နို့ထွက်ပစ္စည်းများကို စားသောက်လေ့ မရှိတော့ဘဲ "အဲဒါတွေကို ကရိဿျဏ ဘဝတုန်းက ဝအီအောင် စားသောက်ခဲ့ပြီ" ဟု ပြောလေ့ရှိလေသည်။ ပြန်ဆိုသူ) ရွာသားများသည် နောင်တရပြီး အပြစ် ပြေရာပြေကြောင်း ပြုလုပ်သည့်အနေနှင့် ထိုကျောက်ခဲကို နွားကျောင်းသား ကရိဿျဏအဖြစ် ကိုးကွယ်ကြလေသည်။ မကြာမီ ရွာသည် ကြီးပွားလာပြီး ပုတ္တပါတီဟု အမည်တွင်လာခဲ့လေသည်။ ရွာတွင် ဘုရားကျောင်းဆောက်ပြီး အစဉ်အလာအတိုင်း ဝတ်ပြု ကိုးကွယ်မှုများ လုပ်ဆောင်ခဲ့ကြလေသည်။ ဘဂဝမ်စရီဆာသီယဆိုင်း ပေါ်လာပြီးနောက် ထိုကျောက်ခဲတွင် ဘုရားဓာတ်ကိန်းအောင်းနေသည်ဟု သူက ပြောကြားခဲ့လေသည်။ သူ၏ ခိုင်းစေမှုအရ ထိုကျောက်ခဲကို ရေသပ္ပာယ်ပြီးနောက် စန္ဒကူးနံ့သာလိမ်းသပ် ပူဇော်လိုက်သောအခါ လက်တွင် ပလွေကိုင်ထားသော ကရိဿျဏ အရှင်မြတ်ပုံတော် ကျောက်ခဲတွင် ပေါ်လာသည်ကို ကိုးကွယ်ဆည်းကပ်သူများ တအံ့တဩ တွေ့မြင်ကြရလေသည်။

ပုတ္တပါတီရွာတွင် "ရတ္တနာကရ" ဟူသော မျိုးရိုးအမည်ဖြင့် ဘာသာကိုင်းရှိုင်းသော ထင်ရှားသည့် မိသားစုတစ်စု ရှိလေသည်။ ဗင်က အဝဓူတခေါ် သူတော်စင်ကြီးတစ်ဦးသည် သူတို့၏ဘိုးဘေးတစ်ဦး ဖြစ်လေသည်။ ဆာသီယဆိုင်း၏ အဖေ့ဘက်က အဘိုး ကုန္ဒမရာဂျူးသည် မြင့်မြင့်မားမား တရား

သဘောပေါက်သူတစ်ဦးဖြစ်ပြီး ဘုရားတရား အားထုတ်ခြင်းအားဖြင့် သူ့ဘဝကို ကုန်စေသည်။ သူသည် မြင့်မြတ်သည့် စရီမဟာဘာဂဗတ်နှင့် ရာမာယနသံပိုင်း မော်ကွန်းကြီးများမှ ဓာတ်လမ်းများ လင်္ကာများကို အလွတ်ရွတ်ဆိုနိုင်သည်။ သူသည် အိပ်မက်တစ်ခုရ၍ ကရိသျှဏ အရှင်မြတ်၏ ကြင်ရာတော်ဆာသီယ ဘမအရှင်မကို ရည်စူးကာ ပုတ္တပါတီတွင် ဘုရားကျောင်းတစ်ဆောင်ဆောက်သည်။ ယင်းကို ယခုအခါ ဆာသီယမ္မ ဘုရားကျောင်းဟု သိကြသည်။ လက်ရှိမမ္မသည် ကုန္တမရာဂျူး၏ဇနီး ဖြစ်သည်။ သူတော်စင်ဆန်သော သူတို့ဇနီးမောင်နှံတွင် သားနှစ်ဦးရှိသည် သူတို့ ဘိုးဘေးဘင်က အဝရှတကို အစွဲပြု၍ သူတို့ကို ပက်ဒါ (အကြီး) ဗင်ကမ ရာဂျူးနှင့် ချိန (အငယ်) ဗင်ကမရာဂျူးဟု မှည့်ခေါ်သည်။ သူတို့နှစ်ဦးစလုံးသည် သူတို့ဖခင်ကဲ့သို့ ကိုးကွယ် ဝတ်ပြုမှုဆိုင်ရာ လင်္ကာများနှင့် သီချင်းများကို ပိုင်နိုင် ကျွမ်းကျင်စွာ သီဆိုတတ်ကြလေသည်။

## အိုရှာရမ္မ

ကုန္တမရာဂျူး၏ ဆွေနီးမျိုးစပ်အချို့သည် ကုရ်နူးလ်ခရိုင် ရှိုင်ယာလကုန္တလ မြို့နယ် ကိုလိမိကုန္တလရွာတွင် နေထိုင်ကြလေသည်။ သူတို့မိသားစုအမည်မှာ မိစ်ရဂန္ဒ ဖြစ်သည်။ ထိုမိသားစုမှ ဆဗ္ဗရာဂျူးသည် ရှီးဗား အရှင်မြတ်ကို ရည်စူး၍ သူ့ရွာတွင် ဘုရားကျောင်းတစ်ဆောင် ဆောက်သည်။ ထိုကျောင်းကို ဆောက်လုပ်နေစဉ် ဆဗ္ဗရာဂျူးသည် သမီးကလေးတစ်ဦး ရရှိပြီး နမဂီရိဟု အမည်ပေးသည်။ ကုန္တမရာဂျူးသည် ဘုရားဖူးသွားရာမှ အပြန်ထိုရွာသို့ ဝင်ရောက်သည်။ သူသည် ထိုဒေသတွင် သောင်းကျန်းနေကြသောဓားပြများရန်ကြောင့် သူ့ဆွေမျိုးများ ကသီလင်တ ဖြစ်နေကြသည်ကို တွေ့ရ၍ စိတ်ဆင်းရဲရသည်။ ဆွေမျိုးများအား ပုတ္တပါတီရွာနှင့် မျက်နှာချင်းဆိုင်စိတြဝတီ မြစ်တစ်ဖက်ကမ်းရှိ ကာနတာနဂပေါလိရွာသို့ ပြောင်းရွှေ့ နေထိုင်ကြရန် သူက ဖိတ်ခေါ်သည်။ ထိုနေရာတွင် လုံခြုံမှုရှိသည်ဟု သူက ပြောသည်။ နမဂီရိကို သူ့ချွေးမအဖြစ် လက်ခံမည်ဟုလည်း သူက ပြောလေသည်။

မိစ်ရဂန္ဒ မိသားစုသည် မကြာမီ ကာနတာနဂပေါလိရွာသို့ ပြောင်းရွှေ့အခြေချပြီး လယ်ယာလုပ်ငန်း လုပ်ကိုင်ကြလေသည်။ နဖူးစာပါလာသည့်

အတိုင်း ဆဗ္ဗရာဂျူး၏သမီးကို ပက်ဒါဗင်က မရာဂျူးနှင့် ပေးစားလိုက်သည်။ ကုန္တမရာဂျူးသည် သူ့ချွေးမ၏အမည်ကို မနှစ်သက်သဖြင့် အိန္ဒာရမ္မ (အိန္ဒာရ အရှင်မြတ်/ ရိုးဗား အရှင်မြတ်၏မိခင်) ဟု ပြောင်းလဲလိုက်သည်။ ထိုနာမည်သည် လျော်ကန်သင့်မြတ်ရုံသာမက ကြိုတင် နိမိတ်ဖတ်ရာလည်း ရောက်သည်။ ဘာသာကိုင်းရှိုင်းသောသူတို့ မောင်နှံသည် ဆက်ရှ်မရာဂျူး ခေါ် သားတစ်ယောက်နှင့် ဗင်ကမ္မနှင့် ပါရ်ဗသမ္မ ခေါ် သမီးနှစ်ယောက် ရရှိသည်။ ထိုနောက် လေးကြိမ် ကိုယ်ဝန်ပျက်ကျသည်။ လက်ရှ်မမ္မသည် အလွန် စိတ်ဆင်းရဲပြီး သူမ၏မိသားစုတွင် ကလေးနောက်တစ်ယောက် ထွန်းကားလာစေရန် ဘုရားကို စိတ်အားထက်သန်စွာ ဆုတောင်းလေသည်။

## ဘွားမြင်ဝင်စားမှု

ဘုရားသခင် မြေပြင်ပေါ်သို့ ဝင်စား ကြွရောက်ပါရန် မရေတွက်နိုင်သော သူတော်စင်များ၊ ရသေ့များ လောကီကို စွန့်ခွာသူများ၏ ဆုတောင်းများသည် ပြည့်ပေတော့မည်။ ဒုက္ခရောက်နေကြသော လူသားတို့၏ မချိမဆံ့ဝေဒနာသည် ကရုဏာတော်ရှင် အထွတ်အထိပ် ဘုရားမာတ်အား ကယ်မတော်မူလိုသည့်ဆန္ဒ ဖြစ်ပေါ်စေခဲ့သည်။ အိန္ဒာရမ္မသည် ရှစ်ကြိမ်မြောက်ကိုယ်ဝန်ဆောင်ပြန်ပြီ။ ထူးခြားသောအဓိပ္ပာယ်ကို ဆောင်သည်မှာ ကရိသျှဏအရှင်မြတ်သည်လည်း သူ့မယ်တော် ဒေဝကီဒေဝီ၏ ရှစ်ယောက်မြောက်ကလေးဖြစ်သည်။ နားမလည်နိုင်သော လျှို့ဝှက်နက်နဲသည့် စကြဝဠာတစ်ခုလုံး၏ အကြွင်းမဲ့ ပရမတ်သည် ယခု သူ့ကိုယ်သူ ဖော်ထုတ်ပေတော့မည်။ အတိတ်နိမိတ်များအနေဖြင့် အိန္ဒာရမ္မ၏ အိမ်ရှိဖုံနှင့် ကြိုးတပ်တူရိယာတို့သည် သူ့အလိုအလျောက်အသံပြုကြလေသည်။ အိမ်သားများသည် ဤထူးခြားသောဖြစ်ရပ်ကြောင့် အံ့သြကြသည်။ ဝမ်းမြောက်ရွှင်လန်းကြသည်။ စိုးရိမ်မကင်းလည်း ဖြစ်ကြလေသည်။ ပက်ဒါဗင်ကမရာဂျူးသည် ခပ်လှမ်းလှမ်းရှိ ဘတ်ကပတ်တ်နမ်မြို့သို့ သွားရောက်ပြီး ဗေဒင်ဆရာများကို တိုင်ပင်လေသည်။ ရှေးဟောင်း ကျမ်းဂန်များကို ဂရုတစိုက် ပြန်လှန်ကြည့်ရှုပြီးနောက် အိမ်တွင် ကိုယ်ဝန်ဆောင်ရှိသလားဟု သူတို့က မေးကြသည်။ ရှိကြောင်း ပြန်ဖြေသောအခါ "ကိုယ်ဝန်ဆောင်သန္ဓေသားကို ဖျော်ဖြေဖို့အတွက် ကောင်းကင်စံ ဂီတ

ပညာရှင်တွေက ပျော်တော်ဆက်နေကြတာ ဖြစ်တယ်။ ဘုရားဓာတ်ဝင်စား ခါနီးမှာ အဲဒီလို ထူးခြားတဲ့အဖြစ်အပျက်တွေ ဖြစ်ပွားကြတယ်”ဟု သူတို့က ဖြေကြားပြီး ဗေဒင်ကျမ်းဂန်များထဲမှ သူတို့ ထင်မြင်ချက်ကို ထောက်ခံသည့် သက်ဆိုင်ရာအပိုင်းများကို ပက်ဒါဗင်ကမရာဂျူးအား ပြသလိုက်ကြလေသည်။

၁၉၂၆ ခု နိုဝင်ဘာလ ၂၃ ရက်နေ့ ရောက်လာသည်။ ကာတိက လပြည့်ကျော် သုံးရက် တနင်္လာနေ့ ဖြစ်သည်။ ကာတိကလ တနင်္လာနေ့များ သည် ရှီးဗားအရှင်မြတ် အထူးနှစ်ခြိုက်သောနေ့များဖြစ်သည်ဟု ဟိန္ဒူတို့က ယုံကြည်ကြပြီး အထူးဝတ်ပြု ပူဇော်ကြသည်။ ထိုနေ့ နံနက် ၄ နာရီမှစ၍ လက်ရှိမမ္မသည် အိမ်နီးချင်း ပုရောဟိတ်တစ်ဦး၏အိမ်တွင် ကျင်းပသော အရှင် ဆာသီယနရယန ဆွာမီအား ပူဇော်ပွဲတွင် နက်ရှိုင်းစွာ အာရုံပြုနေသည်။ သူမ၏ချွေးမ မီးဖွားတော့မည့်ဆဲဆဲဖြစ်၍ သူမကို အကြိမ်ကြိမ် လာခေါ် သည်။ ပူဇော်ပွဲပြီးသည်အထိနေပြီး ပူဇော်ပွဲမှ စွန့်သည့် ပရဆဒမ်ကို ရယူ ပြီးမှ အိမ်ပြန်မည်ဟု သူမ ဆုံးဖြတ်ထားပြီး လာခေါ်သည်များကို လျစ်လျူရှု ထားသည်။ သူမသည် ပူဇော်ပွဲပြီးအောင် ထိုင်စောင့်ပြီး ပရဆဒမ်ရမှ ပြန် လာသည်။ သူမသည် ပရဆဒမ်ကို ချွေးမဖြစ်သူအား ပေးသည်။ အချိန်က နံနက် ၅ နာရီ ၆ မိနစ် ဖြစ်သည်။ လေပြည်ကလေး သွေးနေပြီး ဘုရား ကျောင်းထိပ်မှ ဆည်းလည်းကလေးများက သာယာစွာ မြည်ကြွေးနေကြသည်။ အိမ်တွင်းရှိ တူရိယာများကလည်း အသံပြုကြသည်။ ထိုထူးမြတ်သော အခိုက် အတံ့တွင် ဘုရားဝင်စားသော စရီဆာသီယဆိုင်းကို ဖွားမြင်လေသည်။ သူ၏ လက်ဝဲဘက်ပါးပေါ်တွင် မှည့်ကလေးတစ်လုံး ပါလာသည်။ သူ၏ရင်ဘတ် တွင် နောက်ထပ် မှဲ့တစ်လုံး ပါရှိသည်။ အရှင်မဟာဗစ်ရှ်နူး၏ ရင်ဘတ်မှ စရီဝတ်ဆ အဆင်တန်ဆာနှင့် အလားတူသည်။ သူ၏ခြေဖဝါးများပေါ်တွင် ဘုရားဓာတ်၏ သင်္ကေတများ ဖြစ်ကြသော ခရုသင်းနှင့် စက်ဝန်းပုံတို့ ပါရှိ သည်။

အိန္ဒြာရမ္မ၏ ယောက္ခမဖြစ်သူ လက်ရှိမမ္မက မွေးကင်းစ ကလေးငယ် ကို အစဉ်အလာအတိုင်း ထန်းရွက်များပေါ်တွင် အသာအယာတင်ကာ မီးနေ ခန်း ထောင့်တစ်ထောင့်တွင် ချထားသည်။ ခဏကြာသောအခါ ကလေး အောက်က အခင်းသည် လှုပ်ရှားနေသည်ကို သူမ သတိပြုမိသည်။ ကလေး

ကို သူမ ကောက်ချီလိုက်သောအခါ အခင်းအောက်တွင် မြွေဟောက် တစ်ကောင် ခွေနေသည်ကို တွေ့ရ၍ အကြီးအကျယ် ထိတ်လန့်သွားသည်။ ပုတ္တပါတီတွင် မြွေမရှားကြောင်း သူမ သိပါသည်။ သို့သော် မွေးကင်းစကလေး၏ အောက်တွင် အိပ်ရာအဖြစ် မြွေဟောက်တစ်ကောင် လာခွေနေသည်မှာ ထူးခြားလှသည်။ မြွေတွေ့၍ ထိတ်လန့် လှုပ်ရှားမှုများ ငြိမ်သက်သွားပြီးနောက် မြွေကို လိုက်ရှာကြသောအခါ မတွေ့ရတော့ချေ။ ၎င်းမြွေသည် ဝေကုန္တဘုံစခန်းတွင် အရှင်စရီမဟာဗစ်ရှ်နူး၏ အိပ်ရာအဖြစ် အသုံးတော်ခံသော အဓိရှေရှ ဘုရားမြွေဖြစ်ကြောင်း သံသယရှိစရာ မလိုပေ။ ဤကား စရီဆာသီယဆိုင်း၏ ဘုရားဖြစ်မှုကို ပထမဆုံးအကြိမ် လက်တွေ့ပြသခြင်းပေတည်း။

ကလေးကို သူ့မိခင် အရှင်စရီဆာသီယနရယနဆွာမိအား ပူဇော်ပွဲမှ ပရဆတ်ဒမ်ကို သုံးဆောင်အပြီးတွင် ဖွားမြင်ခဲ့သည့်အတွက် ဆာသီယနရယနဟု အမည်ပေးလေသည်။ ဘိုးအေဖြစ်သူ ကုန္ဒမရာဂျူးသည် ထိုအမည်ကို အလွန်သဘောကျလေသည်။ မဟာဘဂဝဒ်ကျမ်းလာ အဖြစ်အပျက်တစ်ခုကို သူ စဉ်းစားမိသောကြောင့် ဖြစ်သည်။ ထိုအဖြစ်အပျက်တွင် အရှင်နရယန၏ လူဝင်စားအဖြစ် အရှင်စရီကရိရှ်ဏ ဖွားမြင်သောအခါ အရှင်ဗြဟ္မာကြီး (ဟိန္ဒူဘာသာတွင် အရှင်ဗြဟ္မာကြီး၊ အရှင်ဗစ်ရှ်နူးနှင့် အရှင်ရှီးဗား ဟူ၍ အရှင်မြတ်ကြီးသုံးပါး ရှိပါသည်။ ပြန်ဆိုသူ) က ကလေးငယ်ရှေ့သို့ ကြွရောက်လာပြီး။

"အို… အရှင်မြတ်၊ အရှင်ဘုရားဟာ အမှန်တရားရဲ့ပြယုဂ် ဖြစ်ပါတယ်။ စင်စစ် အရှင်ဘုရားဟာ အမှန်တရားသက်သက် ဖြစ်ပါတယ်။ အရှင်ဘုရားဟာ ထာဝရ အမှန်တရားဖြစ်ပါတယ်။ အမှန်တရားဟာ အရှင်ဘုရားထံ ရောက်ရှိဖို့ တစ်ခုတည်းသောလမ်း ဖြစ်ပါတယ်။ အို… လူပုဂ္ဂိုလ်အဖြစ် အမှန်တရားရဲ့ဝင်စားမှု၊ အရှင်ဘုရားကို တပည့်တော် ပုံအပ်ပါတယ်"

ဟု လျှောက်ထားလေသည်။ ကလေးငယ်အား ဆာသီယ ဆာသီယမ်ဟု အမည်ပေးသည့်အတိုင်း သူသည် အမှန်တကယ် အရှင်စရီနရယန ရှီးဗားဖြစ်ပြီး အမှန်တရား (ဆာသီယမ်) ၏ ပြယုဂ်ဖြစ်ကြောင်း ထင်ရှားလေသည်။

## သန္ဓေတည်ခြင်း မဟုတ်၊ ကြွလာခြင်းသာ ဖြစ်သည်

စရီမဟာဘဂဝဒ်ကျမ်းတွင် နရယန အရှင်မြတ်သည် မြေပြင်ပေါ်တွင် ဝင်စားရန် ရည်ရွယ်ပြီး ဒေဝကီဒေဝီ၏ ဝမ်းဗိုက်တွင်းသို့ ဝင်ရောက်ခဲ့သည်ဟု ဖော်ပြထားသည်။ "ကျွန်ုပ်ဟာ အဲဒီရှေးခေတ်က ကရိသျှဏ ဖြစ်တယ်" ဟု ဘဂဝမ်ဆာသီယဆိုင်းက ကြေညာအပြီးတွင် ဆန်ဂုဘတ်လရာမဆားမား အမည်ရှိ စာပေနှံ့စပ်သော ပညာရှင်တစ်ဦး၏စိတ်ထဲ၌ သံသယတစ်ခု ဖြစ်ပေါ်သည်။ သူသည် ဝင်ကတဂီရိပြည်နယ် မဟာရာဇာ၏ ပညာရှင်ပဏ္ဍိတ် ဖြစ်ပြီး ရှေးဟောင်း စာပေကျမ်းဂန်များကို တတ်ကျွမ်းသည်။ တစ်နေ့တွင် သူသည် စရီဆာသီယဆိုင်းဘာဘာ၏ ဘုရားကျောင်းတွင် စိတ်ဝိညာဉ်ဆိုင်ရာ ကိစ္စများကို ဆွေးနွေးနေကြခိုက် "ဆွာမိ အရှင်ဘုရားကို ဖွားမြင်တာဟာ ပုံမှန်သန္ဓေတည်တာပါလား။ ကြွလာ ဝင်ရောက်ခြင်းပါလား" ဟု မေးလိုက်သည်။ ရောက်ရှိနေကြသူအားလုံးသည် စိတ်ဝင်စားကြပြီး အံ့အားသင့်သွားကြသည်။ "ဒီထူးဆန်းတဲ့ မေးခွန်းက ဘာလဲ၊ မေးကော မေးထိုက်ရဲ့လား" ဟု အောက်မေ့ကြသည်။ သို့သော် ထိုမေးခွန်း၏ ဆိုလိုချက်နှင့် နက်ရှိုင်းသော အဓိပ္ပာယ်ထူးခြားချက်ကို ဆွာမိက သိသည်။ သူသည် ရှေ့တန်းတွင် ထိုင်နေသော သူ့မိခင် အိဿရာရမ္မဘက်သို့လှည့်၍ "အဲဒီနေ့မှာ သင် ရေတွင်းမှာ ရေခပ်နေတုန်းက ဘာဖြစ်ပျက်ခဲ့တယ်ဆိုတာ ရာမဆားမားကို ပြောပြလိုက်ပါ" ဟု ခိုင်းလေသည်။

ထိုအခါ အိဿရာရမ္မက သူမ၏အတွေ့အကြုံကို ပြောပြလေသည်။ "အမေ ရေတွင်းမှာ ရေခပ်နေတုန်းက ရုတ်တရက် ပြာလဲ့လဲ့ တောက်ပတဲ့ အလင်းရောင်လုံးတစ်ခု မိုးပေါ်က လိမ့်ဆင်းလာတာကို မြင်လိုက်တယ်။ အဲဒါက အမေ့ကိုယ်ထဲ ဝင်သွားပြီး အမေ မေ့မြောသွားတယ်။ အမေ့ယောက္ခမက ပြုစု နှိပ်နယ်ပေးလို့ အမေ သတိရလာတော့ ဘာဖြစ်ခဲ့တယ်ဆိုတာ သူ့ကို ပြောပြတယ်။ သူက ဒီအကြောင်းကို ဘယ်သူမှ မပြောနဲ့။ လူတွေက မလိုလားအပ်တဲ့ ကောက်ချက်တွေ ချနိုင်တယ်လို့ ပြောတယ်"

ဘဂဝမ်စရီဆာသီယဆိုင်းက ရာမဆားမားဘက်သို့ လှည့်၍ "သင် အခု နားလည်ပြီလား ရာမဆားမား။ ကျွန်ုပ်ကို မွေးဖွားခြင်းဟာ သန္ဓေတည်ခြင်းကြောင့် မဟုတ်ဘူး။ ဝင်လာခြင်းကြောင့် ဖြစ်တယ်" ဟု ပြောလေသည်။

ကုန္တမရာဂျူးသည် ထူးခြားလှသော ဤကလေးကို သူ့ဘုရားခန်းအတွင်းသို့ ခေါ်ဆောင်ချထားကာ ဘုရားဝတ်ပြုသည့်အခါ ကလေးရှိနေခြင်းသည် သူ့ကို စိတ်အေးချမ်းမှုပေးပြီး ဘုရားကို ပို၍ အလွယ်တကူ အာရုံပြုနိုင်ကြောင်း တွေ့ရလေသည်။

ကလေးသည် အလွန်တရာ လှပပြီး အိမ်နီးချင်း မိန်းမများသည် သူ့ကို ချီပိုး ယုယခြင်းအားဖြင့် အချိန်များစွာ ကုန်လွန်စေကြလေသည်။ အိန္ဒြာရမ္မက ဇာတ်နိမ့်ဇာတ်မြင့် ဘယ်ဘာသာဝင်ဖြစ်သည် စသည်တို့ကို ဘယ်တော့မှ မမေး။ ချီပိုးယုယ ကစားကြသည်ကို မကန့်ကွက်။ ကလေးသည် သူတို့ကို ချစ်ခင်တတ်လာပြီး သူ့မိခင် ရင်ခွင်မှ သူတို့ထံ ပြေးသွားတတ်သည်။ ဘဂဝမ်ဆာသီယဆိုင်းက သူ့ကို စိတ်ရောကိုယ်ပါ တမ်းတကြသူများထံ သူ မပျက်မကွက် သွားရောက်သည်ဟု တစ်ခါက ပြောခဲ့ဖူးသည်။

ကုန္တမရာဂျူး၏အိမ်ဘေးရှိ အိမ်တွင် ဘရနှစ် (အခွန်ကောက်လူကြီး) တစ်ဦး နေသည်။ သူ့အိမ်ရှင်မမှာ ဆဗ္ဗမ္မ ဖြစ်သည်။ ချစ်စဖွယ်ကောင်းသော ကလေးကို သူမ ချီတိုင်း သူ့မျက်နှာသည် ပျော်ရွှင်မှုဖြင့် ဝင်းလက်နေသည်။ သူမတွင် သားသမီး မရှိ။ သူမသည် ဤကလေးကို မိခင်ကဲ့သို့သောမေတ္တာဖြင့် လွမ်းသည်။ သူမ၏မိသားစုသည် ဗရာမင် (ပုဏ္ဏားမျိုး) ဖြစ်၍ သက်သတ်လွတ် စားသည်။ သူမသည် ကလေးကို ကြင်နာယုယစွာ ထွေးပိုက်၍ သူမ၏ အိမ်သို့ ခေါ်သွားလေ့ရှိသည်။ ဆာသီယမ်သည် သူမ၏အိမ်သို့ သွားရန် တောင်းဆိုလေ့ရှိပြီး ထိုအိမ်တွင် ပျော်ပိုက်သည့်အတွက် သူသည် သူ့အဘိုး ကုန္တမရာဂျူးကဲ့သို့ သက်သတ်လွတ်စားသူ ဖြစ်လိမ့်မည်။ ထို့ကြောင့်လည်း ဆဗ္ဗမ္မ၏ သက်သတ်လွတ်စားသော ဝန်းကျင်တွင် ပျော်ပိုက်ခြင်း ဖြစ်မည်ဟု လူတွေက ထင်မြင်ကြသည်။ စင်စစ် ဆာသီယမ်သည် သူ့အိမ်မှာထက် ဆဗ္ဗမ္မ၏ အိမ်တွင် ပိုပျော်သည်။ အိန္ဒြာရမ္မသည် ဒေဗကီ (ကရိသျှဏ အရှင်မြတ်၏ မွေးမိခင်) ဖြစ်ပြီး ဆဗ္ဗမ္မသည် ယရှောဒ (သူ၏ မွေးစားမိခင်) ဖြစ်သည်ဟု ကုန္တမရာဂျူး မိသားစု၏ ဆွေမျိုးအချို့က မှတ်ချက်ချကြသည်။

ဆာသီယမ်၏ နောက်ထပ် ထူးခြားချက်တစ်ရပ်မှာ သူသည် ဘယ်တော့မှ အစားအသောက်ကို လည်းကောင်း၊ အဝတ်အစား စသည့် အခြားအသုံးအဆောင်များကို လည်းကောင်း တောင်းလေ့မရှိခြင်း ဖြစ်သည်။ မိသားစု

၏ ကလေးအားလုံးအတွက် အနီးရှိ ဟိန္ဒူပုရမ်နှင့် အနန္တ ပူရမ်မြို့များမှ အဝတ်အစားများ ဝယ်ယူလာလေ့ရှိသည်။ ထိုအခါ ကလေးများသည် အဝတ်အစားများကို ဝိုင်းပြီး ကိုယ်ကြိုက်ရာ ကိုယ်ဆွဲယူလေ့ ရှိကြသည်။ ဆာသီယမ်ကတော့ ကျန်သည့် အဝတ်အစားကိုသာ ရွှင်ရွှင်လန်းလန်း လက်ခံလေ့ရှိသည်။ သူ ဘာကို နှစ်သက်ကြောင်း ဘယ်တော့မှမပြော။ အခြားကလေးများ ပျော်ရွှင်ကြသည်ကို မြင်သောအခါ သူ့မျက်နှာသည် ကျေနပ် နှစ်သိမ့်မှုဖြင့် ရွှန်းပလာသည်။ နောက်နှစ်ပေါင်းများစွာ ကြာသောအခါ "သင်တို့ရဲ့ ပျော်ရွှင်မှုဟာ ကျွန်ုပ်ရဲ့အစာ ဖြစ်တယ်" ဟု ဆွာမိက ကြေညာခဲ့လေသည်။ ထိုစကားသည် ဆာသီယမ် ကလေးဘဝကပင် မှန်ခဲ့ဟန်ရှိပေသည်။

သူသည် ဆင်းရဲဒုက္ခရောက်နေသော မည်သည့်သတ္တဝါအတွက်မဆို သနား၊ ကရုဏာ၊ မေတ္တာနှင့် စာနာမှုအပြည့် ရှိခဲ့ပေသည်။ ဆော့တတ်သော ကလေးအနည်းငယ်သည် ဖားတစ်ဒါဇင်ခန့်ကို ဖမ်းပြီး ခြင်းတောင်းတစ်ခုတွင် ထည့်ယူလာခဲ့ကြသည်။ သူတို့သည် သနားစရာ ထိုသတ္တဝါများကို ညှဉ်းပန်းကစားရန် စီစဉ်ထားကြသည်။ ဆာသီယမ်က ၎င်းတို့ကို လွှတ်ပေးရန် ပြောသည်။ လူကလေးများက သဘောမတူ။ ရုတ်တရက် ဆာသီယမ်သည် ဘုရားတန်ခိုးဖြင့် ၎င်းတို့ကို ခိုများအဖြစ် ပြောင်းလဲလိုက်ပြီး သူတို့ ခြင်းတောင်းထဲတွင် ဖားများ မရှိကြောင်း သူတို့ကို ပြောပြသည်။ သူတို့က မယုံကြည်စွာ အဖုံးကို ဖွင့်ကြည့်ကြသောအခါ ငှက်များသည် ပျံထွက် လွတ်မြောက်သွားကြလေသည်။

## ဘုရားမာတ်၏ ထိတွေ့မှု

အိန္ဒြာရမ္မနှင့် ဆဗ္ဗမ္မတို့သည် နေဝင်ဆည်းဆာတွင် လမ်းကို မြင်နေရသော သူတို့ ဆင်ဝင်များ၌ထိုင်ကာ စကားစမြည်ပြောနေတတ်ကြသည်။ ဆာသီယမ်သည် မျက်စိများကို အဝတ်စည်းကာ လမ်းထဲတွင် ဘုတ်တလုတ်တောက်တဲ့ ကစားနေတတ်သည်။ ထိုအချိန်သည် နွားများ စားကျက်မှ အိမ်ပြန်ချိန် ဖြစ်သည်။ လမ်းဖြတ်သွားသူများကို ထိန်းသိမ်းရ ခက်ခဲသော နွားများက တိုးဝှေ့ တက်နင်းမည့်အန္တရာယ် ရှိသည်။ အိန္ဒြာရမ္မက သူ့သားလေး လုံခြုံမှုအတွက် စိုးရိမ်ရသည်။ သို့သော် ဆဗ္ဗမ္မက "စိတ်အေးအေးထားပြီး

စောင့်သာကြည့်နေပါ။ မဟုတ်တာ ဘာမှမဖြစ်ပါဘူး'' ဟု သူမ စိတ်ချအောင် ပြောလေ့ရှိသည်။ မျက်စိ အဝတ်စည်းထားသော ဆာသီယမ်သည် ထိန်းသိမ်း မနိုင်သော နွားကို ဖမ်းဆွဲလိုက်သည်။ နွားရိုင်းသည် ယဉ်ပါးသွားပြီး ခေါင်းငုံ့ ကာ ဘာအန္တရာယ်မှမပြုဘဲ ထွက်ခွာသွားလေသည်။ ထိုကဲ့သို့သော ဖြစ်ရပ် များသည် မြင်ရသူများကို မတွေးတတ်နိုင်အောင် ဖြစ်ကျန်ခဲ့စေလေသည်။

ပုတ္တပါတီတွင် မူလတန်းကျောင်းတက်အပြီး၌ ဆာသီယမ်သည် အနီး ရှိ ဘတ်ကပတ်နမ်မြို့တွင် အလယ်တန်းကျောင်း သွားတက်ရလေသည်။ သူ သည် ရှပ်အင်္ကျီအဖြူနှင့် ဘောင်းဘီတို အဖြူကလေးကို ဝတ်ဆင်ကာ နေ့လယ် စာ (ချက်ထားသော ဂျုံကြမ်း) အထုပ်ကလေးက တစ်ဖက် စာအုပ်ထုပ် ကလေးက တစ်ဖက် ဆွဲကိုင်၍ နံနက် ၈ နာရီခွဲတွင် အိမ်မှ ထွက်ခွာပြီး မှောင်ရီပျိုးချိန်မှ ပြန်ရောက်သည်။ သူ့အမေက လွမ်းကျန်ခဲ့သည်။

သူ၏ ကျောင်းနေဘက်များသည် သူ့ကို မနာလိုဖြစ်ကြသည်။ သူသည် သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် ဝတ်စားနေထိုင်တတ်ခြင်းကြောင့် အများ ၏ အာရုံစိုက်ခြင်း ခံရသည်။ ရွာအပြင်ကို ရောက်သည်နှင့်တစ်ပြိုင်နက် သူ၏ ကျောင်းနေဖက်များသည် သူ့ကို ဖမ်းဆွဲကာ စိတ္တဝတီမြစ်ထဲသို့ ဆွဲ နစ်ကြသည်။ သူ၏ သန့်ရှင်းသော အဝတ်အစားများ ညစ်ပတ်သွားစေရန် ဖြစ်သည်။ သို့သော် သူက ထိုလုပ်ရပ်ကို သူ့မိခင်သို့ ဘယ်တော့မှ တိုင်ကြား ခြင်း မပြုချေ။

## ဆရာ့ကုလားထိုင်

ဘတ်ကပတ်နမ်မြို့ကျောင်းတွင် ကုန္နပ္ပ ခေါ် ဆရာတစ်ယောက်သည် သူ့တပည့်များကို မှတ်စုများ ခေါ်ပေးနေသည်။ တပည့်များက ကြိုးကြိုး စားစား လိုက်ရေးနေကြသည်။ ဆာသီယမ်တစ်ယောက်သာ မရေးဘဲနေသည်။ ဆရာက မကြည့်မသာဖြစ်ကာ ဆာသီယမ်ကို အပြစ်ပေးသည့်အနေဖြင့် ခုံပေါ် တက် အရပ်ခိုင်းသည်။ လူကလေးက သည်းညည်းခံတတ်စွာ လိုက်နာသည်။ အတန်ငယ်ကြာသွားသော် အချိန်ပြောင်း ခေါင်းလောင်းခေါက်၍ ဆရာက နောက်တစ်တန်း ပြောင်းရန် ထိုင်ရာမှ ထမည်ပြုသည်။ သို့သော် သူသည် ထ၍ မရချေ။ ကုလားထိုင်က သူ့ဖင်တွင် ကပ်နေသည်။ နောက်တစ်ချိန်

ဝင်ရန် ရောက်လာသော ဆရာမှာ မက်ဘုခန် ဖြစ်သည်။ သူသည် အခြေအနေကို ရိပ်စားမိ၍ ဆာသီယမ်ကို ပြန်ထိုင်ခိုင်းသည်။ ဆာသီယမ် ပြန်ထိုင်လိုက်တော့မှ ကုန္ဒပွသည် ထိုင်ရာမှ ထ၍ ရလေသည်။ ဤကား ဆာသီယမ်သည် သူ သာမာန်ကလေးတစ်ယောက် မဟုတ်ကြောင်း ပြသလိုက်သည့် လီလာ (ကစားကွက်) တစ်ခုမျှသာ ဖြစ်လေသည်။ ဤအဖြစ်အပျက်ကလေး သတင်းသည် မကြာမီ ဘတ်ကပတ်နမ်မြို့၌ ပျံ့နှံ့သွားပြီး အုန်းအုန်းကျွက်ကျွက် ဖြစ်သွားလေသည်။

ဆရာ ကုလားထိုင်မှ ထမရဘဲ ဖြစ်နေသည့်အကြောင်း အိန္ဒြာရမ္မ ကြားသိရသောအခါ သူမသည် သားကလေး၏ ပညာရေးအတွက် စိုးရိမ်မိပြီး ဆာသီယမ်ကို ဆုံးမသည်။ ''သား စာမကြိုးစားလို့ ပညာရေးမှာ မအောင်မြင်ရင် ကြီးလာတဲ့အခါ နွားကျောင်းတဲ့အလုပ်နဲ့ အသက်မွေးရလိမ့်မယ်'' ဘဂဝမ်၏မိခင်စကားသည် မှားနိုင်ပါ့မလား။ ဆွာမိသည် ကျောင်းတွင် စာမကြိုးစားခဲ့ဘဲ ယခုအခါ နွားကျောင်းနေလေသည်။ သူ ထိန်းကျောင်းနေသော တိရစ္ဆာန်တွေက ဘာတွေပါလဲ။ သူသည် (ရှီးဗားအရှင်မြတ်၏ ဂုဏ်အင်္ဂါတစ်ပါးဖြစ်သော တိရစ္ဆာန်တို့၏ အရှင်သခင်) ပရှုပတိဖြစ်လာခဲ့ပြီ။ သတ္တဝါအားလုံးသည် ယခုအခါ သူ၏ဂရုစိုက် စောင့်ရှောက်မှုအောက်၌ ရောက်ရှိနေကြသည်။ သူသည် ဘဂဝမ်အဖြစ် စကြဝဠာတစ်ခုလုံးကို ဂရုစိုက်ရခြင်းတည်းဟူသော ကောင်းမြတ်လှသည့်အလုပ်ကို လုပ်ဆောင်ရလိမ့်မည်ဟု သူ၏ ရိုးရိုးစင်းစင်း စိတ်၏ပိုင်ရှင် မိခင်ဖြစ်သူက အိပ်မက်ပင် မမက်မိခဲ့ချေ။

ထိုနှစ်ကုန်ဆုံးချိန်တွင် ပယ်နုဂွန္ဒမြို့၌ ကျင်းပသော အလယ်တန်းဖိုင်နယ်စာမေးပွဲတွင် ဆာသီယမ် ပထမစွဲသည်။ မြို့က လူများက သူ့ကို တန်းစီလှည့်လည်၍ ဂုဏ်ပြုကြသည်။ အိန္ဒြာရမ္မသည် သူမ၏သား အောင်မြင်မှုအတွက် ဂုဏ်ယူဝမ်းမြောက်သည်။ သို့သော် အခြားလူကလေးများက မနာလိုဖြစ်ကြမည်ကို စိုးရိမ်မိရှာသည်။ သူမသည် ဆာသီယမ်ပြောသော စကားများ၊ သူ၏ ဆုံးဖြတ်ချက်များနှင့် ကောက်ချက်များ၊ သူ၏ ထက်မြက်စူးရှသော အမြင်များနှင့် ၎င်းတို့ကို ရှင်းပြပုံတို့ကို မကြာခဏ အံ့သြမိလေသည်။

ဆဗ္ဗမ္မ၏ယောက်ျား ကရနမ် ဖြစ်သူသည် နှုတ်ခမ်းမွေးထားသည်။

နှုတ်ခမ်းမွေးက ရှည်လျားလွန်းပြီး နည်းနည်းထူသည်။ သူ၏အပြုအမူကလည်း ခပ်ကြောင်ကြောင် ဖြစ်သည်။ ဆာသီယမ်က သူ့ကို ပြက်ရယ်ပြုသောသီချင်းများ စပ်ဆိုပြီး သူ့အပေါင်းအသင်းများကို သီဆိုစေသည်။ ထိုကဲ့သို့ နောက်ပြောင် ကျီစယ်တတ်သော အပြုအမူများကို အီရှာရမ္မက မလိုလား။ သူ့ကို ဆုံးမပေးရန် ဆဗ္ဗမ္မကို အပ်သည်။ ဆဗ္ဗမ္မက "အဲဒီ ဂုရုကလေးဟာ အကောင်းအဆိုး ခွဲခြားတတ်ပါတယ်။ သူ့ဘာသာသူ ထားလိုက်ပါ" ဟု အီရှာရမ္မကို ဆုံးမလေသည်။

ဆာသီယမ်သည် သူ၏လက်ကို ဝှေ့ယမ်းလိုက်ရုံဖြင့် သူ့အပေါင်းအသင်းတို့ လိုရာမုန့်၊ သစ်သီး၊ ခဲတံ စသည်တို့ကို ရယူပေးတတ်သည်။ ၎င်းတို့ကို ဘယ်လိုလုပ်ရသလဲဟု မေးကြသည့်အခါ ကောင်းကင်စံပုဂ္ဂိုလ်များက ယူလာပေးကြသည်ဟု သူက ဖြေတတ်သည်။

## ကျားပစ်မှုဆိုးကို အပြစ်တင်ခြင်း

တစ်ခုသောနေ့ မွန်းတည့်ချိန်လောက်တွင် ယူနီဖောင်းဝတ်ထားသော ယာဉ်မောင်းတစ်ယောက်သည် ပုတ္တပါတီရွာထဲသို့ ခြေလှမ်းကျဲကြီးများဖြင့် ဝင်ရောက်လာသည်။ ထိုအချိန်တွင် ဆာသီယမ်သည် ဆဗ္ဗမ္မအိမ်ရှေ့ ဆင်ဝင်တွင် ထိုင်၍ သူ့သူငယ်ချင်းများနှင့် စကားစမြည် ပြောနေသည်။ ယာဉ်မောင်း ကပ်လာသောအခါ ဆာသီယမ်၏ သူငယ်ချင်းများသည် ရှဲသွားကြသည်။ ထိုသူက သူ့ဆရာ အင်္ဂလိပ်လူမျိုးသည် စိတြဝတီ မြစ်တစ်ဖက်ကမ်းတွင်ကား ပျက်နေ၍ စိတ်တိုနေကြောင်း ဆာသီယမ်ကို ပြောပြသည်။ ထိုရွာတွင် ဆန်းကြယ်သောတန်ခိုးများ ပြတတ်သည့် လူကလေးတစ်ယောက် ရှိကြောင်း သူ ကြားဖူး၍ အကူအညီ တောင်းခံရန် လာရောက်ခြင်းဖြစ်သည်။ ဆာသီယမ်က သူနှင့်အတူ လိုက်သွားသည်။ ကားရှိရာသို့ ရောက်သောအခါ အင်္ဂလိပ်သည် တောထဲတွင် သူ ပစ်လာခဲ့သော ကျားမ တစ်ကောင်၏ အသေကောင်ကို ဂုဏ်ယူစွာ ပွတ်သပ်နေသည်။ ဆာသီယမ်က သူ့ကို ပြောသည်။ "ဒီတိရစ္ဆာန်က သင့်ကို ဘာအန္တရာယ်ပြုခဲ့လို့လဲ။ သင် ဘာကြောင့် အဲဒါကို အကြောင်းမဲ့ သတ်ဖြတ်ခဲ့ရတာလဲ။ သူ့ကလေးနှစ်ကောင်ဟာ သူတို့အမေကို တမ်းတပြီး ပင်ပန်းဆင်းရဲနေကြပြီ။ အဲဒါကို သင် သဘောပေါက်လာစေဖို့

သင့်ကားပျက်အောင် ကျွန်ုပ် လုပ်ခဲ့တယ်။ အမေ မရှိတော့တဲ့ အဲဒီ ကျား ကလေး နှစ်ကောင်ရှိရာကို ပြန်သွား၊ သူတို့ကို ကယ်ဆယ်ပြီး သင့်တော်တဲ့ တိရစ္ဆာန်ရုံကို ပို့လိုက်ပါ။ သင် သာယာကြည်နူးမှုအတွက် သက်ရှိသတ္တဝါ တစ်ကောင်ကို သင် ဘယ်တော့မှ မသတ်သင့်ဘူး။ ကင်မရာနဲ့ ရိုက်ချင် ရိုက်ပါ။ သေနတ်နဲ့တော့ မပစ်ပါနဲ့။ အဲဒါဟာ သင့်ကို နာမည်ရစေလိမ့် မယ်'' ဆာသီယမ်က လက်နှင့် ထိလိုက်သည်နှင့် တစ်ပြိုင်နက် ကားသည် စက်နိုးသွားလေသည်။

အင်္ဂလိပ်သည် နောင်တ ရသွားပြီး အချိန်အတော်ကြာသွားသည့်အခါ ထိုကျားသားရေကို ဆာသီယမ်ထံ လာပို့သွားလေသည်။ နောက်နှစ်ပေါင်း များစွာ ကြာသည့်အခါ ဆွာမိသည် ထိုသားရေကို သူ ထိုင်ရာ ပလ္လင်ခြေရင်း တွင် ထားရှိကာ ခြေတင်ဖုံအဖြစ် အသုံးပြုလေသည်။

# အခန်း [၄]

# ဆိုင်းဖူးပွင့်လာခြင်း

ဆက်ရှ်မရာဂျူးသည် ကာဒ္ဒပခရိုင် ကမလာပူရမ်မြို့နေ ပဆုဗာတီ ဗင်ကတရာဂျူး၏ နှမနှင့် အိမ်ထောင်ကျသည်။ သူသည် သူ့ညီ ဆာသီယမ် ကို အထက်တန်းပညာသင်ပေးလိုသည်။ သို့ဖြစ်၍ သူသည် ဆာသီယမ်ကို ကမလာပူရမ်သို့ ခေါ်လာပြီး ဒေသခံ အထက်တန်းကျောင်းတွင် အပ်နှံသည်။ သို့သော် မကြာမီ သူသည် ဆရာဖြစ်သင်တန်းတက်ရန် အခြားမြို့တစ်မြို့သို့ ထွက်ခွာသွားရလေသည်။

## ပွတ်ရှ်ပဂီရိပွဲတော်

ဆာသီယမ် အထက်တန်းကျောင်း ဝင်ရောက်ပြီး အချိန်အတန်ကြာ တွင် အနီးရှိ ဘုရားကျောင်းမြို့တစ်မြို့ဖြစ်သော ပွတ်ရှ်ပဂီရိ၌ နှစ်စဉ် ကျင်းပ မြဲ ပွဲတော်တစ်ခု စီစဉ်ကြသည်။ ကျောင်းကာယ ပညာရေးဆရာက ပွဲတော် အတွင်း လုပ်အားပေးရန် ကင်းထောက်လူငယ်အဖွဲ့တစ်ဖွဲ့ စုစည်းသည်။ ဆာသီ ယမ်က လူမှုဝန်ထမ်းလုပ်ငန်းကို လုပ်ဆောင်လို၍ ထိုအဖွဲ့သို့ ဝင်သည်။ ပွတ်ရှ်ပဂီရိသို့ သွားရမည့်ခရီးစရိတ်ကို မတတ်နိုင်၍ အခြားအဖွဲ့ဝင်များနှင့် အတူမလိုက်နိုင်ဘဲ သီးခြား ခြေကျင်လျှောက်၍ သွားရသည်။ အစားအသောက် လည်း ဝယ်မစားနိုင်၍ ထိုမြို့တွင် ရှိနေသမျှကာလပတ်လုံး အစာမစားဘဲ

နေသည်။ သူသည် ယင်းဖြစ်ရပ်ကို သူ့ဆရာကိုသော် လည်းကောင်း၊ သူ၏ အပေါင်းအဖော်များကိုသော် လည်းကောင်း ပြောပြခြင်းမရှိ။ သူ့အဖွဲ့၏ လူမှုဝန်ထမ်းကိစ္စများကို ရွှင်ရွှင်လန်းလန်း ပါဝင်ဆောင်ရွက်သည်။ သူ စားပြီးပြီလားဟု တစ်စုံတစ်ယောက်က မေးလျှင် သူ၏လက်ကို ဆန့်တန်း၍ နမ်းကြည့်စေသည်။ သူ့လက်သည် ဆီးဦးထောပတ်ဖြင့် ပြုလုပ်ထားသော အစာနံ့ထွက်သည်။ သူသည် သူ့ဆွေမျိုးတစ်ယောက်ယောက်၏ အိမ်တွင် စားကောင်းသောက်ဖွယ်များ စားလာခဲ့ပုံရသည်ဟု သူ့အပေါင်းအသင်းများက ထင်ကြသည်။ ဆာသီယမ် ဆောင်ရွက်ရသည့်အလုပ်များတွင် လူကြီးနှင့် ကွဲနေသော ကလေးများကို သူတို့မိဘများထံ လိုက်ရှာ ပို့ဆောင်ပေးခြင်း၊ ဘုရားဖူးများအား သောက်ရေကမ်းလှမ်းခြင်း၊ ဘုရားဖူးများ လိုအပ်သည့် ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုများကို ကူညီ စီစဉ်ပေးခြင်း ရှေးဦးသူနာပြုလုပ်ငန်းများ လုပ်ဆောင်ပေးခြင်း စသည်တို့ ပါဝင်သည်။ ဆာသီယမ်သည် အခြားအဖွဲ့ဝင်များလောက် ကြံ့ခိုင် တောင့်တင်းမှုမရှိသော်လည်း သူ၏တာဝန်များကို ကြိုးကြိုးပမ်းပမ်း ထမ်းဆောင်၍ အဖွဲ့၏ကြယ်ပွင့်ဖြစ်ခဲ့သည်။ ထိုကင်းထောက်အဖွဲ့သည် ယခုအခါ ကမ္ဘာအနှံ့ရှိ စရီဆာသီယဆိုင်း ဆယ်ဗာဒါးလ် (လူမှုဝန်ထမ်း) အဖွဲ့များ၏ ရှေ့တော်ပြေး ဖြစ်လေသည်။

ဆရာဖြစ်သင်တန်းကို အောင်မြင်စွာ တက်ရောက်ပြီး နောက် ဆက်ရှမာရာဂျူးသည် ဥရဗကုန္နမြို့တွင် တယ်လူဂူဘာသာဆရာအဖြစ် ခန့်ထားခြင်း ခံရလေသည်။ ဆရာတစ်ဦးအနေဖြင့် သူသည် ဗာလကရိသျှဏ (ကလေးအရွယ် ကရိသျှဏ) နှင့် စရီရာမတို့၏ ကလေးဘဝကလီလာ (ကစားကွက်) များကို သူ့ကျောင်းသားများအား ပြောပြရသည်။ သို့သော် သူသည် သူ့အိမ်တွင် ဘုရားဝင်စားသူကလေး ပြသနေသော လီလာများကိုကား နားမလည်နိုင်ခဲ့ချေ။ သူရော သူ့ဖခင်ကပါ ထိုဖြစ်ရပ်များသည် မှင်စာများ၊ မကောင်းဆိုးဝါးများ၏ လက်ချက်ဖြစ်သည်ဟု လွဲမှားစွာ ခံယူကြသည်။ ဆက်ရှမရာဂျူးက သူ့ညီကလေးကို သူ့လက်အပ်လျှင် တုတ်ကို ရက်ရက်ရောရော အသုံးပြုခြင်းအားဖြင့် လိမ္မာလာစေလိမ့်မည်ဟု ခိုင်ခိုင်မာမာ ယုံကြည်လေသည်။ အီရွာရမ္မသည် သူမ၏သားကလေးကို ဥရဗာကုန္နသို့ ပို့လွှတ်ရန် စိတ်လေးလေးဖြင့် သဘောတူလိုက်လေသည်။

## ကျွန်ုပ်ဟာ အားလုံးရဲ့အစေခံဖြစ်တယ်

ဆာသီယမ်ကို ဥရဗကုန္ဒမြို့ အထက်တန်းကျောင်း အင်္ဂမတန်းတွင် ထားသည်။ သူသည် သူ့အစ်ကို ဆက်ရှမရာဂျူးနှင့် အတူနေသည်။ အိမ်တွင် သောက်ရေ မရှိ။ တစ်မိုင်ခန့်ဝေးသော မြို့ထဲရှိ ရေတွင်း တစ်တွင်းမှ သွား ခပ်ရသည်။ နေ့စဉ် လိုအပ်ချက်များကို ဖြည့်ဆည်းရန် ဆာသီယမ်သည် နံနက်နှင့် ညနေခင်းများတွင် နှစ်ခေါက် သုံးခေါက်စီ အမြဲသွားခပ်ရသည်။ ရေပုံးကြီးနှစ်ပုံးကို ဝါးထမ်းပိုးဖြင့် ချိတ်ဆွဲကာ ပခုံးပေါ်တွင် ထမ်းရသည်။ မကြာမီ အိမ်နီးချင်းအချို့က ဆာသီယမ်၏ ခင်မင်လိုက်လျောတတ်သော သဘောကို သိရှိလာကြကာ သူတို့အတွက်လည်း ရေခပ်ပေးရန် ချိုချိုသာသာ ပြောဆိုစေခိုင်းကြသည်။ ဆာသီယမ်ကလည်း သူတို့အလိုကျ ရွှင်ရွှင်လန်းလန်း လုပ်ပေးသည်။

ကျောင်းရက်ရှည်ပိတ်၍ ဆာသီယမ် ပုတ္တပါတီသို့ ပြန်လာသောအခါ အိရ္တာရမ္မက သူမ၏သားကလေးကို သူတို့ထုံးစံအရ ဆီလိမ်းပေးရန် ပြင်ဆင် သည်။ ဆီလိမ်းပေးမည်ပြုသောအခါ သူ့ပခုံးများတွင် အသားမာများ ထနေ သည်ကို သူမ တွေ့ရသည်။ သူ့အသားကလည်း ညိုနေသည်။ အကျိုးအကြောင်း ကို မေးသောအခါ "အစ်ကို့မိသားစုအတွက် ကျွန်တော် ရေထမ်းပေးရလို့ ဖြစ်ပါလိမ့်မယ်" ဟု သူက နှစ်လိုဖွယ်ရာ အပြုံးကလေးဖြင့် ဖြေလေသည်။ သူ ဘာကြောင့် ရေခပ်ပေးရသလဲဟု မိခင်ဖြစ်သူက မျက်ရည်စက်လက်ဖြင့် မေးသောအခါ "သူတို့က ဘယ်လိုလုပ်ပြီး ငန်ငြိငြိ ရေကို သောက်သုံးပြီး နေနိုင်မလဲ အမေရဲ့။ နောက်ပြီးတော့ ကျွန်တော်ဟာ လူတွေကို အလုပ်အကျွေး ပြုဖို့ မွေးလာခဲ့တာ မဟုတ်လား" ဟု ဆာသီယမ်က ဖြေသည်။ ထိုအဖြေ သည် စိတ်ဆင်းရဲသွားသော မိခင်ဖြစ်သူကို စိတ်သက်သာမှုမပေးနိုင်ခဲ့ချေ။

နယူးဒေလီမြို့ရှိ ဂျာမန်သံရုံးတွင် အမှုထမ်းသော အန်မာရီမာဝဟာ သည် ကံကောင်းထောက်မ၍ ဘဂဝမ်၏ မေတ္တာစေတနာကို ခံယူသောက်သုံးခဲ့ ရသူ ဖြစ်သည်။ တစ်ကြိမ်တွင် ပုတ္တပါတီသို့ လာရောက်စဉ် "ဆွာမိ အရှင် ဘုရား မွေးဖွားလာခဲ့ခြင်းရဲ့ သဘာဝအစစ်အမှန်က ဘာပါလဲ။ တပည့်တော်မ နားမလည်နိုင်ပါဘူး" ဟု သူမက မေးသည်။ ဘဂဝမ်က အေးအေးသက်သာ ပြန်ဖြေသည်။ "ကျွန်ုပ် ဘာပြောရမလဲ။ တိုတိုပြောရရင်တော့ ကျွန်ုပ်ဟာ

အားလုံးရဲ့အစေခံ ဖြစ်တယ်'' တဲ့။ သူမက သနားစိတ်ကြောင့် မထိန်းနိုင် မသိမ်းနိုင် ငိုရှိုက်မိရင်း ''ဘာလို့ အဲဒီလိုပြောရတာလဲ ဘာဘာရယ်'' ဟု ပြောမိသည်။ ဆွာမိက ''ကလေးရယ် အဲဒါဟာ ရှင်းရှင်းလင်းလင်း အမှန်တရားပဲ။ လူတိုင်းက ကျွန်ုပ်ကို အလုပ်ပေးကြ (ဆုတောင်းကြ) တယ်။ လူတိုင်း ခိုင်းသမျှ လုပ်ပေးနေတဲ့သူဟာ တကယ်တော့ အားလုံးရဲ့ အစေခံပေါ့၊ မဟုတ်ဘူးလား'' ဟု ရှင်းပြလေသည်။

ဘဂဝမ်၏အပြောများ အလုပ်များသည် ကလေးဘဝကဖြစ်စေ၊ ကြီးပြင်းလာသည့်အခါတွင်ဖြစ်စေ အတူတူပင် ဖြစ်သည်။ ဆွာမိသည် ကလေးဘဝက ရေခပ်ပေးခဲ့သည်။ ကြီးရင့်လာသောအခါ စရီဆာသီယဆိုင်း သောက်ရေစီမံချက်ကို အကောင်အထည်ဖော်သည်။ အနီးပတ်ဝန်းကျင် ခရိုင်များမှ လူများသည် ''ဘာဘာ တပည့်တော်တို့ကို သောက်ရေ စီစဉ်ပေးတော်မူပါ'' ဟု တောင်းခံကြသည်။ ''အေး… အေး အသေအချာပေါ့၊ အသေအချာပေါ့'' ဟု သူက တုံ့ပြန်သည်။ ''ကျွန်ုပ်ရဲ့ သနားစရာကောင်းတဲ့ သားသမီးတွေဟာ စားကောင်းသောက်ဖွယ်တွေ တောင်းခံကြတာ မဟုတ်ဘူး။ သောက်ရေကလေး တစ်ကျိုက် (တောင်းနေကြတာ၊ လုပ်ပေးရမှာပေါ့)''။

ဆွာမိသည် အစိုးရတစ်ရပ်လုံး တစ်နိုင်ငံလုံး မစွမ်းဆောင်နိုင်သောကိစ္စတစ်ရပ်ကို မည်သူ့ ကူညီ ပံ့ပိုးမှုမှမပါဘဲ လုပ်ဆောင်ပေးလိုက်သည်။ ရူပီးငွေ ကုဋေရာပေါင်းများစွာ သုံးစွဲ၍ သောက်ရေစီမံကိန်းတစ်ရပ်ကို ဖော်ဆောင်ပေးလိုက်သည်။ ရာယလာဒေသနှင့် အန္ဓရာပရာဒက်ရှ်ပြည်နယ်တို့မှ ကျေးရွာပေါင်း ၇၅၀ ခန့်နှင့် မြို့ပေါင်း ၁၁ မြို့နေ လူတစ်သန်းကျော်တို့အတွက် ကီလိုမီတာ ၂၅၀၀ ခန့် ရှည်းလျားသော ရေပိုက်များ သွယ်တန်းကာ ရေချိုရေသန့်များ ဖြည့်ဆည်းပေးလိုက်ခြင်းမှာ ကမ္ဘာ့အံ့ဖွယ်လုပ်ငန်းများ စာရင်းတွင် ပါဝင်သွားလေသည်။

## ပျောက်သွားသောမြင်း

ဥရဗာကုန္တတွင် ကျောင်းတက်နေစဉ်က ထိုမြို့နေ မွတ်စလင် ဆင်းရဲသား တစ်ဦးသည် မြင်းလှည်း မောင်း၍ အသက်မွေးရ၏။ တစ်နေ့တွင် မြင်းပျောက်သွားသည်။ လိုက်ရှာသော်လည်း မတွေ့၍ ထိုဆင်းရဲသားသည်

ဆာသီယမ်ထံ လာပြီး အကူအညီတောင်းသည်။ ဆာသီယမ်က သူ့ကို မြို့နှင့် တစ်မိုင်ခွဲခန့် ဝေးကွာသော တောတစ်တောသို့ သွားကြည့်ရန် ပြောလိုက်သည်။ သူသည် သွားကြည့်ရာ မြက်စားနေသော သူ့မြင်းကို တွေ့ရလေသည်။ ထို အချိန်မှစ၍ ထိုမြို့နေ မွတ်စလင်များသည် ဆာသီယမ်ကို များစွာ ချစ်ခင် လေးစားကြလေသည်။

ဤအချိန်မတိုင်မီကာလရှည်ကြာက ရှီရဒီဆိုင်းဘာဘာသည်လည်း အလားတူ တန်ခိုးပြခဲ့ဖူးသည်။ ဩရန်ဂဘက်ခရိုင်၊ စု(ပ်)ခေဒရွာနေချန်းဒ် ဘိုင်ပတီးလ်ခေါ် မွတ်စလင်တစ်ဦးသည် သူ့မြင်းမ ပျောက်သွားသည်။ လိုက် ရှာသော်လည်း မတွေ့၍ စိတ်ပျက်လက်ပျက်ဖြင့် ကုန်းနှီးကို ထမ်းကာ ပြန် လာခဲ့သည်။ ရှီရဒီဆိုင်းဘာဘာ သူ့ကို တွေ့၍ သနားသဖြင့် ခပ်လှမ်းလှမ်းရှိ ချောင်းတစ်ခုသို့ သွားကြည့်ရန် ညွှန်ကြားလိုက်သည်။ ချန်းဒ်ပတီးလ်သည် ခိုင်းသည့်အတိုင်း လုပ်ဆောင်သောအခါ သူ့မြင်းမကို ဝမ်းမြောက်ဝမ်းသာ ပြန်တွေ့ရလေသည်။

## ကချေသည်အဖြစ် သရုပ်ဆောင်ခြင်း

ဆာသီယမ် ဥရဗာကုန္တတွင် ကျောင်းတက်နေစဉ်က သူ၏ကျောင်းအုပ် ဆရာကြီးက ကျောင်းရန်ပုံငွေအတွက် ကပွဲတစ်ခု စီစဉ်သည်။ နာမည်ကျော် ကချေသည် ရစ်ရှီယင်းဒရာမနီ ကပြမည်ဖြစ်သည်။ ယင်းကပွဲကို ကျယ်ကျယ် ပြန့်ပြန့် ကြော်ငြာသည်။ သို့သော် အကြောင်းမညီညွတ်၍ သူမ လာမကနိုင် ဖြစ်သည်။ ကျောင်းအုပ်ဆရာကြီးမှာ အကြံရခက်နေသည်။ ထိုအချိန်တွင် ဆာသီယမ်က အနားကပ်လာပြီး စိတ်မပူရန် ရစ်ရှီယင်းဒရာမနီ၏ အကကို သူကိုယ်တိုင်က ပေးမည်ဟု ပြောလိုက်လေသည်။ ရစ်ရှီယင်းဒရာမနီ သည် ထူးခြားလှသည့် အကကြောင့် ထိုက်ထိုက်တန်တန် ကျော်ကြားခဲ့ခြင်း ဖြစ်သည်။ ထိုအကသည် အလွန်ခက်ခဲသည်။ ထိုအကတွင် သူမသည် သူမ၏ ဦးခေါင်းပေါ်တွင် ဖန်ပုလင်းတစ်လုံးတင်ကာ ထိုပုလင်းပေါ်တွင် ပန်းကန်ပြား တစ်ချပ်တင်ပြီး ပန်းကန်ပြားပေါ်တွင် မီးထွန်းထားသော မီးခွက်ကလေးများ တင်၍ ကပြနေရင်း ကြမ်းပေါ်၌ ချထားသော လက်ကိုင်ပဝါတစ်ထည်ကို သူမ၏ပါးစပ်ဖြင့် ကောက်ယူပြသည်။ “ကျွန်တော်က အဲဒီထက် အများကြီး

အံ့သြစရာကောင်းတာကို လုပ်ပြပါမယ်။ သူမက လက်ကိုင်ပဝါကို ပါးစပ်နဲ့ ကောက်ပြတာ၊ ကျွန်တော်က အပ်ကို ကျွန်တော့်မျက်ခွံများနဲ့ ညှပ်ယူပြပါမယ်။ ရစ်ရှိယင်းဒရာမနိကိုယ်တိုင်က ပြပါလိမ့်မယ်လို့သာ ကြေညာပေးပါ ဆရာကြီး'' ဟု ဆာသီယမ်က ပြောလေသည်။

နောက်နှစ်ပေါင်းများစွာ ကြာသောအခါ ထိုနေ့က အဖြစ်အပျက်ကို ပြန်ပြောပြသည်။ ''ကျွန်ုပ်က ဆာရီ တစ်ထည်ကို ဝတ်ဆင်ရတယ်။ လူကြီး ဆာရီပဲရှိတော့ ဆာရီက ပွပွကြီးပေါ့။ ပွဲစီစဉ်သူတွေက ကျွန်ုပ်ကို မိန်းကလေးနဲ့ တူအောင် ခေါင်းမှာ ကျစ်ဆံမြီးရှည်ရှည်ကြီး တစ်ချောင်း၊ နိုင်မြဲအောင် တင်းတင်းရင်းရင်း စည်းနှောင်ပေးကြတယ်။ ခြေချင်းဝတ်မှာ ဆည်းလည်းကလေးတွေ ပတ်ပေးကြတယ်။ ဝတ်စားဆင်ယင်တဲ့နေရာကနေ ကတဲ့ ဇာတ်ခုံကို ရောက်အောင် ကားနဲ့ ပို့ပေးတယ်။ လူတွေက ရစ်ရှိယင်းဒရာမနိကမယ့် ပွဲကို လက်လွတ်မခံချင်ကြတော့ ကပွဲလက်မှတ်တွေ လက်မလည်အောင် ရောင်းရတယ်။

''ဆိုင်းက စတီးတဲ့အခါမှာ ကျွန်ုပ်က ခြေချင်းဝတ်က ဆည်းလည်းကလေးတွေ မြည်လာအောင် ခြေထောက်တွေကို အသာအယာ လှုပ်တယ်။ ပရိသတ်က အာရုံစိုက်နေပြီ။ ဆရာကြီးက ကျွန်ုပ်ရဲ့ခေါင်းပေါ်မှာ ပုလင်းတစ်လုံး တင်ပေးတယ်။ နောက် ဆရာတစ်ယောက်က အဲဒီပေါ်မှာ ပန်းကန်ပြား တင်ပေးပြီး မီးခွက်ကလေးတွေ ထွန်းပေးတယ်။ အဲဒါတွေကို အများရှေ့မှာ လုပ်ပြရတာကတော့ ပုလင်း၊ ပန်းကန်ပြားနဲ့ မီးခွက်တွေဟာ ခိုင်ခိုင်မြဲမြဲ ကပ်ထားတာ မဟုတ်ဘူး။ လျော့ရဲရဲ တင်ထားတာတွေဖြစ်တယ်ဆိုတာ ပရိသတ်တွေ သိမြင်နိုင်ကြစေဖို့ ဖြစ်တယ်။

''ဂီတက အကတေးသွား တီးနေပြီ။ ကျွန်ုပ်က ဇာတ်ခုံပေါ်မှာ လှည့်ပတ်ပြီး ကတယ်။ ကနေရင်းနဲ့ ကျွန်ုပ်က ရုတ်တရက် ခါးကိုင်းပြီး ကြမ်းပေးမှာ ချထားတဲ့အပ်ကို ကျွန်ုပ်ရဲ့မျက်ခွံများနဲ့ ညှပ်ပြီး ကောက်ယူပြလိုက်တယ်။ ပရိသတ်တွေက လက်ခုပ်သံ တဖြောင်းဖြောင်းနဲ့ ဩဘာပေးကြတယ်။ အင်္ဂလိပ်လူမျိုး ခရိုင်ကော်လက်တော် (အခွန်ကောက်အရာရှိ) က ကျွန်ုပ်ကို ဆုတံဆိပ်တစ်ခု ချီးမြှင့်ဖို့ ဇာတ်စင်ပေါ် တက်လာတယ်။ သူ့နာမည်က ယော်စလေတဲ့။ သူက တံဆိပ်မပေးခင် ကျွန်ုပ်ကို ထိလိုတယ်။ ကျွန်ုပ်က

လက်မခံဘူး။ သူက "ကျွန်ုပ်ဟာ သင်ရဲ့အစ်ကိုလို ဖြစ်ပါတယ်။ ဒီတံဆိပ်ကို သင့်လည်ပင်းမှာ ကျွန်ုပ်ဆွဲပေးချင်ပါတယ်" လို့ ပြောတယ်။ ကျွန်ုပ်က "ကျွန်ုပ်ဟာ သင်ရဲ့နှမကလေးသဖွယ် ဖြစ်ပါတယ်။ အဲဒါကို ကျွန်ုပ်လက်ထဲ ထည့်ပေးပါ" လို့ ပြန်ပြောလိုက်တယ်။ ဆရာကြီးက ဓာတ်စင်ဘေးကနေပြီး တံဆိပ်ကို လက်ခံလိုက်ဖို့ အမူအရာပြတယ်။ ဒါပေမဲ့ ကျွန်ုပ်က ရစ်ရှိယင်းဒရာမနိအဖြစ်နဲ့ သရုပ်ဆောင်နေတာဆိုတော့ လက်မခံဘူး။ ပရိသတ်ကလည်း လက်ခုပ်တွေ တီးလှုပြီ။ နောက်ဆုံးမှာ ကော်လက်တော်ဟာ ကျွန်ုပ်ကို တံဆိပ်ပေးပြီး စိတ်ပျက်လက်ပျက်နဲ့ ပြန်ဆင်းသွားတယ်။

"အဲဒီအချိန်က ကွပ်ဒပခရိုင်ဘုတ်အဖွဲ့ရဲ့ ဥက္ကဋ္ဌက ရှရီမတိရာဗာဆဗ္ဗမ္မ ဖြစ်တယ်။ သူမက နောက်တစ်နေ့မှာ ကျောင်းကပွဲဓာတ်ခုံကို လာပြီး "ကျောင်းဆောက်ရေး ရန်ပုံငွေတွေ အများကြီး ရခဲ့တာ ရစ်ရှိယင်းဒရာမနိကြောင့်ဖြစ်တယ်။ ကျွန်မတို့က သူ့ကိုဂုဏ်ပြုချင်လို့ အဖိုးတန် ဆာရီတစ်ထည် ဝယ်လာခဲ့တယ်။ ရစ်ရှိယင်းဒရာမနိ စင်ပေါ်တက်ခဲ့ပါ" လို့ ဖိတ်ခေါ်တယ်။ သူမက ရှိမှမရှိတာ ဘယ်လိုလုပ်လာမလဲ။ ပရိသတ်ကြီးက ကချေသည်မကို စောင့်နေကြတယ်။ ကျွန်ုပ်က ပြေးလာတယ်။ ဘောင်းဘီတိုကလေး ဝတ်လို့။ တာဝန်ရှိတဲ့လူတစ်ယောက်က ကျွန်ုပ်ကို စင်ပေါ်မတက်ဖို့ တားတယ်။ အဲတော့ ဆရာကြီးက ဝင်ပြီး "ရစ်ရှိယင်းဒရာမနိအဖြစ် မနေ့က ကခဲ့သူဟာ သူဖြစ်တယ်။ သူ့ကို စင်ပေါ်တက်ပါစေ" လို့ ရှင်းပြရတယ်။ ပရိသတ်ကြီးက အကြီးအကျယ် အံ့သြသွားကြတယ်။ ရှရီပတိရာမာ ဆဗ္ဗမ္မက ကျွန်ုပ်ကို ပွေ့ဖက်နမ်းရှုံ့ပြီး "ကလေးရယ် မင်းဟာ ငယ်ငယ်ကလေးပဲ ရှိသေးတယ်။ ဒါပေမဲ့ မင်းဟာ ငါတို့ကို အများကြီး ဂုဏ်တက်စေခဲ့တယ်။ တို့တိုင်းပြည်မှာ မင်းလို ပါရမီထူးတဲ့သူတွေ ရှိတာကို ငါ ဂုဏ်ယူတယ်" လို့ ပြောပြီး ကျွန်ုပ်ကို ချီးမွမ်းမဆုံးတော့ဘူး။ အဲဒီအချိန်ကစပြီး သူမဟာ ဆွာမိကို အကြီးအကျယ် ချစ်ခင်လေးစားခဲ့တယ်။ သူမ သွားလေရာမှာ ဆွာမိရဲ့ ဂုဏ်အသရေတော်အကြောင်းကို ပြောပြခဲ့တယ်။ ဆွာမိဟာ အဲဒီလိုနဲ့ ဥရဗကုန္ဒ အထက်တန်းကျောင်းမှာ အက အစီအစဉ်တစ်ခု တင်ဆက်ခဲ့တယ်"

## ကင်းမ လက်မည်းတစ်ကောင် အတုပ်ခံရခြင်း

၁၉၄၀ ပြည့်နှစ် မတ်လ ၈ ရက်နေ့တွင် ဥရမကုန္တ၌ အလွန်အရေးပါသော အဖြစ်အပျက်ကြီးတစ်ရပ် ဖြစ်ပွားလေသည်။ ဆာသီယမ်သည် ကင်းမလက်မည်းတစ်ကောင် အတုပ်ခံရပြီး မေ့မြောသွားလေသည်။ သူ့ကို အမျိုးမျိုးကုသဆေးများ ထိုးပေးသော်လည်း မထူးခြား။ နှစ်ရက်ကြာမှ သက်သာလာပြီး ထိုင်ထ လှုပ်ရှားသွားလာနိုင်သည်။ သို့သော် သူသည် စိတ်ရောကိုယ်ပါလုံး၀ ပြောင်းလဲသွားဟန် ရှိသည်။ သူသည် သူ့အတွေးနှင့်သူ နစ်မြုပ်နေသည်ကို မကြာခဏ တွေ့ရသည်။ သူသည် သက္ကတလင်္ကာများ ရွတ်ဆိုသည်။ သီချင်းများ ဆိုသည်။ ဘာသာရေးဆိုင်ရာ ဟောပြောမှုများ ပြုလုပ်သည်။ သူ၏အပြုအမူမှာ ထူးဆန်းပြီး နားလည်ရခက်သည့် ဆက်ရှမရာဂျူးနှင့် သူ့မိဘများမှာ နက်နက်ရှိုင်းရှိုင်း စိုးရိမ်မကင်းဖြစ်ပြီး စိတ်ရှုပ်နေကြသည်။

## အသိပညာပေးသူ

တစ်နေ့တွင် ဆာသီယမ်သည် လေးလေးနက်နက် စဉ်းစားနေပုံရသည်။ ရုတ်တရက် သူက "ဟိုဘက်အိမ်က နာရာယန ဆပ်စ်ထရီဟာ စရီမဟာဘဂဗတ် (ကျမ်း) က စာပိုဒ်တချို့ကို ရွတ်နေတယ်။ ဒါပေမဲ့ သူ့ရဲ့ ရှင်းပြချက်တွေက အမှားတွေ အများကြီးပါနေတယ်။ သူ့ကို သွားခေါ်ခဲ့" ဟု ပြောလေသည်။ လူအချို့က ထိုပညာရှိကြီးထံ သွားခေါ်ကြသည့်အခါ ဆပ်စ်ထရီက "သူဟာ ကောင်ကလေးတစ်ယောက်သာ ဖြစ်တယ်။ သူက ငါ့ပညာကို အပြစ်ရှာနေသလား၊ သူက ဘာသိလို့လဲ" ဟု မထီမဲ့မြင် ပြောလွှတ်လိုက်လေသည်။ ဆာသီယမ်က ရအောင်ခေါ်ခဲ့ကြရန် ပြော၍ နောက်ထပ်သွားခေါ်ကြသောအခါ အဘိုးကြီးသည် အင်တင်တင်နှင့် လိုက်လာသည်။ ဆာသီယမ်က သူ့ကို သူ့အမှားများအားလုံးကို ထောက်ပြပြီး ရှေးဟောင်းကျမ်းအချို့မှ မေးခွန်းများမေးရာ ပညာရှိကြီး မဖြေနိုင်ဘဲ သူ မှားခဲ့ကြောင်း သူ့ပညာချို့တဲ့ကြောင်းများကို ဝန်ခံကာ ဆာသီယမ်၏ခြေရင်းတွင် ဝပ်စင်းလေသည်။

ဘဂဝမ်စရီဆာသီယ ဆိုင်းဘာဘာ၏ဖြစ်တော်စဉ်

## သည်းခံခြင်း

ဆာသီယမ်ကို သူ့မိဘများက ဥရဗာကုန္တမှ ပုတ္တပါတီရွာ သူ့အိမ်သို့ ပြန်ခေါ်ခဲ့ကြသည်။ သူ့ကို ဘယ်လာရီနှင့် ခမ္မဗာရပ်မြို့များမှ ထင်ရှားသော ဆရာဝန်များထံ ပြကြသည်။ သူ့ပြဿနာကို သူတို့ ဖြေရှင်းမပေးနိုင်ကြ။ တစ်ခါတစ်ခါ "အဲဒီမှာ ဒေဝတာ (ကောင်းကင်စံပုဂ္ဂိုလ်) တွေ လာနေကြတယ်။ အာရတီ (ပရုတ်မီး) ပူဇော်ကြ" ဟု သူက စေခိုင်းတတ်သည်။ ထိုကဲ့သို့သော ပြောဆိုမှုများကြောင့် သူ့မိသားစု စိတ်ရှုပ်ကြရသည်။ ကဒီရီမြို့အနီးတွင် နာမည်ကျော် အစွဲချွတ် ပယောဂဆရာတစ်ယောက်ရှိကြောင်း၊ သူသည် အလွန်ပေကတ်သော မကောင်းဆိုးဝါး စုန်း စသည်တို့ကိုပင် နှင်ထုတ်ပေးနိုင်ကြောင်း သူတို့ကို ပြောကြသည်။ ပက်ဒါဗင်ကမရာဂျူးသည် ဆာသီယမ်ကို ထိုသူ့ထံ ခေါ်သွားသည်။ သူ့သမီးနှစ်ယောက်နှင့် ဆက်ရှမရာဂျူးတို့လည်း လိုက်ပါလာကြသည်။ ပယောဂဆရာသည် ကြောက်စရာကောင်းသော ရုပ်ဆင်းသဏ္ဌာန်ရှိပြီး သူ့မျက်လုံးများမှာ မီးလို တောက်နေသည်။ သူသည် ဆယ့်လေးနှစ်သား ဆာသီယမ်၏ဦးခေါင်းနေရာ တော်တော်များများကို ဓားဖြင့် ခွဲပြီး သွေးများ စီးကျလာသောအခါ ခွဲရာများထဲသို့ ရှောက်ရည်နှင့် ကြက်သွန်နီ ဥ ညှစ်ရည်များ လောင်းထည့်သည်။ မျက်လုံးများထဲသို့ အလွန် ပူစပ်သော မျက်စဉ်းခတ်သည်။ သွေးများ စီးကျနေသော ဦးခေါင်းပေါ်သို့ ရေ ၁၀၁ အိုး လောင်းချသည်။ နောက်ထပ်လည်း အမျိုးမျိုး ကိုယ်ထိလက်ရောက် ညှဉ်းပန်းနှိပ်စက်သည်။ ဆာသီယမ်က မအော်မဟစ် အသံတိတ် သည်းခံသည်။ သူ့မိသားစုသည် ရင်ထုမနာ စိတ်မကောင်းခြင်းကြီးစွာဖြစ်ပြီး ဆာသီယမ်ကို အနားပေးရန် နောက်ထပ်အမျိုးမျိုး နှိပ်စက်မည် တကဲကဲဖြစ်နေသော ပယောဂဆရာကြီးကို တောင်းပန်၍ သက်သာလာသောအခါ ပြန်ခေါ်လာပါမည်ဟု ပြောကာ ဆာသီယမ်ကို ကယ်တင်ခဲ့ကြရလေသည်။

နှစ်ပေါင်းများစွာ ကြာသောအခါ ဟာရီဒတ်စ် (ဘုရားနှင့် သူတော်စင်တို့၏ ဘဝများကို အပြော၊ အဆို၊ အက၊ သရုပ်ဆောင်မှုများနှင့် တင်ဆက်သူ) တစ်ဦးသည် ဘဂဝမ်စရီဆာသီယ ဆိုင်းဘာဘာ၏ဘဝကို သူ၏ ရှေ့တော်မှောက်တွင် ပရိသတ်များအား တင်ဆက်နေခိုက် ဆာသီယမ်အား ပယောဂဆရာကြီးက အမျိုးမျိုး နှိပ်စက်ခန်းကို ရောက်လာသည့်အခါ ဆွာမိက "အဲဒီ

အဖြစ်အပျက် အသေးစိတ်တွေဟာ နားထောင်ရတာတောင် ရင်နာစရာကောင်း လှတယ်။ အဲဒါတွေကို ကျော်သွား ဘန်ဂရ" ဟု ဝင်၍ တားခဲ့လေသည်။ အချိန်အတော်ကြာတွင် စရီကပ်စတူရီက "ဆွာမိ အဲဒါတွေကို နားထောင် ရတာတောင် စိတ်ဆင်းရဲစရာကောင်းကြောင်း အရှင်ဘုရား တွေ့ရတယ်။ အဲဒီ လူမဆန်တဲ့လုပ်ရပ်တွေကို အရှင်ဘုရား ဘာကြောင့် လက်ခံခဲ့ပါသလဲ" ဟု မေးသည်။ ဘဂဝမ်ဆိုင်းက ရှင်းပြသည်။ "ဒီကိုယ်ခန္ဓာကို ဘယ်လိုပဲ ဒုက္ခပေးသည်ဖြစ်စေ အဲဒါဟာ ကျွန်ုပ်ကို မထိခိုက်ဘူး။ ကျွန်ုပ်ဟာ ပျော်ရွှင် မှုနဲ့ သောကအမျိုးမျိုးကို ကျော်လွန်တယ်။ ကျွန်ုပ်ရဲ့ အဲဒီသွင်ပြင်လက္ခဏာ တွေကို ကမ္ဘာကြီးကို ကျွန်ုပ် ပြချင်ခဲ့တယ်။ အဲဒါကြောင့် အဲဒီနှိပ်စက်မှု အမျိုးမျိုးကို ကျွန်ုပ် စိတ်ရှည်လက်ရှည် သည်းခံခဲ့တာဖြစ်တယ်။ အဲဒီ ညှဉ်းပန်း မှုကို ကျွန်ုပ် လိုလိုလားလား ဖိတ်ခေါ်ခဲ့တယ်။ ဘာလို့လည်းဆိုတော့ ကျွန်ုပ် ရဲ့ ဆင်းရဲဒုက္ခက လူတွေကို ကျွန်ုပ်ဟာ ရုပ်မဟုတ်ဘူး။ နာမ်သဘောဖြစ် တယ်ဆိုတာကို ယုံကြည်လာစေပြီး ကျွန်ုပ်ကို ကိုးကွယ်ဆည်းကပ်လာကြ မယ်။ ဘုရားကို ကြည်ညိုသဒ္ဓါမှု လမ်းပေါ် ခြေချမိကြမှာ ဖြစ်တယ်"

## ကျွန်ုပ်ဟာ ဆိုင်းဘာဘာဖြစ်တယ်

၁၉၄၀ ပြည့်နှစ် မေလ ၂၃ ရက် ဖြစ်သည်။ ဆာသီယမ်သည် ပုတ္တ ပါတီရှာ သူ့အိမ်ရှေ့ဆင်ဝင်တွင် ထိုင်ပြီး သကြားလုံးများ၊ ပန်းများ ဖန်ဆင်း ကာ အနီးရှိ လူအားလုံးကို ဝေငှပေးနေသည်။ အားလုံး ပျော်ရွှင်ကြည်နူးနေ ကြသည်။ အချို့က ထိုအံ့ဖွယ်ကောင်းသော ရှုခင်းကို လာကြည့်ရန် ပက်ဒါ ဗင်ကမရာဂျူးကို သွားခေါ်ကြသည်။ ဖခင်ဖြစ်သူက သူ့သားသည် မဟုတ် မဟတ်တွေ လုပ်နေပြီဟု အောက်မေ့ကာ ဆုံးမရန် တုတ်ကြီး တစ်ချောင်း ကို ကိုင်ဆွဲ၍ လိုက်လာသည်။ သူက ဆာသီယမ်ကို "မင်းက ဘာလဲ၊ ငါ့ကို ပြောစမ်း၊ နတ်လား မကောင်းဆိုးဝါးလား" ဟု မေးသည်။ ဆာသီယမ်က သူ့ဖခင်ကို ကြည့်လိုက်သည်။ သူသည် လုံးဝ တည်ငြိမ်အေးချမ်းနေပြီး ရှင်းရှင်းလင်းလင်း ခိုင်ခိုင်မာမာ ပြောလိုက်သည်။ "ကျွန်ုပ်ဟာ ဆိုင်းဘာဘာ ဖြစ်တယ်။ ကျွန်ုပ်ဟာ ဘာရဒွါဇ မျိုးနွယ်ဝင်ဖြစ်တယ်။ ကျွန်ုပ်ဟာ ကြောက် ရွံ့မှုနဲ့ စိတ်မတည်မငြိမ်ဖြစ်မှုတို့ရဲ့ ရိုက်ခတ်ခြင်းခံနေကြရတဲ့ သင်တို့အားလုံး

ကို ကယ်တင်ဖို့ လာခဲ့တာဖြစ်တယ်။ သင်ရဲ့ဘိုးဘေး ဗင်ကအဝဓူတက သင်တို့မျိုးရိုးမှာ ဖွားမြင်ဖို့ ကျွန်ုပ်ကို ဆုတောင်းခဲ့တယ်။ သူရဲ့ ဆုတောင်းကို တုန့်ပြန်တဲ့အနေနဲ့ ကျွန်ုပ် လူဝင်စားအဖြစ်ကို ခံယူခဲ့တယ်''

ဗက်ဒါဗင်ကမရာဂျူးသည် မိုးကြိုးပစ်ခံလိုက်ရသလို ဖြစ်သွားပြီး သူ့လက်ထဲက တုတ်ကြီးသည် လွတ်ကျသွားလေသည်။ သူသည် ကြီးမြတ်သော အဝဓူတ၏အမည်ကို ကြားလိုက်ရသောအခါ ဘာကြောင့် အကြီးအကျယ် ပြောင်းလဲသွားရပါသလဲ။

ပက်ဒါဗင်ကမရာဂျူး၏ဖခင် ကုန္တမရာဂျူး၏ နေအိမ်သို့ ဗင်က အဝဓူတ ခေါ် ကြီးမြတ်သည့် ပုဂ္ဂိုလ်တစ်ဦး လာရောက်လေ့ရှိသည်။ သူသည် အမြဲပြုံးနေသည်။ သူသည် စိတ်ဝိညာဉ်ဆိုင်ရာ တည်ငြိမ်မှုနှင့် အမြိုက်သုခ ၏ ရုပ်ပုံလွှာဖြစ်သည်။ သူ၏အဝတ်အစားများမှာ စုတ်ပြတ်နေသည်။ သို့သော် သူက ဂရုမစိုက်။ လူတစ်ယောက်၏ ဦးခေါင်းပေါ်သို့ သူ၏ လက်ဖဝါးကို တင်လိုက်လျှင် ထိုသူသည် နက်ရှိုင်းသော စိတ်ဝိညာဉ်ဆိုင်ရာ အတွေ့အကြုံကို ခံစားရလေသည်။ သူ ဘယ်မှာနေသည်၊ သူ ဘယ်တော့လာမည်၊ ဘယ်တော့ သွားမည်ကို မည်သူမှ မသိကြ။ သူသည် ဆန်ညာစီ (အရာရာကို စွန့်လွှတ်ထားသူ) တစ်ဦး ဖြစ်သည်။ ထိုကဲ့သို့ တရားပေါက်နေသော အထွတ်အထိပ် စွန့်လွှတ်မှုနှင့် မပတ်သက်မှုတို့ကို ရရှိထားသည့်ပုဂ္ဂိုလ်များကို အဝဓူတများဟု ခေါ်သည်။ မြင့်မားသည့် တတ်သိမှု နယ်ပယ်ကို တတ်ကျွမ်းကြသူများက ဗင်က အဝဓူတသည် ရှီရဒီဘာဘာ ကလေးဘဝက ကျွေးမွေးစောင့်ရှောက်ခဲ့သော ဗင်ကုစနှင့် အဆင့်တူဖြစ်သည်ဟု ယူဆကြသည်။ အဝဓူတသည် မကြာမကြာ ကုန္တမရာဂျူးနှင့် စိတ်ဝိညာဉ်ဆိုင်ရာကိစ္စများကို ဆွေးနွေးလေ့ရှိသည်။

တစ်နေ့တွင် သူတို့နှစ်ဦးသည် ငှက်ပျောခြံတစ်ခြံအတွင်း၌ စကားပြောနေကြသည်။ ရုတ်တရက် ဗင်ကအဝဓူတသည် တိတ်ဆိတ်သွားသည်။ သူ ဘာ့ကြောင့် ဖြုန်းခနဲ တိတ်ဆိတ်သွားသလဲဟု ကုန္တမရာဂျူးက မေးသည့်အဖြေက ''ကုန္တမရာဂျူး မိခင်မြေကြီးဟာ ငိုကြွေးနေတယ်။ သူမရဲ့ ရှိုက်သံတွေကို သင်မကြားဘူးလား'' ကုန္တယရာဂျူးက မယုံကြည်နိုင်ဘဲ ငေးစိုက်ကြည့်နေသည်။ ဗင်က အဝဓူတက ဆက်ပြောသည်။ ''မကြာခင် အထွတ်

အထိပ် ပုဂ္ဂိုလ်ဟာ မြေပြင်ပေါ်မှာ လူအသွင်နဲ့ ဖွားမြင်လိမ့်မယ်။ အဲဒီဖွားမြင်မှုကို တွေ့မြင်ရဖို့ သင့်မှာ ကံဇာတာပါလာတယ်'' သူသည် ထိုစကားကို နှစ်ကြိမ်ထပ်ပြောလေသည်။ ပြီးလျှင် သူသည် ကုန္တမရာဂျူး၏လက်ကို သူ့လက်ထဲသို့ ထည့်သွင်းစေပြီး ထိုထူးခြားလှသော ဟောကိန်းကို သူ လေးလေးနက်နက် ယုံကြည်ပါကြောင်း ခိုင်ခိုင်မာမာ ပြောခိုင်းလေသည်။ ထိုနောက်များ မကြာမီ ဗင်က အဝရှုရသည် သူ၏ကိုယ်ခန္ဓာကို စွန့်ခွာသွားလေသည်။

ပက်ဒါဗင်ကမရာဂျူးသည် သူတို့ဘိုးဘေးဆိုင်ရာ သူတော်စင်ကြီး၏ နာမတော်ကို သူ့သားက ပြောကြားလိုက်သည့်အခါ လာမည့်ဝင်စားမှုအကြောင်း အံ့ဖွယ်သရဲ ဟောကိန်းကို လက်ခံနဲ သတိရသွားလေသည်။ ဘာတွေဖြစ်ပျက်ခဲ့သည်ကို အသက်ကြီးရင့်နေပြီဖြစ်သော ကုန္တမရာဂျူး ကြားသိရသည့်အခါ သူသည် ဝမ်းသာလွန်း၍ မျက်ရည်များ စီးကျလာလေသည်။ သို့သော် တစ်ခုခက်နေသည်က ဆာသီယမ် ပြောစကားကို ကြားလိုက်ရသူများအနက် မည်သူမှ ဆိုင်းဘာဘာ ဆိုသည်ကို မကြားဖူးကြခြင်း ဖြစ်သည်။

ပက်ဒါဗင်ကမရာဂျူးသည် အစိုးရအရာရှိတစ်ယောက် ပယ်နုဂွန္ဒာမြို့သို့ ရောက်ရှိလာကြောင်းနှင့် သူသည် ဆိုင်းဘာဘာခေါ် ဖကီးရ် (မွတ်စလင်ဘုန်းကြီး) တစ်ပါးကို နေ့စဉ် ကန်တော့ကြောင်း ကြားသိရလေသည်။ ထို့ကြောင့် သူသည် တစ်နေ့တွင် ထိုအရာရှိထံ ဆာသီယမ်ကို ခေါ်သွားလေသည်။ ထိုလူကြီးမင်းက လူကလေးကို တွေ့ရသောအခါ သူသည် ဦးနှောက်ဖောက်ပြန်နေသဖြင့် ဆေးရုံတင်၍ ကုသခြင်းခံသင့်သည်ဟု ပြောလေသည်။ ဆာသီယမ်က ''ဘယ်သူ့ဦးနှောက် ဖောက်ပြန်တာလဲ သင့် ဦးနှောက်လား၊ ကျွန်ုပ် ဦးနှောက်လား။ သင့်မှာ ဦးနှောက်မရှိလို့ သင့်ရှေ့မှောက်ကို သွေးနဲ့ကိုယ် သားနဲ့ကိုယ် ရောက်လာတဲ့ သင် နေ့စဉ်ဝတ်ပြုနေတဲ့ ဒီဆိုင်းကို မသိတာပေါ့'' ဟု ပြောပြီး သူ့လက်ကို ဝှေ့ယမ်း၍ ဝိဘူသီးများ ဖန်ဆင်းပြီး ထိုသူ့လက်ထဲ ထည့်ပေးလိုက်သည်။ ကြောက်လန့်သွားသော ထိုသူ့အိမ်တွင်လည်း ဝိဘူသီးများ ကြဲချလိုက်လေသည်။

တစ်ခုသော ကြာသပတေးနေ့တွင် ဆာသီယမ်အနီး စုရုံးရောက်ရှိနေကြသော သူများထဲမှ တစ်ယောက်က သူသည် ဆိုင်းဘာဘာဖြစ်ကြောင်း အထောက်အထားပြပါဟု တောင်းဆိုလေသည်။ ဆာသီယမ်က စံပယ်ပန်း

များ ခူးလာခဲ့ရန် စေခိုင်းပြီး ထိုပန်းများကို ကြမ်းပေါ်သို့ ပစ်ကြဲလိုက်ရာ ၎င်းတို့သည် တယ်လူဂူ ဘာသာဖြင့် ဆိုင်းဘာဘာဟူသော စကားလုံးများ ဖြစ်ပေါ် စုစည်းသွားကြလေသည်။ မြင်ရသူများ အကြီးအကျယ် အံ့သြသွား ကြပြီး သံသယများလည်း ပျောက်ကွယ်သွားကြလေသည်။

## မဟာကြေညာချက်

၁၉၄၀ ပြည့်နှစ် မေလ ၂၀ ရက် တနင်္လာနေ့ ဖြစ်သည်။ ဆာသီယမ် သည် ဥရဗကုန္တမြို့တွင် ကျောင်းပြန်တက်နေသည်။ သူသည် ကျောင်းသို့ ထွက်လာရင်း ရုတ်တရက် ပြန်လှည့်ကာ အိမ်ပြန်လာပြီး သူ့စာအုပ်များကို ပစ်ချကာ "ကျွန်ုပ်ကို သင်တို့ မပိုင်တော့ဘူး။ မာယာ (လှည့်စားခြင်း)ဟာ ကျွန်ုပ်ကို စွန့်ခွာသွားပြီ။ ကျွန်ုပ်ကို ကိုးကွယ်ဆည်းကပ်သူတွေက ကျွန်ုပ်ကို စိတ်အားထက်သန်စွာ ခေါ်နေကြပြီ" ဟု ပြောလေသည်။ ကျယ်လောင်သော ထိုစကားသံများကို ကြားရသည့်အခါ သူ့မရီးဖြစ်သူက မီးဖိုဆောင် ပြတင်း ပေါက်မှ လှမ်းကြည့်သည်။ ဆာသီယမ်၏ ဦးခေါင်းပတ်လည်တွင် မျက်စိ ကန်းစေတော့မတတ် တောက်ပသော ရောင်လျှံ စက်ဝန်းကို သူမ မြင်လိုက် ရသည်။ "ကျွန်ုပ် သွားတော့မယ်၊ ကျွန်ုပ် ဆောင်ရွက်ဖို့ လာခဲ့တဲ့အလုပ်ကို စတင်ရတော့မယ်" ဟု သူက သူမကို ပြောလေသည်။ သူ့အစ်ကို ဆက်ရှမ ရာဂျူးနှင့် အိမ်နီးချင်း နာရာယန ဆတ်စထရီလည်း ရောက်လာကြသည်။ ထွန်းလင်းတောက်ပနေသော ရောင်လျှံစက်ဝန်းကို မြင်ရသောအခါ ဆတ်စထရီ သည် ဆာသီယမ်အား ထိုင်ကန်တော့လေသည်။ ဆက်ရှမရာဂျူးကတော့ ဘာမှမပြောနိုင် မလှုပ်နိုင်ဖြစ်သွားလေသည်။

ရောင်ခြည်ဖြာနေသော ဦးခေါင်းဖြင့် အသရေတင့်လှသော ဆာသီယမ် သည် ယစ်မျိုး စစ်ဆေးရေးမှူး အန်ဂျနီယု လူပိုင်သော အနီးရှိ ဥယျာဉ်ကြီး တစ်ခုရှိရာသို့ လျှောက်သွားပြီး ကျောက်တုံးကြီးတစ်ခုပေါ်တွင် ထိုင်လိုက် လေသည်။ စိတ်အားထက်သန်နေကြသော ကိုးကွယ် ဆည်းကပ်သူ တော်တော် များများသည် ရောက်ရှိလာကြပြီး သူ့ပတ်ဝန်းကျင်တွင် ဝိုင်းထိုင်ကြသည်။ သူသည်-

"မာနဆာ ဘဂျာရီ ဂုရုချရနမ်၊
ဒုစ်တာရ ဘာဗဆာဂရသရနမ်"

အစချီသော ဘဂျန်း တစ်ပုဒ်ကို သီဆိုလိုက်သည်။ ယင်းသည် ယခု အခါ ကမ္ဘာအရပ်ရပ်တွင် ပျံ့နှံ့နေသော ဘဂျန်းများ၏ ပထမဆုံးဖြစ်သည်။ အဓိပ္ပာယ်မှာ-

ပထမဆုံး သင်သည် ဘဝသမုဒ္ဒရာတွင် ရောက်ရှိနေသည်ကို သိရှိပါ။ ထိုနောက် ယင်းကို ဖြတ်ကူးရန် ပိုင်းဖြတ်ပါ။ ပြီးလျှင် ဂုရုတစ်ဦး၊ သို့မဟုတ် သင့်ကို ဆွဲဆောင်သော ဘုရားနာမတော်နှင့် ပုံတော်တစ်ခုခုကို ရွေးချယ်ကာ သူ၏အသရေတော်ကို အာရုံပြုပါ။ ဘဂျန်းများ သီဆိုပါ။ သတိထားကာ အာရုံစူးစိုက်ပါ။ အရှင်မြတ်၏ ကြာပဒုံ ခြေတော်ကို သင့်စိတ်နှလုံး အားလုံး နှစ်မြှုပ်ပြီး ရှိုးမွမ်း သီကျူးပါ။ ယင်းသည် ကူးရခက်သော မွေးလိုက် သေလိုက် သမုဒ္ဒရာစက်ဝန်းမှ သင့်ကို လွတ်မြောက်စေလိမ့်မည်။

ကိုးကွယ်ဆည်းကပ်သူများသည် ထိုဘဂျန်းကို လိုက်ဆိုကြသည်။ အချို့က အမွှေးတိုင်များ ထွန်းကြသည်။ အချို့ သူ့ကို ပန်းကုံးစွပ်ကြသည်။ ဓာတ်ပုံသမား တစ်ယောက် ရောက်လာပြီး သူ့ကို ဓာတ်ပုံရိုက်ရန် ပြင်ဆင်သည်။ ဆာသီယမ်၏ရှေ့တွင် ကျောက်တုံးတစ်ခုရှိနေ၍ ထိုကျောက်တုံးကို ဖယ်ရှားမည်ပြုသည်။ ဆာသီယမ်က ''နေပါစေ၊ သင် ဓာတ်ပုံရိုက်မှာသာ ရိုက်''ဟု ပြော၍ မဖယ်ဘဲ ရိုက်ရသည်။ ထိုဖလင်ကို ဆေးလိုက် ကူးလိုက်သောအခါ ထွက်ပေါ်လာသည့် ဓာတ်ပုံထဲတွင် ကျောက်တုံးနေရာ၌ ရှိရ်ဒီဘာဘာကြီး ပုံတော်ပေါ်နေသည်ကို တွေ့ရလေသည်။

## ရှေးဟောင်းစာပေကျမ်းဂန်များထဲတွင် ဘဂဝမ်ဆာသီယ ဆိုင်းဘာဘာကို ရည်ညွှန်းချက်များ

အိန္ဒိယ နက္ခတ္တဗေဒ သုတေသနအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဒေါက်တာ အီးဗီဗီ ဆတ်စထရိသည် လွန်ခဲ့သည့်နှစ်ပေါင်း ထောင်ပေါင်းများစွာက ရှေ့ဖြစ်ကိုမြင်သည့် ပညာရှိကြီးများ ရေးသားစီရင်ခဲ့ကြသော နာဒီကျမ်းများကို လေ့လာကြည့်ရာ အောက်ဖော်ပြပါ ဘဂဝမ်ဆာသီယ ဆိုင်းဘာဘာအား ရည်ညွှန်းဖော်ပြချက်များကို တွေ့ရလေသည်။

(နာဒီများသည် ပေချပ်များပေါ်တွင် သက္ကတ ဘာသာဖြင့် ရေးထားသော ဟောကိန်းများ ဖြစ်ကြသည်။ နာဒီများ တော်တော်များများရှိပြီး ၎င်း

တို့ကို သက်ဆိုင်ရာ ဘုရားကျောင်းများ၊ ပညာရှိမျိုးဆက်များက ထိန်းသိမ်း စောင့်ရှောက်ထားကြသည်။ လာမည့် နှစ်ပေါင်းရာထောင်တွင် ဖြစ်ပွားမည့် အရေးပါသော အဖြစ်အပျက်အချို့ ဟောကိန်းများနှင့် ခေတ်အဆက်တွင် ရောက်လာကြမည့် ဗေဒင်မေးသူများ၏အကြောင်းများကို ဟောထားကြသည်။ မည်သည့်ခုနှစ် သက္ကရာဇ်၊ မည်သည့် လ၊ မည်သည့်ရက်တွင် မည်သူ ရောက် လာ၍ ဗေဒင်မေးမည်၊ ထိုသူ၏ဘဝမှ ထူးခြားသောအချက်။ အချက်များမှာ မည်သို့ဖြစ်မည်တို့ကို ဟောထားကြခြင်းဖြစ်၍ အထူးအံ့သြစရာကောင်းသည်။ ရှေ့လာမည့်နှစ်ပေါင်း ရာထောင်တွင် ဘာတွေဖြစ်မည်ကို အသေးစိတ် ကြိုတင် သိရှိသူများ၊ ဈာန်ရပုဂ္ဂိုလ်များရှိကြောင်း အထင်အရှားပြနေသည်။ ဗေဒင် လာမေးသူကို နေပူထဲတွင် ရပ်စေကာ သူ၏အရိပ်ကို တိုင်းတာပြီး သူ ရောက် လာသော အချိန်၊ နေ့စွဲတို့နှင့် ညှိနှိုင်း တွက်ချက်ကာ သူနှင့် သက်ဆိုင်သော ဟောစာတမ်း ပေချပ်ကို ရွေးချယ်ထုတ်နုတ်၍ ပါရှိသည့်အတိုင်း ဟောပြော ခြင်း ဖြစ်လေသည်။ ရောက်လာသူအချို့က ဟောစရာ တော်တော်များများ ရှိ၏။ အချို့က ဟောစရာ အနည်းငယ်သာ ရှိသည်။ လန်ခြားဆွဲသူ ဆင်းရဲ သား တစ်ယောက်က လာမေးသည့်အခါ "သင်သည် လံခြားသမား ဆင်းရဲ သား တစ်ယောက်ဖြစ်၏။ ဟောပြောခ တစ်မတ် (နှစ်ဆယ့်ငါးပြား) သာ လှူပါ" ဟု ဟောလိုက်၏။ ဟောသမျှအားလုံးမှာ တိတိကျကျ မှန်ကန်ကြ ၏)

* အင်္ဂါစ်သယနာဒီက "ဆာသီယ ဆိုင်းဘာဘာသည် လူတို့၏ရောဂါ များကို သူ၏စိတ်စွမ်းအားသက်သက်ဖြင့် လျှပ်စီးလက်သကဲ့သို့ အမြန်ပျောက် ကင်းစေလိမ့်မည်။ သူသည် ကျန်းမာခြင်းကို ပေးလိမ့်မည်။ ပညာရေးအဖွဲ့ အစည်း အများအပြားကို တည်ထောင်လိမ့်မည်။ စိတ်ဝိညာဉ်ဆိုင်ရာ အကြောင်း အရာများနှင့် ပတ်သက်၍ စာအုပ်အများအပြား ရေးသားထုတ်ဝေလိမ့်မည်။ လူ့လောကတွင် ယုံကြည်သက်ဝင်မှုကို ပေါ်ထွန်းလာစေလိမ့်မည်။ ဓမ္မကို တည်ထောင်ရန်နှင့် ပြန်လည် ဖော်ထုတ်ရန်တို့သည် သူ့ဘဝတာလုပ်ငန်း၏ အဓိက အင်္ဂါရပ်များ ဖြစ်ကြလိမ့်မည်။ သူ၏ စောစောပိုင်း ဝင်စားမှုတွင် သူသည် ရှိရ်ဒီဆိုင်းဘာဘာ ဖြစ်လိမ့်မည်။ သူသည် ကြင်နာမှုနှင့် ကရုဏာ တို့၏ ပြယုဂ်ဖြစ်လိမ့်မည်။ သူသည် စကြဝဠာ၏ဖခင်ကြီး ဖြစ်သည်။ သူ

သည် ဘုရားသခင်၏ မဟာသက်ညာမှု ပြည့်ဝသော အဝတာရ၊ ကမ္ဘာ့ဆရာ၊ ကာကွယ်သူနှင့် ဖခင်ဖြစ်လိမ့်မည်'' စသည်ဖြင့် ဟောကိန်းထုတ်ထားသည်။

* ဗုဓနောဒီက ''ဘာဘာသည် အမြိုက်သုခတွင် အစဉ်ထာဝရ နစ်မြုပ်နေလိမ့်မည်'' ဟု မှတ်တမ်းတင်ထား၏။

* ရှုကရနာဒီက ''သူ၏ ဂေဟာကို ပရရှန္တိနီလာယမ်ဟု ခေါ်လိမ့်မည်။ သစ္စာ၊ ဓမ္မ၊ ငြိမ်းချမ်းမှုနှင့် မေတ္တာ မူဝါဒများကို အလေးပေးခြင်းအားဖြင့် သူသည် ကမ္ဘာတစ်ဝန်းတွင် ငြိမ်းချမ်းမှုကို တည်ထောင်ပြီး ပျံ့နှံ့စေလိမ့်မည်။ သူသည် တန်ခိုးစွမ်းအားများနှင့် သိဒ္ဓိများအားလုံးကို ပိုင်ဆိုင်လိမ့်မည်။ သူသည် လူသားတို့ အကျိုးဆောင်ရခြင်းကို အမြဲဝမ်းမြောက်ပျော်ရွှင်သည်။ ဘုရားလက္ခဏာသွင်ပြင်ရှိသော ဤပုဂ္ဂိုလ်သည် ယခင်က ရှီရဒီတွင် နေသူဖြစ်လိမ့်မည်။ သူ ဆန္ဒပြုသမျှအားလုံး ဖြစ်မြောက်လိမ့်မည်။ သူသည် ဘုရားဝင်စားသူ ဖြစ်သည်'' ဟု ဟောထားသည်။

* စရီချင်နဒုရိုင်းသည် ဗြဟ္မနာဒီကို မေးကြည့်သောအခါ ဘဂဝမ်စရီဆာသိယဆိုင်းနှင့် ပတ်သက်၍ တိကျသော ရည်ညွှန်းချက်များကို တွေ့ရသည်။ ''သူ၏ဘဝတွင် ကြာသပတေးနေ့များသည် အလေးအမြတ်ထားသောနေ့များ ဖြစ်ကြလိမ့်မည်။ သူသည် ပုတ္တပါသီတွင် နေထိုင်သော သာမန်လူပုဂ္ဂိုလ်တစ်ဦးမျှသာ ဖြစ်သည်ဟူသော အထင်မှားခြင်းကို ဖန်တီးလိမ့်မည်။ သူသည် နာရာယန ဟူသောအမည်ကို ခံယူလိမ့်မည်။ သူသည် ရှီဗား-ရှပ်ကတိ ဝင်စားသူ၊ ရှီရဒီဆိုင်း ပြန်လည် ဝင်စားသူဖြစ်လိမ့်မည်။ စိတြာဝတီမြစ်ကမ်းရှိ အေးချမ်းသော ပတ်ဝန်းကျင်တွင် မွေးဖွားခဲ့သည့်သူသည် အထွတ်အထိပ် စိတ်တည်ငြိမ်မှု၏ ပြယုဂ်ဖြစ်လိမ့်မည်'' ဟု ပါရှိသည်။

* ပလာနီမြို့ ဆူဗရာမန်နီယာ ဆွာမိဘုရားကျောင်းတွင် ထိန်းသိမ်းထားသော နာဒီ၌ ရေးထားသည်မှာ ''တမီးလ် ကေရဲလားနှင့် ကာနာတကဒေသများ ပိုင်းရုံထားသည် အန္ဒရဒေသတွင် စိတြာဝတီမြစ်ကမ်း၌ ဘုရားသခင်ဝင်စားလိမ့်မည်။ သူ၏အမည်မှာ ဆာသိယနာရာယန ဖြစ်လိမ့်မည်။ သူသည် ကြီးမြတ်သော ယောဂီ၊ အထွတ်အထိပ် ယောဂီဖြစ်သည်။ သူသည် ဘယ်တော့မှ မအိပ်'' တဲ့။

* ကြီးမြတ်သော ရှစ်ရှီရသေ့ကြီး ပရာစရ ရေးသားခဲ့သော ပဒ်မ

ပူရဏ်ကျမ်းတွင် ''ပါတီ အမည်ရှိ ရွာတွင် ဆာသီယမ်အမည်ရှိ သူ မွေးဖွားလိမ့်မည်။ သူသည် အရပ် ၅ ပေ ၃ လက်မမြင့်မည်။ သူသည် တစ်ကမ္ဘာလုံးကို သူ့ထံ ဆွဲဆောင်နိုင်သည့် သံလိုက်ကဲ့သို့ လုပ်ဆောင်လိမ့်မည်'' ဟု ရေးထားသည်။ ပဒ်မပူရဏ်ကို ဝစ်လ်ဆန်ခေါ် အင်္ဂလိပ်လူမျိုးတစ်ယောက်က အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သည်ဟု ဘာဘာကိုယ်တိုင်က သူ၏တပည့်များကို ပြောကြားခဲ့သည်။ ဆာသီယဆိုင်းကို ရှင်းရှင်းလင်းလင်း ရည်ညွှန်းချက်များ ပါရှိသည့် ဂျေမီနီဘရာသမ်ကျမ်း၏ ပြည့်စုံသောမိတ္တူသည် စိတ်ဝိညာဉ်ဆိုင်ရာ အဆင့်မြင့်ပုဂ္ဂိုလ်အချို့၏ လက်တွင်ရှိသည်ဟုလည်း ဘာဘာက ပြောသည်။

* ဗစ်ရှ်နူးပူရဏ်တွင် သူ (ဆိုင်းဘာဘာ) သည် အမှန်တရားသစ်ခေတ်ကို တည်ထောင်ရာတွင် လူသားထက် လွန်ကဲသည့် ကြီးမြတ်သောတန်ခိုးစွမ်းရည်များကို ပြသလိမ့်မည်။ သူ့မိဘများသည် ဗစ်ရှ်နူးအရှင်မြတ်ကို ကိုးကွယ် ဆည်းကပ်သူများဖြစ်ကြပြီး စရီကရစ်သျှနား၏ နွားကျောင်းသား အသွင်ကို ကိုးကွယ်ကြသည့် ရွာတစ်ရွာတွင် နေထိုင်ကြလိမ့်မည်ဟု ဖော်ပြထားသည်။

* စရီအော်ရိုဗင်ဒိုသည် ကြီးမြတ်သော ယောဂီနှင့် မဟာရစ်ရှီရသေ့တစ်ပါး ဖြစ်သည်။ သူသည် ၁၉၂၃ ခုနှင့် ၁၉၂၆ ခုအကြားတွင် ပွန်ဒီချာရီမြို့ရှိ သူ၏ ကျောင်းသင်္ခမ်း၌ ပြင်းပြင်းပြပြ တရားအားထုတ်နေခဲ့သည်။ သူသည် လူသားတို့၏ စိတ်ဝိညာဉ်ဆိုင်ရာ အဆင့်မြင့်မားလာစေရေးအတွက် ကမ္ဘာပေါ်တွင် ဘုရားသခင် ဝင်စားကြွရောက်ပါရန် ဆုတောင်းနေခဲ့သည်။ ၁၉၂၆ ခု နိုဝင်ဘာလ ၂၄ ရက်နေ့တွင် သူသည် တရားအားထုတ် သမာဓိဝင်ရာမှ နိုးထလာပြီး ''မနေ့က ဘုရားသခင်ဟာ မြေပြင်ပေါ်မှာ ဝင်စားမွေးဖွားခဲ့တယ်။ သူရဲ့ အကန့်အသတ်မရှိတဲ့ ဘုရားတန်ခိုးတော်များနဲ့ သူဟာ လူသားတို့ရဲ့ စိတ်ဓာတ်ကို ပိုမို မြင့်မြတ်တဲ့ ပန်းတိုင်များရှိရာကို လမ်းညွှန်လိမ့်မယ်။ သူရဲ့ ဘုရားအသံတော်ဟာ လူသားတစ်ရပ်လုံးရဲ့ နားများမှာ မြည်ဟည်းလိမ့်မယ်'' ဟု ပြောကြားလေသည်။ မဟာရစ်ရှီအော်ရိုဗင်ဒို ပြောကြားခဲ့သော ရက်စွဲအရ သူသည် စရီဆာသိယဆိုင်းကို ရည်ညွှန်းကြောင်း ထင်ရှားလေသည်။

* တမန်တော် မိုဟာမက်၏ ပြောကြားချက်များကို သူ ကွယ်လွန်ပြီး ခုနစ်ရာစုအကြာတွင် အုပ်တွဲပေါင်း ၂၅ တွဲဖြင့် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ထိုစာအုပ်များ ညွှန့်ပေါင်းကို အလင်းရောင် သမုဒ္ဒရာဟု ခေါ်သည်။ "ကြွလာရန် ကတိပြုထားသည့် ဆရာကြီး" ဟု အဓိပ္ပာယ်ရသော အာရေဘစ်ဘာသာဖြင့် မဟီဒီမွဒ်ခေါ် အုပ်တွဲအမှတ် ၁၃ တွင် လာမည့် ကမ္ဘာ့ဆရာကြီးကို ဖော်ထုတ်နိုင်သည့် သင်္ကေတ အင်္ဂါရပ် တော်တော်များများကို ဖော်ပြထားသည်။ ၎င်းတို့မှာ "သူသည် ဦးခေါင်းပေါ်တွင် အလွန်ထူထပ်သော ဆံပင်များရှိမည်။ သူ၏ နဖူးသည် ကျယ်မည်။ သူ၏ပါးတွင် မွေးရာပါ အမှတ်ပါမည်။ သူ့မျက်နှာသည် အမြဲမှတ်ဆိတ်ကျင်စွယ်မရှိ။ သူသည် အဝတ်အစားအထက်အောက်တစ်စုံကိုသာ ဝတ်ဆင်မည်။ သူ့ဝတ်စုံသည် မီးတောက်အနီရောင် ရှိမည်။ သူ့မျက်နှာသည် တစ်ခါတစ်ရံ ကြေးနီရောင်၊ တစ်ခါတစ်ရံ ရွှေရောင်၊ တစ်ခါတစ်ရံ ညိုတိုတို၊ တစ်ခါတစ်ရံ လကဲ့သို့ရှိနေတတ်သည်။ သူ၏ ကိုယ်လုံးကိုယ်ထည်မှာ ဖေားသွယ်မည်။ သူ့ခြေထောက်များမှာ မိန်းကလေး တစ်ယောက် ခြေထောက်များကဲ့သို့ နုနယ်သိမ်မွေ့မည်။ သူ မွေးဖွားချိန်ကတည်းက သူသည် သူ၏ဦးခေါင်းထဲတွင် သိခြင်းအားလုံးကို သယ်ဆောင်မည်။ ထို့အတူ ကမ္ဘာ့ဘာသာအားလုံး၏စာစုနှင့် ကျင့်ဝတ်သီလ အားလုံးသည် သူ မွေးကတည်းက သူ့ထံတွင် တည်ရှိမည်။ သူသည် ဘုရားသခင်ထံ ဆုတောင်းသမျှအားလုံးကို ပေးနိုင်သည်။ ကမ္ဘာ့ချမ်းသာ ကြွယ်ဝမှုအားလုံးသည် သူ့ခြေရင်းတွင် တည်ရှိမည်။ သူသည် သူ့ကို ကိုးကွယ် ဆည်းကပ်သူများ အလယ်တွင် သွားရောက် လှုပ်ရှားကာ သူတို့၏ဦးခေါင်းများကို သူ၏လက်ဖဝါးနှင့် ပုတ်လိမ့်မည်။ သူ့ကို ဖူးမြင်ရသူအားလုံးသည် အထွတ်အထိပ်အမြိုက်သုခကို ခံစားရမည်။ သူသည် ၉၅ နှစ်ကြာ နေထိုင်လိမ့်မည်။ (သူသည် အသက် ၉၆ နှစ်တွင် သေဆုံးမည်ဟု ပြောကြားခဲ့သော်လည်း တပည့်အချို့ ခံစားရမည့် ရောဂါဝေဒနာများကို သူက ကိုယ်စား ဝင်ရောက်ခံယူခဲ့မှုများကြောင့် အသက်တိုကာ ၈၄ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သည်ဟု သူကွယ်လွန်ပြီး သုံးနှစ်ကျော်အကြာတွင် လူ့ပြည်သို့ ၁၀ ရက်ကြာ ပြန်လာနေထိုင်ရင်း ဆာသီယ ဆိုင်းဘာဘာက ရှင်းလင်းပြောကြားခဲ့ပါသည်) သူသည် တောင်ကုန်းတစ်ခုတွင် နေထိုင်လိမ့်မည်။ သူသည် ကမ္ဘာကြီးကို ငြိမ်းချမ်းမှု၊

ငြိမ်သက်မှုတို့နှင့် ပြည့်ဝစေလိမ့်မည်။ ဤကမ္ဘာ့ အရှင်သခင်သည် သူ၏ သင်္ကေတ အသွင်သဏ္ဍာန်များ (လိင်္ဂမ်များ) ကို သူ့ကိုယ်တွင်းမှ အာခံတွင်းမှ ထုတ်ပေးလိမ့်မည်'' ဤသို့အားဖြင့် ဘဂဝမ်စရီဆာသီယဆိုင်းကို မမှားမယွင်းနိုင်အောင် ရှင်းရှင်းလင်းလင်း ရည်ညွှန်းချက် ၂၇ ခုအထိ ဖော်ပြပါရှိခဲ့လေသည်။

* ပြင်သစ်ရှေ့ဖြစ်မြင် ပညာရှင်ကြီး နော့ဆရာဒေးမတ်စ်က ၁၆ ရာစုတွင် ''ရာစုနှစ်များ'' ခေါ် စာအုပ်ကို ရေးခဲ့သည်။ ထိုစာအုပ်ထဲတွင် ကမ္ဘာကို အုပ်စိုးမည့်သူသည် အာရှတိုက်တွင် ပေါ်ပေါက်လိမ့်မည်ဟု ဖော်ပြထား၏။ ပင်လယ်သုံးခု ဝိုင်းရံသောဒေသတွင် သူ့ကို ဖွားမြင်လိမ့်မည် သူက ကြာသပတေးနေ့များကို အထူးအမြတ်ထားလိမ့်မည်။ ကမ္ဘာတိုင်းပြည်များအားလုံးသည် သူ၏အကန့်အသတ်မရှိသော တတ်သိမှုနှင့် တန်ခိုးစွမ်းပကားတို့အတွက် သူ့ကို အံ့သြ ချီးကျူးကြလိမ့်မည်။ ကမ္ဘာအရပ်ရပ်မှ လူများသည် သူ့ကို လာရောက် ဂုဏ်ပြုကြလိမ့်မည်ဟု ပါရှိ၏။

* သမ္မာကျမ်းစာ လုစ်ဟချက်များ အခန်းတွင် ဆရာသခင်ကြီး ကြွရောက်လာမည်ကို ဖော်ပြထားသည်။ ဘုရားသခင်၏ တမန်တစ်ပါးသည် ဥျန်၏ရှေ့မှောက်သို့ လာရောက်ပြီး ထုတ်ဖော် ပြောကြားသည်မှာ ''မြင်းဖြူ တစ်စီးကို ရှုမြင်လော့။ ထိုမြင်းပေါ်၌ ထိုင်နေသူကို သစ္စာရှိ မှန်ကန်သူဟု ခေါ်၏။ (ဆာသီယသည် သစ္စာ အမှန်အကန်ဟု အဓိပ္ပာယ်ရ၏) သူ၏မျက်လုံးများသည် မီးတောက်ကဲ့သို့ဖြစ်၏။ သူ၏ဦးခေါင်းပေါ်တွင် သရဖူအများအပြားရှိ၏။ (ဆာသီယဆိုင်းဘာဘာတွင် ထိုးထိုးထောင်ထောင် ဆံပင်များ ရှိသည်ကို ရည်ညွှန်း၏) သူသည် သွေးတွင် နှစ်ထားသော ဝတ်ရုံကို ဆင်မြန်း၏။ (ဘာဘာကြီး၏ နီဝါရောင်ဝတ်စုံကို ရည်ညွှန်းသည်) သူ့အမည်ကို ဘုရားသခင်၏ နှုတ်ခပတ်တော်ဟု ခေါ်သည်။ သူ၏ခံတွင်းမှ အသွားထက်သော ဓားပေါ်ထွက်လာသည်'' တဲ့။

ဤသို့လျှင် ဘဂဝမ်စရီဆာသီယ ဆိုင်းဘာဘာကို ရှေးခေတ်ပေါ် ဘာဘာရေး စာပေကျမ်းဂန် အများအပြား၌ ဖော်ညွှန်းခဲ့ကြလေသည်။

# အခန်း [၅]

# ဓမ္မကို ပြန်လည်ဖော်ထုတ်ခြင်း

ဓမ္မ မေးမှိန်လာတိုင်း ကျွန်ုပ်ဟာ မိမိကိုယ်မိမိ ဖန်ဆင်းတယ်။ စကြဝဠာရဲ့ စိတ်ဝိညာဉ်ဆိုင်ရာ ဖွဲ့စည်းတည်ဆောက်မှုကို ကာကွယ်စောင့်ရှောက်ဖို့ဟာ ကျွန်ုပ်ရဲ့ မူလဘူတ ဆုံးဖြတ်ချက် သို့မဟုတ် အလိုတော်ဖြစ်လို့ပဲ။ ကျွန်ုပ်ဟာ ကျွန်ုပ်ရဲ့အသွင်မဲ့ အနှစ်သာရကို ဖယ်ရှားပြီး ကျွန်ုပ် ကြွလာခြင်းရဲ့ ရည်ရွယ်ချက်နဲ့ ကိုက်ညီမယ့် နာမတော်နဲ့ အသွင်ကို ခံယူလိုက်တယ်။ အဆိုးက အကောင်းကို အနိုင်ယူဖို့ ခြိမ်းခြောက်တိုင်း အကောင်းကို ကျဆင်းခြင်းက ကယ်ဆယ်ဖို့ ကျွန်ုပ် လာရတယ်။

## ဘုရားကျောင်းများကို ရှင်သန်တက်ကြွလာစေခြင်း၊ ဘဒရီနတ်သ်

ဘဂဝမ်က သူ လူဝင်စားအဖြစ် ခံယူခြင်း၏ အရေးပါသော ရည်ရွယ်ချက်များအနက် တစ်ခုမှာ ရှေးဟောင်းဘုရားကျောင်းများရှိ အကိုးကွယ်ခံပုဂ္ဂိုလ်များ၏ ဘုရားဓာတ်အာနိသင်ကို အားသစ်လောင်းပေးရန် ဖြစ်သည်ဟု မကြာခဏ ပြောကြားခဲ့လေသည်။ ဤအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ဘာဘာသည် ၁၉၆၁ ခု ဇွန်လ ၁၁ ရက်နေ့တွင် ဟိမဝန္တာတောင်ခြေ ဥတ္တာပရာဒက်ရှ်ဒေသရှိ နာမည်ကျော် ဘဒရီနတ်သ် ဘုရားကျောင်းသို့ ကြွရောက်ခဲ့လေသည်။ သူနှင့်အတူ သူ့မိဘများနှင့် ကိုးကွယ်ဆည်းကပ်သူတော်တော်များများ လိုက်ပါခဲ့ကြသည်။ ဥတ္တာပရာဒက်ရှ် အုပ်ချုပ်ရေးမှူး

စရီဘူရှ်ဂူလာရာမာကရီသျှဏရောင်းက ဟာဒ်ဝါမြို့တွင် ဘုရားဖူးအဖွဲ့နှင့် လာရောက် ပူးပေါင်းသည်။ "ပုံမှန်အားဖြင့် ကိုးကွယ်ဆည်းကပ်သူတွေဟာ ဘဒရီကို အဲဒီမှာရှိတဲ့ နာရာယနအရှင်မြတ်ကို ဖူးဖို့သွားကြတယ်။ သင်တို့က တော့ အဲဒီက ဘုရားကျောင်းမှာရှိတဲ့ ရုပ်တုတွေကို ဖူးဖို့ နာရာယန အရှင်မြတ်နဲ့ အတူ သွားနေကြတယ်" ဟု ဘာဘာက သူတို့ကို အရွှန်းဖောက်လေသည်။ ဘဒရီနတ်သ်ဘုရားကျောင်း၏ စိတ်ဝိညာဉ်ဆိုင်ရာ ဂုဏ်ကျက်သရေကို ဤသို့ ပြောကြားခဲ့သည်။ "ကြီးမြတ်တဲ့ တပသီကြီး ဆန်ကာရချာရိယဟာ ရှီးဗား အရှင်မြတ်ကို ဆုတောင်းတော့ လိင်္ဂမ် ၅ ခု ရခဲ့တယ်။ သူဟာ လိင်္ဂမ်တစ်ခု စီကို ဟိမဝန္တာဒေသ ဥတ္တာပရာဒက်ရှ်က ဘဒရီ ဩရိသအရပ်က ပူရီ၊ ကာနာတကကဆရင်ဂါရီ၊ ဂူဂျရတ်ကဒွါရကနဲ့ တမီးလ်နာဒူးဒေသက ချီဒမ် ဗရမ် အရပ်တွေမှာ တည်ထားခဲ့တယ်"။

ကိုးကွယ်ဆည်းကပ်သူ ၂၀၀ နီးပါး စိတ်ဝင်စားစွာ စောင့်ကြည့်နေ ကြခိုက်တွင် ဘာဘာသည် ဖွင့်ထားသော သူ့လက်ကို ဝှေ့ယမ်းလိုက်ပြီး ပွင့်ချပ်တစ်ထောင် ပါဝင်သည့် ရွှေကြာဖူးကို တင်ထားသည့် ရွှေပန်းကန် ပြားကို ဖန်ဆင်းလိုက်သည်။ သူသည် ထိုရွှေကြာဖူးကို ငွေဖြင့် ပြုလုပ်ထား သော အခြားပန်းကန်ပြား တစ်ချပ်သို့ ပြောင်းရွှေ့လိုက်သည်။ သူ၏လက်ကို နောက်တစ်ခါ ဝှေ့ယမ်းပြီး လိင်္ဂမ်တစ်ခုကို ထုတ်လုပ်လိုက်သည်။ ယင်းသည် လွန်ခဲ့သည့် နှစ်ပေါင်း ၁၂၀၀ က ဘဒရီနတ်သ် အရှင်မြတ် ရုပ်တုအောက် တွင် အဒိဆန်ကာရကိုယ်တိုင် မြှုပ်နှံခဲ့သော နက်သရလိင်္ဂမ် ဖြစ်သည်ဟု သူက ပြောပြ၏။ ရုပ်တုတော်ကို ကိုးကွယ် ဆည်းကပ်သူများက နေ့စဉ် လာရောက် ဖူးမြော်ဝတ်ပြုနေကြခိုက်တွင် ထိုလိင်္ဂမ်သည် စတင်မြှုပ်နှံကတည်း က အောက်ခြေတွင် ဖုံးကွယ်နေခဲ့၏။ ယခုမှသာ ယင်းကို ဝတ်ပြုနိုင်ကြ စေရန် ဘာဘာက ထုတ်ယူခဲ့ခြင်းဖြစ်၏။ သက္ကတဘာသာတွင် နက်သရမ် ဆိုသည်မှာ မျက်လုံးဟု အဓိပ္ပာယ်ရ၏။ အမည်နှင့် လိုက်ဖက်စွာပင် နက် သရာလိင်္ဂမ်သည် ကျယ်ကျယ်ဖွင့်ထားသော မျက်လုံးတစ်လုံးကို ရှင်းရှင်း လင်းလင်းပြနေသည်။ ဘာဘာသည် ယင်းကို ရွှေကြာပန်းပေါ်၌ တင်လိုက် ၏။ နောက်တစ်ကြိမ် လက်ကို ဝှေ့ယမ်း၍ သူသည် ဂင်္ဂါမြစ် မြစ်ဖျားခံရာ ဂန်ဂေါ့ထရီမှ ရေများ အပြည့်ပါသည့် ငွေခွက်တစ်ခွက်ကို ထုတ်လုပ်လိုက်

ပြန်သည်။ သူသည် ခွက်အောက်ခြေကို သူ၏လက်ချောင်းဖြင့် ထိလိုက်သည်။ ထိုလက်ချောင်းကို ပြန်ရုပ်လိုက်သောအခါ နက်သရာလိင်္ဂမ်ပေါ်သို့ ရေစီးကျလာလေသည်။ (ဘိသိက်သွန်းခြင်း) သူ့လက်ချောင်းနှင့် ထိလိုက်ခြင်းသည် ခွက်အောက်ခြေတွင် အပေါက်ဖြစ်သွားစေခဲ့ဟန် တူလေသည်။ ရေစင်သွန်းခြင်း ပြီးသွားသည့်အခါ ဘာဘာက သူ့လက်ကို လှုပ်လိုက်သည်။ ရွှေပန်း၊ ငွေပန်းများ ထွက်ကျလာကာ နက်သရာ လိင်္ဂမ်ကို ဖုံးလွှမ်းသွားလေသည်။ (ပန်းရေစင်သွန်းခြင်း) ရှီးဗားအရှင်မြတ်သည် သမ္မီပန်းများကို နှစ်ခြိုက်သည်ဟု အဆိုရှိ၏။ ဤအကြောင်းကို ဘုရားကျောင်းထိုင် ဘုန်းကြီးက ဘာဘာ့ကို တင်ပြသောအခါ ဘာဘာသည် လတ်လတ်ဆတ်ဆတ် သမ္မီပန်းတစ်ဆုပ်ကို ဖန်ဆင်းလိုက်ပြီး နက်သရာလိင်္ဂမ်ကို ပူဇော်လိုက်လေသည်။ ဤသို့ ပူဇော်လိုက်ခြင်းအားဖြင့် ဘဂဝမ်သည် နက်သရာလိင်္ဂမ်ကို ရှင်သန် တက်ကြွလာစေခဲ့ပြီး သူ၏အဲ့ဖွယ်သရဲ တန်ခိုးတော်ဖြင့် ယင်းကို ဘဒရီနတ်သ် အရှင်မြတ် ရုပ်တု၏အောက် မမြင်နိုင်သောနေရာ၌ ပြန်လည် ထားရှိခဲ့လေသည်။

ပုတ္တပါတီသို့ ပြန်လည် ရောက်ရှိသောအခါတွင် ဘာဘာသည် ဘဒရီနတ်သ် ဘုရားဖူး ခရီးစဉ်တွင် မလိုက်ပါနိုင်ကြသော ကိုးကွယ် ဆည်းကပ်သူများအား ဤသို့ ပြောကြား၏။ "ဘုရားဖူးခရီးမှာ မလိုက်နိုင်ဘဲ အဲဒီက ရရှိတဲ့ စိတ်ဝိညာဉ်ဆိုင်ရာ ဆုလာဘ်တွေကို လက်လွှတ်ခဲ့ရတဲ့အတွက် စိတ်မပျက်ကြနဲ့။ စရီနာရာယန အရှင်မြတ်ဟာ ဒီမှာ သင်တို့နဲ့အတူ သင်တို့ဘေးမှာ သင်တို့ရှေ့မှာ ရှိနေတယ်။ ဒီနာရာယနကို သင်တို့ ကျေနပ်အားရအောင် ဖူးမြော်ကြ၊ အဝေးကြီးမှာ တည်ရှိနေတဲ့ နာရာယနအသွင် ရုပ်တုကို ဖူးမြော်ဖို့ သင်တို့ ဘာကြောင့် တမ်းတနေကြသလဲ။ သင်တို့ရှေ့မှောက်မှာ ဒီနေရာမှာ ရှိနေတဲ့ သက်ရှိ နာရာယနအသွင်ကို ကြည်ညို သဒ္ဓါထား စိတ်ဝိညာဉ်ဆိုင်ရာ အမြိုက်သုခရအောင် ကိုးကွယ်ဖူးမြော်ကြ"

## ဟာရာကာသီ

ဘဂဝမ်၏ လက်တော်တွင် အလားတူ ကရုဏာတော်ဖြင့် စိတ်ဝိညာဉ်ဆိုင်ရာ အားသစ်လောင်းမှု ခံယူရသည့် အခြားရှေးဟောင်း ကိုးကွယ်ဝတ်ပြုရာ ဌာနတစ်ခုရှိသည်။ ဤအကြိမ်တွင် ထွက်သောခရီးမှာ ၁၉၆၁ ခု ဧပြီလ

၂ ရက်နေ့တွင် ဗာရာဏသီသို့ သွားရောက်ခြင်း ဖြစ်သည်။ ဆွာမိ၏မိဘများ ထိုစဉ်က ဥတ္တာပရဒက်ဒေသ အုပ်ချုပ်ရေးမှူး ဘူရ်ဂူလာရာမာကရှိသျှဏရောင်း နှင့် အခြားသူများ လိုက်ပါခဲ့ကြသည်။ ဗိစ်ဝေဆွာရ အရှင်မြတ် (စကြဝဠာ အရှင်) ၏ လိင်္ဂမ်အနီးသို့ ရောက်သောအခါ ဘာဘာသည် ကိုင်လာစဝိဘူသီး ကို သူ၏ ထုံးစံအတိုင်း ဖန်ဆင်းပြီး လိင်္ဂမ်၏မျက်နှာတွင် ကျယ်ပြန့်သော အကွင်းကြီး သုံးကွင်းသုတ်လိမ်းလိုက်သည်။ သူသည် စန္ဒကူးနံ့သာကိုလည်း ဖန်ဆင်းပြီး ဝိဘူသီးအကွင်းကြီးများအလယ်တွင် နံ့သာဖြင့် အစက်အပြောက် ကြီးတစ်ခု ရေးဆွဲကာ လိင်္ဂမ်ကို အလှဆင်သည်။ ထို့နောက် သူသည် စိန်၊ ပတ္တမြား၊ မြအကွင်းများဖြင့် ပြိုးပြိုးပြက်ပြက် တောက်ပနေသည့် အဆင် တန်ဆာတစ်ခုကို ဖန်ဆင်းလိုက်ပြီး စန္ဒကူးနံ့သာ အစက်အပြောက်ကြီးပေါ်တွင် တင်လိုက်သည်။ မျက်စိတစ်မှိတ်အတွင်းမှာပင် ထိုတန်ဆာသည် လိင်္ဂမ်ပေါ် ၌ ခိုင်ခိုင်မြဲမြဲ စွဲကပ်သွားလေသည်။ ဗာရာဏသီ၏ ဗိစ်ဝေဆွာရ အရှင်မြတ် သည် ပို၍ အသရေတင့်သွားလေသည်။

## ဆောမနတ်သ်

ဂျမ်းနဂါးပြည်နယ် ရာဇမာတာ (မဟာရာနီ) ၏ ပင့်ဖိတ်ချက်အရ ဘာဘာသည် ဂူဂျရတ်မြို့ရှိ ဆောမနတ်သ် ဘုရားကျောင်းသို့ ကြွရောက်ခဲ့၏။ ဆောမ ဆိုသည်မှာ ဆ+ဥမ္မာ ဆိုလိုသည်မှာ ရှီးဗား အရှင်မြတ်နှင့် သူ၏ ကြင်ရာတော် ပါရ်ဗာသီဟုလည်း သိကြသော ဥမ္မာတို့အတူတကွဟု အဓိပ္ပာယ် ရ၏။ ဃဇ်နီဘုရင် မိုဟာမက်ဒ်သည် အိန္ဒိယကို အကြိမ်တော်တော်များများ တိုက်ခိုက်ခဲ့ကြောင်းသမိုင်းတွင် ထင်ရှား၏။ သူသည် ချမ်းသာ ကြွယ်ဝသော ထိုဘုရားကျောင်းကို အကြိမ်ကြိမ် လုယက် ဖျက်ဆီးကာ စိန်ရွှေ အဆင်တန်ဆာ အများအပြားကို ယူဆောင်သွား၏။ နောက်ဆုံးအကြိမ် လုယက်ရာတွင် သူသည် ခံ့ညားထည်ဝါသော ရှီးဗားလိင်္ဂမ်ကို အမြစ်မှ တူးဖော်ကာ အောက်ခြေတွင် မြှုပ်နှံထားသော ကျောက်မျက်ရတနာများကို လုယူသွားလေသည်။ မလေးမစား မတော်မလျော်ပြုခြင်းခံရသည့် မူလ လိင်္ဂမ်၏နေရာတွင် ဘုရားကျောင်းထိုင် ဘုန်းကြီးများက ကျောက်သားလိင်္ဂမ်အသစ်တစ်ခုထားရှိပြီး အစဉ်အလာမပျက် ရှိသေ လေးမြတ်စွာ ဝတ်ပြု ကိုးကွယ်ခဲ့ကြလေသည်။

ဂျမ်းနဂါးမဟာရာဇာဒစ်ဂ်ဝိဇယ ဆဟာက်ဘ်က ဘုရားကျောင်းကို မူလ အတိုင်း ပြန်လည် အသရေ လျှမ်းတင့်လာစေလိုသည်။ လိုအပ်သော အရင်း အနှီးနှင့် လုပ်အားတို့မှာ ကြီးမား များပြားလှသော်လည်း သူသည် မဆုတ်မနစ် ကြိုးပမ်း လုပ်ဆောင်ကာ ကြီးကျယ်လှသော မျှော်စင်ကြီးတစ်ခုဖြင့် ဘုရား ကျောင်းကို အလှသရဖူဆောင်းပေးခဲ့လေသည်။ ဒစ်ဂ်ဝိဇယဂေါပူရမ် (ဘုရား ကျောင်းမျှော်စင်) ဟု အမည်ပေးထားသော ထိုမျှော်စင်ကို ဘဂဝမ် ဆိုင်း ဘာဘာက ဖွင့်လှစ်ပေးခဲ့လေသည်။ ဘုရားကျောင်း၏ အမြင့်မြတ်ဆုံးနေရာ (ကျက်သရေခန်း) ကို ဝင်ရောက်ပြီး ရွှေဗစ်လ်ဗာရွက်များကို ဖန်ဆင်းကာ (ဗစ်လ်ဗာရွက်များကို ရှီးဗားအရှင်မြတ်က နှစ်မြို့က်သည်ဟု ယူဆကြသည်) သူသည် လေးပေမြင့်သော လိင်္ဂမ်ပေါ်သို့ ကြဲချ ဘိသိက်သွန်းလေသည်။ မြင်ရသော လိင်္ဂမ်၏အောက်ခြေတွင် မမြင်နိုင်သော ဂျိုတိရ်လိင်္ဂမ် (ရောင်လျှံ ဖြာလိင်္ဂမ်) ရှိသည်ဟု သူက ကြေညာသည်။ သူ၏တန်ခိုးတော်ဖြင့် ထိုလိင်္ဂမ်ကို သူ့လက်ထဲသို့ ရောက်ရှိလာစေပြီး စုရုံး ရောက်ရှိနေကြသူများကို ပြသသည်။ ၎င်းသည် လျှပ်စီးလက်သကဲ့သို့ တလက်လက် တောက်နေသည်။ သူ့လက် တော်ဖြင့် ထိတွေ့ကာ ထိုအရာကို အားသစ်လောင်း ပြီးနောက် သူသည် ဘဒရီနတ်သ်မှာကဲ့သို့ ထိုအရာကို မမြင်ရသော မူလနေရာသို့ ပြန်မပို့ဘဲ "အခုကစပြီး ဒီဘုရားကျောင်းဟာ အစဉ်သဖြင့် တိုက်ခိုက်မှု မခံရတော့ဘူး။ ဘယ်အရပ်က ဖျက်ဆီးသူမှ ဒီဘုရားကျောင်းကို သူ့ရဲ့မကောင်းတဲ့လက်နဲ့ မထိတွေ့စေရတော့ဘူး။ ဒီဘုရားကျောင်းမှာ အန္တရာယ်မရှိတော့ဘူး။ ဒါကြောင့် ကျွန်ုပ်ဟာ ဒီလိင်္ဂမ်ကို အများပြည်သူတွေ လွတ်လွတ်လပ်လပ် ဖူးမြင် ကိုးကွယ် နိုင်ကြအောင် တည်ထားပေးမှာဖြစ်တယ်"ဟု ပြောကြားသည်။ ထို့နောက် သူသည် ငွေအောက်ခံခုံတစ်ခု ဖန်ဆင်းပြီး ထိုအပေါ်တွင် လိင်္ဂမ်ကို တင်ထား လိုက်လေသည်။

## ဒွါရကာ

ဤခရီးစဉ်အတွင်းတွင် ဘာဘာနှင့် နောက်ပါ ကိုးကွယ်ဆည်းကပ် သူများသည် ကရိသျှဏာ အရှင်မြတ်၏ စံဌာနဖြစ်သော ဒွါရကာသို့ ရောက်ရှိ လာကြ၏။ ဆွာမိသည် ဘုရားကျောင်း ပရိဝုဏ်အတွင်းသို့ ဝင်ရောက်ကာ

သူ၏ခြေတော်နှင့် ထိတွေ့စေခြင်းအားဖြင့် ဘုရားကျောင်းကို မွန်မြတ် သန့်စင်စေခဲ့၏။ မျက်မှောက်ခေတ်၏ ဆိုင်းကရိသျှဏ အရှင်မြတ်သည် စုရုံးရောက်ရှိလာကြသည့် ကိုးကွယ်ဆည်းကပ်သူ ထောင်ပေါင်းများစွာတို့အား ဖူးမြင်ခွင့်ကို ပေး၏။ ထိုနောက် သူသည် ပင်လယ်ကမ်းခြေသို့ ကြွရာ ကိုးကွယ်ဆည်းကပ်သူများ လိုက်ပါလာကြ၏။ သူသည် ပင်လယ်ကမ်းခြေ သဲပြင်တွင် လိုက်ပါလာကြသူများအား သူ့ပတ်ဝန်းကျင်၌ ဝိုင်း၍ ထိုင်ခိုင်းကာ သဲပုံကလေး တစ်ပုံ ပုံ၍ အပုံထဲမှာ ကရိသျှဏ၏ ရွှေရုပ်တုကလေးတစ်ရုပ်ကို ဆွဲထုတ်လိုက်လေသည်။ "ဒီအံ့ဖွယ်အဖြစ်အပျက်ဟာ ဒွါရက ဘုရားကျောင်းကို တန်ခိုးအာနိသင် ပြန်လည် ပြည့်ဝသွားစေတယ်" ဟု ဘဂဝမ် ဆိုင်းဘာဘာက ကြေညာခဲ့လေသည်။

## စရီဆိုင်းလမ်

စရီဆာသီယ ဆိုင်းဘာဘာနှင့် ထိတွေ့မှုဖြင့် စိတ်ဝိညာဉ်ဆိုင်ရာ အားသစ်လောင်းခြင်းခံရသော အခြားဌာနတစ်ခုမှာ အန္ဓရာပရာဒက်ရှ်ပြည်နယ် စရီဆိုင်းလမ်မြို့ရှိ မလ္လိကာဇုန အရှင်မြတ် (ရှီးဗားအရှင်မြတ်) ၏ ဘုရားကျောင်းဖြစ်၏။ ဘဂဝမ်သည် ထိုကျောင်းသို့ ၁၉၆၃ ခု ဇန်နဝါရီလ ၅ ရက်တွင် ကြွရောက်၏။ ဆောမနတ်သ်ဘုရားကျောင်းမှာကဲ့သို့ပင် ဘာဘာသည် ဘုရားကျောင်း၏ အမြင့်မြတ်ဆုံးနေရာသို့ ဝင်ရောက်ပြီး ရွှေသမ္ဘီရွက်များနှင့် ရွှေဗစ်လ်ဗာပန်းများ ဖန်ဆင်းကာ မလ္လိကာဇုန အရှင်မြတ်၏ရုပ်တုတော်ကို ဘိသိက်သွန်းခဲ့လေသည်။

## ပန္ဒာပူရ်

၁၉၆၅ ခု ဇွန်လ ၁၃ ရက်တွင် ဘာဘာသည် မဟာရဋ္ဌရပြည်နယ် ပန္ဒာပူရ်မြို့ရှိ ဘုရားကျောင်းသို့ ကြွရောက်၏။ ထိုကျောင်း၌ ကရိသျှဏ အရှင်မြတ်ကို ပန္ဒုရန်ဂဗစ်တယ်လ်အဖြစ် ကိုးကွယ်ကြ၏။ ဘာဘာသည် အမြင့်မြတ်ဆုံးအတွင်းပိုင်းသို့ ဝင်ရောက်ပြီး ပန္ဒုရန်ဂအရှင်မြတ်နှင့် သူ၏ ကြင်ရာတော် ရု(က်)မီနီဒေဝီတို့၏ ရုပ်တုများကို ဖူးမြော်ကာ ကြောင် ကျောက် လည်ဆွဲတစ်ခု ဖန်ဆင်းပြီး အရှင်မ၏ လည်ပင်းတွင် ဆင်မြန်းပေးလိုက်လေသည်။

ဤသည်တို့မှာ အရေးပါသော ကိုးကွယ်ဝတ်ပြုရာဌာနများကို ဘဂဝမ် စရီဆာသိယဆိုင်းဘာဘာ ကြွရောက်ပြီး ယင်းတို့တွင် သီတင်းသုံးနေသော အကိုးကွယ်ခံ ဝတ္ထုများ၏ စိတ်ဝိညာဉ်ဆိုင်ရာ တန်ခိုးအာနိသင်ကို အားသစ် လောင်းပေးသည့်ကိစ္စများ ဖြစ်ကြသည်။ ဘုရားကျောင်းတိုင်းသည် ဆွာမိ ကိုယ်တိုင် ကိန်းအောင်းသော စံဌာနများ ဖြစ်ကြသည်။ လူ့ကိုယ်ခန္ဓာသည် ဘုရားစံရာဌာနဖြစ်၍ ဘုရားကျောင်းဖြစ်သည်။ လူ့ကိုယ်ခန္ဓာကို ပိုင်ဆိုင်သူ သည် အစစ်အမှန်ဘုရားဖြစ်သည်။

## ဝေဒကျမ်းလာဓမ္မကို ပြန်လည် အသက်သွင်းပေးခြင်း

ဘဒရီနတ်သ်မှ ပြန်လာပြီး လအနည်းငယ်အကြာတွင် ဘဂဝမ်သည် ပရရှန္တိနိလာယမ်တွင် ယဇ်ပူဇော်ပွဲတစ်ရပ် ကျင်းပရန် ဆုံးဖြတ်လေသည်။ သူ၏ညွှန်ကြားချက်များအရ အိန္ဒိယပြည် မြောက်ပိုင်းနှင့် အန္ဓရ ပရာဒက်ရှ် ဒေသ တောနဆီးမအရပ်မှ ဝေဒပညာရှင် တော်တော်များများသည် ပုတ္တပါတီ တွင် စုရုံးကြလေသည်။ ယဇ်ပူဇော်ပွဲကို ဝေဒကျမ်းဂန်များနှင့်အညီ တိတိ ကျကျ ဆောင်ရွက်ကြရန် ဘာဘာက ညွှန်ကြားလေသည်။ "ကျွန်ုပ် ဝင်စားမှု လုပ်ငန်းရဲ့ တစ်စိတ်တစ်ပိုင်းအဖြစ် ကျွန်ုပ်ဟာ နွားနဲ့ဗရာမင် (ပုဏ္ဏား) ကို ကောင်းကောင်းဂရုစိုက်ဖို့နဲ့ ဝေဒကျမ်းတွေ အားဖြည့်ဖို့ အုတ်မြစ်ချပြီး အဲဒီ ကမှတစ်ဆင့် ဝေဒကျမ်းလာဓမ္မကို ပြန်လည် အသက်သွင်းပေးသွားမှာ ဖြစ် တယ်" ဟု ကြေညာလေသည်။

ယဇ်ပူဇော်ပွဲလုပ်ငန်းများကို ခုနစ်ရက်ကြာခဲ့ဖြန့် ဆောင်ရွက်လေသည်။ ၁၉၆၁ ခု အောက်တိုဘာလ ဒွတ်ဆဲရပွဲလမ်းများနှင့် အချိန်ကိုက် ကျင်းပ ခြင်း ဖြစ်လေသည်။ လုပ်ငန်းအသီးသီးကို ထူးချွန် ထင်ရှားသော ဝေဒပညာ ရှင်များက ကြီးကြပ်ကြသည်။ နိဂုံးချုပ်နေ့တွင် ဘဂဝမ် စရီဆာသိယ ဆိုင်း ဘာဘာက "ကျွန်ုပ် ဝင်စားခြင်းရဲ့ ရည်ရွယ်ချက်က ဓမ္မကို တည်ထောင်ပြီး ဒေသတိုင်းက လူတွေအတွက် ငြိမ်းချမ်းမှု၊ စိတ်တည်ငြိမ်မှုနဲ့ ပျော်ရွှင်မှုကို ရယူပေးဖို့ ဖြစ်တယ်။ ကျွန်ုပ်ရဲ့အလိုတော်ဟာ နောက်ကို ပြန်မလှည့်ဘူး။ ကျွန်ုပ်ရဲ့လုပ်ငန်းရှေ့သို့ ချီတက်မှုကို ဘယ်သူမှ မတွန်းလှန်နိုင်ဘူး။ အဲဒါဟာ အောင်ပွဲခံရမယ်။ ဒါဟာ သေချာတယ်။ အပြည့်အဝ သေချာတယ်" ဟု ပြောကြားခဲ့လေသည်။

"ပရရှန္တိနီလာယမ်မှာ ကျင်းပတဲ့ ယဇ်ပူဇော်ပွဲတွေရဲ့အဆုံးစွန် ပန်းတိုင်ဟာ အနာခံခြင်း ဖြစ်တယ်။ တစ်နည်းပြောရရင် မိမိတို့ လုပ်ကိုင်ဆောင်ရွက်မှုများရဲ့ အကျိုးတွေကို စွန့်လွှတ်ခြင်းကနေ ထွက်ပေါ်လာတဲ့ စိတ်ဝိညာဉ်ဆိုင်ရာ အမြိုက်သုခ ရရှိဖို့ဖြစ်တယ်။ အဲဒီလို ယဇ်ပူဇော်မှုဟာ လူတစ်ဦးတစ်ယောက် တိုင်းပြည်တစ်ပြည်ရဲ့ အကျိုးအတွက် မဟုတ်ဘူး။ စကြဝဠာတစ်ခုလုံး ကောင်းစားရေးအတွက် ဖြစ်တယ်" ဟုလည်း ဘဂဝမ်က ပြောကြားခဲ့လေသည်။

## မှန်ကန်တဲ့ မုဟူအာသမ် (မင်္ဂလာအချိန်) ကို ဘယ်သူသိသလဲ။

ယဇ်ပူဇော်ပွဲအတွက် မင်္ဂလာအချိန်ကို ဘဂဝမ်က ၁၉၆၁ ခု အောက်တိုဘာလ ၁ ရက် နံနက် ၉း၃၀ နာရီဟု သတ်မှတ်သည်။ ထိပ်သီးဝေဒပညာရှင်များက အချင်းချင်း ညှိနှိုင်း တွက်ချက်မှုများ လုပ်ဆောင်ကြပြီး နက္ခတ်တာရာများ အနေအထားနှင့် နက္ခတ္တဗေဒအရ နံနက် ၇း၃၀ နာရီသည် ယဇ်ပူဇော်ပွဲ ကျင်းပရာကွင်းသို့ စတင်ဝင်ရောက်ရန် အသင့်တော်ဆုံးအချိန် ဖြစ်ပါသည်ဟု တင်ပြကြလေသည်။ ဆွာမိက "၉း၃၀ နာရီဟာ ပိုမို သင့်တော်တဲ့အချိန် ဖြစ်တယ်လို့ ကျွန်ုပ် ယူဆတယ်။ ပြန်စဉ်းစားကြပါဦး" ဟု ပြောလေသည်။ ပညာရှင်များက ၉း၃၀ နာရီသာ အသင့်တော်ဆုံးအချိန် ဖြစ်ပါသည်ဟု ထပ်မံ တင်ပြကြလေသည်။ ဆွာမိက သဘောတူလိုက်သည်။ သူတစ်ချက်ပြုံးလိုက်သည်ကိုတော့ သူတို့ သတိမထားလိုက်မိကြချေ။

သတ်မှတ်ထားသောနေ့တွင် ဦးစီး ဦးဆောင် ဝေဒပညာရှင်များသည် နံနက်စောတွင် စိတြာဝတီမြစ်၌ အစဉ်အလာအတိုင်း ရေချိုးကြပြီး ၆း၃၀ နာရီတွင် နေနတ်မင်းသို့ ဝတ်ပြုမှုများကို ပြီးမြောက်စေကြသည်။ သူတို့သည် ဆွာမိပေးထားသော ပိုးထည် အဝတ်အစားများကို ဝတ်ဆင်ပြီး မွှန်မြတ်သော ရေစင်ဖြည့်ထားသည့် ငွေခွက်များကို ကိုင်ဆောင်ကာ ယဇ်ပူဇော်ပွဲ ကျင်းပရာ ကွင်းသို့ ၇း၃၀ နာရီတိတိတွင် ရောက်ရှိရန် ၇း၀၀ နာရီတွင် ထွက်ခွာခဲ့ကြလေသည်။ ရုတ်တရက် မိုးကြီး သည်းထန်စွာ ရွာချပြီး လျှပ်စီးများ လက်ကာ မိုးကြိုးများ ထစ်ချုန်းသည်။ ၉း၀၀ နာရီအထိ မရပ်မနား ရွာသည်။ စိတြာဝတီမြစ်ရေကြီးပြီး ရေသွားချိုးကြသော ဦးစီးဦးဆောင် ဝေဒပညာရှင်များ

ပြန်မလာနိုင်ဖြစ်နေကြသည်။ သူတို့ ရွေးချယ်သတ်မှတ်ခဲ့သော မူဟူအာသမ် သည် မိုးထဲ ပါသွားလေပြီ။ ဆွာမိ၏အလုံးစုံ သိမြင်သော ဉာဏ်တော်ကို သူတို့ အသိအမှတ်ပြုကြရသည်။

သူ မူလက သတ်မှတ်ခဲ့သော မင်္ဂလာအချိန်တွင် ဘဂဝမ်စရီဆာသီယ ဆိုင်းသည် ယဇ်ပူဇော်ပွဲကျင်းပရာကွင်းသို့ ကြွရောက်သည်။ ဝေဒ ဓမ္မတေး များကို ရွတ်ဆိုနေကြသော ပညာရှင်များနှင့် ဘဂျန်းသီချင်းများ သီဆိုနေ ကြသူ ရာပေါင်းများစွာတို့က နောက်မှ လိုက်ပါလာကြသည်။ မွန်မြတ်လှ သော အခါသမယနှင့် သင့်လျော်သည့် ဘာသာရေး ဂီတကို တီးခတ်ကြသည်။ ၉း၃၀ တိတိနာရီတွင် ဘာဘာသည် ယဇ်ပူဇော်ကွင်းသို့ ဝင်ရောက်ပြီး တစ်ပတ် ကြာမည့် ပွဲလမ်းများကို ဖွင့်လှစ်ပေးခဲ့လေသည်။

## ယဇ်ဖလား

ယဇ်ပူဇော်ပွဲ မစမီရက် အနည်းငယ်အလိုတွင် ဆွာမိသည် ဦးဆောင် ဦးစီး ပညာရှင်များကို ခေါင်းဆောင်မည့် ဗရာမာ စရီ ရှီးဗားရာမ ဘိုင်ရာဂျီ ဆတ်စ်တြိကို ခေါ်ယူကာ "ယဇ်ပူဇော်ပွဲကို သတ်မှတ်ချက်များအတိုင်း တိတိ ကျကျ ဆောင်ရွက်ရမှာဖြစ်တယ်။ လိုအပ်တာတွေအားလုံး ပြည့်စုံစေရမယ်။ လိုအပ်တဲ့ပစ္စည်းတွေစာရင်းကို ကျွန်ုပ်ထံ ပြည့်ပြည့်စုံစုံ တင်ပြပါ။ လိုတာ တွေ အားလုံး ဖြည့်ဆည်းပေးမယ်" ဟု ပြောကြားလေသည်။ စရိတ်ဆတ်စ် တြိသည် လုပ်ဖော်ကိုင်ဖက် ဦးစီးဦးဆောင် ပညာရှင်များနှင့် ညှိနှိုင်း တိုင်ပင် ပြီး လိုအပ်ချက်စာရင်းရှည်ကြီး ရေးဆွဲတင်ပြသည်။ လိုအပ်ချက်များအားလုံး ရရှိကြလေသည်။

သို့ရာတွင် ယဇ်ပူဇော်ကွင်းသို့ ဆွာမိ ကြွရောက်ရန် ငါးမိနစ်ခန့် အလိုတွင် စရီရှတ်စ်တြိသည် လိုအပ်ချက်ပစ္စည်းစာရင်းတွင် ယဇ်ပူဇော်ပွဲ အတွက် အရေးအကြီးဆုံးပစ္စည်း ဖြစ်သည်။ ယဇ်ဖလား မေ့ကျန်ခဲ့ကြောင်း ရုတ်တရက် သတိရသည်။ သို့သော် ဤကြီးလေးသောအမှားကြီးကို အလွန် အချိန်နီးကပ်ခါမှ ဘယ်လို တင်ပြရပါမလဲ။ သူသည် အားတင်းကာ ဆွာမိ ကို အသိပေး၍ သူ့ကို ခွင့်လွှတ်ပါရန် ရှိခိုး တောင်းပန်လေသည်။

ဆွာမိသည် သူ၏ ပင်ကို ထုံးစံအတိုင်း ကရုဏာအပြည့်ထားသည်။

"ဒီစာရင်းကို ဂရုတစိုက် ပြုစုဖို့ သင့်ကို ကျွန်ုပ် အစောကြီးကတည်းက ပြောခဲ့တယ်။ အခုအချိန် ငါးမိနစ်ပဲရှိတော့တယ်" ဟု သူက အသာအယာ ပြောကြားပြီး သူ့အခန်းတွင်းသို့ ဝင်သွားကာ သုံးမိနစ်အတွင်း ယဓ်ဖလားကို လက်တွင် ကိုင်၍ ပြန်ထွက်လာလေသည်။ ၎င်းသည် ကြီးမြတ်လှသည့် အကြောင်းကိစ္စနှင့် ထိုက်တန်အောင် လက်ရာမြောက်လှပြီး အပူဇော်ခံပုဂ္ဂိုလ် တော်တော်များများ၏ ပုံတော်များဖြင့် တန်ဆာဆင်ထားလေသည်။ ဆွာမိက "ကျွန်ုပ် ရှိရ်ဒီဆိုင်းဘဝမှာတုန်းက အဲဒါကို ချင်ချီလီ အုပ်စိုးသူများရဲ့ နန်းတော်မှာ ကျွန်ုပ်ထားခဲ့တယ်။ အဲဒါဟာ မသုံးတော့တဲ့ ပစ္စည်းတွေထားတဲ့ အခန်း တစ်ခန်းမှာ ရှိနေတယ်။ အဲဒါကို ကျွန်ုပ် အခုပဲ သွားပြီး ယူလာခဲ့တယ်။ စာပေကျမ်းဂန်တွေမှာ ဖော်ပြထားတဲ့ သတ်မှတ်ချက်တွေနဲ့ ကိုက်ညီတဲ့ အဲဒါ ကို ရပြီဆိုတော့ ယဓ်ပူဇော်ပွဲလုပ်ငန်းတွေကို အချိန်ကိုက် စတင်နိုင်ပြီ" ဟု အကြီးအကျယ် အံ့သြနေသော ဆတ်စ်တြီကို ပြောလေသည်။ ဖလားပေါ် တွင် ဟင်ဒီဘာသာဖြင့် ဆာ—ဘာ ဟူသော စာလုံးများကို ထွင်းထုထားရာ ဆိုင်းဘာဘာကို ရည်ညွှန်းကြောင်း ထင်ရှားလေသည်။ ယဓ်ပူဇော်ပွဲ ကျင်းပ ပြီး နောက်နှစ်ပေါင်း တော်တော်အကြာတွင် ဆွာမိရှေ့မှောက် မိန့်ခွန်းတစ်ရပ် ပြောကြားရင်း ဤအဖြစ်အပျက်ကို စရီဘိုင်ရာဂျီရုတ်စ်တြီက ပြန်လည် တင်ပြ ခဲ့လေသည်။

## အထွတ်အထိပ် ဘုရားဓာတ်

"ဒါဟာ ဘုရားဓာတ်အားလုံး ဘုရားသဘောအားလုံး လူတွေက ဘုရားကို ဖော်ပြကြတဲ့ နာမတော်တွေအားလုံး ကိန်းအောင်း ထင်ရှားတဲ့လူ အသွင်ဖြစ်တယ်။ (ဘာဘာက သူ့ကိုယ်သူ ရည်ညွှန်းခြင်း ဖြစ်သည်) သင်တို့ ဟာ ဒီဘဝမှာ ဘုရားတွေအားလုံးရဲ့ ပြယုဂ်ကို ဖူးမြင်ရခြင်းဆိုတဲ့ အမြိုက် သုခကို တွေ့ကြုံ ခံစားကြရတဲ့အတွက် အလွန် ကံကောင်းကြတယ်"

## အခန်း [၆]

# ဘာဘာက အခြားဘုရားအားလုံးကို ကျော်လွန်သည်

ရစ်ရှီရသေ့ကြီး ဂါဂသည် နက္ခတ္တဗေဒကို ပိုင်နိုင်ကျွမ်းကျင်လှသော ပညာရှင်ကြီး ဖြစ်သည်။ သူသည် ယဒဗ မင်းဆက်၏ အကိုးကွယ်ခံ ပုဂ္ဂိုလ်လည်း ဖြစ်သည်။ သူသည် ဂါဂဆမ္ဘိတခေါ် ကျမ်းတစ်ဆူကို သက္ကတဘာသာဖြင့် စီရင်ခဲ့သည်။ ထိုကျမ်းအဖွင့်တွင် သူသည် ပြီးပြည့်စုံသော ဝင်စားမှု (ပူးရ်န အဝတာရ) ၏ အရည်အသွေးများနှင့် သဘာဝကို ဖော်ပြထားသည်။ ဘုရားအားလုံး၏ ဂုဏ်ကျက်သရေတော်ကို ခြုံမိငုံမိစေသော အထွတ်အထိပ် ဝင်စားမှုသည် ပြီးပြည့်စုံသော ဝင်စားမှု ဖြစ်သည်တဲ့။ ဘဂဝမ်စရီဆာသီယ ဆိုင်းဘာဘာသည် ထိုဖော်ပြချက်နှင့် အဘက်ဘက်မှ ကိုက်ညီလေသည်။

ရှီရ်ဒီဆိုင်းနှင့် စရီဆာသီယဆိုင်း နှစ်ပါးစလုံး၏ တပည့်မကြီးဖြစ်သော ပက်ဒါဘော့တူသည် စရီဆာသီယဆိုင်းဗရာတကာလ်ပမ်ခေါ် စာအုပ်တစ်အုပ်ကို ရေးသားခဲ့သည်။ ထိုစာအုပ်က ဘဂဝမ်အား ကိုးကွယ်ဝတ်ပြုမှု ထုံးတမ်းဓလေ့များကို ဖော်ပြထားသည်။ သူမသည် ထိုစာအုပ်စာမူကို သူမ၏သေတ္တာထဲတွင် လုံခြုံစွာ သိမ်းဆည်းထားသည်။ တစ်နေ့တွင် ထိုစာမူကို သူမ လှန်ကြည့်မိသည့်အခါ မင်နီဖြင့် ပြောင်းလဲ ပြင်ဆင်မှုအများအပြား ပြုလုပ်ထားသည်ကို တွေ့ရလေသည်။ ယင်းတို့မှာ ဘဂဝမ်၏လက်ရေးဖြင့် ဖြစ်သည်။

ဆွာမိကို ရည်ညွှန်းသည့် "ဆာဗဒေဝတာ ဆွာရူပ" (နတ်ဘုရားအားလုံး ကိန်းအောင်းရာပုဂ္ဂိုလ်) ဟု ရေးထားသည့် နေရာတိုင်းတွင် "ဆာဗဒေဝတာ အတီးတဆွာရူပ" (နတ်ဘုရားအားလုံးကို ကျော်လွန်သည့်ပုဂ္ဂိုလ်) ဟု ပြင်ရေးထားလေသည်။ ဤသို့လျှင် ဘဂဝမ်ဆာသီယဆိုင်းဘာဘာသည် ပက်ဒါဘော့တူ၏ စာသားကို သူ့ကိုယ်ပိုင်လက်ရေးဖြင့် ပြင်ဆင်ဖြည့်စွက်ကာ သူသည် ဘုရားအားလုံးကို ကျော်လွန်ကြောင်း ကမ္ဘာသို့ ကြေညာခဲ့လေသည်။

"ဒီကျွန်ုပ်ရဲ့ လူ့အသွင်မှာ ယုံကြည် ကိုးကွယ်မှုအားလုံးနဲ့ ဘုရားတန်ခိုးတွေအားလုံး ကိန်းအောင်းတယ်။ ဒီအချက်ကို ဘယ်တော့မှ သံသယမဖြစ်နဲ့။ ဘုရားနဲ့သာ သက်ဆိုင်တယ်လို့ လူတွေက ယုံကြည် မြတ်နိုးကိုးကွယ်ကြတဲ့အသွင်တိုင်း ဂုဏ်ပုဒ်တိုင်းကို ဆိုင်းအသွင်က ပိုင်ဆိုင်တယ်" ဟု သူက ပြောကြားခဲ့လေသည်။

## စရီမဟာဂနာပတိအဖြစ်

စရီရာမနမဟာသီ အမည်ရှိ အရုဏာချာလမ်ဒေသမှ ထင်ပေါ်ကျော်ကြားသော သူတော်စင်ကြီး၏ တပည့်ဖြစ်ခဲ့သူ ဆွာမိအမရိတနန္ဒာသည် ဘဂဝမ်စရီဆိုင်းကို ဖူးမြော်ရန် အရုဏာချာလမ်မှ ပုတ္တပါတီသို့ လာရောက်ခဲ့သည်။ ဘဂဝမ်က သူ့အနီးသို့ ချဉ်းကပ်လာပြီး "အမရိတမ်" ဟု ချိုသာသောအသံဖြင့် ခေါ်ဝေါ်နှုတ်ဆက်လိုက်လေသည်။ ဆွာမိအမရိတနန္ဒာသည် ပီတိဖြာသွားလေသည်။ သူတော်စင်ကြီး ရာမနမဟာသီက ထိုပုံစံအတိုင်း အတိအကျ တူညီသော ချစ်ခင်မှု ရင်းနှီးမှုတို့ဖြင့် သူ့ကို ခေါ်ဝေါ်လေ့ရှိခဲ့သည်။ အသက် ၈၅ နှစ်ရှိပြီဖြစ်သော အမရိတနန္ဒနှင့် စကားပြောရင်း "သင် ခုနစ်နှစ်အရွယ်မှာ သင်ဟာ ဂနာပတိဟိုမမ် (မြင့်မြတ်သောမီးတွင် ပူဇော်မှု) ကို ၄၅ ရက်ဆက်တိုက် လုပ်ဆောင်ခဲ့တယ်။ ဟိုးမဂဂုန်ဒမ်မီးထဲကို ပူဇော်ပစ္စည်းတွေ ပစ်ထည့်ရင်း သင်ဟာ "ဥုံ"၊ "စရီမ်"၊ "ဟရီမ်"၊ "ကလိမ်" နဲ့ "ဂလိမ်" ဆိုတဲ့ ဗီဇအက္ခရာ (မြင့်မြတ်ပြီး ဓာတ်စီးနေတဲ့ ဇစ်မြစ်အက္ခရာ) တွေ ပါဝင်တဲ့ မြင့်မြတ်တဲ့ မန္တန်တစ်ပုဒ်ကို နေ့စဉ် အကြိမ်တစ်ထောင်နှုန်းနဲ့ ရွတ်ဆိုခဲ့တယ်။ အဲဒီ ယဇ်ပူဇော်မှုရဲ့ အကျိုးကျေးဇူးနဲ့ပတ်သက်လို့ ကျမ်းဂန်တွေက ဘယ်လိုဖော်ပြထားတယ်ဆိုတာ သင် သတိပြုမိရဲ့လား။ ကိုးကွယ်

ဆည်းကပ်သူတစ်ယောက်ဟာ သတ်မှတ်ချက်တွေနဲ့အညီ လုပ်ဆောင်ရင် ပြီးဆုံးတဲ့အခါမှာ ဆင်ဦးခေါင်းနဲ့ မဟာဂနာပတိ အရှင်မြတ်ဟာ ဟိုးမဂုန်ဒမ်မီးထဲကနေ သူ့ရဲ့ရွှေရောင်အသားအရေနဲ့ အရောင်အဝါ တောက်ပခန့်ညားစွာ ထွက်ပေါ်လာပြီး ကိုးကွယ်ဆည်းကပ်သူကို ဘုရားခေတ်ဒါရှန်နဲ့ ကောင်းချီးတွေ ပေးလိမ့်မယ်လို့ ဆိုတယ်။ သင် အဲဒီလိုမျိုး ဒါရှန် ရခဲ့ဖူးပြီလား''ဟု ဆွာမိက သူ့ကို ပြောသည်။

''တပည့်တော်က အဲဒီတုန်းက ခုနစ်နှစ်သားအရွယ်ပဲ ရှိပါသေးတယ်။ ဟိုးမဂုန်ဒမ်မီးထဲကို ပူဇော်ပစ္စည်းတွေ ပစ်ထည့်ရုံနဲ့ မဟာဂနာပတိရဲ့ ဘုရားခေတ် ဒါရှန်ကို ရနိုင်ပါသလား'' ဟု အမရိတနန္ဒာက ပြန်လျှောက်သည်။ စရီဆိုင်းဘာဘာက ''အဲဒီတုန်းက မန္တန်ရွတ်ဆိုမှုနဲ့ မီးပူဇော်မှုတွေကြောင့် သင်ဟာ အခုလို အသက်ကြီးရင့်တဲ့အရွယ်မှာ ကျွန်ုပ်ရဲ့ရှေ့မှောက်ကို ရောက်ရှိခဲ့ရခြင်းဖြစ်တယ်။ အဲဒီ ဟိုမမ်ရဲ့အကျိုးကျေးဇူးကို အခုပဲ ရရှိတော့မယ်။ ကျမ်းဂန်တွေဟာ ဘယ်တော့မှ မမှားဘူး'' ဟု သူ့ကို ပြောပြသည်။ ထို့နောက် ဆွာမိကို မော့ကြည့်ရန် စေခိုင်း၍ အမရိတနန္ဒာက မော့ကြည့်လိုက်သောအခါ ဘဂဝမ်၏နေရာတွင် အံ့ဖွယ်အသားအရေဖြင့် မဟာဂနာပတိ ရောက်ရှိနေသည်ကို ဖူးတွေ့လိုက်ရလေသည်။

## စရီဆူဗရာမန်းနီးယား ဆွာမိအဖြစ်

ဆူဗရာမန်းနီးယား အရှင်မြတ်သည် မိုက်စိုးမြို့နေ ဘတ်မိသားစုမျိုးရိုး၏ အကိုးကွယ်ခံပုဂ္ဂိုလ် ဖြစ်သည်။ ၁၉၄၃ ခုတွင် မစ္စစ်ဘတ်သည် ကင်ဆာဖြစ်နေကြောင်း တွေ့ရှိရသည်။ ဆရာဝန်များက ခွဲစိပ်ကုသခြင်းခံယူရန် အကြံပေးကြသည်။ သို့သော် သူမ၏ယောက္ခမက သဘောမတူ။ သူတို့အားလုံးသည် ဆူဗရာမန်းနီးယား အရှင်မြတ်ကို ကိုးကွယ်ဆည်းကပ်သူများ ဖြစ်ကြ၍ အရှင်မြတ်က လူနာကို ကြည့်ရှု စောင့်ရှောက်လိမ့်မည်ဟု ယောက္ခမဖြစ်သူက အခိုင်အမာ ပြောကြားသည်။ ခြောက်လကြာမျှ သူတို့မိသားစုသည် ပြင်းပြသော ယုံကြည်မှုကို စွဲစွဲမြဲမြဲ လက်ကိုင်ပြုပြီး နေ့စဉ်ဝတ်ပြုမှုကို မှန်မှန်ကြီး လုပ်ဆောင်ခဲ့ကြသည်။ သို့သော် လူနာ၏အခြေအနေသည် ပိုဆိုးလာနေသည်။ တစ်ညတွင် သူမ၏အိပ်ရာဘေး၌ မြွေကြီးတစ်ကောင် လှည့်ပတ်သွားလာ

နေသည်ဟု သူမ အိပ်မက်မက်သည်။ သူမက လန့်နိုးလာပြီး ယောက္ခမဖြစ်သူကို နှိုး၍ အိပ်မက်အကြောင်း ပြောပြသည်။ မီးများဖွင့်၍ လိုက်ရှာကြရာ မြွေကို မတွေ့ရချေ။ သို့သော် အချိန်အတော်အကြာတွင် လူနာက ထိုမြွေကို အိပ်မက်ထဲတွင် ထပ်တွေ့ပြန်သည်။ ထိုမြွေသည် တစ်ခဏအတွင်း ဆူဗရာမန်းနီးယားအရှင်မြတ်အဖြစ် ပြောင်းလဲသွားပြီး အရှင်မြတ်က သူ၏ တြိဒဏ္ဍ (အသွားသုံးချောင်းပါ ခက်ရင်းခွ) ဖြင့် သူမ၏ရင်ဘတ်ကို ထိုးစိုက်ကာ တောင်ထိပ်တစ်ခုပေါ်သို့ ခေါ်ဆောင်သွားသည်။ သူမက အရှင်မြတ်၏ ခြေတော်ရင်း၌ ဝပ်စင်းသည်။ သူမ ထိုနေရာတွင် နေချင်သလား။ သူမ၏ မိသားစုထံ ပြန်သွားချင်သလားဟု အရှင်မြတ်က မေးသည်။ သူမက သူမ၏ လင်ယောကျ်ားနှင့် ကလေးများထံ ပြန်သွားလိုပါကြောင်း ဖြေကြားသည်။ ထိုအခါ အရှင်မြတ်က "သင့်ရောဂါ လုံးဝ ပျောက်ကင်းသွားပြီ။ သင့်ကို ကျွန်ုပ် အမြဲစောင့်ရှောက်နေမယ်"ဟု သူမကို ပြောသည်။ ထို့နောက် လှပကျဉ်းမြောင်းသော လှေကားတစ်ခုအတိုင်း ကမ္ဘာမြေပြင်သို့ ပြန်လာခဲ့ရသည်။ ထိုအိပ်မက်သည် ကွင်းကွင်းကွက်ကွက်ရှိလှပြီး သူမကို စိတ်ချသွားစေသည်။ ထိုနေ့မှစ၍ သူမ၏ကျန်းမာရေးသည် မှန်မှန်ကြီး တိုးတက် ကောင်းမွန်လာပြီး မကြာမီ ပုံမှန်ဖြစ်သွားလေသည်။ သူမသည် နေ့စဉ် ဘုရားဝပ်ပြုမှုကို မပျက်မကွက် လုပ်ဆောင်ရင်း ဆင်းရဲချို့တဲ့သူများအား ကူညီထောက်ပံ့မှုကိုလည်း ဆောင်ရွက်ခဲ့လေသည်။

နှစ်ပေါင်း နှစ်ဆယ်အကြာတွင် သူမနှင့် သူမ၏လင်ယောကျ်ားသည် ပုတ္တပါတီသို့ လာရောက်ကြပြီး စရီဆာသီယဆိုင်းအား ပထမဦးဆုံးအကြိမ် ဖူးမြော်ကြလေသည်။ သူက သူတို့ကို အင်တာဗျူးပေးပြီး "သင့်ကို ကျွန်ုပ် လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်က ပထမ စကားပြောခဲ့တယ်" ဟု ပြောသည်။ သူမက အံ့အားသင့်သွားပြီး "မဟုတ်ပါဘူး ဆွာမိ၊ ဒါဟာ တပည့်တော်မ အရှင်ဘုရားကို ပထမဆုံးအကြိမ် ဖူးရတာပါ" ဟု ပြန်လျှောက်သည်။ သို့သော် ဆွာမိက "မဟုတ်ဘူး သင် မိုက်စိုးမှာရှိစဉ်က ကျွန်ုပ် သင့်ထံလာခဲ့တယ်" ဟု သူမကို ပြောသည်။ သူမ မကျန်းမမာဖြစ်စဉ်က မိုက်စိုးမြို့တွင် သူမ နေထိုင်ခဲ့သည့်လမ်းနာမည်ကိုလည်း သူက ပြောပြသည်။ သူမ အံ့သြသွားသည်။ လမ်းနာမည်မှာ မှန်သည်။ သို့သော် အဲဒီကို ဆွာမိ ဘယ်တုန်းက

လာခဲ့သလဲ။ သူမကို သူ ဘယ်တုန်းက စကားပြောခဲ့သလဲ။ သူမ ပြန်စဉ်းစား၍ မရ။ ထိုအချိန်တွင် အင်တာဗျူးခန်းမှ အထက်ထပ်ရှိ ဆွာမိ၏အခန်းသို့ တက်သော လှေကားကို သူမ သတိပြုမိသည်။ လှေကားထစ်တွေကို သူမ ရေကြည့်မိရာ ဆယ့်ရှစ်ထစ်ရှိကြောင်း တွေ့ရသည်။ ဒီလှေကားထစ်တွေကို သူမ ဘယ်တုန်းက မြင်ခဲ့ဖူးပါလိမ့်။ သူမသည် ၎င်းတို့ကို လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ဆယ်က သူမ၏အိပ်မက်ထဲတွင် တွေ့မြင်ခဲ့ကြောင်း ရုတ်တရက် သတိရသွားသည်။ ၎င်းတို့သည် ဆူဗရာမန်းနီးယား အရှင်မြတ်က သူမကို ဤကမ္ဘာသို့ ပြန်ပို့ခဲ့သော လှေကားထစ်များပင် ဖြစ်ကြသည်။ တစ်ခဏအတွင်းတွင် သူမ၏ အံ့သြမှုမှ သူမ ပြန်မလည်လာခင် သူသည် သူ၏လက်ကို ဝှေ့ယမ်းကာ မြွေများ ရံပတ်ထားပြီး စစ်ရထားတစ်ခုပေါ်တွင် ထိုင်နေသော ဆူဗရာမန်းနီးယား အရှင်မြတ်၏ သပ္ပာယ်လှသော ပုံတော်ကို ဖန်ဆင်းကာ သူမ၏ကျေးဇူးတင်စွာ ပင့်မြှောက်ထားသော လက်များထဲသို့ ထည့်ပေးလိုက်လေသည်။ အစဉ်သနားတော်မူသော ဆိုင်းဘာဘာသည် သူမတို့အိမ်တွင် နေ့စဉ် ကိုးကွယ် ဝပ်ပြုနေသော ဆူဗရာမန်းနီးယား အရှင်မြတ်နှင့် အတူတူဖြစ်ကြောင်း သူမ သဘောပေါက်သွားလေသည်။

ဆူဗရာမန်းနီးယားဆွာမိ အရှင်မြတ်သည် ယနေ့ ပရရှန်တီနီလာယမ်စခန်း၌ သူ၏နောင်တော် မဟာဂဏပတိဘေးတွင် တည်ရှိနေသည်။ သူ၏ရုပ်တုကို ထိုနေရာတွင် ဘဂဝမ်စရီဆာသီယ ဆိုင်းဘာဘာက ၁၉၉၇ ခု စက်တင်ဘာလ ၂၁ ရက်နေ့က ထားရှိခဲ့လေသည်။

## ပရမရိုးဗားအရှင်မြတ်အဖြစ်

ဘယ်လာရီခရိုင် စည်ပင်သာယာအဖွဲ့ဥက္ကဋ္ဌဖြစ်သော ရာမာရာဂျူးသည် ဆာသီယမ်ကို တွေ့ရန် ဥရဗာကုန္တမြို့သို့ လာခဲ့သည်။ ထိုအချိန်က ဆာသီယမ်ကို ရာဂျူးဟုလည်း ခေါ်ကြသည်။ ရာမာရာဂျူးက ဆက်ရှပရာဂျူးကို "မင့်ညီ ရာဂျူးကို နောက်ကျောင်းပိတ်ရက်အတွင်း ငါတို့ဆီ လာနေစေချင်တယ်။ မင့်ညီဟာ သာမန်လူကလေးတစ်ယောက်ပဲလို့ မင်းတို့က ထင်နေတယ်။ အဲဒါမှားတယ်။ သူ့မျက်နှာက မင်ကြယ်မှုနဲ့ တောက်ပမှုတို့ဟာ ငါ့စိတ်နှလုံးကို လှုပ်ရှားစေတယ်။ သူ့ကိုယ်တွင်းမှာ ဘုရားဓာတ် အရောင်ဖြာနေမှုကို ငါ

မြင်နိုင်တယ်။ ကျေးဇူးပြုပြီး သူ့ကိုခေါ်လာခဲ့ပြီး ငါတို့နဲ့ ရက်အနည်းငယ် လာနေပါ'' ဟု ပြောလေသည်။ ထိုအချိန်တွင် ဆက်ရှမရာဂျူးသည် သူ့ညီ၏ ထုံးစံမဟုတ်သော အပြုအမူအတွက် အတော်အသင့် စိတ်ပူနေသည်။ နေရာ ထိုင်ခင်း ပြောင်းလဲခြင်းသည် သူ့ညီ၏ စိတ်ကျန်းမာရေးကို တိုးတက် ကောင်း မွန်လာစေလိမ့်မည်ဟု ခံစားမိသည်။ ထို့ကြောင့် သူသည် ရာမာရာဂျူး၏ ဖိတ်ကြားချက်ကို လက်ခံပြီး ဘယ်လာရီသို့ သွားရောက်လေသည်။

တစ်နေ့တွင် သူသည် နာမည်ကျော် ဝိရူပက္ခ (ရှီးဗား) အရှင်မြတ်၏ ဘုရားကျောင်းကို ဖူးမြော်ရန် ဟမ်ပီ (ရှေးခေတ်က ဝိဇယနဂါးနိုင်ငံ၏ မြို့ တော်) သို့ ခရီးတစ်ရပ်ကို ဆော်ဩလုပ်ဆောင်လေသည်။ သူတို့အားလုံး ဘုရားကျောင်းထဲသို့ ဝင်ကြသည်။ ဆာသီယမ်ကတော့ ဗိုက်ထဲတွင် မအီ မသာ ဖြစ်နေသည်ဟုပြောကာ အပြင်ဘက်တွင် နေရစ်ခဲ့သည်။ ဘုရားကျောင်း ဘုန်းကြီးက ကျောင်း၏အမြင့်မြတ်ဆုံးနေရာတွင် အာရတီဘုရားမီး ပူဇော် သောအခါ အကိုးကွယ်ခံပုဂ္ဂိုလ် ဝိရူပက္ခ အရှင်မြတ်၏နေရာတွင် ဆာသီယမ် ရောက်နေသည်ကို ကိုးကွယ် ဆည်းကပ်သူများ တွေ့မြင်ကြရလေသည်။ ဆက်ရှမရာဂျူးသည် စိတ်ဆိုးသည်။ "ဆာသီယမ်က ဘုရားကျောင်းထဲကို သူ မဝင်ဘူးလို့ ပြောခဲ့တယ်။ ဒါပေမဲ့ သူဟာ တစ်နည်းနည်းနဲ့ ခိုးဝင်ပြီး အရှင်မြတ်ရဲ့နေရာကို ယူခဲ့တယ်။ ဒါဟာ ဘုရားကို မလေးမစားလုပ်တာ ပဲ'' ဟု သူက တွေးမိသည်။ သူသည် ဒေါသဖြင့် အပြင်ထွက်သွားရာ ဆာသီယမ် သစ်ပင်တစ်ပင်အောက်တွင် ရပ်နေသည်ကို သူ တွေ့ရသည်။ ဆက်ရှမရာဂျူးသည် အတွေးရခက်သွားသည်။ သူသည် အပြင်ဘက်တွင် ဆာသီယမ်ကို စောင့်ကြည့်နေရင်း လူတစ်ယောက်ကို အတွင်းခန်းထဲ သွား ကြည့်ခိုင်းသည်။ ဆာသီယမ်သည် ကျောင်းအပြင်ဘက် သစ်ပင်အောက်တွင် ရှိနေစဉ် ကျောင်းအတွင်းခန်း၌လည်း ရှိနေသည်ဟု ထိုသူက ပြောလေသည်။ နာရာယနအရှင်မြတ်သည် အတွင်း၊ အပြင်၊ နေရာတကာတွင် တစ်ချိန်လုံး ရှိနေသည်ဟု ကျမ်းဂန်များတွင် လာသည်။ ထိုဘုရားဖူးအုပ်စုတွင် ပါဝင်သူ အားလုံးက ဆာသီယနာရာယနသည်လည်း နေရာအားလုံးတွင် တစ်ချိန်တည်း မှာပင် ရှိနေသည်ဟု သဘောပေါက်သွားကြလေသည်။ ထိုအချိန်တွင် ဆာသီ ယမ်သည် မိမိ အဝတာရဖြစ်ကြောင်း မကြေညာရသေးချေ။ အုပ်စုဝင်များ

သည် ဘုရားကျောင်းအတွင်းမှ ရွှင်ပျစွာ ထွက်လာကြပြီး ဆာသီယမ်၏ မျက်နှာကို သေချာစွာ ကြည့်ကြသည်။ သို့သော် သူသည် ဘာမှမဖြစ်ခဲ့သကဲ့သို့ ပုံမှန် ခပ်တည်တည်ပင် ရှိနေလေသည်။

ဆွာမိသည် ဝိဘူသီးဓာတ်ပြာများကို ဖန်ဆင်းကြောင်း အများသိကြသည်။ သူသည် ဝိဘူသီးအများအပြားကို ဖန်ဆင်းပြီး လူများအား ဝေငှသည်ကို မြင်တွေ့ကြရသည်။ လိင်္ဂမ်အသွင်ဖြင့် ရှီးဗားအရှင်မြတ် ထွက်ပေါ်လာသည်ကို ဆင်နွှဲသော ရှီးဗားရဋ္ဌရီပွဲများအတွင်း ဘာဘာသည် ရှီရ်ဒီဘာဘာ၏ ရုပ်တုတော်ကို ရေဖြင့်မဟုတ်ဘဲ ဝိဘူသီးဖြင့် ဘိသိက်သွန်းလေသည်။

တစ်ခုသော ရှီးဗားရဋ္ဌရီနေ့တွင် ပရရှန္တိဝတ်ပြုဆောင်အနီး မြေပြင်ပေါ်ရှိ တရားဟောစင်အလယ်၌ ပန်းပုရုပ်အောက်ခံခုံတစ်ခု တင်ထားသည်။ ထိုခုံပေါ်တွင် ရှီရ်ဒီဘာဘာ၏ လေးပေမြင့်သော ငွေရုပ်တု တင်ထားသည်။ စရီကပ်စတူရီသည် ထိုခုံဘေးတစ်ဖက်တွင် မတ်တတ်ရပ်ပြီး ငွေအိုးလွတ်တစ်လုံးကို ရုပ်တု၏ ဦးခေါင်းအထက်တွင် မှောက်လျက် ကိုင်မြှောက်ထားသည်။ နောက်တစ်ဖက်တွင် ဘဂဝမ်စရီဆာသီယဆိုင်းသည် မှောက်ထားသော အိုးအတွင်းသို့ သူ၏ညာဘက်လက်ကို ထည့်သွင်းကာ မွှေသည်။ ဝိဘူသီးများ ရုပ်တုပေါ်သို့ တရဟော ကျဆင်းလာသည်။ ခဏအကြာတွင် စရီဆိုင်းဘာဘာသည် သူ၏ညာလက်ကို ထုတ်ပြီး ဗယ်လက်ကို ထည့်သွင်းကာ မွှေပြန်သည်။ ဝိဘူသီးများ ဆက်တိုက် ကျဆင်းလာကာ မကြာမီ ရုပ်တုတစ်ခုလုံးကို ဖုံးလွှမ်းသွားလေသည်။ ဝိုင်းဝန်း ရောက်ရှိနေကြသော ကိုးကွယ်ဆည်းကပ်သူများသည် ဝမ်းမြောက်ရွှင်လန်းစွာ လက်ခုပ်များ တီးကြလေသည်။ ထို့နောက် စရီဆာသီယဆိုင်းသည် ရုပ်တု၏မျက်နှာကို အဝတ်စဖြင့် သုတ်ပေးပြီး သူ၏လက်ကို ဝှေ့ယမ်း၍ မြတစ်လုံး ဖန်ဆင်းလိုက်ကာ ရုပ်တု၏ နဖူးပြင်တွင် ကပ်လိုက်သည်။ မြသည် နဖူးပြင်တွင် စွဲစွဲမြဲမြဲ ကပ်သွားလေသည်။

ထိုရှီးဗားရဋ္ဌရီနေ့တွင် ကိုးကွယ် ဆည်းကပ်သူများသည် ဘာဘာ၏ ဝမ်းဗိုက်ထဲတွင် ဖြစ်ပေါ်လာသော ရှီးဗားလိင်္ဂမ် သူ၏ပါးစပ်ထဲမှ ထွက်ပေါ်လာသည်ကိုလည်း ဖူးမြင်ကြရလေသည်။ ဘာဘာသည် တရားဟောနေပြီး ကိုးကွယ်ဆည်းကပ်သူများက ပီတိဖြာလျက် တရားနာနေကြသည်။ ရုတ်တရက်

ဘာဘာသည် ဟောပြောနေခြင်းကို ရပ်၍ ထိုင်ချလိုက်သည်။ ကိုးကွယ်ဆည်းကပ်သူများက ထိုထူးခြားသောအပြုအမူကို သတိထားမိကြပြီး ဘဂျန်းများ သီဆိုကြသည်။ ဘာဘာသည် ချေးထွက်လာပြီး သူ၏စားပွဲပေါ်တွင် တင်ထားသော ရေခွက်မှ ရေကို မကြာခဏ သောက်နေသည်။ သူ၏ဝမ်းဗိုက်သည် လှုပ်နေသည်ကို အနီးရှိ လူများက မြင်တွေ့ကြရသည်။ ဘဂျန်းသီဆိုမှုများသည် ပို၍ ကျယ်လောင်လာကြသည်။ အတ္တမလိင်္ဂမ်သည် သူ၏အစာအိမ်မှ အပေါ်သို့ တစ်စစ တက်လာပြီး လည်ချောင်းကို ဖြတ်ကာ သူ၏ပါးစပ်ထဲမှ ထွက်ပေါ်လာလေသည်။ ဘာဘာသည် ဝင်းလက်နေသော လိင်္ဂမ်ကို သူ၏လက်ဖဝါးများပေါ်တွင် တင်ကာ ရောက်ရှိလာကြသူ ထောင်ပေါင်းများစွာတို့ မြင်နိုင်ရန် မြှောက်ပြလေသည်။ ကြီးမားသော လိင်္ဂမ်သည် ပါးစပ်ထဲမှ ထွက်လာသည့်အခါ သူ၏ပါးစပ်ထောင့်များသည် စုတ်ပြဲသွားကာ သွေးထွက်လာလေသည်။

ဘဂဝမ်က လိင်္ဂမ်ထွက်ပေါ်လာခြင်း၏ ထူးခြားချက်ကို ပရိသတ်ကြီးအား ရှင်းပြသည်။ "သင်တို့ဟာ ဘုရားရဲ့သဘာဝကို ပြည့်ပြည့်ဝဝ နားမလည်နိုင်ကြဘူး။ ဘုရားနဲ့ တန်ခိုးတော်နဲ့ အသရေတော်ကိုလည်း မတိုင်းတာနိုင်ကြဘူး။ အဲဒါကို မရောက်နိုင်ဘူး၊ မမြင်နိုင်ဘူး။ ဒီလိင်္ဂမ်ကို ထုတ်ယူမှုဟာ အခု သင်တို့အလယ်မှာ ရောက်ရှိနေတဲ့ ဘုရားဓာတ်ကို သင်တို့ရဲ့ အကန့်အသတ်ရှိတဲ့အမြင်နဲ့ နားလည်မှုထဲကို ရောက်ရှိလာအောင် လက်တွေ့ပြသပို့ဆောင်လိုက်ခြင်း ဖြစ်တယ်။ သင်တို့ဟာ ဘုရားရဲ့ မစမှုနဲ့ သင်တို့ရဲ့ကောင်းမှုကြောင့် ဒီဖြစ်ရပ်ကို တွေ့မြင်ရတဲ့အခွင့်ထူးကို ရရှိခဲ့ကြခြင်း ဖြစ်တယ်"

၁၉၇၄ ခု ဖေဖော်ဝါရီလတွင် ရှီးဗားရဌရီပွဲ၌ ဘဂဝမ်သည် အတ္တမလိင်္ဂမ်တစ်လုံးကို သူ၏ပါးစပ်မှ ထုတ်ယူလိုက်ပြီး အံ့ဖွယ်သရဲ ကြေညာချက်တစ်ခုကို ထုတ်ပြန်လိုက်လေသည်။ ကိုးကွယ်ဆည်းကပ်သူများကို ဟောပြောရင်း သူက "ဒါဟာ ဝေဒနဲ့ ဥပနိရှဒ်ကျမ်းများမှာ ပညာရှိကြီး ကပလိဒေဝ ဖော်ပြခဲ့တဲ့ ဆယ်လက်မရှိတဲ့ အတ္တမလိင်္ဂမ်ဖြစ်တယ်။ သင်တို့ဟာ ဒီဘုရားအသွင်ကို ဖူးမြင်ခဲ့ကြရတဲ့အတွက် ဘဝပြည့်ဝမှုကို သင်တို့ရခဲ့ကြပြီ။ သင်တို့ဟာ တဝဲလည်လည် မွေးဖွားလိုက် သေဆုံးလိုက် ဖြစ်နေရတဲ့ သံသရာက လွတ်မြောက်သွားကြပြီ။ ဒီလိင်္ဂမ်ဟာ ဆယ်လက်မ ပတ်လည်ရှိတယ်။ လိင်္ဂမ်

ထဲမှာ တြိဒဏ္ဍာ (အသွားသုံးချောင်းပါ ခက်ရင်းခွ)ပုံ အလင်းရောင်ကို သင်တို့ မြင်နိုင်တယ်။ အဲဒါဟာ ဆယ်မိနစ်ကြာတိုင်း အရောင်ပြောင်းတယ်" ဟု ပြောကြားခဲ့လေသည်။

နောက်နှစ်ပေါင်းများစွာအကြာ ၁၉၉၉ ခု ရှီးဗားရဋ္ဌရီနေ့တွင် ဘဂဝမ်သည် ဟီရာညဂါဘာလိင်္ဂမ် ခေါ် ရှီးဗားလိင်္ဂမ်တစ်လုံးကို ထုတ်လုပ်သည်။ နောက်နှစ် ရှီးဗားရဋ္ဌရီနေ့တွင်လည်း ဘာဘာသည် ဆွဲနလိင်္ဂမ်ခေါ် ရွှေရောင် ရှီးဗားလိင်္ဂမ် တစ်လုံးကို သူ၏ပါးစပ်မှ ထုတ်ယူပြီး စုရုံးရောက်ရှိနေကြသော ပရိသတ် ထောင်ပေါင်းများစွာတို့အား ပြသခဲ့ရာ ကိုးကွယ်ဆည်းကပ်သူများက လက်ခုပ်လက်ဝါးများတီး၍ ရွှင်လန်းအားရစွာ ပူဇော်ကန်တော့ခဲ့ကြလေသည်။

## စရီရာမာအရှင်မြတ်အဖြစ်

၁၉၇၂ ခုတွင် ဗရင်ဒဗန်စခန်း၌ နွေသင်တန်းဖွင့်တော့မည့်ကာလဖြစ်သည်။ နိုင်ငံ၏ဒေသအရပ်ရပ်မှ ရွေးချယ်ထားသော ကိုးကွယ် ဆည်းကပ်သူ ယောကျ်ားလေး မိန်းကလေး ရှစ်ရာတို့သည် ဝှိုက်တ်ဖီးလ်ဒ်မြို့တွင် ရောက်ရှိနေကြသည်။ ဆွာမိ၏မယ်တော် အီရှာရမ္မသည် ရက်သုံးဆယ်ကြာမည့် သင်တန်းအတွက် ဆွာမိ၏ခွင့်ပြုချက်ဖြင့် အခြားအမျိုးသမီးများနှင့်အတူ တက်ရောက်နေသည်။ သူမကို ဆွာမိ၏အခန်းအောက်ထပ်တွင် နေရာထိုင်ခင်းပေးထားသည်။

သင်တန်းသားများသည် စောစောအိပ်ရာထကြပြီး ဥုံ (၂၁ ချက်) ရွတ်ဆိုခြင်း ဘဂျန်းများ သီဆိုခြင်း ဆင်းရဲသားများကို အလုပ်အကျွေးပြုခြင်းနှင့် အခြားလုပ်ငန်းများကို ဆောင်ရွက်ကြသည်။ သင်တန်းသားများသည် တက်ကြွလှုပ်ရှားပြီး စိတ်အားထက်သန်ကြသည်။ အီရှာရမ္မအတွက်ကတော့ နေ့စဉ်သင်တန်းလှုပ်ရှားမှုများသည် လေ့လာသင်ကြားမှု နတ်သမီး သူရဿတီ၏ ဘုရားကျောင်းတွင် ပွဲလမ်းသဘင်များ ကျင်းပနေသကဲ့သို့ ဖြစ်နေလေသည်။

သင်တန်း၏ ဆယ့်တစ်ရက်မြောက်နေ့တွင် အီရှာရမ္မသည် ပီတိဖြာဝေစေသော အတွေ့အကြုံတစ်ရပ်ကို ခံစားခဲ့ရလေသည်။ နောက်တစ်နေ့ နံနက်

တွင် ရှီရ်ဒီဘာဘာ၏ တပည့်မရင်းကြီး ဖြစ်ခဲ့၍ ရှီရ်ဒီမာဟုလည်း လူသိများသည့် ပက်ဒါဘော့တူထံ အမြန်လာရောက်လေသည်။ သူမသည် အရမ်းစိတ်တုန်ရီ လှုပ်ရှားနေပြီး "ညည်းကို ငါ အံ့ဩစရာအတွေ့အကြုံတစ်ခုကို ပြောပြရဦးမယ်။ ဒါပေမဲ့ အဲဒီအကြောင်းကို ဘယ်သူ့ကိုမှ ပြောမပြပါဘူးလို့ ညည်း ကတိပေးရမယ်နော်" ဟု ပက်ဒါဘော့တူကို ပြောလေသည်။ ပက်ဒါဘော့တူက အနီးကပ်လာပြီး အကြောင်းအရာကို မေးလေသည်။ အိန္ဒြာရမ္မက "ငါတို့ရဲ့ ဆွာမိဟာ ဘုရားစင်စစ် ဖြစ်တယ်။ အဲဒါကို ငါ လုံးဝသံသယ မဖြစ်ဘူး" ဟု ပြောလေသည်။ မက်ဒါဘော့တူက ရယ်ချလိုက်သည်။ အိန္ဒြာရမ္မက "ငါပြောတာ ဘာများ ရယ်စရာကောင်းလို့လဲ" ဟု မေးလေသည်။ "မဟုတ်ဘူး မဟုတ်ဘူး၊ ရှင်ပြောတာကို ကျွန်မ ရယ်တာ မဟုတ်ပါဘူး။ အဲဒီအချက်ကို ရှင် နောက်ဆုံးမှာ သိသွားတာကို ကျွန်မ ပျော်လို့ရယ်တာပါ။ အဲဒါကို အသာထားပြီး ရှင် ဘယ်လိုလုပ် အဲဒီအကြောင်းကို သဘောပေါက်သွားသလဲ။ ကျွန်မကို ပြောပြပါဦး" ဟု ပြန်ပြောလေသည်။ "ငါ ပြီးခဲ့တဲ့ လေးရက်လုံးလုံး ဖျားနေခဲ့တာ ညည်းသိတယ် မဟုတ်လား။ မနေ့ညက ဆွာမိ ငါ့ဆီလာတယ်" ဟု အိန္ဒြာရမ္မက ပြောသည်။ "အိပ်မက်ထဲမှာလား" ဟု ပက်ဒါဘော့တူက ဖြတ်မေးသည်။ "မဟုတ်ဘူး" ဟု အိန္ဒြာရမ္မက ဖြေသည်။ "ငါက အိပ်မပျော်လို့ ဟိုဘက် ဒီဘက် လူးနေတယ်။ ဆွာမိက ကိုယ်တိုင် ကြွလာပြီး ငါ ဘယ်လိုနေသလဲလို့ မေးတယ်။ ငါက တစ်ကိုယ်လုံး ကိုက်ခဲနေတယ်လို့ သူ့ကို ပြောလိုက်တယ်။ ပြီးတော့ ညည်းကို ငါ ဘယ်လိုပြောရမလဲ ပက်ဒါဘော့တူရယ်။ သူဟာ ငါတို့ နေ့စဉ် တွေ့မြင်နေတဲ့ ငါတို့ရဲ့ ဆွာမိ မဟုတ်တော့ဘူး။ သူဟာ စရီရာမာ အရှင်မြတ်ဖြစ်သွားတယ်။ သူ့ခေါင်းပေါ်မှာ ပြိုးပြိုးပြက်ပြက် သရဖူနဲ့ သူ့လက်ထဲမှာ လေးကြီးနဲ့။ သူဟာ ငါ့ဘေးမှာ ရပ်နေတယ်။ ငါက အံ့အားသင့်သွားတယ်။ ဒါပေမဲ့ သူ့ကို ကန်တော့လိုက်တယ်။ ငါက အိပ်ရာထဲမှာ ထထိုင်ဖို့ အိပ်ရာထဲက ဆင်းဖို့ ကြိုးစားတယ်။ မရဘူး။ ခဏကြာတော့ သူဟာ ငါတို့ တွေ့မြင်နေကျ ဆွာမိ ပြန်ဖြစ်သွားတယ်။ သူက ညင်ညင်သာသာ ပြုံးပြီး ငါ့ကို ဝိဘူသီး နည်းနည်းပေးတယ်။ "အဖျားပျောက်သွားလိမ့်မယ် မပူနဲ့" လို့ ပြောပြီး ထွက်သွားတယ်။ ပက်ဒါဘော့တူသည် ပျော်ရွှင် ကြည်နူးသွားလေ

သည်။ "ဆွာမိက ရှင့်ကို သေသေချာချာ ကောင်းချီးပေးခဲ့တာပဲ။ တကယ့် မမေ့နိုင်လောက်တဲ့ အတွေ့အကြုံပဲ" ဟု သူမက ပြောလေသည်။ စရီဆာသီယ ဆိုင်းကို စရီရာမာ အရှင်မြတ်အဖြစ် မြင်တွေ့လိုက်ရချိန်တွင် အိန္ဒာရမ္မသည် ပြည့်ပြည့်ဝဝ နိုးကြားပြီး သတိရှိနေခဲ့သူ။ သူမသည် ထူးထူးခြားခြား ကံကောင်းပြီး ကောင်းချီးပေးခြင်းခံရသူ ဖြစ်လေသည်။

နောက်ဆက်တွဲ ဖြစ်ရပ်များက သူမ၏ ဤဘုရားမာတ်ဆိုင်ရာ အတွေ့အကြုံသည် အထွတ်အထိပ်ပုဂ္ဂိုလ် (ဘုရား) နှင့် သူမ၏ဝိညာဉ် မကြာမီ ပေါင်းစည်းရတော့မည်ဖြစ်ခြင်း၏ ရှေ့ပြေးအညွှန်းဖြစ်ကြောင်း ပြသနေလေသည်။ နောက်တစ်နေ့ ၁၉၇၂ ခု မေလ ၆ ရက်နေ့ နံနက် ၆နာရီ၌ သင်တန်းသားများသည် နာဂရဆန်ကီယာတန် (အနီးတစ်ဝိုက်လှည့်၍ မွေ့သီချင်းများ သီဆိုခြင်း) ပြီး၍ ပြန်လာကြသည်။ ဆွာမိက သူ၏ စံကျောင်း လသာဆောင်မှနေ၍ သူတို့၏ ဖူးမြော်ခြင်းကို ခံယူပြီး အတွင်းဝင်၍ ရေချိုးသည်။ ဤအတွင်းတွင် အိန္ဒာရမ္မသည် ရေချိုး၊ ထုံးစံအတိုင်း ကော်ဖီတစ်ခွက်သောက်ကာ အတွင်းဝရန်တာတွင် အေးအေးသက်သာနေရန် ထိုင်ချလိုက်သည်။ ရုတ်တရက် သူမသည် ရေချိုးခန်းဘက် လှည့်ကာ "ဆွာမိ… ဆွာမိ" ဟု အော်လိုက်ကာ လဲကျသွားလေသည်။ ဆွာမိက ရေချိုးခန်းတွင်းမှ တုန့်ပြန်ကာ "ကျွန်ုပ် လာပြီ… လာပြီ" ဟု ပြန်ထူးသည်။ သူ ထွက်လာတော့ သူမ ကွယ်လွန်သွားနှင့်လေပြီ။

၁၉၈၃ ခု မေလ ၆ ရက်တွင် ဆွာမိသည် အိန္ဒာရမ္မ ကွယ်လွန်သည့် အထိမ်းအမှတ်နေ့၌ သူမ၏အထူးစရိုက်လက္ခဏာများနှင့် သေဆုံးပုံအကြောင်းတို့ကို ပြန်လည် သုံးသပ်ပြောကြားသည်။ "ထုံးစံအားဖြင့် မိန်းမ တစ်ယောက်ဟာ သေတော့မယ့်ဆဲဆဲ အချိန်မှာ အဖိုးတန် လက်ဝတ်လက်စားတွေ ဘာတွေကို တွေးမိတတ်တယ်။ လူအနည်းငယ်သာ နောက်ဆုံးအချိန်မှာ ဆွာမိကို စဉ်းစားမိကြတယ်။ အောက်ထပ်ကနေ သူဟာ "ဆွာမိ… ဆွာမိ"လို့ လှမ်းခေါ်တယ်။ ကျွန်ုပ်က "ကျွန်ုပ် လာပြီ…လာပြီ"လို့ ပြန်ထူးတယ်။ ကျွန်ုပ် ထွက်လာတော့ သူက ကွယ်လွန်နှင့်ပြီ။ အဲဒီအခိုက်အတန့်မှာ သူ့သမီးနဲ့မြေး ဗင်ကမ္မနဲ့ ရှိုင်းလာဂျတို့ဟာ သူ့အနားမှာ ရှိကြတယ်။ ဒါပေမဲ့ သူဟာ ဆွာမိကိုပဲ တ,တယ်။ အဲဒါဟာ သူ့ရဲ့ ကြီးမြတ်တဲ့ ဘာသာရေး

ကျင့်စဉ်တွေရဲ့ ဆုလာဘ်ဖြစ်တဲ့ ဘုရားတရား ကိုင်းရှိုင်းမှုနဲ့ တော်လှန်မှုတွေရဲ့ အထောက်အထားဖြစ်တယ်။ အဲဒါဟာ အလွန် အတုယူဖို့ကောင်းတဲ့ နမူနာ တစ်ရပ် ဖြစ်တယ်''

## ဗာလာ (ကလေးအရွယ်) ကရိသျှဏအဖြစ်

ဆွာမိ ကာရုညာနန္ဒသည် ရာမနမဟာသီနှင့် အရဏာချာလမ် ကျောင်း သခ်မ်းတွင် နှစ်ပေါင်းများစွာ ကုန်ဆုံးစေခဲ့သည်။ သူသည် တိရုပတိမြို့ အနီး ဂေါဂါဘမ်တွင်လည်း နှစ်ပေါင်းအတော်ကြာ နေထိုင်ခဲ့သည်။ ၁၉၂၇ ခုတွင် သူ့အား ရှီးဗားနန္ဒဆွာမိက ဟာရစ်ရှီကက်ရှ်အရပ်၌ ဆန်ညာသီ (အလုံးစုံ စွန့်လွှတ်ထားသောရဟန်း) အဖြစ် ရဟန်းခံပေးလိုက်သည်။ သူသည် ခြိုးခြံ သော အကျင့်အများအပြားကို ကျင့်သုံးခဲ့သည်။ နောက်ပိုင်းတွင် သူသည် အန္ဓရပြည်နယ် ရာဂျမွန်ဒရီမြို့၌ ဂေါတမီဇီဝ ကာရုညဆန်ဂမ် (အကျိုးဆောင် အဖွဲ့) ကို တည်ထောင်ပြီး ဆင်းရဲချို့တဲ့သူ အများအပြားကို အလုပ်အကျွေး ပြုခဲ့လေသည်။ သူ၏ဘာသာရေး စွမ်းဆောင်မှုများနှင့် လူ့လောက ကောင်း ကျိုးဆောင်မှုများ၏ ရလဒ်အနေဖြင့် သူသည် စရီဆာသီယဆိုင်း၏အနီးတွင် နေထိုင်ခွင့်ဟူသော ကံကောင်းခြင်းကို ရရှိခဲ့လေသည်။

တစ်ကြိမ်တွင် စရီဆာသီယဆိုင်းဘာဘာက ကာရုညာနန္ဒကို သူ့အခန်း တွင် လာအိပ်ရန် ဖိတ်ခေါ်လေသည်။ သို့သော် သူသည် သူ၏ အိပ်ရင်း ဟောက်တတ်သော အကျင့်ကြောင့် ဘာဘာ၏ဖိတ်ခေါ်ချက်ကို လက်ခံရန် တွန့်ဆုတ်နေလေသည်။ ဆွာမိက စိတ်မပူရန် သူ့ကိုပြောပြီး သူ့အခန်းတွင် လာအိပ်ခိုင်းလေသည်။

''ဘဂဝမ်စရီဆာသီယဆိုင်းဟာ ဘယ်တော့မှ မအိပ်ဘူး။ သူဟာ သူ့ရဲ့ လက်ဝဲဘက်ကို စောင်းပြီး လဲလျောင်းတယ်။ သူ့မျက်စိများဟာ အမြဲ တစ်ဝက်ပွင့်နေတယ်။ သူ့ပတ်ဝန်းကျင်မှာ ဘာတွေ ဖြစ်ပျက်နေတယ်ဆိုတာ ကို သူ ပြည့်ပြည့်ဝဝ သတိထားမိတယ်'' ဟု ကာရုညာနန္ဒက နောက်ပိုင်း တွင် ပြောကြားခဲ့သည်။ ဘဂဝမ်သည် ထိုညတွင် ကာရုညာနန္ဒအား မမေ့ နိုင်သော အတွေ့အကြုံတစ်ရပ်ကို ပေးသနားခဲ့လေသည်။ ဆွာမိက သူ၏ ခုတင်ပေါ်တွင် လဲလျောင်းနေသည်။ ကာရုညာနန္ဒက သူ၏အိပ်ရာကို ကြမ်း

ပေါ်တွင် ခင်းပြီး အိပ်သွားသည်။ အချိန်အတော်ကြာသွားအခါ သူသည် နိုး လာပြီး ထထိုင်ကာ ဆွာမိ၏ ခုတင်ကို ကြည့်သည်။ အံ့သြဖွယ်ကောင်း လောက်စွာပင် သူသည် ဆွာမိ၏အိပ်ရာထက်၌ ဗာလာကရိသျှဏ (ကလေး အရွယ် ကရိသျှဏ) လဲလျောင်းနေပြီး နှစ်လိုဖွယ် အပြာရောင်ဖြာနေသည်ကို တွေ့မြင်လိုက်ရလေသည်။ ကာရုညာနန္ဒသည် အံ့ဖွယ်ကောင်းလှသောမြင်ကွင်း ကို အငမ်းမရ ရှုကြည့်မိလေသည်။ သူသည် မယုံကြည်နိုင်ဘဲ သူ၏မျက်လုံး များကို ပွတ်ကာ ဂရုတစိုက် ကြည့်ပြန်သည်။ သူသည် ပြုံးပြုံးကျယ်ကျယ် နိုးနေပြီး သူ၏အာရုံများကို ပြည့်ပြည့်ဝဝ ပိုင်ဆိုင်နေကြောင်း သတိပြုမိနေ ကြောင်းကိုလည်း သူ့ကိုယ်သူ စစ်ဆေးတွေ့ရှိလေသည်။ လုံးဝ သံသယဖြစ် စရာ မရှိ။ ဗာလာကရိသျှဏသည် ဘာဘာ၏အိပ်ရာထက်တွင် လဲလျောင်း နေသည်။ အချိန်အနည်းငယ်အကြာတွင် ဗာလာကရိသျှဏ၏နေရာ၌ ဘာဘာ ပြန်လည် ရောက်ရှိလာလေသည်။

ကာရုညာနန္ဒက နောက်မိုင်းတွင် ပြောကြားသည်မှာ "ကျွန်ုပ် တွေ့ မြင်ခဲ့တာက သေသေချာချာကြီးကို စိတ်ကူးစိတ်သန်း မဟုတ်ဘူး။ ကျွန်ုပ် ဟာ ပြည့်ပြည့်ဝဝ နိုးနေတယ်။ အဲဒါဟာ အစစ်အမှန် ဗာလာကရိသျှဏ ဖြစ်တယ်။ ဗာလာကရိသျှဏက စရီဆာသီယဆိုင်း ဖြစ်သွားတာကိုလည်း ကျွန်ုပ် တွေ့မြင်ခဲ့တယ်။ ဘဂဝမ်ဆာသီယဆိုင်းဟာ သူ့ရဲ့ ဘုရားဖြစ်မှုကို အများပြည်သူရှေ့မှာ ပြသလေ့မရှိဘူး။ ထိန်းသိမ်းမရလောက်အောင် ကြီးမား တဲ့ လူအုပ်ကြီးတွေ သူ့ထံရောက်လာကြမှာကို စိုးလို့ဖြစ်ကောင်း ဖြစ်နိုင်ပါ တယ်"

ကိုဒိုက်ကနယ်လ်တောင်စခန်းရှိ ဆွာမိ၏ ဆိုင်းစရုတီးရိပ်သာတွင် ဆွာမိက သူ၏ကျောင်းသားများကို ဘုရားဆိုင်ရာ လျှို့ဝှက်ချက်တစ်ရပ်ကို ထုတ်ဖော် ပြောကြားခဲ့ဖူးသည်။ "စရီမန်နာရာယန အရှင်မြတ်ဟာ ဆာသီယ ဆိုင်းအဖြစ် လူ့အသွင်နဲ့ ဒီမြေပြင်ကို ကြွလာခဲ့တယ်။ ဒီအချက်ကို နားလည် လက်ခံပါ။ စရီရာမအရှင်မြတ်နဲ့ စရီကရိသျှဏ အရှင်မြတ်တို့လိုပဲ ဒါဟာ ပူးရဏအာဗာတား (ပြည့်ပြည့်ဝဝ အဝတာရ) ဖြစ်တယ်။ ကြီးမြတ်တဲ့ ပညာ ရှိကြီးတွေ စိတ်ဝိညာဉ်ဆိုင်ရာ ဆရာသခင်တွေကို ဒိဗ်ယရှတ်က်တိ (တန်ခိုး တော်) က ဒီကို မကြာမကြာ စေလွှတ်ခဲ့တယ်။ သင်တို့ရှေ့မှာ အခုဖူးမြင်

နေကြရတာကတော့ စကြဝဠာလုံးဆိုင်ရာ ပရမတ် (အကြွင်းမဲ့ပုဂ္ဂိုလ်) ဖြစ်တယ်''

## ငါတာမဗုဒ္ဓအဖြစ်

တစ်ကြိမ်တွင် အန္ဒြပရာဒက်ရှ်ပြည်နယ် ဟိုက်ဒါရာဘက်မြို့၌ ဒေါက်တာ ဗာလာကရိသျှဏက သဘာပတိအဖြစ် ဆောင်ရွက်သော သိပ္ပံပညာရှင်များ ညီလာခံတစ်ရပ် ကျင်းပသည်။ တက်ရောက်ကြသူများထဲတွင် ပါမောက္ခ ဟိုက်ကာဝါခေါ် ဂျပန်သိပ္ပံပညာရှင်တစ်ဦး ပါဝင်သည်။ ဒေါက်တာ ဗာလာကရိသျှဏက သူ့ကို သူ့အိမ်သို့ ဖိတ်ခေါ်သည်။ ထိုအိမ်တွင် ဒေါက်တာ ဟိုက်ကာဝါသည် ဘဂဝမ်စရီဆာသီယဆိုင်းဘာဘာ၏ ရောင်စုံဓာတ်ပုံကို ပထမဆုံးအကြိမ် မြင်ဖူးသည်။ သူသည် ချက်ချင်းပင် ဓာတ်ပုံ၏ ဆွဲဆောင်မှုကို ခံရလေသည်။ ဘုရားကျောင်းနှင့်တူသော ထိုအိမ်တွင် မွှမ်းမံမှုများ အလယ်၌ ထင်းထင်းကြီး ပေါ်လွင်နေသည်။ ထိုပုံသည် မိသားစု၏ ဂုဏ်ပြုခြင်းခံရသော ဘိုးဘေးတစ်ဦး ဖြစ်မည်ဟု သူ ထင်မိသည်။ စကားစပ်မိသော အခါ ဒေါက်တာ ဗာလာကရိသျှဏက ဘဂဝမ်စရီဆာသီယ ဆိုင်းဘာဘာ၏ ဘုရားဓာတ်အကြောင်းကို ဖော်ပြပြီး ဘာဘာသည် ဘုရားဝင်စားသူ ဖြစ်ကြောင်း သူ့ကို ပြောပြသည်။

ထိုအချိန်တွင် ဆွာမိသည် ဟိုက်ဒါရာဘက်မြို့တွင် ရောက်ရှိနေသည် နှင့် ကြုံကြိုက်၍ သိပ္ပံပညာရှင်နှစ်ယောက်တို့သည် ဆွာမိကို သွားဖူးကြသည်။ ဆွာမိက သူတို့ကို အင်တာဗျူးခန်းသို့ ကြင်နာစွာ ဖိတ်ခေါ်သည်။ ဆွာမိ အနီးတွင် ရောက်ရှိနေသောအခါ ပါမောက္ခ ဟိုက်ကာဝါသည် ဘုရားဓာတ်ရှိသော ပုဂ္ဂိုလ်တစ်ဦးရှေ့မှောက်တွင် သူ ရောက်နေသည်ဟု ပြင်းပြင်းပြပြ ခံစားမိလေသည်။ ဆွာမိက သူ့ကို အသာအယာ ပြုံးပြပြီး သူ့လက်ကို ဝှေ့ယမ်း၍ လှူနှလုံးသားတစ်ခု ထုတ်လုပ်လိုက်ကာ သူ့ကိုပြလေသည်။ သူက မတွေးတတ်အောင် ဖြစ်သွား၏။ ဘဂဝမ်က ထိုဟာ ဘာဖြစ်ကြောင်း သူ့ကို မေးရာ သူက လှူနှလုံးသားဖြစ်ကြောင်း ပြန်ဖြေ၏။ ''ဒါ ဘယ်သူ့နှလုံးလဲ သင် သိသလား'' ဟု ဆွာမိက မေး၏။ ''ကျွန်ုပ် ဘယ်လိုလုပ် သိပါ့မလဲ'' ဟု သူက ဖြေသည်။ ''ဒါဟာ သင့်ကို မွေးဖွားစဉ်က သင်ရဲ့နှလုံးသား ဖြစ်တယ်'' ဟု ဘဂဝမ်က သူ့ကို ပြောပြသည်။

ဒေါက်တာ ဟိုက်ကာဝါသည် အကြီးအကျယ် အံ့သြသွားသည်။ ဆွာမိက ရှင်းပြသည်။ "ဒါဟာ တကယ်ပဲ သင့်ရဲ့နှလုံးသား ဖြစ်တယ်။ (နှလုံးတွင် အပ်ပေါက်ပါနေသည်) မအံ့သြနဲ့။ သင့်ကို မွေးမွေးချင်း သင့်ရဲ့နှလုံးဟာ အခုန်ရပ်သွားတယ်။ သင့်ကိုယ်ဟာ ပြာနှမ်းလာတယ်။ သင့်အဖေက ဘုရားကို ယုံကြည်တတ်သူဖြစ်တယ်။ သူဟာ သင့်ကိုယ်ကို ကျွန်ုပ်ရဲ့ခြေရင်းမှာ ချထားပြီး 'အို... ဘုရားသခင် တပည့်တော်ဟာ အရှင်ဘုရားထံ စိတ်အားထက်သန်စွာ သား ဆုတောင်းခဲ့တယ်။ တပည့်တော်ရဲ့ဆုတောင်းကို အရှင်ဘုရား ဒီလိုပဲ တုန့်ပြန်သလား။ ဒီအသက်ကင်းမဲ့တဲ့ ကလေးဟာ တပည့်တော်အတွက် ဘာအသုံးကျမှာပါလဲ' လို့ လျှောက်ထားတယ်။ အဲဒါကြောင့် ကျွန်ုပ်က သင့်နှလုံးကို ကောင်းသွားအောင် ပြုပြင်ပြီး သင့်ကို အသက်ပြန်သွင်းပေးခဲ့တယ်"

အမှန်အားဖြင့် ဂျပန်သိပ္ပံပညာရှင်သည် ဘာဘာထက် အသက်ကြီးသည်။ သူ့ဖခင်က သေနေသော သူ့သားကို အသက်ပြန်ရှင်လာစေအောင် ဆုတောင်းခဲ့သည့်ပုဂ္ဂိုလ်မှာ ရှင်တော်ဗုဒ္ဓ ဖြစ်သည်။ ထိုအဖြစ်အပျက်၏ လျှို့ဝှက်ချက်ကို သူ့မိဘများသာ သိသည်။ အခြားသူများ မသိကြ။ လွန်ခဲ့သော ရာစုနှစ်ပေါင်းများစွာက ပွင့်တော်မူခဲ့သော ရှင်တော်ဗုဒ္ဓသည် ယခုအခါ ဆိုင်းဘာဂဝမ်အဖြစ် ဝင်စားလာခဲ့သည်ဟု ဒေါက်တာဟိုက်ကာဝါက သဘောပေါက်နားလည်သွားလေသည်။

## ယေရှုခရစ်တော်အဖြစ်

ရိုမန်ကက်သလစ်ဘာသာဝင် အမေရိကန် ဇနီးမောင်နှံ နှစ်ဦးသည် ဘာဂဝမ်၏အကြောင်းကို ကြားသိရ၍ ပုတ္တပါတီသို့ ရောက်လာကြ၏။ ပရရှန္တိနီလာယမ်စခန်းတွင် အများပြည်သူတို့နှင့်အတူ သူတို့သည် အသရေတင့်လှသော ဘာဘာ၏အသွင်ကို ဖူးမြင်ကြရ၏။ အားကောင်းသော စိတ်ဝိညာဉ်ဆိုင်ရာ လှိုင်းများ သူ့ထံမှ ဖြာထွက်နေသည်ကို သူတို့ ခံစားမိကြ၏။ ပြင်းပြသော ပျော်ရွှင်မှုကို ခံစားကြရသည့်အတွက် သူတို့ အံ့အားသင့် ဝမ်းမြောက်ရွှင်လန်းမိကြ၏။ ယောကျ်ားဖြစ်သူသည် ဘာဘာ၏ကြင်နာမှုကို ဖော်ပြနေသော မျက်လုံးများနှင့် မေတ္တာစိတ် ပြည့်ဝသော နှလုံးသား၏လွမ်းမိုးခြင်း

ခံရ၏။ ယေရှုကိုယ်တိုင် ဆိုင်းအသွင်ဖြင့် မြေပြင်သို့ ပြန်ကြွလာခဲ့ပြီဟု သူ ယုံကြည်ပြီး သူ့မိန်းမကို ထိုအတိုင်း ပြောပြ၏။ သို့ရာတွင် မိန်းမဖြစ်သူက လိုလိုလားလား မတုန့်ပြန်။ "အဓိပ္ပာယ်မရှိလိုက်တာ ကျွန်မတို့ဟာ ရိုမန်ကက်သလစ်တွေ ဒီဟိန္ဒူဟာ ယေရှုကိုယ်တိုင်ဖြစ်တယ်လို့ ရှင်ပြောတာ မသင့်တော်ဘူး။ ဒီကိစ္စမှာ ကျွန်မ ရှင်နဲ့ သဘောမတူဘူး" ဟု သူမက ပြော၏။ သူမသည် စရီဆာသီယဆိုင်းနှင့် ခပ်ကင်းကင်းနေ၏။

တစ်နေ့တွင် ဆွာမိက သူတို့ဇနီးမောင်နှံကို အင်တာဗျူး ခေါ်သည်။ ယောကျ်ားဖြစ်သူက ကြီးစွာ မြူးတူးရွှင်ပြသွား၏။ မိန်းမဖြစ်သူကတော့ အေးတိအေးစက်။ အင်တာဗျူးပြီးခါနီးတွင် ယောကျ်ားဖြစ်သူက "ဆွာမိ တပည့်တော် ဓာတ်ပုံရိုက်ပါရစေ" ဟု ခွင့်ပန်၏။ ဆွာမိက သဘောတူ၍ ထိုလူကြီးမင်းက သူ့ကင်မရာဖြင့် ဓာတ်ပုံရိုက်ယူ၏။ ထိုဖလင်ကို အိမ်ပြန်အရောက်တွင် ဆေးကူးလိုက်သောအခါ ဆာသီယဆိုင်း မဟုတ်ဘဲ ချစ်ခင် ကရုဏာထားတတ်သော ယေရှုခရစ်တော်၏မျက်နှာ ထွက်လာသည်ကို တွေ့ကြရ၍ အလွန်တရာ အံ့ဩသွားကြရလေသည်။ မိန်းမဖြစ်သူသည် ယေရှုခရစ်တော်၊ စရီဆာသီယ ဆိုင်းအသွင်ဖြင့် သူမ၏ရှေ့တွင် သွေးနှင့်ကိုယ် သားနှင့်ကိုယ် ရောက်ရှိနေခဲ့သည်ကို အသိအမှတ်မပြုခဲ့မိ၍ ကြီးစွာ စိတ်မကောင်းခြင်း ဖြစ်ရလေသည်။ အထူးပြောဖို့ မလိုသည်မှာ သူမသည် ထိုအချိန်မှစ၍ ဆိုင်းဘာဘာကို ကိုးကွယ်ဆည်းကပ်သူတစ်ယောက် ဖြစ်သွားလေသည်။

ကိုးကွယ် ဆည်းကပ်သူတစ်ယောက်က "ယေရှုက ပြန်လာဖို့ ကတိပေးသွားခဲ့ပါတယ်။ အရှင်ဘုရားဟာ အဲဒီယေရှုပါလား" ဟု ဆွာမိကို မေးသည်။ ဆွာမိက သူ့ကို ရှင်းပြသည်မှာ ယေရှုက သူ ပြန်လာမယ်လို့ ပြောမသွားခဲ့ပါဘူး။ သူ့ကို မြေပြင်ကို စေလွှတ်ခဲ့တဲ့ ဘုရားကိုယ်တိုင် ကြွလာမယ်လို့ ပြောသွားခဲ့တာပါ။ သူက သိုးတစ်ကောင်ကို ညွှန်ပြတယ်။ သိုးက ဘာဘာလို့ အော်တယ်။ ဘုရားဟာ မြေပြင်ကို အဲဒီနာမည်နဲ့ ကြွလာလိမ့်မယ်လို့ ယေရှုက ညွှန်ပြသွားခဲ့တာပါ။ ဒါပေမဲ့ သူ့နောက်လိုက်တွေက သူ ပြောကြားသွားတာကို မှန်မှန်ကန်ကန် နားမလည်ခဲ့ကြဘူး။ ယေရှုကို မြေပြင်ကို စေလွှတ်ခဲ့သူဟာ ကျွန်ုပ်ဖြစ်တယ်"

## ဆွာမိ လက်ဖဝါးတွင် ကာဗ ပေါ်လာခြင်း

မွတ်စလင်တစ်ဦးဖြစ်သူ ပါမောက္ခ အက်စ်၊ ဗတ်ရှီရုဒင်သည် စရီဆိုင်းဘာဘာထံ လာရောက်သောအခါ အပေါ်တွင် အာရေဗစ်ဘာသာဖြင့် အလ္လာဟု ရေးထွင်းထားသော ဆွဲပြားတစ်ခုကို ဖန်ဆင်း၍ သူ့ကို ပေးလိုက်လေသည်။ တစ်ခါတွင် အာရေဗစ် ဧည့်သည်အချို့သည် ပရရှန္တိနီလာယမ်သို့ လာရောက်ကြသည်။ ထိုနေ့သည် မြင့်မြတ်သော ဘကရီ(ဒ်)နေ့ ဖြစ်နေသည်။ ဆွာမိက သူတို့ကို အင်တာဗျူးအခန်းသို့ ဖိတ်ခေါ်ပြီး သူ၏လက်ဖဝါးကို မြှောက်၍ပြသည်။ ဧည့်သည်များသည် ထိုအခိုက်အတန့်တွင် ဆော်ဒီအာရေဗျ နိုင်ငံရှိ မြင့်မြတ်သော ကာဗရှေ့၌ ထောင်ပေါင်းများစွာသော ရှိသေ ကိုင်းရှိုင်းသည့် မွတ်စလင်များ ဝတ်ပြုကန်တော့နေကြသည်ကို တွေ့မြင်ကြရလေသည်။

## စရီဒတ္တာတရိယအဖြစ်

၁၉၇၈ ခု ရှီးဗားရဒ္ဓရီနေ့တွင် ဆိုင်းဘာဘာသည် အူတီမြို့မှ ဘန်ဂလောမြို့သို့ ကားဖြင့် ခရီးသွားနေသည်။ ကိုးကွယ်ဆည်းကပ်သူနှင့် ကျောင်းသား တော်တော်များများသည် ကားများနှင့် အတူလိုက်ပါလာကြသည်။ သူတို့အထဲတွင် ဘန်ဂလော၌ ဘာဘာအတွက် အစားအသောက်များကို နေ့စဉ် ချက်ပြုတ်ပေးရသော ရှရီမတီရတန်လားလ် ဘတ္တိယာလည်း ပါဝင်သည်။ တစ်နေရာတွင် ဘာဘာက ကားများကို ရပ်စေပြီး ကားပေါ်မှ ဆင်းသည်။ အတူလိုက်ပါလာသူအားလုံး ကားများပေါ်မှ ဆင်းကြကာ ဘာဘာ့အနီးတွင် ထိုင်ကြသည်။ ဘာဘာက သူတို့ကို စိတ်ဝိညာဉ်ဆိုင်ရာ စကားအနည်းငယ် ပြောသည်။ ထို့နောက် သူ့အပေါ် သံသယပွားနေသော တစ်ယောက်ကို "မင်းဟာ ဆွာမိနဲ့ ပတ်သက်ပြီး သံသယတွေ ဖြစ်နေတုန်းပဲ မဟုတ်လား။ မင်းဟာ ပိုလာရွိုက် ကင်မရာတစ်ခုကို ကိုင်ထားတယ်။ ဆွာမိရဲ့ဓာတ်ပုံကို ရိုက်ကြည့်လိုက်။ ဆွာမိ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ မင်း မြင်တွေ့သွားရမယ်" ဟု ပြောလေသည်။

ဘာဘာက တစ်ခုသောနေရာတွင် ရပ်သည်။ ကျောင်းသားက ကင်မရာနှင့် နေရာယူပြီး ဓာတ်ပုံရိုက်မည်ပြုသည်။ ရုတ်တရက် ရှရီမတီဘတ္တိယာ

သည် ပြေးထွက်လာပြီး ဘာဘာ၏ဝတ်ရုံမှ ခေါက်ရိုးကျိုးနေသည်များကို ဆွဲဆန့်ရန် ကြိုးစားသည်။ ဘာဘာက သူမကို ထွက်သွားရန် ခပ်တင်းတင်း ပြောလိုက်သည်။ ဘာဘာ အငေါက်ခံရ၍ ထိုသနားစရာ အမျိုးသမီးကြီး သည် ပြန်လှည့်ပြီး ခပ်လှမ်းလှမ်းတွင် သွားရပ်နေသည်။ ကျောင်းသားက သူ၏ကင်မရာကို ခလုတ်နှိပ်လိုက်သည်။ ခဏအတွင်းတွင် ဓာတ်ပုံထွက်လာ သောအခါ ဗြဟ္မာကြီး၊ အရှင်မြတ်၊ မဟာဗစ်ရှ်နူး အရှင်မြတ်နှင့် မဟေသွာရ (ရှီးဗား) အရှင်မြတ်တို့ ဦးခေါင်းများနှင့် ပုဂ္ဂိုလ်သုံးဦးပေါင်း ဒတ္တာတရိယ အရှင်မြတ်ပုံ ဖြစ်နေသည်ကို တွေ့ကြရလေသည်။ ထိုပုံကို ဆွာမိအားပြသော အခါ ဆွာမိက "ဒီဓာတ်ပုံ ရိုက်ယူနေတဲ့ အခိုက်အတန့်မှာ ထွက်သွားဖို့ သင့်ကို ကျွန်ုပ် ဘာကြောင့် ခပ်တင်းတင်း အမိန့်ပေးခဲ့တယ်ဆိုတာ သင် အခုသဘောပေါက်ပြီလား။ အဲဒီအချိန်မှာ အလွန်အမင်း ပြင်းပြတဲ့ ရောင်ခြည် ဖြာမှုတွေဟာ ကျွန်ုပ်ထံက ထွက်လာနေတယ်။ အဲဒါတွေရဲ့ ရိုက်ခတ်မှုကို သင် ခံနိုင်ခဲ့မှာ မဟုတ်ဘူး" ဟု ရှရီမတီဘတ္တိယာကို ပြောပြလေသည်။ ဤအဖြစ်အပျက်ဖြင့် ဆာသီယဆိုင်းသည် သူ့ကိုယ်သူ ဗြဟ္မာကြီး မဟာဗစ်ရှ်နူး အရှင်မြတ်နှင့် မဟေသွာရ အရှင်မြတ်တို့၏ သုံးပါးပေါင်း ဘုရားဓာတ်ဖြစ် ကြောင်း ထုတ်ဖော်ခဲ့လေသည်။

## ဆွာမိသည် စကြဝဠာတစ်ခုလုံးကို ပျံ့နှံ့ဝင်ရောက်သည်

လိုင်လာနှင့် ဟိုးမားယန်းတို့သည် အမေရိကန် ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်တွင် နေထိုင်ကြသော ဇနီးမောင်နှံ ဖြစ်သည်။ ဟိုးမားသည် ဂြိုဟ်တုများ ပစ်လွှတ်ခြင်းနှင့် သက်ဆိုင်သောဌာနတွင် အလုပ်လုပ်သည်။ ၁၉၇၂ ခုတွင် လိုင်လာသည် ဆိုင်းဘာဘာအား စိတ်အားထက်သန်စွာ ကိုးကွယ် ဆည်းကပ်သူ မဂ္ဂဆီကိုနိုင်ငံနေ အင်ဒရာဒေဝီ ဦးဆောင်သောအဖွဲ့တစ်ဖွဲ့ နှင့်အတူ ဆွာမိကို ဖူးတွေ့ရန် ပုတ္တပါတီသို့ လာရောက်ခဲ့လေသည်။ ဟိုးမား က သူ့ဇနီးဖြစ်သူ ဘာဘာ့ထံမှောက်၌ ရောက်ရှိနေစဉ် ပုတ္တပါတီကို လေဟာ ပြင်မှ ဓာတ်ပုံရိုက်ယူရန် စိတ်ကူးမိလေသည်။ သို့ဖြင့် မြေပြင်အထက် မိုင် ၂၀၀ ခန့်အမြင့်မှ ဂြိုဟ်တုက ဓာတ်ပုံတော်တော်များများ ရိုက်ယူဖြစ်ခဲ့သည်။ ဝေးကွာလှသည့်အတွက် လူနေစခန်းများ တောင်ကုန်းများ အဆောက်အအုံ

များကို ဓာတ်ပုံများတွင် မမြင်ရချေ။ ဘာမှန်းမသိသာသော အဖြူနှင့်အမည်း အကွက်များ အစက်အပြောက်များကိုသာ မြင်ရလေသည်။ လိုင်လာပုတ္တပါတီမှ ပြန်ရောက်လာ၍ ဓာတ်ပုံများကို မြင်လိုက်ရသည့်အခါ သူမသည် များစွာ စိတ်ပျက်သွားလေသည်။ ငွေကြေး ကြွယ်ဝသူမဟုတ်၍ သူမသည် ထိုဓာတ်ပုံများအတွက် ကုန်ကျခဲ့ရသည့် ဒေါ်လာ ၆၀ ကို နမြောမိလေသည်။

နှစ်ပေါင်း အတော်များများ ကုန်လွန်သွားခဲ့ပြီ။ ဆိုင်းတပည့်အချို့သည် အင်ဒရာဒေဝီ၏သမီး မင်္ဂလာဆောင်ကို တက်ရောက်ရန် တက်ကတီမြို့သို့ သွားရင်း ဟိုးမားဇနီးမောင်နှံတို့အိမ်သို့ ဝင်လည်ကြလေသည်။ ထိုအချိန်တွင် သူသည် ဆိုင်းစာအုပ်စင်တာတစ်ခု ဖွင့်ထားပြီး စင်တာတွင် ကိုယ်နေဟန်ထားအမျိုးမျိုးနှင့် ဆိုင်းဓာတ်ပုံ တော်တော်များများ ရှိသည်။ ဧည့်သည်များက ဓာတ်ပုံများကို စိတ်ဝင်စားကြပြီး အချို့ကို နှစ်သက်ကြသည့်အတွက် ဟိုးမားက ပုတ္တပါတီ၏ ဂြိုဟ်တုဓာတ်ပုံများကို သူတို့အား ပြသည်။ ဧည့်သည်များက အနီးကပ် ကြည့်ရှုကြသည်။ ရုတ်တရက် အမျိုးသမီးတစ်ယောက်က "ဒီမှာ ဆိုင်းဘာဘာပါလား" ဟု အော်လိုက်သည်။ သိလိုစိတ်ပေါ်လာကြ၍ သူတို့အားလုံး သေသေချာချာ အနီးကပ် ကြည့်ကြသည်။ အံ့သြဖွယ်ကောင်းလောက်စွာပင် သူတို့အားလုံးသည် ဆာသီယဆိုင်းဘာဘာ၏မျက်နှာ ဘေးတစ်စောင်းပုံကို မြင်ကြရလေသည်။ ဟိုးမားနှင့် လိုင်လာတို့ သတိမပြုမိခဲ့ကြသော အကွက်များ၊ အစက်အပြောက်များက ပုံဖော်နေသော မျက်နှာဖြစ်၏။ သေချာကြည့်လိုက်တော့ မျက်နှာပုံသည် ပြတ်ပြတ်သားသား ပေါ်နေ၏။ ဦးခေါင်းပေါ်မှ သရဖူနှင့်တူသော ဖောင်းဖောင်းကြွကြွ ဆံပင်၊ နှာခေါင်းပုံ၊ မျက်လုံးများ အထူးသဖြင့် ဆွာမိ၏ပါးပြင်မှ မွေးရာပါအမှတ်ကြီးကိုပင် မြင်ရလေသည်။

ဟိုးမားက တွက်ချက်ကြည့်သည်။ လောင်ဂျီတွဒ်နှင့် လတ္တီတွဒ်များကို ထည့်တွက်လိုက်ရာ ဓာတ်ပုံသည် အလျား မိုင် ၄၀၊ အနံ မိုင် ၂၀ ခန့် ကျယ်ဝန်းသောနေရာကြီးကို ရိုက်ယူထားကြောင်း တွေ့ရ၏။ ဆွာမိ၏မျက်နှာပုံသည် ထိုမျှ ကျယ်ပြန့်သောနေရာကြီးကို အုပ်လွှမ်းနေကြောင်း သဘောပေါက်သည့်အခါ သူသည် ကြီးစွာ အံ့သြရလေသည်။ ရရှိသောအချက်အလက်များအရ ဆွာမိသည် ပရရှန္တိနီလာယမ် ပတ်လည်ရှိဒေသကြီးကို ကြည့်နေ

သည်ဟု ဟိုးမားက ကောက်ချက်ချ၏။

၁၉၇၈ ခုတွင် ဟိုးမားသည် ဘဂဝမ်စရီဆာသီယဆိုင်းကို ဖူးတွေ့ရန် ပုတ္တပါတီသို့ လာ၏။ ဆွာမိ၏ဦးခေါင်းဝန်းကျင်တွင် ရောင်လျှံစက်ဝန်းကြီး ပေါ်ထွန်းနေသည်ကို သူ တွေ့ရ၍ ဓာတ်ပုံတော်တော်များများ ရိုက်ကာ ပုံများကို ဆွာမိအား ပြ၏။ ဆွာမိက ပြုံး၍ "ဒါတွေဟာ ကျွန်ုပ်ရဲ့ အသရေလျှမ်းမှု အနန္တထဲက အသေးအဖွဲတွေမျှသာ ဖြစ်တယ်" ဟု ပြန်ပြောလေသည်။ ၁၉၇၂ ခု နိုဝင်ဘာလ ၂၉ ရက်က ရိုက်ယူခဲ့သော ကြိုဟ်တုဓာတ်ပုံများကို ပရရှန္တိနီလာယမ်ရှိ နက္ခတ်တာရာပြခန်းတွင် ပြသထားလေသည်။

# အခန်း [၇]

# တန်ခိုးတော်အနန္တနှင့် ပြည့်စုံသော ဖန်ဆင်းသူ၊ တည်မြဲစေသူ၊ ဖျက်ဆီးသူ

ကျွန်ုပ်ဟာ သက်ရှိအရာအားလုံးမှာ ကိန်းအောင်းတဲ့ အတ္တမ ဖြစ်တယ်။ ကျွန်ုပ်ဟာ အရာအားလုံးရဲ့ အစ၊ အလယ်နဲ့ အဆုံးဖြစ်တယ်။ စကြဝဠာမှာ သင်တို့မြင်ရတဲ့ လှုပ်ရှားနေတဲ့အရာတွေနဲ့ ငြိမ်သက်နေတဲ့ အရာတွေအားလုံးဟာ အတ္တမရဲ့ ပေါ်လွင်ထင်ဟပ်နေမှုသာ ဖြစ်တယ်။

## ဖန်ဆင်းခြင်း

သက်ရှိအရာတစ်ခုကို သက်မဲ့အရာတစ်ခု ဖြစ်စေခြင်းနှင့် သက်မဲ့အရာတစ်ခုကို သက်ရှိအရာတစ်ခု ဖြစ်စေခြင်းတို့သည် ဘဂဝမ်စရီဆာသီယဆိုင်းဘာဘာ အကြိမ်ကြိမ် ပြသခဲ့သော ဘုရား၏ကစားမှု (တန်ခိုးပြမှု)များ ဖြစ်ကြလေသည်။

## ပုရွက်ဆိတ်ကို ပုတီးစေ့များဖြစ်စေခြင်း

စရဗန်လတွင် မြင့်မြတ်သောနေ့များ ဖြစ်ကြသည့် သောကြာနေ့များ၌ အိမ်ထောင်ရှိ ဟိန္ဒူအမျိုးသမီးများသည် ပါရဗာသီအရှင်မအား ပူဇော်ပွဲဖြစ်သည့် ဂေါရီပူဂျာကို လုပ်ဆောင်လေ့ရှိကြသည်။ ဟိန္ဒူမောင်နှံတစ်တွဲသည်

ထိုပူဇော်ပွဲတွင် ဆွာမိ၏ခြေတော်ကို ပူဇော်ရန်လည်း ဆန္ဒရှိကြသည်။ သူတို့က ဆွာမိထံ ခွင့်ပန်ရာ ခွင့်ပြုချက် အလွယ်တကူ ရရှိခဲ့သည်။ သူတို့သည် လိုအပ်သောပစ္စည်းများကို စုဆောင်းကြရာ မပါမဖြစ်သော ပုတီးစေ့အနက်များ ရှာမရ ဖြစ်နေသည်။ ချိန်းဆိုထားသောအချိန်တွင် ဆွာမိ ကြွလာပြီး နေရာယူသည်။ မောင်နှံနှစ်ဦးသည် စိတ်လှုပ်ရှားနေ၍ အရေးပါလှသော ပုတီးစေ့အနက်များ မပါသည်ကို ဂရုမပြုတော့ဘဲ ပူဇော်ပွဲကို စတင်ကြသည်။ ရုတ်တရက် ဆွာမိ၏ခြေရင်းတွင် ဆက်ကပ်ထားသော ပန်းတစ်ပွင့်အတွင်းမှ ပုရွက်ဆိတ်အနက်ကြီးတစ်ကောင် ထွက်လာသည်။ ဆွာမိက ခွင့်လွှတ်စွာ ပြုံးပြီး "ဘာလဲ သင်တို့က ကျွန်ုပ်ကို ပုရွက်ဆိတ်အနက်တွေနဲ့ ပူဇော်နေကြတာလား" ဟု ပြောပြီး ပုရွက်ဆိတ်ကို ကောက်ယူကာ အမျိုးသမီး၏ လက်ထဲသို့ ထည့်ပေးလိုက်သည်။ ပုရွက်ဆိတ်သည် ရုတ်တရက် ပုတီးစေ့အနက်နှစ်ခုဖြစ်သွားလေသည်။ သူတို့မောင်နှံသည် လိုအပ်သလို ဖန်ဆင်းနိုင်သော ဆွာမိ၏တန်ခိုးတော်ကို အံ့သြမဆုံးဖြစ်ကြရပြီး ပြဋ္ဌာန်းသတ်မှတ်ချက်အတိုင်း ပူဇော်ပွဲကို ဆောင်ရွက်နိုင်ကြ၍ ဝမ်းမြောက် ရွှင်လန်းသွားကြလေသည်။

ဤဖြစ်ရပ်တွင် ဘာဘာသည် သက်ရှိတစ်ခုကို သက်မဲ့ပစ္စည်းအဖြစ်သို့ ပြောင်းလဲပေးခဲ့သည်။ သက်မဲ့အရာဝတ္ထုများကို သက်ရှိတစ်ခုအဖြစ် ဘာဘာ ပြောင်းလဲပေးသော အဖြစ်အပျက်တစ်ခုလည်း ရှိလေသည်။

## ကွမ်းရွက်ရိုးများမှ ကြက်တူရွေးဖြစ်စေခြင်း

ဆွာမိသည် ထိုအချိန်တွင် အန္ဒရပရာဒက်ရှ် ပြည်နယ်တွင် ခရီးလှည့်နေသည်။ သူသည် ကိုးကွယ်ဆည်းကပ်သူတစ်ဦး၏ အိမ်တွင် တည်းသည်။ စားသောက်အပြီးတွင် ကွမ်းရွက်နုများ၊ ကွမ်းသီးမှုန့်၊ ထုံးနှင့် အခြားအရာများ ထည့်ထားသော ငွေလင်ပန်းတစ်ချပ်ကို သူ့ရှေ့တွင် တည်ခင်း ဆက်ကပ်သည်။ သူသည် ကွမ်းစားရန် ပြင်နေရင်း ကွမ်းရွက်များမှ အရိုးများကို အေးအေးဆေးဆေး ထုတ်ယူကာ ပန်းကန်ပြားပေါ်တွင် ငှက်တစ်ကောင်ပုံဖော်လိုက်ပြီး "ဘုရားသခင်ဟာ ဘာနဲ့ အလုပ်များနေတယ်လို့ သင်တို့ ထင်ကြသလဲ" ဟု မေးလိုက်သည်။ ကိုးကွယ် ဆည်းကပ်သူတစ်ဦးက "ဘုရားသခင်က

ရှရစ်ရှိတီ (ဖန်ဆင်းခြင်း) နဲ့ အလုပ်များနေပါတယ်''ဟု ပြန်ဖြေသည်။ ဆွာမိက လင်ပန်းပေါ်မှ ငှက်ပုံကို လက်ဖြင့်တို့လိုက်သည်။ ၎င်းသည် ရုတ်တရက် ကြက်တူရွေးတစ်ကောင် ဖြစ်သွားပြီး ပြင်းစွာ အတောင်ပံများခတ်ကာ ပျံတက်သွားလေသည်။ ကိုးကွယ်ဆည်းကပ်သူများသည် အလွန်တရာ အံ့ဩ ဝမ်းမြောက် ပျော်ရွှင်သွားကြလေသည်။

## ပဲကြော်ထဲက စိန်နားပန်

အင်ဒူလာရှားသည် တစ်ကြိမ်တွင် ဘုံဘေမြို့ရှိ သူ့အိမ်သို့ ဘဂဝမ်စရီ ဆာသီယဆိုင်းဘာဘာကို ပင့်ဖိတ်သည်။ ဆွာမိကို စားသောက်စားပွဲ၏ထိပ်တွင် နေရာပေးသည်။ မျက်နှာချင်းဆိုင်တွင် ရှားနှင့် သူ့သမီး ထိုင်ကြသည်။ မစ္စစ်ရှားက လတ်လတ်ဆတ်ဆတ် ကြော်ထားသော ပဲကြော်တစ်ပန်းကန်ကို ဆွာမိရှေ့တွင် ချသည်။ သူက ပဲကြော်တစ်ခုကို ကောက်ယူ၍ ရှား၏သမီးရှေ့က ပန်းကန်ထဲ ထည့်ပေးကာ နှစ်ခြမ်းဖွဲ့စားရန် သူမကို ပြောသည်။ ဖွဲ့လိုက်သောအခါ တစ်ခြမ်းတွင် စိန်နားပန်တစ်ခုစီ ပါလာသည်ကို သူမ တွေ့ရလေသည်။ အနီးရှိ လူအားလုံးသည် အံ့ဩပီတိဖြစ်သွားကြလေသည်။ ဆွာမိက စိန်နားပန်များကို မိန်းကလေးအား ကိုယ်တိုင် ပန်ပေးခဲ့လေသည်။

၁၉၉၇ ခု ဧပြီလ စတုတ္ထပတ်တွင် ကိုဒိုက်ကနယ်လ်တောင်စခန်း၌ ဆွာမိနှင့်အတူ ကိုးကွယ်ဆည်းကပ်သူ တော်တော်များများသည် ညစာ စားနေကြ၏။ ဆွာမိက စောစောစားပြီး၍ စားသောက်နေကြသော ကိုးကွယ်ဆည်းကပ်သူများထံ လှည့်လည်သွားရောက်ကာ စကားပြောနေ၏။ သူက စားနေသူတစ်ဦးအနီး သွားကာ ''ပူရီကို ဖွဲ့ပြီးစား'' ဟု ပြောလိုက်သည်။ ထိုသူက ခိုင်းသည့်အတိုင်း ဖွဲ့လိုက်ရာ ရွှေလက်စွပ်တစ်ကွင်း ထွက်လာ၍ အံ့ဩသွားလေသည်။ ဆွာမိက ''အဲဒါ သင့်အတွက်ပဲ၊ သင် ယူလိုက်တော့'' ဟု ပြောလေသည်။ လူတိုင်း အံ့ဩသဘောကျသွားကြ၏။ ဆွာမိ၏ တပည့်ရင်း တစ်ဦးဖြစ်သော အနီးလ်ကူမာသည်လည်း ထိုစားပွဲတွင် ပါဝင်၍ ပူရီများကို ဖြည်းညင်းစွာ စားနေ၏။ မြန်မြန်စားရန် သူ့ကို ဆွာမိက ပြောသောအခါ သူက ''ဆွာမိ ဘယ်ပူရီထဲမှာ အရှင်ဘုရား ဘာထည့်ထားတယ်ဆိုတာ ဘယ်သူသိမလဲ။ ဒါကြောင့် တပည့်တော် သတိထားစားနေတာ'' ဟု ပြန်လျှောက်ရာ ဝိုင်းရယ်ကြလေသည်။

## တည်မြဲအောင် ထိန်းသိမ်းခြင်း (အသက်ကယ်ခြင်း)

တစ်ကြိမ်တွင် ဗရင်ဒဝန်စခန်းရှိ ဆွာမိ၏ စံကျောင်း ထရာယီတွင် ဆွာမိက စုရုံးရောက်ရှိနေကြသော ကျောင်းသားများနှင့် အမှုထမ်းများအား ဟောပြောရန် ဗိုလ်မှူးချုပ် အက်စ်၊ ကေ၊ ဘိုစ်ကို တာဝန်ပေး၏။ ဗိုလ်မှူးချုပ်က ဆွာမိ၏ ခြေတော်ရင်းတွင် သူ ကြားသိမှတ်သားခဲ့ရသော သင်ခန်းစာများအကြောင်းကိုသာ အများဆုံး ပြောသွား၏။ ပြောပြီး၍ ဆွာမိ၏အနီးကို ကပ်ပြီး ခြေတော်ကို ဦးခိုက်ရန် ကြိုးစားသောအခါ ဆွာမိက ခွင့်မပြုပေးဘဲ "အဲဒီ ဒွတ်ဆဲရနေ့က ဘာဖြစ်ခဲ့တယ်ဆိုတာ သင် ဘာကြောင့် ထည့်မပြောသလဲ" ဟု မေး၏။ ဗိုလ်မှူးချုပ် ဘိုစ်က "ဆွာမိ အဲဒီအကြောင်းကို တပည့်တော် ဘာပြောရမလဲ။ တပည့်တော်ဟာ အရှင်ဘုရားရဲ့ လက်တော်တွေထဲက အသုံးချခံ ပစ္စည်းသာဖြစ်ပါတယ်။ အဲဒီနေ့က အရှင်ဘုရား တပည့်တော်ရဲ့ အသက်ကို ပြန်သွင်းပေးတာကို တပည့်တော် ဘယ်တော့မှ မမေ့နိုင်ပါဘူး။ အရှင်ဘုရားကို တပည့်တော် အစဉ်အမြဲ ကျေးဇူးတင်နေပါတယ်" ဟု ပြန်လျှောက်၏။ ထိုအခါ ဆွာမိက ခြေတော်ကို ဦးခိုက်ခြင်းတည်းဟူသော ထူးမြတ်လှသည့် အခွင့်အရေးကို ပေးလိုက်ပြီး "အဲဒီနေ့က ဘိုစ်ဟာ အမှန်တကယ် သေသွားတယ်။ ကျွန်ုပ်က သူ့ကို ပြန်အသက်သွင်းပေးခဲ့တယ်။ သူ့မှာ လုပ်စရာတွေ အများကြီး ရှိသေးလို့" ဟု ကျောင်းသားများနှင့် အမှုထမ်းများကို ပြောပြလေသည်။

လွန်ခဲ့သည့် နှစ်လက ဆွာမိသည် ဘုရားကျောင်းပတ်လည်တွင် ဆယ့်နှစ်ပေကျယ် အင်္ဂတေလမ်းမြောင်း တစ်ခုခင်းရန် ဘိုစ်ကို စေခိုင်းခဲ့သည်။ ယင်းကို ဒွတ်ဆဲရ ပွဲလမ်းအခမ်းအနားများမစမီ အပြီးဆောင်ရွက်ရန်လည်း သူက ညွှန်ကြား၏။ ထိုအလုပ်ပြီးစီးအောင် တစ်နေ့လျှင် ဆယ့်နှစ်နာရီနှုန်းဖြင့် နှစ်ဆယ့်ငါးရက်ကြာအောင် လုပ်ဆောင်ရ၏။ ကိုးကွယ် ဆည်းကပ်သူအများအပြား လုပ်အားပေးကြ၏။ အလုပ်အချိန်မီ ပြီးစီးပြီးနောက် ဆယ်ရက်ကြာ ကျင်းပသော ပွဲလမ်းအခမ်းအနားများ၌ ညဦးပိုင်းတိုင်း ဆွာမိ၏ ဟောပြောမှုများကို ဘိုစ် တက်ရောက်နာယူ၏။ နောက်ဆုံးနေ့ဖြစ်သော ၁၉၈၈ ခု အောက်တိုဘာလ ၂၀ ရက် ကြာသပတေးနေ့ ဗီဂျယဒသမီတွင် သူသည်

ကိုယ်ပူနေ၏။ သို့သော်ငြားလည်း သူသည် အားတင်းပြီး ပူးရဏာချန္ဒရ ဟော ပြော ခန်းမကြီးသို့ ကြိုးစားသွားရောက်ကာ တရားဟောစင်မြင့်အနီးရှိ ကုလား ထိုင်တစ်လုံးတွင် ထိုင်လေသည်။

ဆွာမိက စတင်ဟောပြော၏။ ဤအတွင်းတွင် ဘိုစ်သည် အသက်ရှူ မဝ ဖြစ်လာကာ ရုတ်တရက် လဲပြိုသွား၏။ ထူးဆန်းသည်မှာ သူ၏မျက်လုံး များ ပိတ်သွားသော်လည်း သူသည် သူ့ပတ်ဝန်းကျင်တွင် ဘာတွေဖြစ်ပျက် နေသည်ကို သတိပြုမိနေ၏။ ရွှေရောင်ငှက်ကြီးတစ်ကောင်သည် သူ့ရှေ့တွင် ရောက်နေကာ သူ့ကို သနားသောမျက်လုံးများနှင့် ကြည့်နေသည်ကို သူ မြင်၏။ ထိုမျှကြီးမားသော ငှက်ကြီးတစ်ကောင်သည် ဟောပြောခန်းမအတွင်း သို့ မည်သို့ ရောက်ရှိလာခဲ့သည်ကို သူ စဉ်းစား၍ မရပေ။ ဆွာမိသည် ရုတ်တရက် သူ၏လက်များကို မြှောက်ကာ ငှက်ကြီးအား ခြောက်လွှတ် သကဲ့သို့ ဝှေ့ယမ်းသည်ကို သူ မြင်လိုက်၏။ ထိုတစ်ခဏတွင် ငှက်ကြီးသည် ပျောက်ကွယ်သွားလေသည်။ ဆွာမိသည် ထိုအခိုက်တွင် လင်္ကာတစ်ပုဒ်ကို ရွတ်ဆိုနေရင်း ရပ်လိုက်ကာ စင်မြင့်မှဆင်း၍ ဘိုစ်ထံ လာ၏။ သူသည် သူ၏ ညာဘက်လက်သီးထဲတွင် တစ်စုံတစ်ခုကို ဆုပ်ထားပုံရ၏။ သူသည် သူ၏ ဘယ်လက်ဖြင့် ဘိုစ်၏ပခုံးကို ပင့်ကာ သူ၏ ညာဘက်လက်ဖြင့် ဘိုစ်၏ခေါင်းနောက်ဘက်ကို ပုတ်ပေး၏။ သူသည် ဘိုစ်၏အသက်ကို သူ၏ ညာဘက်လက်တွင် ဆုပ်ကိုင်ကာ ဘိုစ်၏ခေါင်းကို နောက်ဘက်မှ ပုတ်ပေး ပြီး အသက်သွင်းပေးလိုက်ခြင်းဖြစ်၏။ ဘိုစ်၏ ပိတ်သွားသော မျက်လုံးများ သည် ပွင့်လာကြ၏။ သူသည် ဗီဂျယဒဆမီ နေ့ထူးနေ့မြတ်တွင် ဆွာမိ သူ့ အနီး၌ ရပ်နေသည်ကို မြင်ရ၍ အံ့အားသင့်သွား၏။ သူသည် ဆွာမိ၏ ခြေတော် ကို တို့ထိလို၍ သူ၏လက်ကို ဆန့်လိုက်၏။ ဆွာမိက သူ့ကို မတ်တတ်ရပ်ရန် ပြော၏။ သို့သော် ဘိုစ်က ဆက်ထိုင်နေပြီး ကန်တော့နေ၏။ ဆွာမိက သူ အားရှိလာအောင် သူ့ကျောကို ပုတ်ပေးကာ "မတ်တတ်ရပ်၊ စင်ပေါ်ကိုတက် ပြီး တံခါးနားမှာ သွားနေရာယူ" ဟု သူ့ကို ပြော၏။ သူက ခိုင်းသည့်အတိုင်း လုပ်သည်။ ဆွာမိက ဟောလက်စ တရားကို တစ်နာရီမျှကြာအောင် ဆက်လက် ဟောပြော၏။ ထိုတစ်နာရီအတွင်းတွင် ဘိုစ်၏ အသက်ကင်းမဲ့နေဟန်ရှိသော မျက်နှာသည် ပြည့်ပြည့်ဝဝ ပြန်လည် အသက်ဝင်လာလေသည်။

နောက်နှစ်လခန့်အကြာတွင် ဆိုင်းဘာဘာ ကောလိပ်ကျောင်း အားကစားကွင်း၌ အားကစားပွဲ ကျင်းပ၏။ ကစားပွဲအစတွင် ဆွာမိသည် အားကစား အလံကို တင်ပေးသည်။ ထိုအလံပေါ်တွင် စရီမဟာ ဗစ်ရှနူး အရှင်မြတ်၏ စီးတော်ယာဉ် ကောင်းကင်စံ ဂဠုန်ငှက်ကြီးပုံ ပါရှိသည်။ အားကစားပွဲတွင် ရောက်ရှိနေသော ဘိုစ်က ဗိဂျယဒဆမီနေ့တွင် သူ့ကို သနားသော မျက်လုံးများဖြင့် ကြည့်ရှုနေခဲ့သော ငှက်ကြီးမှာ ထိုငှက်ကြီးဖြစ်ကြောင်း သတိရသွားကာ စိတ်တုန်ရီ လှုပ်ရှားသွားလေသည်။ ဂရုဒ (ဂဠုန်ငှက်) ပူရဏ်ကျမ်းတွင် သူတော်စင်များ ကွယ်လွန်သည့်အခါ သူတို့ကို ကောင်းကင်ဘုံသို့ ထို ကောင်းကင်စံ ဂဠုန်ကြီးက ပို့ပေးလေ့ရှိကြောင်း သူ နောက်မှ သိရလေသည်။

## ဆင်းမလားဖြစ်ရပ်

တစ်ကြိမ်တွင် စရီဆာသီယဆိုင်းသည် ဆင်းမလားမြို့သို့ နောက်လိုက်နောက်ပါအချို့နှင့် ကားဖြင့် သွားရောက်လေသည်။ ညနေ ခြောက်နာရီခွဲခန့်တွင် သူတို့သည် ဆင်းမလားရှိသူတို့ တည်းခိုစခန်းသို့ ရောက်ရှိကြ၏။ မှောင်ရီပျိုးလာချိန်တွင် ထိုမြို့ရှိ အိမ်တစ်အိမ်၌ နှစ်နှစ်သား လူကလေးတစ်ယောက် သေဆုံးသွား၏။ မိဘများမှာ ဖြေမဆည်နိုင်အောင် ပူဆွေးကြ၏။ သူတို့ကို မိတ်ဆွေတစ်ယောက်က "စရီဆာသီယ ဆိုင်းဘာဘာ အခု မြို့ထဲမှာ ရောက်နေတယ်။ ခင်ဗျားတို့သားအလောင်းကို အဲဒီကို သယ်သွားပြီး သူ့ခြေတော်ရင်းမှာ ချပြီး အသနားခံပါလား" ဟု အကြံပေး၏။ မိဘများသည် ကလေးအလောင်းကို အဝတ်စတစ်ခုဖြင့် ထုပ်ပတ်ကာ ဘာဘာ့ထံ သယ်သွားကြပြီး သူ့ခြေတော်ရင်းတွင်ချကာ "ဆွာမိ သူ့ကို ပြန်အသက်သွင်းပေးပါ" ဟု ငိုကြွေးမြည်တမ်းကြ၏။ အစဉ်သဖြင့် ကရုဏာထားတတ်သော ဘဂဝမ်သည် သေနေသော လူကလေးကို တစ်ချက်ကြည့်လိုက်၏။ လူကလေးသည် ရုတ်တရက် အသက်ဝင်လာပြီး ငိုသံပေးလေသည်။ မိဘနှစ်ဦး၏ ပူဆွေးသောက မျက်ရည်များသည် ပျော်ရွှင်မှု မျက်ရည်များအဖြစ် ပြောင်းလဲသွားကြလေသည်။ သူတို့သည် ဘဂဝမ်၏ ကြာပဒုံခြေတော်အစုံကို မျက်ရည်များဖြင့် ဆေးကြောပေးကြလေသည်။ အနီးရှိ ကိုးကွယ်ဆည်းကပ်သူများသည် ဤအံ့ဖွယ်သရဲ တန်ခိုးပြမှုကြောင့် အာရဝမ်းမြောက် ရွှင်လန်းသွားကြကာ ဂျေ

ဆိုင်းရမ်၊ ဂျေဆိုင်းရမ် (ဆိုင်းရမ် အောင်တော်မူပါစေ) ဟု ဟစ်ကြွေးကြလေသည်။

## အသုံးသတ်ပေးခြင်း

ကရုနမ်ဆဗ္ဗမ္မသည် ဆွာမိ ဆာသီယမ်ဟူသော အမည်ဖြင့် ကလေးဘဝတွင် သားအရင်းသဖွယ် ပြုစုစောင့်ခဲ့သော ကောင်းချီးပေးခြင်းခံရသူတစ်ဦးဖြစ်လေသည်။

အစဉ်များပြားလာနေသော ကိုးကွယ် ဆည်းကပ်သူ လူအုပ်ကြီးများသည် ဆွာမိကို ဖူးတွေ့ရန် ရောက်လာကြသည့်အခါ ထိုအမျိုးသမီးကြီးသည် သူတို့ကို ချက်ပြုတ်ကျွေးမွေးလေသည်။ ဆွာမိနှင့် သူ့ကို ကိုးကွယ်ဆည်းကပ်သူများအား မမောနိုင် မပန်းနိုင် ဝန်ဆောင်ကျွေးမွေးရသည့်အတွက် သူမ၏ဘဝတာဝန်သည် ပြီးမြောက် ပြည့်စုံသွားပြီဟု သူမ ခံစားမိလေသည်။ ပရရှန္တိနီလာယမ်ကို တည်ဆောက်နေစဉ်အတွင်း သူမသည် နောက်တစ်နှစ်သာ နေရတော့မည်ဟု ဆွာမိက သူမကို ပြောလေသည်။ သူမသည် အံ့အားသင့်သွားသော်လည်း အားတင်းကာ ဆွာမိအား ပို၍ ကြည်ညို ကိုင်းရှိုင်းကာ အလုပ်အကျွေးပြုလေသည်။ သူမ၏ကျန်းမာရေးသည် တဖြည်းဖြည်း ယိုယွင်းလာ၍ သူမ၏ဆွေမျိုးများက သူမကို သူမ၏ဇာတိရွာသို့ ပြန်ခေါ်ကာ ကျွေးမွေးစောင့်ရှောက်ထားကြ၏။ သို့သော် သူမသည် ကြာကြာမနေဘဲ ပုတ္တပါတီသို့ ပြန်လာကာ မကျန်းမာသည့်ကြားမှ ဆွာမိ၏ကာဝန်များကို တတ်အားသမျှ ထမ်းဆောင်နေလေသည်။ ကိုးကွယ် ဆည်းကပ်သူအချို့က ဆွာမိကို သူတို့ဒေသသို့ ပင့်ဖိတ်ကြ၏။ ဆွာမိက ပုတ္တပါတီမှ မထွက်ခွာမီ ဆဗ္ဗမ္မကို သူမ သေဆုံးမည့်အချိန်တွင် သူမကို မြင့်မြတ်သော ဂင်္ဂါမြစ်ရေ တိုက်ကျွေးမည်ဟု ကတိပြုသွားလေသည်။

များမကြာမီ ဆဗ္ဗမ္မသည် ကွယ်လွန်သွား၏။ ထိုအချိန်တွင် ဆွာမိသည် တော်တော်ဝေးလံသော တိရုပတိမြို့အနီးဒေသတစ်ခုတွင် ရောက်နေသည်။ သူက သူ၏ ကိုးကွယ်ဆည်းကပ်သူများအား သူ ပုတ္တပါတီသို့ အပူတပြင်း သွားစရာရှိကြောင်း ပြောကာ ထွက်ခွာလာ၏။ သူ ပုတ္တပါတီသို့ ရောက်သောအခါ ဆဗ္ဗမ္မသည် လွန်ခဲ့သောနာရီပေါင်းများစွာက ကွယ်လွန်ခဲ့ပြီဖြစ်

ကြောင်း သူ့ကို လျှောက်ထားကြ၏။ ဆဗ္ဗမ္မ၏အလောင်းမှာ ပုရွက်ဆိတ်များ ပင် တက်နေပြီကို သူ တွေ့ရလေသည်။ သူက အလောင်းနားကပ်လာပြီး "ကြည့်ပါဦး ဆဗ္ဗမ္မ ကျွန်ုပ် ရောက်လာပြီ" ဟု ပြောလိုက်၏။ ဆဗ္ဗမ္မသည် မျက်လုံးများ ပွင့်လာပြီး မျက်ရည်များ စီးကျလာပေသည်။ အနီးရှိ လူအပေါင်း မှာ အံ့သြတုန်လှုပ်ပြီး ဘာပြောရမှန်းမသိ ဖြစ်သွားကြလေသည်။ ဆွာမိက ဆဗ္ဗမ္မ၏နှုတ်ခမ်းများကို သူ့လက်ချောင်းများနှင့် ကြင်နာ ယုယစွာ ထိလိုက် သည်။ မြင့်မြတ်သော ဂင်္ဂါမြစ်ရေသည် လက်ချောင်းများမှ စီးကျလာလေ သည်။ သူမသည် ဂင်္ဂါရေကို လျှာနှင့်လျက်ပြီး မြိုချလိုက်သည်။ သူမ၏ မျက်နှာသည် ကျေနပ်မှု၊ ပျော်ရွှင်မှုတို့ဖြင့် ဝင်းပလာသည်။ သူမသည် ဆွာမိ ၏ လက်ကို အသာအယာ တို့ထိပြီး နောက်ဆုံးအကြိမ် မျက်လုံးများ မှိတ် သွားလေသည်။

## ဖန်ဆင်းခြင်း၊ ထိန်းသိမ်းခြင်းနဲ့ ဖျက်သိမ်းခြင်းတို့ဟာ ကျွန်ုပ်လက်ထဲမှာရှိတယ်

ဆွာမိသည် တစ်ကြိမ်တွင် သူ၏အင်တာဗျူးခန်း၌ ကိုးကွယ် ဆည်းကပ် သူများနှင့် စကားပြောနေသည်။ သူက သူ၏လက်ဖဝါးကို ထောင်ပြပြီး အထဲမှာ ဘာရှိသလဲဟု မေးသည်။ ဘာမှမရှိပါကြောင်း တစ်ယောက်က ဖြေသည်။ သို့သော် "ဒီဗလာလက်ဟာ အရာရာကို ဆုပ်ကိုင်ထားတယ်" ဟု ဘာဘာက ပြောသည်။ သူက လက်သီးဆုပ်လိုက်ပြီး ခဏအကြာတွင် ပြန်ဖွင့်လိုက်ရာ လက်ထဲတွင် ကျိုင်းကောင်တစ်ကောင် ရောက်နေသည်ကို တွေ့ကြရလေသည်။ ထိုမျှသာမကသေး သစ်ရွက်ငယ်တစ်ခုပါ ရောက်နေပြီး ကျိုင်းကောင်က ၎င်းကို စားနေလေသည်။ ခဏနေပြီးနောက် သူက လက်သီး ကို ပြန်ဆုပ်လိုက်သောအခါ လက်ထဲတွင် ဘာမျှမရှိတော့ချေ။ အခန်းတွင်းရှိ ကိုးကွယ်ဆည်းကပ်သူများသည် သူတို့မျက်လုံးများကို မယုံကြည်နိုင်အောင် ဖြစ်ကြရလေသည်။ ဤအဖြစ်အပျက်မှတစ်ဆင့် ဖန်ဆင်းခြင်း၊ ထိန်းသိမ်း ခြင်းနှင့် ဖျက်သိမ်းခြင်းတို့သည် သူ၏ ထိန်းချုပ်မှုအောက်တွင်ရှိကြောင်း ဆွာမိက ထုတ်ဖော်ခဲ့လေသည်။

# အခန်း [ ၈ ]

# ဓာတ်တွေအားလုံးကို သူ ထိန်းချုပ်သည်

ရေ၊ မြေ၊ လေ၊ မီး၊ အာကာသတည်းဟူသော ဓာတ်ကြီးငါးပါးကို စရီဆာသီယဆိုင်းဘာဘာက ထိန်းချုပ်သည်။ ဤစကားမှန်ကန်ကြောင်းကို အောက်ဖော်ပြပါ အဖြစ်အပျက်များဖြင့် တင်ပြသွားပါမည်။

## မီးဘေးမှကယ်ဆယ်ခြင်း

တစ်နေ့တွင် ဘာဘာသည် ရုတ်တရက် ကိုယ် ပူလာသည်။ တိုင်းကြည့်လိုက်တော့ ဖာရင်ဟိုက် ၁၀၄.၅ ဒီဂရီအထိ တက်နေသည်ကို တွေ့ရ၏။ အနီးရှိ ကိုးကွယ်ဆည်းကပ်သူများသည် စိုးရိမ်မိကြ၏။ သို့သော် ငါးမိနစ်အကြာတွင် ထပ်တိုင်းကြည့်သောအခါ ဖာရင်ဟိုက် ၉၉ ဒီဂရီသို့ ကျဆင်းသွားသည်ကို တွေ့ရ၍ စိတ်အေးသွားကြ၏။ ဘာဘာ့ ကိုယ်ပူချိန်သည် ဘာကြောင့် ရုတ်တရက် ထိုးတက်လာပြီး အမြန်ကျဆင်းသွားသည်ကို သူတို့ နားမလည်နိုင်ကြချေ။

ထို ည ကိုးနာရီခွဲခန့်တွင် ဆွာမိ၏ စံကျောင်း ခေါင်မိုးပေါ်၌ လေဟာပြင် ညစာစားပွဲတစ်ရပ် ကျင်းပနေ၏။ ညသည် အေးမြ သာယာပြီး လကလည်း သာနေ၏။ လူတိုင်းသည် စားသောက်ပွဲကို နှစ်ခြိုက်ရွှင်ပျနေကြ၏။ ဘာဘာက ကိုးကွယ် ဆည်းကပ်သူတစ်ယောက်အား “မနက်ဖြန် သင်အိမ်ပြန်တဲ့အခါ သင့်အမေကို မီးသတိထားဖို့ ပြောလိုက်။ တစ်ချိန်တည်းမှာပဲ

ကျွန်ုပ်ဟာ သူနဲ့အတူ အမြဲရှိနေမယ်။ သူ့ကို အန္တရာယ်အမျိုးမျိုးက ကာကွယ်ပေးမယ်လို့လည်း ပြောလိုက်''ဟု မှာလေသည်။ ဘာဘာ၏စကားများကြောင့် လူတိုင်းက အံ့အားသင့်သွားကြသည်။ ဘာဘာက ဘာကြောင့် မီးအကြောင်း၊ အန္တရာယ်တွေအကြောင်း ပြောတာလဲ သူတို့ သိချင်ကြပြီး ဘာဘာ့ကို အကျိုးအကြောင်း မေးကြသည်။ ဆွာမိက ''သူ့အမေဟာ သူ့ဘုရားခန်းမှာ ဘုရားဝတ်ပြုနေတယ်။ သူ့ပတ်လည်မှာ မီးထွန်းထားတဲ့ ဆီမီးခွက်တွေရှိတယ်။ အဲဒါတွေက သူ့ဆာရီကို မီးစွဲတယ်။ အဲဒါကို သူ သတိမထားမိဘူး။ ဒါနဲ့ ကျွန်ုပ် သွားပြီး မီးသတ်ပေးခဲ့ရတယ်'' ဟု ပြောလေသည်။ ကိုးကွယ်ဆည်းကပ်သူအချို့က ဆွာမိထံမှ ခွင့်တောင်းပြီး အမျိုးသမီးကြီးထံ ဖုန်းဆက်၍ အကျိုးအကြောင်း မေးကြ၏။ သူမက ဆွာမိ ပြောပြခဲ့သည့်အတိုင်း ဖြစ်ပွားခဲ့ကြောင်း အတည်ပြု၏။ ဆွာမိကလည်း ဖုန်းဖြင့် သူမကို နှစ်သိမ့်ကာ ကရုဏာရှေ့ထား၍ မီးကို သူ ငြိမ်းသတ်ပေးခဲ့ကြောင်း ပြော၏။ အမျိုးသမီးကြီးက ''မီးသတ်တုန်းက အရှင်ဘုရား လက်တွေ မီးလောင်သွားခဲ့တယ်မဟုတ်လား'' ဟု စိုးရိမ်စွာ မေး၏။ ''ဘာမှမဖြစ်ပါဘူး။ မီးတောက်တွေက ကျွန်ုပ်ကို အန္တရာယ်မပြုနိုင်ပါဘူး။ ကျွန်ုပ်ရဲ့ ကိုယ်ပူချိန် နည်းနည်းတက်သွားတာပဲ ရှိပါတယ်။ အဲဒါလည်း မကြာခင် ပြန်ကျသွားပါတယ် မပူပါနဲ့'' ဟု ဆွာမိက ပြန်ပြောလိုက်လေသည်။

## ရေကြီးခြင်းမှ ကယ်ဆယ်ခြင်း

ဘာဘာ ကျောင်းဆောင်ဟောင်းတွင် နေစဉ်က အနီးရှိ စိတြဝတီမြစ်တွင် ရေကြီးလေသည်။ မြစ်ရေသည် တိုးသည်ထက် တိုးလာပြီး မကြာမီ ကျောင်းဆောင်ပတ်လည်သို့ ရောက်ရှိလာကာ မိနစ်အနည်းငယ်အတွင်း ကျောင်းတွင်းသို့ ဝင်ရောက်ပြီး အရာရာကို ရေလွှမ်းမိုးရန် ခြိမ်းခြောက်နေလေသည်။ ထိုအခါ ဘာဘာသည် ရေထဲသို့ လျှောက်လှမ်းဝင်ရောက်လာပြီး ''တော်လောက်ပြီ၊ အခု ပြန်ဆုတ်တော့'' ဟု ပြောလိုက်၏။ ရုတ်ခြည်းပင် မြစ်ရေသည် ကျဆင်း ဆုတ်ခွာသွားလေသည်။

ဘာဘာ့လက်ထက်တွင် ဝေဒပူရုရှဆပ်သာဟာ ဂျနာနယတ်ဂျနမ် ယဇ်ပူဇော်ပွဲကို ခုနစ်ရက်ကြာ ကျင်းပခဲ့၏။ သတ္တမမြောက်နေ့တွင် အဂ္ဂနိ မီးနတ်

အား လှူဖွယ်ဝတ္ထုများ မီးရှို့၍ အပြီးသတ် ပူဇော်တော့မည့်ဆဲဆဲတွင် မိုးတိမ်များ အခဲလိုက် အလိပ်လိုက် တက်လာပြီး ရွာတော့မည်ပြု၏။ ထိုစဉ်က လက်ရှိ ဟောပြောခန်းမကြီးကို မဆောက်ရသေးချေ။ ပရဂ္ဂနီလာယမ်တွင် ကိုးကွယ် ဆည်းကပ်သူ ထောင်ပေါင်းများစွာ ရောက်ရှိနေကြ၏။ အမိုးအကာ မရှိ ဟင်းလင်းပြင်တွေ ရောက်ရှိနေကြခြင်း ဖြစ်၏။ မိုးက ထစ်ချုန်း လျှပ်စီးလက်နေသည်။ မိုးရွာလျှင် မီးရှို့ယဇ်ပူဇော်ပွဲကြီးပျက်ပြီး ပရိသတ်အားလုံးလည်း စိုရွှဲကုန်ကြပေတော့မည်။ လူများသည် မိုးရွာမည်ကို စိုး၍ ဂနာမငြိမ်ဖြစ်နေကြ၏။ ထိုအခိုက်တွင် ဘာဘာက "မပူကြနဲ့ မိုးမရွာဘူး" ဟု သူတို့စိတ်အေးအောင် ပြောလိုက်၏။ နောက်တစ်ခဏတွင် မိုးတိမ်များ ရှင်းလင်းသွားကာ ယဇ်ပူဇော်ပွဲကြီးကို ချောချောမောမော အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့လေသည်။

## ရေကို ဓာတ်ဆီဖြစ်စေခြင်း

တစ်ကြိမ်တွင် ဘာဘာသည် ဘန်ဂလောသို့ ကားဖြင့်သွားရာ လမ်း၌ ဓာတ်ဆီကုန်၍ ကားရပ်သွား၏။ အနီးနားတစ်ဝိုက်တွင် ဓာတ်ဆီဆိုင်မရှိ။ ဘာဘာက မလှမ်းမကမ်းရှိ ရေကန်မှ ရေကို သွားခပ်ခိုင်း၏။ ပုံးတစ်ပုံးဖြင့် ရေကို သွားခပ်ယူလာခဲ့သောအခါ ဘာဘာက ထိုရေကို သူ့လက်ချောင်းဖြင့် မွှေလိုက်ပြီး ဓာတ်ဆီတိုင်ကီထဲသို့ ထည့်စေ၏။ စက်နှိုးလိုက်သောအခါ ဖြောင့်ဖြောင့်တန်းတန်း နိုးလာ၍ လိုရာခရီး ဆက်နိုင်ခဲ့လေသည်။

နောက်တစ်ကြိမ်တွင်လည်း ဟိုက်ဒါရာဘက်မြို့သို့အသွားတွင် ဓာတ်ဆီကုန်၍ ကားရပ်သွား၏။ ထိုအချိန်တွင် ပြည်နယ်တစ်ခုလုံး၌ ဓာတ်ဆီရောင်းသူများ သပိတ်မှောက်နေကြ၍ ဓာတ်ဆီဝယ်မရ ဖြစ်နေ၏။ အနီးအနားတွင် ရေတွင်း ရေကန်လည်း မရှိ။ ဘာဘာက "ဆွဲ" ဟု ကားကို အမိန့်ပေးလိုက်သည်။ ကားသည် စက်နိုးလာ၍ ဆွဲသဖြင့် လိုရာခရီးရောက်ခဲ့လေသည်။ ဟိုက်ဒါရာဘက်မြို့သို့ ရောက်အပြီးတွင် ဘာဘာက "ဓာတ်ဆီတစ်စက်မှ မပါဘဲ ကျွန်ုပ်တို့ မိုင် ၁၅၀ ခရီးပေါက်ခဲ့ကြတယ်။ ဓာတ်ဆီမပြောနဲ့ ရေတောင် မပါဘူး။ လမ်းတစ်လျှောက်မှာ ချောင်းတွေ၊ ကန်တွေ မတွေ့ခဲ့ရဘူး" ဟု တပည့်ကြီး စရီကပ်စတူရီကို ပြောပြလေသည်။

## ဟိမဝန္တာမှာ နေသာခြင်း

၁၉၆၁ ခု ဇွန်လတွင် ဘဂဝမ်သည် သူ့မိဘများနှင့် ကိုးကွယ်ဆည်းကပ်သူအချို့ကို ဘက်ဒရီနတ်သ်ဘုရားကျောင်းသို့ လိုက်ပို့ခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။ ထိုစဉ်က ဥတ္တာပရာဒက်ရှ်ပြည်နယ် အုပ်ချုပ်ရေးမှူးဖြစ်သူ စရီဘူးရဂူလရာမာကရီသျှဏရောင်းလည်း အတူလိုက်ပါ၍ အစစအရာရာ လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ဟရစ်ရှီကက်ရှ်မြို့မှ ဟိမဝန္တာတောင်ပေါ် မြင့်မားသည့်ဒေသရှိ ဘက်ဒရီနတ်သ်ဘုရားကျောင်းသို့ သွားရသည့် ခရီးမှာ တော်တော်ခက်ခဲ ပင်ပန်းသည်။ ထိုဒေသတွင် အမြဲလိုလို နှင်းခဲများ ကျဆင်းနေသည်။ ဘာဘာတို့အဖွဲ့သည် ထိုခရီးကို ခုနစ်ရက်မျှဖြင့် အသွားအပြန် အရောက်လှမ်းနိုင်ခဲ့ကြလေသည်။ ထူးခြားလှသည်မှာ ထိုခရီးစဉ် တစ်လျှောက်လုံးတွင် နှင်းခဲများ လုံးဝ မကျခြင်းဖြစ်လေသည်။ နှင်းခဲများ မကျရုံသာမက ရှားရှားပါးပါး နေထွက်၍လာသည်ကိုပင် ခရီးသွားများတွေ့မြင်ခဲ့ကြရလေသည်။ နေသာခြင်းသည် ဟိမဝန္တာတောင်ပေါ် ခရီးသွားရခြင်းကို သက်သောင့်သက်သာရှိစေပြီး ပျော်စရာကောင်းလာစေခဲ့လေသည်။ ဒေသခံများသည် ရာသီဥတု ပြောင်းလဲမှုကို သတိပြုမိကြပြီး ပျော်ရွှင်နှစ်ခြိုက်ကြကာ အနီးနားတစ်ဝိုက်၌ တရားအားထုတ်နေကြသော ပုဂ္ဂိုလ်အချို့ကလည်း ရာသီဥတု ထူးထူးခြားခြား ကောင်းမွန်လာခြင်းသည် တန်ခိုးရှင်ပုဂ္ဂိုလ်ထူးတစ်ပါး ကြွရောက်လာ၍ ဖြစ်မည်ဟု မှန်မှန်ကန်ကန် သုံးသပ်ကြကြောင်း သိရှိရလေသည်။

ကိုးကွယ် ဆည်းကပ်သူတစ်ဦးက ဘဂဝမ်အား "ဆွာမိ အရှင်ဘုရားရဲ့ ကိုယ်ခန္ဓာကို ဓာတ်ကြီးငါးပါးနဲ့ ဖွဲ့စည်းထားပါတယ်။ အရှင်ဘုရားက နည်းနည်းကလေးပဲ စားသောက်ပါတယ်။ အဲဒီတော့ အရှင်ဘုရားရဲ့ ကိုယ်ခန္ဓာက လိုအပ်တဲ့ အာနိသင်စွမ်းအင်ကို အရှင်ဘုရား ဘယ်က ရရှိပါသလဲ" ဟု မေးဖူး၏။ ဘာဘာက "ဓာတ်ကြီးငါးပါးက ကျွန်ုပ်ကို အာနိသင် စွမ်းအင်ပေးတာ မဟုတ်ဘူး။ ကျွန်ုပ်က ဓာတ်ကြီးငါးပါးကို စွမ်းအင် အာနိသင်ပေးတာ" ဟု ထိထိမိမိ ပြန်ဖြေခဲ့လေသည်။

# အခန်း (၉)

# ကျွန်ုပ်ရှိနေတဲ့အခါ ဘာလို့ကြောက်ရမလဲ

၁၉၅၅ ခုတွင် ပရရှန္တိနီလာယမ်ရှိ ဆွာမိ၏ စံကျောင်းပတ်လည်၌ လူနေတိုက်ခန်းများ တည်ဆောက်နေစဉ်က ဖြစ်သည်။ ၁၁ နှစ်သားကလေး ရှန်ကာသည် ဆောက်လုပ်ရာတွင် လုပ်အားပေးနေသည်။ အုတ်ခဲများ တင်ထားသော ထရပ်ကားတစ်စီး ရောက်လာ၍ ရှန်ကာက ကူချသည်။ အုတ်ခဲများ ချပြီး၍ ကားနောက်ဘက်တွင် ရှန်ကာရပ်ပြီး ဖုတ်ဖက်ခါနေစဉ် ကားမောင်းသူက သတိမပြုမိဘဲ ကားကို အရှိန်နှင့် နောက်ပြန်ဆုတ်လိုက်ရာ လူကလေးကို ဝင်တိုးမိလေသည်။ ကားဘီးကြီးသည် လူကလေး၏ခြေထောက်ကို တက်ကြိတ်မိလေသည်။ လူကလေးက "ဆွာမိ" ဟု တစ်ခွန်းသာ အော်နိုင်ပြီး မေ့မြောသွားလေသည်။ အနီးရှိ လူအချို့သည် ပြေးလာကြပြီး သူ့ကို ဆွဲထူကာ အကြိတ်ခံရသော ခြေထောက်ကို တဘက်တစ်ထည်ဖြင့် ပတ်ပေးကြ၏။ ပြီးလျှင် ဘာဆက်လုပ်ရမှန်းမသိဘဲ ဆွာမိ၏ကျောင်းဆောင်ဘက်ကို လှမ်းမြော် ကြည့်ရှုနေကြ၏။ ဆွာမိသည် ဆင်ဝင်ထက်မှ သူတို့ကို လှမ်းကြည့်နေသည်။ ဘာဖြစ်ခဲ့သည်ကို သူတို့ မပြောပြမီမှာပင် လူကလေးကို ဆွာမိ စံကျောင်းဘေးရှိ ဆေးရုံသို့ ခေါ်သွားရန် သူတို့ကို ပြောလိုက်၏။

ထိုနောက် ရှန်ကာ၏အစ်ကိုက ဆွာမိထံ ပြေးကာ "ဆွာမိ တပည့်တော် ညီတော့ ခြေထောက်ကျိုးသွားပါပြီ" ဟု အော်ဟစ်၍ လျှောက်ထားလိုက်၏။ "မပူနဲ့ သင့်ညီခြေထောက် ဘာမှမဖြစ်ဘူး" ဟု ပြောကြားရင်း

ဆွာမိက သူ့အင်္ကျီလက်ကို ဆွဲလှန်ကာ သူ့လက်ဖဝါးကို ဖြန့်ပြလိုက်၏။ လက်ဖဝါးပေါ်တွင် ထရပ်ကားဘီးရာကြီး ထင်ထင်ရှားရှား ပေါ်လွင်နေ၏။ လူကလေး၏ခြေထောက်နှင့် ကားဘီးအကြားတွင် သူ့လက်ဖဝါးကို ထိုးခံပေးလိုက်သည်ဟု ဆွာမိက စိတ်ဆင်းရဲနေသော လူငယ်ကို ပြောပြလေသည်။ ရှန်ကာ၏ခြေထောက်အရိုးများ တစ်ချောင်းမှ မကျိုးသည့်အတွက် ဆရာဝန်များသည် အကြီးအကျယ် အံ့သြမိကြလေသည်။ ဆွာမိ၏အလိုတော်နှင့် မဟာကရုဏာတို့ကြောင့် ရှန်ကာ၏ခြေထောက်သည် များမကြာမီ အကောင်းပကတိ ပြန်ဖြစ်သွားလေသည်။

## ဘုရားက လင်ယောကျ်ားထက် နီးစပ်သည်

ကူမာသည် ပုတ္တပါတီရှိ ဆာသီယဆိုင်းကောလိပ်မှ ကျောင်းသားတစ်ယောက် ဖြစ်သည်။ ဆွာမိက ကူမာ၏မိဘနှစ်ဦးကို သူ့ကျောင်းဆောင်အနီးရှိ အရှေ့ဘက် တည်းခိုဆောင် မြေညီထပ်တွင် နေရာထိုင်ခင်းပေးထားသည်။ တစ်နေ့တွင် ညဦးပိုင်း ဘုရားဝတ်ပြုရာ၌ ကူမာက "ဆိုင်းပီတာအောရ်မာတာဆိုင်း" (ဆိုင်းသည် ဖခင်ဖြစ်သည်၊ ဆိုင်းသည် မိခင်ဖြစ်သည်) အစချီသော ဘဂျန်းတစ်ပုဒ်ကို သီဆိုသည်။ ဆွာမိက အနီးရှိ သူ၏ပလ္လင်ထက်တွင် ထိုင်ကာ သူ၏ဦးခေါင်းကို ဆတ်၍ စီးလိုက်နေသည်။ သူ၏မျက်လုံးများသည် ကြင်နာမှု၊ ကရုဏာတို့ဖြင့် အရည်လည်နေသည်။ ဘဂျန်းပထမအပိုဒ်ပြီးပြီးချင်း ဆွာမိသည် ဗြုန်းကနဲထကာ အပြင်သို့ အမြန်ထွက်သွားလေသည်။ လူကလေးမှာ သူ၏ သီဆိုမှုကို ဆွာမိ မကြိုက်ဟု ထင်မိကာ စိတ်မကောင်းဖြစ်မိရှာသည်။ ဆွာမိသည် ကူမာ၏မိဘများ နေထိုင်ရာအဆောင်သို့ ဝင်သွားလေသည်။ ဝတ်ပြုပွဲကို တက်ရောက်လာကြသူများသည် မြင်ကွင်းကို တအံ့တသြ ကြည့်နေမိကြ၏။ ဆွာမိသည် ဝတ်ပြုပွဲအတွင်း ထိုကဲ့သို့ တစ်ခါမှ ကျောင်းဆောင်အပြင်ဘက်ကို ထွက်မသွားခဲ့ဖူးချေ။

ကူမာ၏ မိဘများနေသော အိမ်ခန်းတွင် သူ့မိခင်သည် နှလုံးဖောက်ပြန်မှုကြောင့် သေတော့မည့်ဆဲဆဲ ဖြစ်နေသည်။ ဘာဘာက အိမ်ခန်းတွင်းသို့ အပြန်ဝင်လာပြီး သူမအား ရေတိုက်ကာ ဝိဘူသီး ဖန်ဆင်းပေးသည်။ သူမအား အားပေးနှစ်သိမ့်စကား အနည်းငယ် ပြောကြားပြီး ပြန်လာကာ ကူမာ၏

ဘဂျန်းအဆုံးသတ်ချိန်အမီ သူ့ပလ္လင်ပေါ်တွင် ပြန်ထိုင်သည်။ သီချင်းအပြီးတွင် ဆွာမိက ကူမာကို ပြောပြသည်မှာ "ကျွန်ုပ် ဘာကြောင့် အပြင်ကို အမြန် ထွက်သွားသလဲဆိုတာ သင် သိရဲ့လား။ သင့်အမေက သေတော့မလို ဖြစ်နေလို့ သူ့ကို ကယ်ဆယ်ဖို့ ကျွန်ုပ် သွားခဲ့တာ။ ဒီမှာ သင်က "အရှင်ဘုရားဟာ ဖခင်ပါ အရှင်ဘုရားဟာ မိခင်ပါ" လို့ သီဆိုနေတယ်။ သင့်မိခင် ဝေဒနာ ခံစားနေရတဲ့အချိန်မှာ ကျွန်ုပ်က သင့်သီချင်းကို ဘယ်လိုလုပ်ပြီး နားဆင်နေနိုင်မလဲ။ ကျွန်ုပ်က သူ့ကို အပူတပြင်း သွားကယ်ခဲ့ရတာပေါ့" တဲ့။

ထိုအမျိုးသမီး၏ ယောက်ျားဖြစ်သူသည် တစ်ချိန်လုံး ဘဂျန်းခန်းမတွင် ရှိနေခဲ့သည်။ သူ့သားကလည်း ခန်းမထဲတွင် သီချင်းဆိုနေသည်။ ဘုရားကသာ သူ့မကို ကယ်ဆယ်နိုင်ခဲ့သည်။ ဘုရားသည် အနီးကပ်ဆုံး၊ အရင်းနှီးဆုံး ဆွေမျိုး၊ လင်ယောက်ျားထက်ပင် ပို၍ နီးစပ်ကြောင်း သံသယရှိစရာ မလိုပေ။

## ဘုရားက မိခင်ထက် နီးစပ်သည်

ယခုအခါ ချင်နိုင်းဟု သိကြသော မဒရပ်စ်မြို့ ကလျာနမန်ဒပမ် (လက်ထပ် မင်္ဂလာခန်းမ) တွင် ဆွာမိက ဟောပြောနေသည်။ ကိုးကွယ်ဆည်းကပ်သူ ထောင်ပေါင်းများစွာက ကြည်နူး နှစ်သိမ့်စွာ တရားနာနေကြသည်။ ဘာဘာက တေလူဂူဘာသာဖြင့် ဟောပြောသည်ကို ဒေသခံများ နားလည်အောင် နာမည်ကျော် ရုပ်ရှင် သရုပ်ဆောင်ချစ်သူးရ်နဂေယက တမီးလ် ဘာသာဖြင့် ပြန်ဆိုပေးသည်။ ပရိသတ်ကြီးသည် ညို့ယူဖမ်းစားခြင်း ခံနေရဘိသည့်အလား အထူးအာရုံစိုက် နားဆင်နေကြသည်။ ရုတ်တရက် တစ်နှစ်သားခန့်အရွယ်ရှိ ကလေးတစ်ယောက်က သူ့မိခင်၏ရင်ခွင်ထဲတွင် ထိုင်နေရင်း စူးစူးဝါးဝါး အော်ငိုလိုက်သည်။ ပရိသတ်များ ခံစားနေရသည့် ဆွာမိ၏ တရားကို နာယူရခြင်း အမြိုက်သုခသည် ပျက်ပြားသွားလေသည်။ စက္ကန့် အနည်းငယ် ကြာသွား၏။ တရားဟောစင်မြင့်ထက်တွင် ဆွာမိ အသာအယာ ပြုံးနေသည်ကို လူတိုင်း မြင်ကြရ၏။ သူသည် ငိုနေသော ကလေးဘက်ကို သူ့လက် ဆန့်တန်း၍ လက်ဖဝါးကို ဖြန့်ကာ အဘယမုဒြ (ဘေးကင်းပါစေ

ဟူသော ပုံစံ) ကို ပြလိုက်၏။ ထို့နောက် ရုတ်တရက် လက်သီးကို တင်းတင်း ကျပ်ကျပ် ဆုပ်လိုက်၏။ ထိုတစ်ခဏတွင် ကလေးအငိုတိတ်သွား၏။ ကလေး ဘာကြောင့် ရုတ်တရက် ငိုပြီး ဘာကြောင့် ရုတ်တရက် အငိုတိတ်သွားသည် ကို ပရိသတ်များ မမှန်းဆနိုင်ကြချေ။ ဆွာမိက ဆုပ်ထားသော လက်သီးကို နဂေးယဘက်သို့ ဆန့်တန်းကာ ဖွင့်ပြောလိုက်ပြီး "မတ်စေ့လေးတစ်စေ့ ကလေး လည်ချောင်းထဲမှာ ဆို့နေလို့ ကျွန်ုပ်က အဲဒါကို ထုတ်ပေးလိုက် တယ်။ ဒီမှာ" ဟု ပြောပြ၏။ နဂေးယသည် အံ့အားသင့် ပျော်ရွှင်ဝမ်းမြောက် သွားပြီး အကျိုးအကြောင်းကို ပရိသတ်ကြီးအား တင်ပြလိုက်၏။ ဘဝင်ခိုက် သွားသော ပရိသတ်ကြီးသည် အရမ်းကာရော ဩဘာ လက်ခုပ်ပေးကြလေ သည်။ ကလေးသည် သူမ၏ရင်ခွင်တွင် ရှိသော်လည်း မိခင်ဖြစ်သူက ကလေး ဘာဖြစ်မှန်း မသိချေ။ ဘုရားသည် မိခင်ရင်းထက်ပင် ပို၍ နီးစပ်ကြောင်း ထင်ရှားလေသည်။

## သတ်သေမှုကို တားဆီးခြင်း

လူငယ်တစ်ယောက်သည် ကာလကတ္တား (ယခု ကိုလ်ကတ္တား) မြို့တွင် ကုမ္ပဏီတစ်ခု၌ စာရင်းကိုင်လုပ်နေသည်။ သူ့မိခင်က ဆွာမိကို ကိုးကွယ် ဆည်းကပ်သူဖြစ်သည်။ သူကတော့ ယုံကြည်ကိုးကွယ်ခြင်း မရှိ။ သူသည် ကုမ္ပဏီပိုက်ဆံကို အလွဲသုံးစား ပြုလုပ်သည်ဟု စွပ်စွဲခြင်း ခံရလေသည်။ သူသည် စိတ်ဆင်းရဲလှသဖြင့် သူ့ကိုယ်သူ သတ်သေရန်ပင် စဉ်းစားမိလေ သည်။ သူ့မိခင်သည် သူ့ကို ပုတ္တပါတီသို့ ခေါ်လာခွင့်ပြုပါရန် ဆွာမိထံ ခွင့်တောင်းသည့် စာတစ်စောင်ကို ရေး၏။ သို့သော် စာကို ဘယ်လိုပို့ရမှန်း မသိသဖြင့် သူမ၏ ဘုရားစင်ထက်ရှိ ဆွာမိ၏ဓာတ်ပုံနောက်တွင် ထားလိုက် လေသည်။

လူငယ်သည် ဂင်္ဂါမြစ်ရှိ တံတားတစ်ခုရှိရာ သွား၏။ မြစ်ထဲ ခုန်ချ လိုက်လျှင် အလွယ်တကူ သေမည်ဟု သူ ထင်၏။ သူ ခုန်ချတော့မည်အပြု တွင် "ပုတ္တပါတီကို လာခဲ့၊ ပုတ္တပါတီကို လာခဲ့" ဟူသော အသံကို သူ ကြားလိုက်၏။ "ပုတ္တပါတီ... ပုတ္တပါတီ" ဟူသော အသံသည် သူ့နားထဲ တွင် ဆက်လက် မြည်ဟီးနေ၏။ သူသည် စိတ်ပြောင်းသွားကာ ဘူတာရုံသို့

သွား၍ ဘန်ဂလောသို့ သွားရန် ရထားလက်မှတ်ဝယ်ပြီး ရထားပေါ် တက်ထိုင်၏။ ရထားထွက်သောအခါ ရထားဘီးများအသံက "ပုတ္တပါတီ… ပုတ္တပါတီ" ဟု မြည်နေသည်ဟု သူ ထင်မြင်မိလေသည်။

ဘန်ဂလော ရောက်သောအခါ သူသည် ပယ်နုကုန္ဒကို ခရီးဆက်ရန် လက်မှတ်စုံစမ်း၏။ ပယ်နုကုန္ဒသို့ သွားမည့်သူသည် ဆွာမိကို ဖူးတွေ့ရန် လာရောက်သူ ဖြစ်တတ်ကြောင်း လက်မှတ်စာရေးက သိ၍ "ခင်ဗျား ဆိုင်းဘာဘာ သွားဖူးမလို့လား" ဟု မေး၏။ လူငယ်က ဟုတ်မှန်ကြောင်း ဖြေသည့်အခါ ဘာဘာသည် ဘန်ဂလောအနီး ဝှိုက်ဖီးလ်ဒ်မြို့ရှိ ဗရင်ဒဗန်စခန်းတွင် ရှိနေကြောင်း သူ့ကို ပြောပြ၏။ သူက တွန့်ဆုတ်သွားပြီး ခဏကြာမျှ ရပ်နေ၏။ သို့သော် သူ့နားထဲတွင် "ပုတ္တပါတီ" ဟူသော အသံကို ကြားယောင်လာ၍ ပယ်နုကုန္ဒ လက်မှတ်ကို ဝယ်လိုက်၏။ ထိုအချိန်က ပယ်နုကုန္ဒမှ ပုတ္တပါတီသို့ရောက်ရန် မိုင်အတော်များများ ခြေလျင်လျှောက်ရ၏။ သူ လမ်းလျှောက်နေစဉ် "ပုတ္တပါတီ" ဟူသော အသံကို အဆက်မပြတ် ကြားယောင်နေ၏။

သူသည် ည ၈ နာရီခန့်တွင် ပုတ္တပါတီသို့ ရောက်ရှိပြီး လွန်ခဲ့သည့် တစ်နာရီခန့်က ဘာဘာ ပုတ္တပါတီသို့ ရောက်လာခဲ့ကြောင်း ကြားသိရလေသည်။ ထိုအချိန်တွင် ဘာဘာ၏ နွေရာသီသင်တန်းများသည် ဘန်ဂလောရှိ ဗရင်ဒဝန်စခန်းတွင် စတော့မည့်ဆဲဆဲ ဖြစ်၏။ ယင်းသို့ဖြစ်သော်လည်း ဘာဘာ ဘာကြောင့် ရုတ်တရက် ပုတ္တပါတီသို့ ပြန်လာသည်ကို မည်သူမျှ မသိကြ။ ကိုးကွယ် ဆည်းကပ်သူများက ထိုအကြောင်းကို မေးသောအခါ "ဗရင်ဒဝန်ကို နွေသင်တန်းတက်ဖို့ ကျေးမွေးဖို့အတွက် ဆန်လိုတယ်။ အဲဒီ ဆန်ကို ဗရင်ဒဝန်ကို ယူဆောင်ဖို့ ကျွန်ုပ် လာခဲ့တာ" ဟု ဘာဘာက ရှင်းပြလေသည်။

နောက်တစ်နေ့ နံနက် အများသူငါတို့အား ဖူးမြော်ခွင့်ပေးသောအချိန်၌ ဆွာမိသည် ထိုလူငယ် အနားကပ်လာကာ "ဟေး ကာလကတ္တား ဝင်ခဲ့" ဟု အင်တာဗျူး ခေါ်၏။ အခန်းတွင်းတွင် ဆွာမိက လူငယ်အား သူ စွပ်စွဲခံရသည့်ကိစ္စအကြောင်းကို ပြောပြပြီး ထိုကိစ္စအတွက် စိတ်မပူရန် ပြော၏။ အားပေးစကားပြောပြီး သူ့ကိုယ်သူ သတ်မသေရန်လည်း ဖျောင်းဖြ၏။ ပုတ္တ

ပါတီတွင် ကိုးရက်နေပြီးမှ ကာလကတ္တားသို့ ပြန်ရန်လည်း ညွှန်ကြား၏။ ကာလကတ္တားသို့ သူ ပြန်သွားသောအခါ သူ့အပေါ် စွပ်စွဲချက်သည် ပပျောက် ပြေလည်သွားပြီး ပြဿနာကင်းရှင်းနေသည်ကို တွေ့ရလေသည်။ စာတိုက် ကပင် မထည့်နိုင်ခဲ့သော သူ့မိခင်၏ဆုတောင်းကြောင့် သူသည် ကယ်တင် ခံခဲ့ရခြင်း ဖြစ်လေသည်။

## မြွေဟောက်ကို ကယ်ဆယ်လိုက်ခြင်း

တစ်ကြိမ်တွင် ဆွာမိသည် ဘန်ဂလောမှ ပုတ္တပါတီသို့ ကားဖြင့် ခရီးသွား၏။ သူ့ကောလိပ်ကျောင်းသားတစ်ယောက်က ကားကို မောင်း၏။ ကိုးကွယ်ဆည်းကပ်သူများ စီးနင်းလိုက်ပါလာကြသော အခြားကား အချို့ သည် ဆွာမိ၏ကားနောက်မှ လိုက်လာကြ၏။ လမ်းသည် ကားအသွားအလာ ပြတ်ပြီး တိတ်ဆိတ်နေ၏။ ရှည်လျားသော မြွေဟောက်တစ်ကောင်သည် လမ်း ကို ဖြတ်နေသည်။ ယာဉ်မောင်း ကျောင်းသားက ယင်းကို ခပ်လှမ်းလှမ်းမှ မြင်သည်။ မြွေဟောက်ကို မကြိတ်မိအောင် ကားကို ရပ်သင့်၊ မရပ်သင့်သူ ဝေခွဲမရဖြစ်နေ၏။ နောက်သို့ လှည့်ကြည့်လိုက်သောအခါ ဆွာမိသည် မျက်စိ များ မှိတ်ထားသည်ကို တွေ့ရ၏။ ယောဂမုဒြ (လေးလေးနက်နက် ဆင်ခြင် နေခြင်း) ဝင်နေခြင်း ဖြစ်၏။ ကျောင်းသားက "ဆွာမိ အိပ်ပျော်နေတယ်။ ကားကို ရုတ်တရက် ရပ်လိုက်ရင် သူ လန့်နိုးသွားလိမ့်မယ်။ သူ အိပ်ပျော် နေတာကို အနှောင့်အယှက် မဖြစ်စေသင့်ဘူး" ဟု တွေးကာ ကားကိုမရပ်ဘဲ မြွေကို တက်ကြိတ်လိုက်လေသည်။

ပရရှန္တိနီလာယမ်သို့ ရောက်ကြပြီးနောက် ကျောင်းသားသည် ကား ပေါ်မှ ဆင်းကာ ဆွာမိ၏နောက်တံခါးကို ဖွင့်ပေး၏။ ဆွာမိသည် ကားပေါ်မှ ဆင်းကာ သူ့စံကျောင်း ဝရန်တာသို့ လျှောက်သွား၏။ ကျောင်းသားသည် ဆွာမိ၏ ဝတ်ရုံနောက်ကျောဘက်တွင် ရှည်မျောမျော ရွံ့ကွက်ကြီး မြင်လိုက် ရ၍ "ဆွာမိ အရှင်ဘုရားရဲ့ ဝတ်ရုံနောက်ဘက်မှာ ရွှံ့ပေနေပါတယ်" ဟု လျှောက်လိုက်၏။ "လွန်ခဲ့တဲ့ အချိန်အနည်းငယ်က အဲဒီ သနားစရာ မြွေ ဟောက်ကို ကယ်ဆယ်ဖို့ ကားဘီးအောက်ကို ဆွာမိ ဝင်ခဲ့ရတယ်" ဟု ဆွာမိက ပြန်ဖြေလေသည်။

# အခန်း [ ၁၀ ]

# အချိန်ကို ပိုင်စိုးသူ

လွန်ခဲ့သော နှစ်ပေါင်း အတော်ကြာက ဆကမ္မ ခေါ် အမျိုးသမီးကြီး တစ်ဦး ပရုရှ္က္ကိနီလာယမ်တွင် နေထိုင်ခဲ့သည်။ တစ်နေ့တွင် သူမက ဘာဘာကို မေးသည်။ ''ဆွာမိ ကုရုခေတ္တရတိုက်ပွဲမှာ ကောရတွေက လက်နက်ပစ္စည်းတွေ အပြည့်အစုံနဲ့ ကြီးမားလှတဲ့ တပ်ကြီးတွေကို တိုက်ပွဲဝင်ဖို့ အဆင်သင့် ခင်းကျင်း ပြင်ဆင်ထားကြတယ်။ အဲဒီအခြေအနေမှာ ဘဂဝမ်စရီကရိသျှဏက လက်ာပိုဒ်ရေ ၇၀၀ ပါဝင်တဲ့ ဘဂဝဒ်ဂီတကျမ်းကြီးကို အာဇုနကို ဘယ်လိုလုပ်ပြီး ရွတ်ဆို ဟောကြားနိုင်ခဲ့ပါသလဲ။ စရီကရိသျှဏက အေးအေးဆေးဆေး ဟောပြော အာဇုနက ရန်သူရဲ့ခြိမ်းခြောက်မှုကို လျစ်လျူရှုပြီး နာကြားနေခိုက်မှာ ရန်သူတွေက ဘယ်လိုလုပ်ပြီး ငြိမ်ငြိမ်သက်သက်နေခဲ့ကြပါသလဲ'' တဲ့။ ဆွာမိက သူမ၏မေးခွန်းကို ထိုနေရာတွင် ချက်ချင်း ဖြေကြားခြင်း မပြုခဲ့ချေ။

ထိုနေ့ ညနေပိုင်းတွင် ဆွာမိသည် ထုံးစံအတိုင်း စိတြာဝတီမြစ်နံဘေးရှိ သဲသောင်ပြင်တွင် အချိန်ကုန်ဆုံးစေရန် ကိုးကွယ်ဆည်းကပ်သူအချို့နှင့် အတူ သွားရောက်သည်။ ကိုးကွယ်ဆည်းကပ်သူများသည် ဆွာမိကို ဝိုင်းပတ်၍ ထိုင်ကြသည်။ ထိုအထဲတွင် ဆကမ္မလည်း ပါသည်။ ဆွာမိက သဲပြင်ထဲသို့ လက်နှိုက်သည်။ ကိုးကွယ်ဆည်းကပ်သူများက သိလိုစိတ်အပြည့်ဖြင့် ဝိုင်းကြည့်နေကြသည်။ ဆွာမိသည် အရောင်ဖိတ်ဖိတ်တောက်နေသော တစ်

ပေခန့် ရှည်လျားသည့် ဆင်စွယ်ရုပ်တု တစ်ခုကို ဖြည်းညင်းစွာ ဆွဲထုတ်လိုက်သည်။ စရီကရိသျှဏ အရှင်မြတ်က စစ်ရထားတစ်စီးပေါ်တွင် ထိုင်ကာ အာဇုနအား ဘဂဝဒ် ဂီတတရားတော် ဟောကြားနေပုံ ဖြစ်သည်။ ရုပ်တုသည် အသေးစိတ်များကို ထူးထူးခြားခြား အနုစိတ်ဖော်ပြပြီး အလွန်လှပသိမ်မွေ့စွာ လက်ရာမြောက်သည်။ အထူးသဖြင့် ဆကမ္ဘသည် ပါးစပ်အဟောင်းသားနှင့် တအံ့တသြ ကြည့်နေမိသည်။ ဆွာမိက ပြောပြသည်။ "ဒီလှပတဲ့ ဆင်စွယ်ရုပ်တုကို ထုလုပ်ဖို့ လူသာမန်တွေဟာ ရက်ပေါင်း ဘယ်လောက်ကြာ အချိန်ယူကြရမလဲ။ အလွန်အသေးစိတ်တဲ့ ဒီပန်းပုလက်ရာ ပြီးမြောက်စေဖို့ လက်ပေါင်း ဘယ်နှစ်ချောင်း လိုအပ်မလဲ။ ပဏာမပုံစံ ထုတ်လုပ်ပြီး အသေးစိတ် အစီအစဉ်ကို ရေးဆွဲဖို့ ပန်းချီ၊ ပန်းပု အနုပညာရှစ်တွေ ဘယ်လောက် လိုအပ်ခဲ့မလဲ။ ဒါပေမဲ့ ဆွာမိ အလိုတော်ရှိလိုက်တာနဲ့ တစ်ပြိုင်နက် တစ်ခဏအတွင်းမှာ အဲဒါဟာ တင့်တယ်လှပမှုအပြည့်နဲ့ ပေါ်ထွက်လာခဲ့တာကို သင်တို့ မြင်တယ်မဟုတ်လား။ ဘုရားဟာ အလိုတော်ရှိရင် အချိန်ကို လွှမ်းမိုး ထိန်းချုပ်နိုင်တယ်။ လူသားတို့အတွက် လပေါင်းများစွာ ကြာမယ့်ကိစ္စကို ကျွန်ုပ်က တစ်ခဏသာကြာအောင် အကျဉ်းချုံးခဲ့တယ်။ အလားတူပဲ ဘုရားရဲ့အလိုတော်နဲ့ အချိန်ကို ဆွဲဆန့်ဖို့လည်း ဖြစ်နိုင်တယ်။ စစ်မြေပြင်မှာ အာဇုနကို ကျွန်ုပ် ဘဂဝဒ်ဂီတ ဟောကြားတဲ့နေ့မှာ လိုအပ်တဲ့ အချိန်အားလုံးကို သူ့စိတ်ထဲမှာ ကျွန်ုပ် ဖန်ဆင်းလိုက်တယ်။ အဲဒီအချိန်ကို စစ်မြေပြင်မှာ ရှိနေကြတဲ့ ကျန်တဲ့ စစ်သည်တွေအားလုံးအတွက် အခိုက်အတန့် အနည်းငယ်မျှသာ ဖြစ်သွားအောင် ကျွန်ုပ် အကျဉ်းချုံးခဲ့တယ်"

အချိန်ကို စရီဆာသီယဆိုင်းက လုံးဝ ထိန်းချုပ်နိုင်သည်။ သူသည် အချိန်ကို အကျဉ်းချုံးနိုင်သည့်နည်းတူ ဆွဲ၍လည်း ဆန့်နိုင်လေသည်။

## အချိန်ကို အကျဉ်းချုံးခြင်း

နှစ်ပေါင်းများစွာကို တစ်နာရီအကြာမျှသာဖြစ်အောင် ဆွာမိ အတိုချုံးပေးခဲ့သည့် ဖြစ်ရပ်တစ်ခုကို တင်ပြလိုပါသည်။ သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့တွင် ခရစ်ယာန်ဘာသာဝင် လူငယ်တစ်ယောက် ရှိသည်။ သူသည် အိန္ဒိယနိုင်ငံသို့ လာရောက်ပြီး မဒရပ်စ်မြို့ရှိ မဒရပ်စ် ခရစ်ယာန် ကောလိပ်တွင်

ပညာသင်သည်။ တစ်နေ့တွင် သူသည် စရီရာမာကရိသျှဏာ သာသနာပြု အဖွဲ့သို့ သွားရောက်သည်။ သူသည် စရီရာမာကရိသျှဏာ ပရမာဟမ်စ ကိုးကွယ်ခဲ့သော ကာလီနတ်သမီး (ကာလီမယ်တော်) ရုပ်တု၏ အကြီးအကျယ် ဆွဲဆောင်ခြင်းကို ခံရသည်။ တဖြည်းဖြည်းနှင့် သူသည် ကာလီမယ်တော်ကို ကိုးကွယ်သူတစ်ယောက် ဖြစ်လာခဲ့သည်။ သူသည် ကိုးကွယ်သူအဖြစ် ဓာတ်သွင်းခြင်းကို ခံယူပြီး ကာလီမယ်တော်အား ရည်စူးသော ဒေဝီမန္တန်ကို နက်ရှိုင်းစွာ အာရုံပြု၍ နာရီပေါင်းများစွာ တရားထိုင်သည်။ နောက်ဆုံးတွင် သူသည် နာရီပေါင်းများစွာ သမာဓိရသည့်အဆင့်သို့ ရောက်လာလေသည်။ ထိုနောက်တွင် သူသည် ဟိန္ဒူဘာသာသို့ ကူးပြောင်းပြီး ဆန်ညာစီ (အရာရာကို စွန့်လွှတ်သူ) အဖြစ်ကို ခံယူခဲ့လေသည်။

ကာလအတန်ကြာသောအခါ သူသည် သူ့မိခင်ကို တွေ့မြင်ရန် ကိုလံဘိုသို့ ပြန်လာသည်။ သူမ၏သားကို ဟိန္ဒူဆန်ညာစီ တစ်ပါးအဖြစ် တွေ့မြင်ရသော သနားစရာ့ အမျိုးသမီးကြီးသည် များစွာ ပူဆွေးမိလေသည်။ သူသည် ဘယ်တော့မှ အိမ်ထောင်ပြုတော့မည် မဟုတ်ကြောင်းကို သူမ သိပြီး ထိုအချက်ကို သူမ အလျှော့ပေး လက်ခံပါသည်။ သို့သော် သူမ၏သားသည် ထိုဟိန္ဒူရဟန်းတစ်ပါး၏ ဝတ်စုံကို စွန့်ပြီး ခရစ်ယာန်ဘာသာတစ်ပါး ဖြစ်လာစေရန် သူမ အပြင်းအထန် ဆန္ဒရှိသည်။ သားက ယင်းကဲ့သို့ လုပ်ဆောင်ရန် ငြင်းသည်။ သူသည် သူ့မိခင်နှင့် သူ ပိုင်ဆိုင်သည့်အရာများကို စွန့်ခွာပြီး အိန္ဒိယသို့ ပြန်လာကာ ပုတ္တပါတီသို့ ရောက်လာသည်။ ဆွာမိက သူ့ကို အင်တာဗျူးခန်းတွင်းသို့ ဖိတ်ခေါ်သည်။ တစ်နာရီခန့် ကြာသွားပြီးနောက် "အိုး… အမေ" ဟူသော အော်သံတစ်ချက် ထွက်လာသည်။ ထိုအော်သံကို အခန်းအပြင်ဘက် ဝရန်တာတွင် ထိုင်နေသူများအားလုံး ကြားကြသည်။

ခဏအကြာတွင် ဆွာမိသည် တံခါးကို ဖွင့်လိုက်ပြီး။ ကာလီမယ်တော်ကို ကိုးကွယ် ဆည်းကပ်သူ ထွက်လာသည်။ သူ့တစ်ကိုယ်လုံး ခြေဆုံးခေါင်းဆုံး ဝိဘူသီးများ ဖုံးလွှမ်းနေသည်။ ထိုအခန်းထဲတွင် ဘာဖြစ်ခဲ့ပါသလဲ။ ဆွာမိသည် သူ့ကို အခန်းထဲသို့ ဝင်ခွင့်ပေးပြီးနောက် တောကြီးတစ်ခုကို ဖန်ဆင်းလိုက်ကာ ထိုတောထဲသို့ ဝင်ရန် သူ့ကို ညွှန်ကြားသည်။ ဆန်ညာစီသည် တောထဲသို့ မဆုံးနိုင်အောင် လျှောက်ဝင်သွားသည်။ ဆယ်စုနှစ်ပေါင်းများစွာ မိုင်ပေါင်း မိုင်ပေါင်းများစွာ မနားမနေ လျှောက်လှမ်းနေခဲ့သည်။

ထို့နောက် ဆွာမိက ရုတ်တရက် သူ့ကို အမိန့်ပေးလိုက်သည်။ "ရပ်တော့. နောက်ပြန်လှည့်ကြည့်" ဆန်ညာစီက ရပ်ပြီး လှည့်ကြည့်လိုက်ရာ မှင်တက်မိသွားသည်။ သူ ဘာကိုမြင်လိုက်မိပါသလဲ။ သူ နှစ်ရှည်လများ ကိုးကွယ်ခဲ့သော ကာလီမယ်တော်သည် သူ့ရှေ့တွင် ဝင်းပ တင့်တယ် ခန့်ညားစွာ ရပ်နေလေသည်။

ထိုဆန်ညာစီသည် ဝေးလံသော တောကြီးမျက်မည်းထဲသို့ ဝင်ရောက်ကာ နှစ်ပေါင်းများစွာ တရားအားထုတ်ရန် နှစ်ရှည်လများ ဆန္ဒရှိခဲ့သည်။ ဆွာမိက ထိုနက်ရှိုင်းသော တမ်းတချက်ကို တစ်နာရီအတွင်း ပြည့်ဝသွားစေခဲ့သည်။ သူက နှစ်ပေါင်းများစွာ အာပတ်ဖြေရန် (ဆင်းဆင်းရဲရဲ နေထိုင်စားသောက်ကျင့်ကြံရန်) တောင့်တခဲ့သည်။ ဆွာမိက ထိုတောင့်တချက်ကိုလည်း တစ်နာရီအတွင်း ပြည့်စုံအောင် အကျဉ်းချုံးပေးခဲ့သည်။ ထို့အပြင် သူ တမ်းတနေခဲ့သော ကာလီမယ်တော်အား ဖူးမြင်ခွင့်ကိုလည်း ဘဂဝမ်က သူ့အား ပေးအပ်ခဲ့သည်။ သူ၏ စိတ်အား အထက်သန်ဆုံးဆန္ဒ လှလှပပ ပြည့်ဝသွားသောအခါ ဆန်ညာစီသည် သူ့ကိုယ်သူ မထိန်းနိုင်တော့ဘဲ ပီတိအပြည့်ဖြင့် "အိုး… အမေ" ဟု အော်လိုက်မိလေသည်။ နှလုံးသား အတွင်းပိုင်းမှ ထွက်ပေါ်လာသော ထိုအော်သံကို ကြားလိုက်ရသောအခါ ဘဂဝမ်က ချိုသာသောအသံဖြင့် တုန့်ပြန်သည်မှာ "ချစ်သား ဒီကာလီယုဂ (ကလိယုဂ်) ခေတ်ကြီးမှာ ပြင်းပြင်းပြပြ အာပတ်ဖြေဖို့ မလိုတော့ဘူး။ သင် အမြတ်နိုးဆုံး ဘုရားရဲ့ နာမတော်ကို အောက်မေ့နေပြီး စိတ်ထဲက တစ်သမတ်တည်း ရွတ်ဆိုနေရင် လုံလောက်ပြီ။ နာမ စမာရန် (နာမတော်ကို အောက်မေ့ ရွတ်ဆိုနေခြင်း) နဲ့သာ သင်ဟာ ပြည့်ဝမှု (လွတ်မြောက်မှု) ကို ရယူနိုင်တယ်"တဲ့။ ထိုသို့ပြောပြီး ဆွာမိသည် ဝိဘူးသီးအမြောက်အမြား ဖန်ဆင်းကာ ရွှင်လန်းဝမ်းမြောက်သွားသော ဆန်ညာစီ၏ တစ်ကိုယ်လုံးကို ဖုံးလွှမ်း သွန်းလောင်းပေးလိုက်လေသည်။

## အချိန်ကို ဆွဲဆန့်ပေးခြင်း

ဘဂဝမ်သည် ရက်သုံးဆယ်ကို နှစ်ပေါင်း သုံးဆယ်သို့ ဆွဲဆန့်ပေးခဲ့သည့် ဖြစ်ရပ်တစ်ခုကို တင်ပြပါမည်။ ထိုစဉ်က လားလ်ဘဟာဒူးဆတ်စ်တြီ

သည် အိန္ဒိယနိုင်ငံ၏ ဝန်ကြီးချုပ် ဖြစ်ပါသည်။ သူ၏ ကိုယ်ရေး လက်ထောက်မှာ သယာဂရပ်ဂျ် ဖြစ်သည်။ သူသည် ကျန်းမာရေးပြဿနာပေါ်၍ ဆေးစစ်မှုခံယူရန် ဘန်ဂလောမြို့သို့ သွားသည်။ သူ့ကို ကျကျနန စစ်ဆေးပြီးနောက် ဆရာဝန်များက သူသည် ကင်ဆာဖြစ်နေကြောင်း နောက်တွင် သုံးလခန့်သာ နေရတော့မည်ဖြစ်ကြောင်း ပြောကြသည်။ သူတို့က "လူကြီးမင်း ဘယ်လိုမှ မအောက်မေ့ဘူးဆိုရင် ကျွန်တော်တို့ အကြံတစ်ခု ပေးချင်ပါတယ်။ လူကြီးမင်းရဲ့ရောဂါအတွက် ကုသနည်းတစ်နည်းပဲ ရှိပါတယ်။ အဲဒါကတော့ ဘဂဝမ်စရီဆာသီယ ဆိုင်းဘာဘာရဲ့ ခြေရင်းမှာ ဝပ်စင်းပြီး လူကြီးမင်းကို ကယ်ဆယ်ဖို့ ဆုတောင်းတာပဲ ဖြစ်ပါတယ်။ တခြားနည်းလမ်း မရှိပါဘူး။ ဘာဘာရဲ့တပည့်ကြီး ဒေါက်တာ အက်စ်ဘဂဝမ်တမ်ဟာ အခု ဒီဆေးရုံမှာ တက်နေပါတယ်။ သူ့ကို တွေ့ဖို့ ဘာဘာ မနက်ဖြန် ဒီကိုလာပါလိမ့်မယ်။ အဲဒီ အလွန်ကောင်းတဲ့ အခွင့်အရေးကို လူကြီးမင်း ရယူနိုင်ပါတယ်" ဟု သူ့ကို ပြောကြသည်။

သို့သော် သယာဂရပ်ဂျ်က သူတို့အကြံဉာဏ်ကို လက်မခံ။ "ကျုပ်ဟာ အိန္ဒိယ ဝန်ကြီးချုပ်ရဲ့ ကိုယ်ရေးလက်ထောက် ဖြစ်တယ်။ ဘယ်ဘာဘာရဲ့ ခြေရင်းမှာမှ ကျုပ် ဝပ်စင်းဖို့ မလိုဘူး။ လိုအပ်တဲ့ဆေးဝါး ကုသမှုကို ကျုပ် ဘယ်မှာမဆို ရယူနိုင်တယ်" ဟု ပြန်ပြောပြီး ထွက်လာသည်။ ထို့နောက် ဟိုဟိုသည်သည် သွားရောက်၍ ခံယူသည်။ နှစ်လအကြာတွင် သူသည် ထိုဆေးရုံသို့ ပြန်လာပြီး နောက်တစ်လသာ နေရတော့မည်ဟု ပြောကြလေသည်။ သူသည် ထိုအခါကျမှ ဂမူးရှူးထိုးဖြစ်လာပြီး ပုတ္တပါတီသို့ အမြန်သွားရောက်လေသည်။ သူ ဒါရှန်အတွက် စောင့်ဆိုင်းနေစဉ် ဆွာမိက အနားကပ်လာပြီး "ကင်ဆာလား" ဟု မေးလေသည်။ သူသည် မျက်ရည်များကျလာပြီး ဆွာမိ၏ခြေတော်ရင်း၌ ဝပ်စင်းလေသည်။ ဆွာမိက ဝိဘူသီးများဖန်ဆင်းပြီး သူ့လက်ထဲ ထည့်ကာ စားခိုင်းသည်။ ဤနည်းအတိုင်း သုံးရက်ဆက်တိုက် လုပ်ပေးသည်။ သုံးရက်မြောက်နေ့တွင် ဘဂဝမ်စရီ ဆာသိယဆိုင်းက "ကင်ဆာကို ဖျက်သိမ်းလိုက်ပြီ" ဟု ပြောလေသည်။ နောက်ပိုင်းတွင် ဆေးစစ်မှုများက သယာဂရပ်ဂျ်တွင် ကင်ဆာအရိပ်အရောင် မရှိတော့ကြောင်း အတည်ပြုခဲ့လေသည်။

ဤအဖြစ်အပျက်သည် လွန်ခဲ့သော နှစ်ပေါင်း သုံးဆယ်က ဖြစ်ပွား ခဲ့သည်။ သယာဂရပ်ဂျ်သည် ပရရှန္တိနီလာယမ်တွင် လစဉ်ထုတ် စနာသန ဆာရာသီ ဂျာနယ်ရုံး၌ မကြာသေးမီကာလအထိ အမှုထမ်းခဲ့သည်။ လက်ရှိ အချိန်တွင် သူသည် ပရရှန္တိနီလာယမ်ရှိ စားသောက်ဆိုင်တွင် လုပ်အားပေးရင်း ဆွာမိ၏ အကန့်အသတ်မရှိသော သဒ္ဓါတရားကို ခံစားနေလေသည်။ သယာဂ ရပ်ဂျ်၏ ထူးခြားလှသော ဖြစ်ရပ်က ရက် ၃၀ ကာလကို နှစ်ပေါင်း ၃၀ ဖြစ်အောင် ဆွဲဆန့်နိုင်သည့် ဘဂဝမ်ဆိုင်း၏ တန်ခိုးတော်ကို လက်တွေ့ ပြသ ခဲ့လေသည်။

## အချိန်နဲ့အာကာသဟာ ကျွန်ုပ်ကို ချုပ်နှောင်မထားနိုင်ဘူး

ဘာဘာသည် တစ်ကြိမ်တွင် ဗင်ကတဂီရိသို့ ရောက်နေပြီး ပုတ္တပါတီ ကို ပြန်လာတော့မည့်ဆဲဆဲ ဖြစ်သည်။ ပရရှန္တိနီလာယမ်တွင် နေထိုင်သူ အဘွားကြီး တစ်ယောက်သည် ဗင်ကတဂီရိနှင့် ပုတ္တပါတီကူး လမ်းမကြီး ပေါ်ရှိ ဗာယာလ်ပါဒု ခေါ် သူ့ရွာတွင် ခဏပြန်ရောက်နေသည်။ ထို့ကြောင့် သူသည် ဆွာမိကို အပြန်ခရီးတွင် ဗာယာလ်ပါဒုရွာ၌ ခဏရပ်နားကာ သူ့ အိမ်သို့ ကြွရောက် ချီးမြှင့်ရန် ဆွာမိကို လျှောက်ထားမည်ဟု စဉ်းစားမိလေ သည်။ သူသည် ဗင်ကတဂီရိမှ ဆွာမိ ပြန်လာမည့်ရက်ကို သေချာအောင် စုံစမ်းသည်။ ထိုနေ့တွင် သူသည် လမ်းဘေး၌ရပ်ကာ ဆွာမိ၏ ကားကို စိတ်ရှည်လက်ရှည် စောင့်ဆိုင်းလေသည်။ သူသည် အခြားရွာသားများကို လည်း ထိုနေရာ၌ နေ့ရောညပါ စောင့်ကြည့်နေကြရန် ပြောထား၏။ သို့သော် ကားသည် မပေါ်လာချေ။ ထို့နောက် ဆွာမိသည် ဤအတွင်း ပရရှန္တိနီလာယမ် သို့ ပြန်ရောက်သွားပြီဖြစ်ကြောင်း သူ သိလာရလေသည်။ နက်နက်ရှိုင်းရှိုင်း စိတ်ပျက်သွားပြီး သူသည် ပုတ္တပါတီသို့ ပြန်လာခဲ့လေသည်။

ဆွာမိသည် သူ၏ စံကျောင်းအထပ်ထပ် ဝရန်တာမှ မြေပြင်ပေါ်ရှိ လူတချို့အား စကားပြောနေသည်ကို သူ တွေ့ရ၏။ သူသည် အသက်ရှူဖို့ တောင် မရပ်ဘဲ ရှေ့တိုးလာကာ "ဆွာမိ တပည့်တော်မတို့ ရွာသားတွေနဲ့ တပည့်တော်မဟာ ဗာယာလ်ပါဒုရွာအနီးက လမ်းဘေးမှာ ရပ်ပြီး အရှင်ဘုရား ကို စောင့်နေခဲ့ကြပါတယ်။ တပည့်တော်မတို့ဟာ နေ့ရောညပါ စောင့်ကြည့်

နေခဲ့ကြပါတယ်။ အရှင်ဘုရားရဲ့ ကားဟာ ဘယ်အချိန်မှာ တပည့်တော်မ တို့ရဲ့ ရွာကို ဖြတ်သွားခဲ့ပါသလဲ။ အရှင်ဘုရား ဒီကို ဘယ်လို ရောက်လာ ပါသလဲ'' ဟု ကျယ်လောင်စွာ မေးလေသည်။ သူ၏ စိတ်လှုပ်ရှားနေသော အမူအရာကို သဘောကျသွားပြီး ဘာဘာသည် အသံထွက်၍ ရယ်လေသည်။ လူတိုင်းသည် ဘာဘာကို မော့ကြည့်နေကြသည်။ သို့သော် ရုတ်တရက် သူတို့သည် သူ၏ရယ်သံကို သူတို့ဘေးမှ ကြားလိုက်ကြရလေသည်။ ဆွာမိ သည် သူတို့ဘေးတွင် ရပ်နေပြီး သူတို့အထက်အမြင့်ကြီးရှိ ဝရန်တာပေါ်တွင် ဆွာမိ အထပ်ထပ်မှ မြေပြင်သို့ ဆင်းလာခဲ့သည်ကို ဘယ်သူမှ နားမလည် နိုင်ချေ။ ''ကြည့် ကျွန်ုပ် အထပ်ထပ်က အောက်ထပ် မြေပြင်ကို ဘယ်လို ဆင်းလာခဲ့တယ်ဆိုတာ သင်တို့ မြင်ခဲ့ကြပြီ။ ဒါကို ကျွန်ုပ် လုပ်နိုင်ရင် ကျွန်ုပ်ဟာ ကျွန်ုပ်ရဲ့ကားနဲ့ သင်တို့ထဲက ဘယ်သူမှ မတွေ့မြင်လိုက်ဘဲ ဒီကို ရောက်လာဖို့ မဖြစ်နိုင်ပေဘူးလား'' ဟု ဆွာမိက ပြောလေသည်။

## အသွင်အမျိုးမျိုး ခံယူခြင်း

ဘာဘာသည် ကိုဒိုက်ကနယ်လ်တောင်စခန်းတွင် ကိုးကွယ် ဆည်းကပ် သူအချို့နှင့် ရောက်နေသည်။ ရုတ်တရက် သူသည် သူ၏အိပ်ရာတွင် လဲ လျောင်းနေရာမှ ခုန်ထပြီး ''မပစ်နဲ့''ဟု အော်လိုက်လေသည်။ ထိုသို့ လုပ် ရင်း သူသည် အိပ်ရာပေါ်သို့ ပြန်လဲကျပြီး ကိုယ်ခန္ဓာသည် တောင့်တင်းလာ လေသည်။ သူသည် သူ၏ရုပ်ခန္ဓာမှ ထွက်ခွာသွားပုံရသည်။ တစ်နာရီခန့် ကြာမှ ကိုယ်ခန္ဓာသည် လှုပ်ရှားလာသည်။ ဘာဘာသည် မျက်လုံးဖွင့်ကြည့် ပြီး ဘိုပါလ်မြို့ရှိ လိပ်စာတစ်ခုကိုခေါ်ပေးကာ ''မပူနဲ့ ခြောက်လုံးပြူး ကျွန်ုပ် ထံမှာရှိတယ် ဘာဘာ''ဟု အမြန်ကြေးနန်းတစ်စောင်ပို့ရန် ညွှန်ကြားလေ သည်။ ဆွာမိဆချိဒနန္ဒာက ပြန်လည် တင်ပြသည်။ ''ဆွာမိ ပို့တဲ့ အကြောင်း အရာထဲမှာ ခြောက်လုံးပြူးဆိုတာပါရင် စာတိုက်ဝန်ထမ်းတွေက ကြေးနန်းကို လက်ခံမှာ မဟုတ်ဘူး။ အဲဒါကို လက်နက်လို့ ပြောင်းလိုက်ရင်တော့ သူတို့ ကန့်ကွက်မှာမဟုတ်ဘူး'' ဆွာမိက သဘောတူ၍ ပြင်ထားသော ကြေးနန်းကို ချောချောမောမော ပို့လိုက်လေသည်။ သို့သော် ကိုးကွယ်ဆည်းကပ်သူများ ကတော့ ဘာဖြစ်ခဲ့သည်ကို နားမလည်နိုင်ကြချေ။

လေးရက်အကြာတွင် ဘိုပါလ်မှ စာတစ်စောင် ရောက်လာသည်။ ဘာဘာက ထိုစာကို ကိုးကွယ် ဆည်းကပ်သူများအား ဖတ်ရှုစေသည်။ ဖတ်မိကြသောအခါ သူတို့သည် အကျိုးအကြောင်း သိရပြီး အံ့အားသင့်ကာ စိတ်ချမ်းမြေ့သွားကြလေသည်။ တိတိကျကျ ဘာတွေဖြစ်ပျက်ခဲ့ပါသလဲ။

ဘိုပါလ်မြို့တွင် ဒုတိယကမ္ဘာစစ်အတွင်းက စစ်မှုထမ်းခဲ့ပြီး ထူးချွန်ခဲ့သော စစ်ဗိုလ်တစ်ယောက် ရှိသည်။ ထူးချွန်ခဲ့သော်လည်း သူသည် ပြည်နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ထိုက်သင့်သောနေရာပေးခြင်း မခံရ။ အကြောင်းမှာ လက်ဟောင်းကြီးများထက် လူငယ် လူသစ်များကို ဦးစားပေးနေသောကြောင့် ဖြစ်သည်။ စိတ်ပျက်၍ သူသည် ဘဝကို စိတ်ကုန်လာသည်။ သူ့မိန်းမကလည်း သူမ၏မိဘများထံ ပြန်ရောက်နေသည်။ သူ့ကို စိတ်ဓာတ်ကျခြင်းမှ လွတ်ကင်းအောင် ဖြေသိမ့်ကာ အကြံကောင်းပေးမည့်သူမရှိ။ ဤအခြေအနေတွင် သူသည် သူ့ကိုယ်သူ သတ်သေရန် ဆုံးဖြတ်လိုက်လေသည်။ သူသည် သူ့ခြောက်လုံးပြူးကို ချည်ထွက်မထွက် အစမ်းပစ်ကြည့်သည်။ ကျည်ထွက်သည်။ သူသည် ဒုတိယအချက်ဖြင့် သူ့ကိုယ်သူ ပစ်ရန် အသင့်ပြင်သည်။ သူ သေနတ်မောင်းကို ဆွဲတော့မည့်ဆဲဆဲတွင် ဝေးလံသောအရပ်ရှိ ကိုဒိုက်ကနယ်လ်၌ ဆွာမိက "မပစ်နဲ့" ဟု အော်လိုက်ခြင်း ဖြစ်သည်။ ထိုအခိုက်အတန့်တွင် သူ့အခန်းတံခါး မြန်းခနဲ ပွင့်သွားပြီး တံခါးဝတွင် သူ၏ အလွန်ရင်းနှီးသော သူငယ်ချင်း ကောလိပ်ကျောင်းတက်ဘက် ရပ်နေလေသည်။ သူတစ်ယောက်တည်း မဟုတ်၊ သူ့မိန်းမလည်း ပါသည်။ သူတို့နောက်တွင် သူတို့၏ ဝန်စည်စလယ်များကို သယ်ဆောင်လာသော အလုပ်သမား တစ်ယောက်လည်း ပါသေးသည်။

သူတို့ကို မြင်လျှင်မြင်ချင်း သူသည် သူ၏အတွင်းခန်းသို့ ပြေးဝင်ပြီး ခြောက်လုံးပြူးကို တစ်နေရာတွင် ဝှက်ထားခဲ့ကာ ဧည့်သည်များကို ကြိုဆိုရန် ပြုံးပြုံးရွှင်ရွှင် ပြန်ထွက်လာလေသည်။ ဧည့်သည်က သူ့မိတ်ဆွေဟောင်း စစ်ဗိုလ်ကို ပျော်ရွှင်စရာစကားများဖြင့် ရွှင်မြူးစေလေသည်။ သူသည် သူတို့ကောလိပ်ကျောင်းသားဘဝက ပျော်စရာအဖြစ်အပျက်များကို ပြန်ပြောင်းပြောပြသည်။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာက သူတို့ မျှဝေခံစားခဲ့သော အပူအပင်ကင်းသည့်ဘဝမှ သာယာသော သတိရခြင်းများကို သူက ပြန်လည်

ရှင်သန်လာစေသည်။ သူသည် တော်တော်စကားတွေ ပြောပြီး စိတ်ရွှင်ပြဖွယ် ဖြစ်ခဲ့လေသည်။ ဧည့်သည်များ၏ လိုက်လျောမှုနှင့် ရင်းနှီးခင်မင်မှုတို့သည် မကြာမီ အရာရှိ၏စိတ်ဆင်းရဲမှုကို နှင်ထုတ်ကာ သူ၏စိတ်ထား တည်ငြိမ်မှုကို ပြန်လည် ရရှိစေခဲ့လေသည်။

ဧည့်သည်များသည် မကြာမီ အရာရှိ၏ ဇနီးသည်အိမ်တွင် မရှိကြောင်း သတိပြုမိကြလေသည်။ ထို့ကြောင့် သူတို့သည် အခြားမိတ်ဆွေတစ်ဦး၏ အိမ်သို့ သွားလိုကြောင်း ပြောကြလေသည်။ သူတို့သွားမည်ဟု စီစဉ်သော အခြားမိတ်ဆွေ၏ လိပ်စာကိုလည်း ပြောပြကြလေသည်။ အရာရှိက သူတို့ကို သူ့အိမ်မှာပင် တည်းရန် ဖြောင်းဖြသေး၏။ သို့သော် သူတို့က ခွင့်ပန်ကာ နောက်တစ်ခေါက် ဘိုပါလ်သို့လာမှ သူ့အိမ်တွင် တည်းတော့မည်ဟု ပြောပြီး နှုတ်ဆက် ထွက်ခွာသွားကြလေသည်။

အရာရှိသည် ယခု ခြောက်လုံးပြူးကို ရှာ၏။ သေသေချာချာ ရှာသော်လည်း မတွေ့။ ရုတ်တရက် သူသည် ဆာသီယဆိုင်းဘာဘာကို သွားတွေးမိ၏။ လွန်ခဲ့သည့်အချိန် အတော်ကြာက သူသည် ပုတ္တပါတီသို့ သွားရောက်ပြီး ဆွာမိကို ဖူးခဲ့၏။ သူ့မိန်းမသည် ဘာဘာ၏ ကိုင်းရှိုင်းသော နောက်လိုက်တစ်ဦးဖြစ်၏။ ထို့ကြောင့် ဤကိစ္စသည် ဘာဘာ၏လီလာ (တန်ခိုးပြမှု/ကစားမှု) တစ်ရပ်ဖြစ်လိမ့်မည်ဟု သူ ကောက်ချက်ချ၏။ သူသည် သူ့အိမ်ကို သော့ခတ်၍ သူ့ကို ပြောပြခဲ့သည့် လိပ်စာတွင် သူ၏ ကောလိပ်တက်ဘက် သူငယ်ချင်းကို သွားရှာသည်။ ထိုလိပ်စာသို့ ဘယ်ဧည့်သည်မှ မလာရောက်ကြောင်း သူ့ကို ပြောလိုက်၏။ သူ အိမ်ပြန်ရောက်လာသည့်အခါ ကိုဒိုက်ကနယ်လ်မှ အမြန်ကြေးနန်းတစ်စောင် ရောက်လာ၏။ ကြေးနန်းတွင် ''မပူပါနဲ့ လက်နက် ကျွန်ုပ်ထံမှာ ရှိတယ် ဘာဘာ'' ဟု ပါရှိ၏။ ကြေးနန်းကို ဖတ်ရသောအခါ အရာရှိသည် အကြီးအကျယ် နောင်တရ၏။ သူ၏ ကျေးဇူးတင်မှုကို ဖော်ပြရန် သူသည် ထိုအဖြစ်အပျက်ကို အသေးစိတ် ဖော်ပြသည့် စာတစ်စောင်ကို ဘာဘာ့ထံ ရေးလိုက်၏။ ဘာဘာ့ကို ကိုးကွယ်ဆည်းကပ်သူများသည် အကျိုးအကြောင်းကို ထိုစာမှ သိရှိကြရလေသည်။

ကိုးကွယ် ဆည်းကပ်သူတစ်ယောက်ကို ကယ်ဆယ်ရန် ဘဂဝမ်သည် အရာရှိ၏မိတ်ဆွေ၊ သူ့မိန်းမနှင့် ပစ္စည်းသယ်အလုပ်သမား၊ လူသုံးဦး၏အသွင်

ကို တစ်ချိန်တည်း တစ်နေရာတည်းတွင် ခံယူကာ သဘာဝကျကျ အသက်ဝင် လှုပ်ရှားခဲ့၏။ ဤအချက်က ဘာမဆို လုပ်ဆောင်နိုင်သော ဘာဘာ၏တန်ခိုး တော် အနန္တကိုပြ၏။ ဘိုပါလ်မြို့တွင် အရာရှိက သူ့ကိုယ်သူ သတ်သေရန် ပြင်ဆင်ခြင်းကို ဝေးလံသည့် ကိုဒိုက်ကနယ်လ်ရှိ ဘာဘာက သိ၏။ ဤအချက် က ဘာဘာသည် နေရာတကာတွင် ရှိနေကြောင်းပြ၏။ အရာရှိ၏ ကောလိပ် ကျောင်းသားဘဝ အတွေ့အကြုံများကို ပြန်လည် ပြောပြခြင်းက ဘာဘာသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တို့၏ဖြစ်ရပ် အားလုံးကို အရာရာကို သိမြင် ကြောင်း ပြ၏။ ဘိုပါလ်နှင့် ကိုဒိုက်ကနယ်လ်ကို အချိန်တိုအတွင်း သွား ပြန်ခဲ့ခြင်းကလည်း နေရာတကာကို ချက်ချင်း ရောက်ရှိနိုင်သော ဘာဘာ၏ တန်ခိုးတော်ကိုလည်း အထင်အရှားပြသနေလေသည်။ ဘာဘာ့ကို Omnipotent (အနန္တတန်ခိုးတော်ရှိသော)၊ Omniscient (အလုံးစုံ သိရှိတော်မူသော)၊ Omnipresent (နေရာတကာတွင်ရှိတော်မူသော) ဂုဏ်တော်တို့နှင့် ပြည့်စုံ သည်ဟု ဖော်ပြကြခြင်းမှာ အံ့ဩစရာမဟုတ်ပေ။

## အမှတ်မထင် ရောက်ရှိလာခြင်း

မဒ္ဒနပေါ်လီသည် ပုဏ္ဏပါတီ-ဘန်ဂလောကားလမ်းဘေးရှိ မြို့ကလေး တစ်မြို့ ဖြစ်၏။ ထိုမြို့တွင် ဆွာမိ၏ကျောင်းတစ်ကျောင်း ရှိ၏။ ၁၉၉၃ ခု ဖေဖော်ဝါရီလတွင် ကျောင်း၏ နှစ်ပတ်လည်အခမ်းအနား ကျင်းပရန် စီစဉ် ကြသည်။ ထိုအခမ်းအနားကို ကြွရောက် ချီးမြှင့်ပါရန် ဆရာများ၊ ကျောင်း သားများက ဆွာမိကို ပင့်ဖိတ်ကြရာ ဆွာမိက လက်ခံသည်။ သို့သော် ကျင်းပ ပွဲနေ့တွင် မျှော်လင့်နေကြသော ဆရာများ၊ ကျောင်းသားများနှင့် ဖိတ်ကြား ထားသူများက ကြာရှည်လေးမြင့် စောင့်မျှော်နေကြသော်လည်း ဆွာမိသည် မပေါ်လာချေ။ ယဉ်ကျေးမှု အစီအစဉ်များ၊ ကလေးတို့ အကများနှင့် အခြား အစီအစဉ်များကို ဆွာမိ ရောက်မလာဘဲ ဆောင်ရွက်ကြရလေသည်။ အချိန် ကျသောအခါ ဆွာမိ ရောက်လာမည်ကို လူတိုင်းက စိတ်အားထက်သန်စွာ စောင့်မျှော်နေကြရင်းနှင့်ပင် အစီအစဉ်များ ပြီးဆုံးသွားလေသည်။ အားလုံး စိတ်ပျက် ဝမ်းနည်းသွားကြလေသည်။

နောက်ပိုင်းတွင် အခမ်းအနား၏ ဓာတ်ပုံများကို ဆေးကူးလိုက်သည့်

အခါ ကပွဲအစီအစဉ်များအတွင်း ရိုက်ထားသည့်ပုံတစ်ပုံ၌ ဆွာမိ ပါဝင်နေသည်ကို တွေ့ရ၍ လူတိုင်း အကြီးအကျယ် အံ့သြသွားကြလေသည်။ ပုံထဲတွင် ဆွာမိသည် တစ်နေရာတည်းတွင်မကပဲ ငါးနေရာ၌ ရပ်နေပြီး ငါးပုံလုံးတွင် ဝတ်ဆင်ထားသော အဝတ်အစားများမှာ တစ်မျိုးစီ ဖြစ်လေသည်။

## စိတ်ဒုက္ခရောက်မှုက ဆွာမိကို သနားစေသည်

တစ်ခါတွင် ဘဂဝမ်သည် ဗရင်ဒဝန်တွင် သူ့ကျောင်းသားများနှင့် အတူရှိနေသည်။ သူက ပြောသည်။ "ကျွန်ုပ် ဒီမှာရှိနေတဲ့အခါ သင်တို့ဟာ အာရုံထွေပြားနေပြီး စာကို ဂရုမစိုက်ကြဘူး။ ကျွန်ုပ် ပုတ္တပါတီကို သွားရင် သင်တို့ စာကြိုးစားကြလိမ့်မယ်။ ကျွန်ုပ် မနက်ဖြန် ရှစ်နာရီခွဲမှာ ပုတ္တပါတီကို သွားတော့မယ်" ကျောင်းသားများက ဆွာမိ ခြေကို ကိုင်ပြီး တောင်းပန်ကြသည်။ "ဆွာမိ ကျေးဇူးပြုပြီး ဒီမှာနေပါဦး။ တပည့်တော်တို့ ကောင်းကောင်း စာကျက်ပါ့မယ်" သို့သော် ဆွာမိက ထွက်ခွာသွားမည်ဟုသာ ဆက်ပြောနေသည်။ "သင်တို့မိဘတွေက သင်တို့ကို ကျွန်ုပ် လက်ထဲ ယုံကြည်စိတ်ချလို့ အပ်ထားကြတာ။ သင်တို့ စာမကျက်ဘဲ ကျွန်ုပ် အနားမှာသာ ပတ်နေကြတာကို ကျွန်ုပ်ကြည့်နေလို့ ဘယ်ဖြစ်မလဲ ကျွန်ုပ် မနက်ဖြန် သွားရမယ်"

နောက်တစ်နေ့သည် တနင်္လာနေ့ ဖြစ်သည်။ အချိန်က ရှစ်နာရီခွဲရှိပြီ။ ဘာဘာ၏ ကားဖြူကြီးသည် ကျောင်းဆောင်ရှေ့တွင် အသင့်ရောက်နေပြီ။ စိတ်ဆင်းရဲနေကြသော ကျောင်းသားများလည်း ထိုနေရာတွင် ရှိနေကြ၏။ ဆွာမိသည် သူ့စံကျောင်းအထပ်ထပ်မှ ဆင်းလာ၏။ ကျောင်းသားများက ကျိုးနွံစွာ ဆုတောင်း တောင်းပန်ကြ၏။ သို့သော် မအောင်မြင်ကြချေ။ ဆွာမိသည် ကားထဲဝင်ထိုင်ပြီး ထွက်ခွာသွား၏။

လေးလံသော စိတ်နှလုံးများဖြင့် ကလေးများသည် ဘော်ဒါဆောင်ရှိ သူတို့ အခန်းများသို့ ပြန်သွားကြသည်။ သူတို့စိတ်များသည် ဆွာမိနှင့် ပြည့်နေသည်။ သူတို့ဖတ်သောအရာများသည် သူတို့စိတ်ထဲသို့ မဝင်နိုင်ကြ။ ဆွာမိ မရှိခြင်းသည် ပတ်ဝန်းကျင်ကို အရောင်အဆင်းမဲ့ အသက်မဲ့ စိတ်ဝင်စားစရာ မရှိ။ ညှိုးမှောင် အသံမဲ့ဖြစ်စေသည်။ လူတိုင်းသည် ကိုယ့်အခန်းမှာ ကိုယ်

နေကြသည်။ စကားမပြော နှုတ်ဆက်ခြင်း မရှိ။ တိတ်ဆိတ် စိတ်ညစ်နေကြသည်။ ဆယ့်ငါးမိနစ်မျှအကြာတွင် ရုတ်တရက် ကျောင်းသားတစ်ယောက်က အော်လိုက်သည်။ “ဆွာမိ ပြန်လာတယ်၊ ဆွာမိ ပြန်လာတယ်” ကျန်သော ကျောင်းသားများက သူသည် အထင်အမြင် မှားနေခြင်းဖြစ်နိုင်သည်ဟု ထင်ကြ၏။ အချို့က သူသည် ကားတစ်စီး ရောက်လာသည်ဟု ထင်မြင်ခြင်း ဖြစ်မည်ဟု အောက်မေ့ကြ၏။ သို့သော် စပ်စုသော ကျောင်းသား အနည်းငယ်က သူတို့ပြတင်းပေါက်များမှ ကြည့်ကြ၏။ ဆွာမိ၏ ကားသည် စခန်းပရဝဏ် အတွင်းသို့ အမှန်တကယ် ဝင်ရောက်လာနေသည်။ ကျောင်းသား နှစ်ယောက်က ကားနောက်မှ ပြေးလိုက်လာနေကြ၏။ ဒါဆို လုံလောက်ပြီ။ ကျောင်းသား အားလုံးသည် အူယားဖားယား ပြေးထွက်လာကြ၏။ ဆွာမိ ကားပေါ်မှ ဆင်းလာချိန်တွင် သူတို့သည် ကားကို ဝိုင်းလိုက်ကြ၏။ အံ့အားသင့်ခြင်းနှင့် ဝမ်းမြောက် ပျော်ရွှင်ခြင်းတို့က သူတို့ကို တစ်ဆို့စေ၏။ ဆွာမိသည် လှေကားပေါ်သို့ တက်သွားသည့်အခါ ကျောင်းသားများသည် တစ်ဦးကိုတစ်ဦး အသံတိတ် ကြည့်ရှုနေမိကြသည်။ ဆွာမိ ဘာကြောင့် ပြန်လာသလဲ။ ဘယ်သူမှ မသိ။ ထို့နောက် ဆွာမိက သူတို့ကို စကားပြောသည်။ “ကျွန်ုပ် သွားတော့မယ်လို့ ပြောလိုက်ရုံနဲ့ ဆူညံပွက်လော ရိုက်သွားမှုနဲ့ အနှောင့်အယှက် ဖြစ်မှုတွေ ပေါ်ပေါက်လာခဲ့တယ်။ အရာရာဟာ ကသိကအောက် ဖြစ်ကုန်တယ်။ ကသောင်းကနင်း ဖြစ်မှုတွေအလယ်မှာ ကျွန်ုပ်က သော့ယူသွားဖို့ မေ့ခဲ့တယ်။ ဒါကြောင့် ပြန်လာခဲ့တယ်။ “ဒါ ဘာလဲ ဆွာမိဟာ သော့တွေကို မေ့ကျန်နိုင်သလား။ ကလေးတို့၏နှလုံးသားများသည် စိတ်လှုပ်ရှားမှုနှင့် အတိုင်းမသိ ပျော်ရွှင်မှုတို့ဖြင့် ပြည့်နေကြသည်။ မျက်လုံးတစ်လုံးမျှ ခြောက်ခြောက်သွေ့သွေ့ မရှိ၊ နေရာတကာတွင် တိတ်ဆိတ်ခြင်းက လွှမ်းမိုးနေသည်။

သို့သော် ဆွာမိသည် သူ့သော့များကို ယူပြီး ပြန်ထွက်သွားမည်ကို သူတို့ စိုးရွံ့မိကြသည်။ ကျောင်းသားတစ်ယောက်က ဆွာမိကို တွန့်ဆုတ်စွာ မေးသည်။ “ဆွာမိ တပည့်တော်တို့ ပစ္စည်းတွေ ကားထဲ ပြန်ထည့်ရမလား” ဆွာမိက ပြောသည်။ “ဟင့်အင်း ကျွန်ုပ် ညနေကျမှ သွားမယ်” သို့သော် အကင်းပါးသော ကျောင်းသားများက ဆွာမိ၏ သုန်မှုန်သော မျက်နှာနောက်ကွယ်မှ အပြုံးရိပ်ကို မြင်မိကြသည်။ သူတို့အားလုံး “ဆွာမိ… ဆွာမိ

ကျေးဇူးပြုပြီး ဒီမှာနေပါ ဆွာမိ'' ဟု အော်ကြသည်။ ဆွာမိက သူတို့ဘက် လှည့်ပြီး ''ကြည့် သင်တို့ရဲ့ စစ်မှန်ပြီး မြင်သာတဲ့ စိတ်ဆင်းရဲမှုက ကျွန်ုပ် ကို ပြန်ဆွဲခေါ်ခဲ့တယ်။ သင်တို့ ကျွန်ုပ်ကို ဒီမှာနေစေချင်ရင် သင်တို့ စာ ကြိုးစားရမယ်။ အဲလိုဆိုရင် ကျွန်ုပ် ဒီမှာနေမယ်လို့ သင်တို့ စိတ်ချရအောင် ကျွန်ုပ် ပြောလိုက်မယ်။ ကဲ… အခု သင်တို့ စာတွေနဲ့ အလုပ်များကြပေ တော့''

## တုပ်ကွေးကို မောင်းထုတ်ခြင်း

တစ်ခါတွင် ပရုရှိနီလာယမ်ရှိ အထက်အလယ်တန်းကျောင်း၌ တုပ်ကွေး ရောဂါ အကြီးအကျယ် ပျံ့နှံ့ဖြစ်ပွားလေသည်။ ကျောင်းသား ၂၀၀ နီးပါး ရောဂါဖြစ်နေကြ၏။ ညဦးပိုင်း ဘဂျန်းအပြီးတွင် ဆွာမိက ဒေါက်တာ အာလ် ရီဂျာကို ကျောင်းသို့ သွားကြည့်ခိုင်းလိုက်၏။ ဆရာဝန်သည် ကျောင်းသား ၂၀၀ ခန့် အဖျားတက်ကြ၊ ချောင်းဆိုးကြ၊ အော့အန်နေကြသည်ကို တွေ့ရ လေသည်။ ကူးစက်မှုကို ထိန်း၍ မရနိုင်သလောက် ဖြစ်နေသည်။ အချိန်သည် ည ၈ နာရီခန့်ရှိပြီ။ ဆရာဝန်က သူ့အခန်းသို့ ပြန်လာရင်း ထိုအချိန်တွင် ဆွာမိ၏အခန်းသည် ပိတ်လောက်ပြီ။ နောက်တစ်နေ့နံနက်ကျမှ ဆွာမိထံ သွား သတင်းပို့တော့မည်ဟု အောက်မေ့လေသည်။ ရှစ်နာရီခွဲတွင် လုပ်အားပေး တစ်ယောက်က သူ့ထံလာပြီး ဆွာမိ သူ့ကို စောင့်နေကြောင်း ပြောလေသည်။ ဆရာဝန်က ဆွာမိထံ အမြန်သွားရောက်၏။ ''သင့်ကို ကျွန်ုပ် စောင့်နေတယ်။ သင် ဘာကြောင့် ကျွန်ုပ်ထံ ချက်ချင်း မလာတာလဲ'' ဟု ပြော၏။ ဆရာဝန် က ပြန်ပြော၏။ ''ဆွာမိ တပည့်တော် ပြန်လာတဲ့အချိန်မှာ ရှစ်နာရီထိုးနေ ပါပြီ။ အဲဒီလောက်ဆိုရင် အရှင်ဘုရား တံခါးပိတ်ထားလောက်ပြီလို့ တပည့် တော် ထင်ခဲ့လို့ပါ။ အဲဒီမှာ ကျောင်းသား ၂၀၀ လောက် တုပ်ကွေးဖြစ်နေ ကြပါတယ်။ အဲဒီ ပျံ့နှံ့မှုကို တားဆီးဖို့မဖြစ်နိုင်ကြောင်း တပည့်တော် တွေ့ ခဲ့ရပါတယ်။ အခုအဆင့်မှာ ဘယ်ဆေးဝါးကမှ အကူအညီမပေးနိုင်တော့ပါ ဘူး။ သူတို့ကို အရှင်ဘုရားပဲ ကယ်ဆယ်နိုင်ပါတယ်''

နောက်တစ်နေ့ နံနက်တွင် ဘာဘာသည် ကျောင်းနှင့် ဆေးရုံကို သွား ရောက်လေသည်။ သူသည် စာသင်ခန်းတိုင်း ဝရန်တာတိုင်းကို တစ်ခုမကျန်

လျှောက်သွား၏။ ခေါင်းမိုးကို ကောင်းစွာ သန့်ရှင်းရေး လုပ်မထား၍ ကျောင်း အုပ်က ကန့်ကွက်နေသည့်ကြားမှ ထိုနေရာသို့ အရောက်သွား၏။ ထို့နောက် ဆွာမိသည် သံချေးမတက်သော သံမဏိဖြင့် ပြုလုပ်ထားသည့် လက်ဆွဲပုံး အပြည့် ရေယူလာခိုင်း၏။ သူသည် ဝိဘူသီး အများကြီး ဖန်ဆင်းပြီး ရေ ထဲသို့ လောင်းထည့်၏။ ထို့နောက် ဆရာတစ်ယောက်အား လက်ဆွဲပုံးကို ဆွဲခိုင်းကာ ဆရာတိုင်း ကျောင်းသားတိုင်းကို ဝိဘူသီးရေ တိုက်စေ၏။ ထို အချိန်မှစ၍ ရောဂါသည် ဆက်လက် မပျံ့နှံ့တော့ချေ။ ၄ ရက်အတွင်း လူနာ အားလုံး ပြည့်ပြည့်ဝဝ ကျန်းမာလာကြလေသည်။

## နာမ်ပိုင်းဆိုင်ရာ လေ့လာမှု၏သာလွန်မှု

ကျွန်ုပ်တို့သည် ဘုရားထံ ဘာဆုတောင်းသင့်ပါသလဲ။ လောကီ စည်းစိမ်ဥစ္စာနှင့် သာယာမှုတို့အတွက် မတောင်းသင့်ပါ။ ရုပ်ဝတ္ထုပစ္စည်းများ အတွက်လည်း မတောင်းသင့်ပါ။ ဘုရားကိုယ်တော်တိုင်ကို ရရှိဖို့အတွက်သာ ဆုတောင်းသင့်ပါသည်။ ဘုရား၏နောက်မှ ကောင်းချီးမင်္ဂလာအားလုံး ပါလာ မြဲ ဖြစ်သည်။ လူတို့အား ဘုရားကို တမ်းတစေသော လေ့လာမှုကို နာမ်ပိုင်း ဆိုင်ရာ လေ့လာမှုဟု သိကြသည်။

ယသောဓာ သူမ၏ မဟုတ်တာ လုပ်ထားသည့် သားကလေး ကရိဿျဏနောက်က လိုက်ဖမ်းပုံကို ဆွာမိ တစ်ခါက ပြောပြခဲ့၏။ ယသောဓ သည် လက်တစ်ဖက်တွင် ထောပတ်ခဲကလေးတစ်ခု ကိုင်ထား၍ ပြ၏။ နောက်ကျော၏နောက်က ကျန်လက်တစ်ဖက်တွင် တုတ်ကို ကိုင်ထား၏။ ကလေးက ထောပတ်ကို ယူရန် အနားကပ်လာသောအခါ သူမက သူ့ကို ဖမ်းဆွဲပြီး တုတ်နှင့် နှစ်ချက်ရိုက်လိုက်၏။ ဤသို့ဖြင့် သူမသည် အမှား လုပ်ထားသော ကလေးကို ဆုံးမကာ ဖြောင့်မတ်လာစေခဲ့လေသည်။

ဘဂဝမ်စရီဆာသီယဆိုင်းသည်လည်း ဤနည်းအတိုင်းပင် လောကီ လေ့လာမှုကို ဖွင့်ထားသည့်လက်တွင် ဆုပ်ကိုင် ပြသ၍ ဖုံးကွယ်ထားသော ကျန်လက်တစ်ဖက်တွင် နာမ်ပိုင်းဆိုင်ရာ လေ့လာမှုကို ကိုင်ထားပြီး ကျွန်ုပ် တို့ကို လက်လှမ်းလေသည်။ ယောကျ်ားလေး၊ မိန်းကလေးများသည် သူ၏ ကျောင်းများ၊ ကောလိပ်များနှင့် တက္ကသိုလ်ဝင်ခွင့်ကို ရယူရန် စိတ်အား

ထက်သန်စွာ ကြိုးစားကြသည်။ ဆွာမိသည် သူတို့ကို လက်ခံပြီး လောကီ ပညာလေ့လာမှုနှင့်အတူ နာမ်ပိုင်းဆိုင်ရာ လေ့လာမှုကို ပို့ချပေးလေသည်။ သာမန်လူတစ်ယောက်ကိုပင် ဤနည်းအားဖြင့် အဆင့်ဆင့် စီမံကိုင်တွယ်ကာ ချောနုလာစေလေသည်။ ဆွာမိ၏ ဖော်ပြ၍ မရနိုင်လောက်သည့်မေတ္တာက ဤသို့ ဖြစ်လာစေနိုင်ခဲ့လေသည်။

ဘာဘာ၏ ပညာသင်ဌာနများတွင် ကလေးများကို သူငယ်တန်းအဆင့်မှ ဘွဲ့လွန်အဆင့်အထိ လုံးဝ အခမဲ့ ပညာသင်ကြားပေးလေသည်။ စရီဆာသီယဆိုင်း အဆင့်မြင့် လေ့လာရေး အင်စတီကျုတွင် M.B.A, M.F.M, M.Tech. (Computers) သင်တန်းများကိုလည်း ထည့်သွင်း သင်ကြားပေးနေလေသည်။ ဤသည်တို့မှာ ပုံမှန် B.A, B.Sc နှင့် M.A, M.Sc ဘွဲ့များအပြင် ထပ်ဖြည့် သင်ကြားပေးမှုများ ဖြစ်ကြသည်။ ပါရဂူဘွဲ့အတွက် သင်ကြားပေးမှုများလည်း ရှိသည်။ ကြီးမား သပ်ရပ် လေဝင်လေထွက်ကောင်းသော အဆောက်အအုံကြီးများ ဆောက်လုပ်ထားသည်။ နောက်ဆုံးပေါ် ခေတ်မီအဆင့်မြင့် နက္ခတ်တာရာ ပြခန်းကြီးကိုလည်း ရူပီးငွေပေါင်း ကုဋေကုဋာ အကုန်အကျခံ၍ တည်ဆောက်ထားသည်။ ၂၀၀၁ ခု နိုဝင်ဘာလတွင် တက္ကသိုလ်နယ်မြေ၌ ဂီတကောလိပ်အသစ်တစ်ခုကိုလည်း ဖွင့်လှစ်ခဲ့သည်။ ဤလောကီပညာလေ့လာမှုများ၏ သင်္ကေတများနှင့်အတူ တွဲဘက်၍ ဘာဘာသည် ကျောင်းသားများအား နာမ်ပိုင်းဆိုင်ရာ လေ့လာမှုများကိုလည်း ပို့ချပေးနေလေသည်။

## ကျွန်ုပ်ရဲ့ကလေးများဟာ ကျွန်ုပ်ပိုင်တဲ့ ပစ္စည်းအလုံးစုံဖြစ်တယ်

စရီဆာသီယဆိုင်း အဆင့်မြင့် လေ့လာရေး အင်စတီကျုကို ဖွင့်လှစ်သည့် ၁၉၈၁ ခု နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ဆွာမိက ကျောင်းသားများကို မိန့်ခွန်းပြောကြားသည်။ သူက ပြောသည်။ "ကျောင်းသားတွေဟာ ကမ္ဘာကြီးအတွက် ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးသစ်ပင်ကြီးတွေ ပေါက်ပွားလာစေမယ့် အမြစ်တွေ ဖြစ်သင့်တယ်။ ကျွန်ုပ်ရဲ့ ရည်ရွယ်ချက်က အဲဒီအမြစ်တွေကို ရေလောင်းပေးဖို့ ဖြစ်တယ်။ ကျွန်ုပ်ဟာ ကျောင်းသားတွေကို နည်းမျိုးစုံနဲ့ ကူညီပေးဖို့ ကျွန်ုပ်ကိုယ်ကျွန်ုပ် နစ်မြှုပ်ထားတယ်။ ကျွန်ုပ်ဟာ သူတို့အပေါ်မှာ အကြီးအကျယ် ယုံကြည်မှုရှိတယ်။ ဆိုင်းဘာဘာ သူ့နာမည်နဲ့

ဘာတွေပိုင်ဆိုင်သလဲလို့ သင်တို့ တစ်ယောက်ယောက်ကိုပေးရင် ''အိုး သူ့မှာ အဆောက်အအုံတွေ အများကြီး မြေတွေအများကြီးရှိတယ်'' လို့ သင်တို့ကို ပြောလိမ့်မယ်။ အဲဒီပိုင်ဆိုင်မှုတွေအားလုံးဟာ ဘာမှမဖြစ်လောက်ဘူး။ ကျွန်ုပ်ရဲ့ တစ်ခုတည်းသော ပစ္စည်းကတော့ ကျွန်ုပ်ရဲ့ကလေးတွေပဲ ဖြစ်တယ်။

''ဒီလွယ်ကူ ရှင်းလင်းတဲ့ အမှန်တရားကို နားမလည်နိုင်တဲ့သူတွေ အများကြီး ရှိတယ်။ မိခင်တစ်ယောက်ရဲ့မေတ္တာကိုတောင် တွေးမကြည့်နိုင်တဲ့ အဲလိုအကြောင်းမလှသူတွေဟာ မိခင်တစ်ထောင်ရဲ့ မေတ္တာကို ဘယ်တော့မှ မတိုင်းတာနိုင်ဘူး။ စရီဆာသီယဆိုင်းရဲ့ အမြင့်မြတ်ဆုံး အရည်အသွေးက အကန့်အသတ်မရှိတဲ့ သည်းခံ စိတ်ရှည်ခြင်းဖြစ်တယ်။ မရေတွက်နိုင်တဲ့ လူတွေဟာ ကျွန်ုပ်ကို ဝေဖန်ခဲ့ကြတယ်။ ကျွန်ုပ်ကို အမျိုးမျိုး ဆဲရေးပုတ်ခတ်တဲ့ သူတွေ အများကြီး ရှိတယ်။ သတင်းစာတွေထဲမှာ ကျွန်ုပ်အကြောင်း အမျိုးမျိုး မကောင်းရေးကြတယ်။ ကျွန်ုပ်ကို ဆန့်ကျင်တဲ့ လက်ကမ်းစာရွက်တွေ ထောင်သောင်းချီပြီး ထုတ်ဝေခဲ့ကြတယ်။ အဲဒါတွေ အားလုံးအတွက် ကျွန်ုပ်မှာ အဖြေတစ်ခုပဲ ရှိတယ်။ ကျွန်ုပ်ရဲ့အပြုံးပဲ။ ဒါတွေအားလုံးဟာ မငြင်းနိုင်လောက်အောင် ကောင်းတဲ့အရာကို ကြမ်းကြုတ်တဲ့ တုံ့ပြန်မှုများ ဖြစ်တယ်။ သစ်သီးသီးတဲ့အပင်တွေကိုသာ ခဲနဲ့ပစ်ကြတယ်။ လူတချို့ဟာ သဘာဝကိုက မနာလိုတတ်၊ သည်းမခံတတ်ဘူး။ ဆာသီယဆိုင်းအဖွဲ့အစည်းတွေ ပိုပိုများလာတဲ့အခါ ဆာသီယဆိုင်းတက္ကသိုလ်တွေ ပိုမို ဖွံ့ဖြိုးလာတဲ့အခါ သူတို့ရဲ့ မနာလိုမှုဟာလည်း ခုန်ပျံ ကျော်လွှား ကြီးထွားလာတယ်။ သူတို့ဟာ မဟုတ်မဟတ် လုပ်ဇာတ်တွေ စွပ်စွဲမှုတွေ အတင်းအဖျင်းတွေကို ပိုမို ဖန်တီးလာကြတယ်။ ဒီ မလိုတမာလုပ်ငန်းတွေထဲကို ကလေးတွေကိုတောင် ဆွဲသွင်းလာကြတယ်။

''ဒီစိတ်ထားသေးသိမ်တဲ့သူတွေနဲ့ ပတ်သက်ပြီး ဘာပြောရမလဲ။ တစ်ကမ္ဘာလုံးက ပူးပေါင်းပြီး ကျွန်ုပ်ကို ဆန့်ကျင်ရင်တောင် ကျွန်ုပ်အပေါ် ဘာအန္တရာယ်မှ မကျရောက်ဘူး။ ကျွန်ုပ်ရဲ့နှလုံးဟာ အမြဲစင်ကြယ်တယ်။ ကျွန်ုပ်မှာ ကိုယ်ကျိုးရှာတဲ့ ရည်ရွယ်ချက်တွေ မရှိဘူး။ ကျွန်ုပ်မှာ ကိုယ်ပိုင် ဘာမှ မရှိဘူး။ ဒါဟာ ကျွန်ုပ်ရဲ့အမှန်တရားပဲ။ ရာဇဝတ်ကောင်များကိုသာ ကြောက်ရွံ့မှုက ဖိစီးတယ်။ မှားတာ မလုပ်ထားတဲ့ ခြင်္သေ့ဟာ ဘာကြောင့် ကြောက်ရွံ့ရမလဲ။

"ကျွန်ုပ် ဘာပဲလုပ်လုပ် လောက ကောင်းကျိုးအတွက်သာ ဖြစ်တယ်။ ကျွန်ုပ်အတွက် မဟုတ်ဘူး။ ဒီတွန်းလှန်လို့မရတဲ့ အမှန်တရားကို ကျွန်ုပ် သတိပြုမိတယ်။ ဒါကြောင့် ကျွန်ုပ်ဟာ အမြိုက်သုခထဲမှာ မကျိုးမပြတ်တဲ့ အမြိုက်သုခထဲမှာ အမြဲရှိနေတယ်"

## ကျိုးစယ်တတ်သောဘုရား

၁၉၈၃ ခုတွင် ဆာသီယဆိုင်း ကောလိပ်မှ ကျောင်းသားများသည် ဗရင်ဒဗန်ရှိ ကလျာနမဏ္ဍပ်ခန်းမ၌ သိပ္ပံပြပွဲတစ်ရပ် စီစဉ်ကြလေသည်။ ကျောင်းသားများ ပြုလုပ်ထားသောပုံစံများ၊ သိပ္ပံကိရိယာများနှင့် ပစ္စည်းများကို ပြသထား၏။ ပြထားသောအရာတစ်ခုမှာ အချက်ပေးကိရိယာ ဖြစ်၏။ ကိရိယာ၏တစ်ဖက်စွန်းမှ နောက်တစ်ဖက်စွန်းသို့ အလင်းရောင်ခြည်တန်း တစ်ခု လွှတ်ထား၏။ အစွန်းနှစ်ဖက်အကြားတွင် လက်တစ်ဖက် ထိုးလိုက်ပါက အချက်ပေးသံ မြည်လာသည်။ ဆွာမိက လှည့်ပတ် ကြည့်ရှုနေစဉ် ထိုကိရိယာကို ပြုလုပ်ခဲ့သည့် ကျောင်းသားက "ဆွာမိ အရှင်ဘုရားရဲ့လက်ကို ဒီမှာ ထိုးလိုက်ရင် အချက်ပေးသံ မြည်ပါလိမ့်မယ်" ဟု သူ့ကို ပြော၏။ ဆွာမိက လက်ထိုးလိုက်သည်။ သို့သော် အသံထွက်မလာ။ ကျောင်းသား တွေးရခက်သွား၏။ သူက ပြောသည်။ "ခဏကလေးပါ ဆွာမိ၊ တစ်ခုခု မှားသွားပုံရပါတယ်။ တပည့်တော် အဲဒါကို ပြင်လိုက်ပါ့မယ်" သူသည် ကိရိယာကို အနည်းငယ် ကလိပြီး အစွန်းနှစ်ဖက်အကြားတွင် သူ့လက်ကို ထိုးလိုက်သည်။ အချက်ပေးသံက မြည်လေသည်။ သူသည် ယုံကြည်မှု ရှိသွားပြီး ဆွာမိကို လက်ထိုးထည့်ရန် ဖိတ်ကြားသည်။ ဆွာမိက ထိုးထည့်သည်။ သို့သော် အချက်ပေးသံက မမြည်ပြန်ချေ။ ကျောင်းသားသည် ကောင်းကောင်းကြီး စိတ်ရှုပ်သွားပြီး ကိရိယာကို ထပ်ပြင်ရဦးမည်ဟု မပွင့်တပွင့် ပြော၏။ ထိုအခါ ဆွာမိက သူ့ကိုပြောသည်။ "ဒီစက်ကို သူခိုးဖမ်းဖို့ သင် ပုံစံထုတ်ထားတာ။ ကျွန်ုပ်က အဲဒီလို သူခိုးမဟုတ်ဘူး။ ဒါကြောင့် မှန်မှန် ကန်ကန်ပဲ အချက်ပေးသံက မမြည်ဘူး" သူသည် ပြောပြီး ရှေ့ဆက် ထွက်ခွာ သွား၏။ သိပ္ပံပညာသည် ဆွာမိကို အမီမလိုက်နိုင်ပေ။ သူသည် သိပ္ပံပညာကို ကျော်လွန်လေသည်။

## အခန်း [ ၁၁ ]

## ရှုပါအထူးကုဆေးရုံကြီးများ

ဆင်းရဲသားများ အကျိုးအတွက် ဘဂဝမ်သည် ၁၉၅၆ ခုတွင် ပုတ္တပါတီ၌ ဆာသီယဆိုင်း အထွေထွေ ဆေးရုံကြီးကို တည်ထောင်ခဲ့သည်။ ဤဆေးရုံနှင့် ဆေးရုံရှိ ဆရာဝန်များမှာ အသုံးချခံပစ္စည်းများသာဖြစ်ပြီး တကယ့်ဆရာဝန်မှာ ဘဂဝမ်စရီဆာသီယဆိုင်းဘာဘာ ကိုယ်တိုင်သာဖြစ်ကြောင်း လူတိုင်း သိကြသည်။ မရတော့ဘူးဟု လက်လျှော့ထားသော သို့မဟုတ် ရောဂါအမျိုးအမည်ပင် မဖော်ထုတ်နိုင်သော လူနာများကို ဘဂဝမ်ကိုယ်တိုင် တာဝန်ယူ ကုသ ပျောက်ကင်းစေခဲ့သည့် သာဓကများမှာ ရေတွက်၍ မရနိုင်အောင်ရှိသည်။

ထို့နောက် ဘဂဝမ်သည် အပြင်ပတွင် ရူပီးငွေ သိန်းပေါင်းများစွာ ပေးရမည့် ကုသမှုများကို လုံးဝ အခမဲ့ ပေးအပ်မည့် ရှုပါအထူးကုဆေးရုံကြီး တစ်ခုတည်ထောင်ရန် စိတ်ပိုင်းဖြတ်လိုက်သည်။ ဘုရား၏အလိုတော်သည် ဘာမှမကြာမီ အကောင်အထည်ပေါ်လာသည်။ ၁၉၉၀ ပြည့်နှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ဘဂဝမ်စရီဆာသီယဆိုင်းဘာဘာသည် အုတ်မြစ်ချပြီး နောက်တစ်နှစ်တိတိအကြာ ၁၉၉၁ ခု နိုဝင်ဘာလ ၂၂ ရက်တွင် ဆေးရုံကြီးကို ဖွင့်မည်ဟု ကြေညာလိုက်လေသည်။

ဤရှုပါအထူးကုဆေးရုံကြီးကို ထင်ပေါ် ကျော်ကြားသော ဗိသုကာတစ်ဦးဖြစ်သူ လန်ဒန်မြို့ ဝေလမင်းသား ဗိသုကာပညာ အင်စတီကျု၏

ညွှန်ကြားရေးမှူး ဒေါက်တာကိတ်သ် ခရစ်ချလိုးက ပုံစံထုတ်သည်။ (ဘာဘာ အား သူ ချမ်းသာသမျှ စည်းစိမ်ဥစ္စာအားလုံးနီးပါး လှူဒါန်းခဲ့သည့်လုပ်ငန်းရှင် သူဌေးကြီး) အိုင်ဇက်တိုင်းဂရက်၏ အကြံပေးချက်အရ သူသည် ပရရှန္တိ နီလာယမ်သို့ လာရောက်ပြီး ဘာဘာကို ဖူးမြင်သည်။ ဆွာမိက သူ့ကို အင်တာ ဗျူး ခေါ်တွေ့ပြီး တည်ဆောက်မည့် ဆေးရုံအတွက် ပုံစံထုတ်မှုနှင့် ပတ်သက် သည့် ရှုပ်ထွေးခက်ခဲမှုများကို ရှင်းပြသည်။ ဘဂဝမ်က သူ စိတ်ကူးပုံဖော် ထားသည်ကို အသေးစိတ် ချဲ့ထွင် ပြောကြားရင်း ဗာစ်တု (ဟိန္ဒူ ဗိသုကာ သိပ္ပံပညာ) ကို ရည်ညွှန်းကာ ထည့်သွင်းစဉ်းစားရမည့် နက္ခတ်တာရာနှင့် ဗေဒင်ပညာဆိုင်ရာ ရှုထောင့်များကို ထောက်ပြသွားသည်။ အင်ဂျင်နီယာ ကြီးသည် ဆွာမိ၏ နည်းပညာဆိုင်ရာ တတ်သိမှု နက်ရှိုင်းကျယ်ပြန့်ခြင်းကို ထိတ်လန့်အံ့ဩသွားလေသည်။

သူသည် လန်ဒန်သို့ ပြန်လာပြီး ဆွာမိ၏ ညွှန်ကြားချက်များအတိုင်း ပုံစံ ထုတ်စပြု၏။ သူသည် မအောင်မြင်ချေ။ မိတ်ဆွေတစ်ယောက်၏ အကြံ ပေးချက်အရ သူသည် သူ့ကိုယ်သူ ဘာဘာ၏ လက်ထဲက အသုံးချခံပစ္စည်း မျှသာ ဖြစ်သည်ဟု တွေးတောကာ သူ့ကိုယ်ကို ဘာဘာ၏ကရုဏာတော် ပေါ်သို့ ပုံအပ်၍ ဘာဘာအား စိတ်အားထက်သန်စွာ ရှိခိုးဆုတောင်းကာ အလုပ်ပြန်စ၏။ သူသည် ပုံဆွဲစာရွက်ရှည်တစ်ခုကို ယူပြီး တစ်ဖက်စွန်းမှ တစ်ဖက်စွန်းသို့ ဆေးရုံ၏ပုံကြမ်းတစ်ခုကို တစ်ကြိမ်တည်းသော အားထုတ် မှုဖြင့် ဆွဲချလိုက်၏။ သူသည် တစ်ဖက်စွန်းစီတွင် အဆောင်တစ်ခု ဖြည့်စွက် ကာ ဆာမိ ညွှန်ကြားသည့်အတိုင်း ချစ်ခင်သောလက်နှစ်ဖက် ဆန့်တန်းပြီး အလယ်တွင် ထိုမေတ္တာပန်းတိုင်ကို ဝိုင်းပတ်လိုက်သကဲ့သို့ ရေးဆွဲလိုက်သည်။

ဤအဆင့်တွင် ဗိသုကာတစ်စုက ဆက်လက် ဆောင်ရွက်ကြသည်။ သူတို့သည် သုံးလကြာမျှ တစ်နေ့လျှင် ဆယ့်ခုနစ်နာရီ လုပ်ကိုင်ကြပြီး အသေး စိတ်များကို ဖြည့်စွက်ကာ ဒီဇိုင်းများ ပုံစံများကို ပြီးမြောက်စေခဲ့ကြလေသည်။ သူတို့သည် တစ်စုံလုံးကို အိန္ဒိယပြည်ရှိ ဆောက်လုပ်ရေးကုမ္ပဏီသို့ ပို့လိုက် ၏။ ဒေါက်တာ ခရစ်ချ်လိုးက သံသယများ ဖြစ်နေသည်။ "အမေရိကန် ပြည်ထောင်စုလို စက်မှုနည်းပညာ ရှေ့တန်းရောက်နေတဲ့နိုင်ငံမှာတောင်မှ စူပါ အထူးကုဆေးရုံကြီးတစ်ခုကို ခုနစ်နှစ်ထက် လျော့နည်းတဲ့အချိန်အတွင်းမှာ

မတည်ဆောက်နိုင်ဘူး။ ဒီတော့ ဆွာမိက ဘယ်လိုလုပ်ပြီး ဒီဆေးရုံကြီးကို ခြောက်လအတွင်းမှာ ဆောက်လုပ်နိုင်မှာလဲ" ဟု သူ သိချင်စိတ် ဖြစ်မိသည်။

ဗိသုကာများသည် လန်ဒန်မှ ရောက်လာကြသည်။ သူတို့သည် အုတ်မြစ်ချကြပြီး ၃-၄ ပေမြင့်သော အင်္ဂတေတိုင်မများ စိုက်ထူကြသည်။ မေလတွင် ဆွာမိဘန်ဂလောသို့ လာရောက်သည့်အခါ ဤဗိသုကာများသည် ဆောက်လုပ်ရေးစခန်းမှ ထွက်ခွာပြီး အိမ်ပြန်ကြလေသည်။ ၁၉၉၁ ခု မေလ ၂၂ ရက်တွင် ဆွာမိသည် ဗိုလ်မှူးကြီး ဂျိုဂရောင်းကို ခေါ်၍ ဘန်ဂလောမှ ကိုဒိုက်ကနယ်လ်သို့အသွားတွင် ဆောက်လုပ်ရေးစခန်း၌ အလုပ်မည်မျှ တိုးတက်နေသည်ကို သွားရောက် ကြည့်ရှုသည်။ ထိုနေ့မှ ဖွင့်ပွဲ ကျင်းပမည်ဟု ကြေညာထားသော ၁၉၉၁ ခု နိုဝင်ဘာလ ၂၂ ရက်သို့ ရောက်ရန် ခြောက်လတိတိသာ ကျန်တော့သည်။ အဆောက်အအုံကြီးသည် ကြီးကျယ် ခမ်းနားထည်ဝါရမည်ဖြစ်ပြီး နောက်ဆုံးပေါ် ဆေးကုသမှုဆိုင်ရာ ပစ္စည်းကိရိယာများ ရယူတပ်ဆင်ရဦးမည်။ ဆေးရုံကြီး မလည်ပတ်နိုင်မီ အခြားလိုအပ်ချက်တစ်ထောင်ခန့်ကိုလည်း ပြည့်ဝစေရဦးမည်။ ဗိုလ်မှူးကြီး ဂျိုဂရောင်းက ပြောသည်။ "ဆွာမိ အရှင်ဘုရား အလုပ်သမားတွေ ထောင်နဲ့ချီပြီး နေ့ရောညပါ အလုပ်လုပ်ခိုင်းရင်တောင် တပည့်တော်တို့ ဒီစီမံချက်ကို နိုဝင်ဘာလ ၂၂ ရက်အမီ ပြီးပြတ်အောင် ဆောင်ရွက်နိုင်ပါ့မလား။ လိုအပ်တဲ့ ငွေကြေးကကော" ဆွာမိက ကြားဖြတ်ပြောသည်။ "သံသယတွေ မဆုံးဖြတ်နိုင်မှုတွေ ဖြစ်မနေနဲ့။ ဆွာမိရဲ့ အလိုတော်ဟာ သေသေချာချာ ပြည့်ဝရမယ်" ထိုနောက် သူသည် အင်ဒီးယန်း အင်ဂျင်နီယာ ဗိုလ်မှူးချုပ် ဘိုစ့်ကို ခေါ်ပြီး သူ့ကို ညွှန်ကြားသည်။ "မက်ဆားစ်လာဆင်နှင့် တောက်ဘရိုကုမ္ပဏီက တစ်ဆင့် အလုပ်သမားနှစ်ထောင် ငှားရမ်းစေခိုင်း အလုပ်ကို အချိန်ကိုက်ပြီးပါစေ" ထိုနောက် သူသည် ကိုဒိုက်ကနယ်လ်သို့ ထွက်ခွာသွားသည်။

ဗိုလ်မှူးချုပ်ဘိုစ့်သည် ဆွာမိ ညွှန်ကြားသည့်အတိုင်း ဆောင်ရွက်သည်။ သူသည် အလုပ်သမားနှစ်ထောင်ကျော် ခေါ်ယူပြီး နေ့စဉ် နေ့ရောညပါ မပြတ်မလပ် လုပ်ကိုင်စေသည်။ သူ၏ အားထုတ်မှုများသည် ပြည့်ပြည့်ဝဝ အကောင်အထည်ပေါ်လာသည်။ ၁၉၉၁ ခု အောက်တိုဘာလ ၁၅ ရက်

ရောက်ချိန်မှာ ကြီးမားလှသော အဆောက်အအုံကြီးသည် ကြေညာထားသည့် ဖွင့်ရက်မတိုင်မီ တစ်လကျော်အလိုမှ ပြီးမြောက်သွားပြီး ပစ္စည်းကိရိယာများ တပ်ဆင်ရန် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများလက်သို့ လွှဲအပ်နိုင်ခဲ့လေသည်။

ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာအများအပြားကို အိုင်ဇက်တိုင်းဂရက်က လှူဒါန်းသည်။ အိန္ဒိယ အစိုးရက ထိုပစ္စည်းအပေါ် အခွန်ကင်းလွတ်ခွင့်ပြုပြီး ယင်းတို့ကို ပုတ္တပါတီသို့ လေယာဉ်ဖြင့် ပို့ဆောင်ပေးသည်။ အနီးရှိ ဆာသီယဆိုင်း လေယာဉ်ကွင်းကို လေယာဉ်ကြီးများ တက်ဆင်းနိုင်အောင် လွန်ခဲ့သည့် တစ်နှစ်က အဆင့်မြင့် ပြုပြင်ထားခဲ့ပြီး နိုင်ငံတကာလေဆိပ်အဖြစ် သတ်မှတ်ပေးထားခဲ့သည်။ အမေရိကန်ဆိုင်း ဖောင်ဒေးရှင်းမှ ဂျွန်ဆင်ကလည်း လှူဒါန်းသော ရူပီးငွေ တစ်ကုဋေဖြင့် နောက်ဆုံးပေါ် သွေးစစ်ပစ္စည်းကိရိယာကို အမေရိကန်နိုင်ငံမှ ဝယ်ယူသည်။ ယင်းသည် တစ်နာရီအတွင်း လူနာ ၆၀၀ ထံမှ သွေးစစ်မှု အမျိုးအစား ၂၀ ကို လုပ်ဆောင်၍ ရလဒ်များ ထုတ်ပေးနိုင်သည်။ ယင်း၏ ကွန်ပျူတာက လူနာပေါင်းဆယ်သန်းနှင့် သက်ဆိုင်သော ရလဒ်များကို သိမ်းထားပြီး လိုအပ်သော အချက်အလက်များကို လိုအပ်သည့်အခါ ထုတ်ပေးနိုင်သည်။

နောက်ဆုံးတွင် မဟာနေ့ထူးကြီးဖြစ်သော ၁၉၉၁ ခု နိုဝင်ဘာလ ၂၂ ရက် ရောက်လာသည်။ ဘဂဝမ်စရီဆာသီယ ဆိုင်းဘာဘာ၏ အလိုတော်အတိုင်း ဆေးရုံကြီး ဖွင့်သည့်နေ့မှာပင် နှလုံးဖွင့် ခွဲစိတ်မှု ၄ ခုကို လုပ်ဆောင်ဖြစ်ခဲ့လေသည်။ ဖွင့်ပွဲနေ့ကို လွန်ခဲ့သည့် တစ်နှစ်တိတိက ကြေညာခဲ့သည်။ လွန်ခဲ့သည့် ခြောက်လက ထိုနေရာတွင် ထွန်ယက်စိုက်ပျိုးခြင်း မရှိသော လယ်ယာမြေများသာ ရှိခဲ့သည်။ ငါးလခွဲအချိန်အတွင်း ခမ်းနားထည်ဝါလှသော အဆောက်အအုံကြီးများ ထွက်ပေါ်လာသည်။ အရှားပါးဆုံးနှင့် ခေတ်အမီဆုံး ဆေးကုသမှုဆိုင်ရာ ပစ္စည်းကိရိယာများ ပုတ္တပါသီလေဆိပ်သို့ တိုက်ရိုက်ရောက်ရှိလာသည်။ ဆေးရုံကြီးကို လွန်ခဲ့သည့် တစ်နှစ်က ကြိုတင် ကြေညာခဲ့သည့်နေ့တွင် အတိအကျ ဖွင့်လှစ်ခဲ့သည်။ ကမ္ဘာအရပ်ရပ်မှ ကျွမ်းကျင်သူများသည် ရင်သပ်ရှုမောအံ့သြမကုန် ဖြစ်ကြရလေသည်။

အလားတူ စူပါအထူးကုဆေးရုံကြီးတစ်ခုကို ဘန်ဂလော်၌ တည်

ဆောက်ခဲ့လေသည်။ ယင်းသည်လည်း ဘာဘာ၏အလိုတော်အရ ဖြစ်သည်။ ၁၉၉၉ ခုတွင် ထိုဆေးရုံကြီး တည်ဆောက်မည့်အကြောင်း ကြေညာခဲ့ပြီး ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလတွင် ယင်းကို ဖွင့်လှစ်ခဲ့သည်။ ဘဂဝမ်စရီဆာသီယဆိုင်းက ပြောကြားသည်။ "ဆိုင်းဖွဲ့စည်း တည်ဆောက်မှုတွေဟာ ထာဝရအတွက် ဖြစ်တယ်။ အဲဒါတွေဟာ ဆင်းရဲသားတွေကို အစဉ်အမြဲ အလုပ်အကျွေးပြုလိမ့်မယ်"

## ပရာဆဒမ် (ဘုရားကိုဆက်ကပ်ခဲ့သော ခဲဖွယ်/ပစ္စည်း) ၏ အာနိသင်

ဇနီးမောင်နှံ နှစ်ယောက်သည် သူတို့၏ နှလုံးမကောင်းသော သမီးကလေးကို ပုတ္တပါတီသို့ ခေါ်လာခဲ့ကြ၏။ စူပါအထူးကု ဆေးရုံကြီးရှိ ဆရာဝန်များသည် သူမ၏နှလုံးတွင် အပေါက်နှစ်ပေါက် သုံးပေါက် ဖြစ်နေသည်ကို တွေ့ကြရ၏။ သူတို့သည် ယင်းကို အရေးပေါ်အခြေအနေဟု ယူဆကြပြီး နောက်တစ်နေ့မှာပင် နှလုံးဖွင့်ခွဲစိပ်မှု လုပ်ဆောင်ရန် ဆုံးဖြတ်လိုက်ကြ၏။ စိတ်ဆင်းရဲနေသော ဖခင်ဖြစ်သူသည် ယင်းကိစ္စကို နောက်တစ်နေ့နံနက်စောတွင် ဘာဘာအား တင်ပြပြီး ကောင်းချီးပေးမှုကို ခံယူရန် ဆုံးဖြတ်လိုက်၏။ သို့နှင့် သူသည် ဖူးမြော်ခန်းမသို့ ဝင်ထိုင်၏။ အစဉ်ကရုဏာထားတတ်သော ဘာဘာသည် ကိုးကွယ်ဆည်းကပ်သူများအကြားတွင် လှည့်လည်သွားလာနေ၏။ လူကလေးတစ်ယောက်က သူ၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ဘာဘာအား တော်ဖီများ ဆက်ကပ် လှူဒါန်းသည်။ ဘာဘာက ယင်းတို့ကို လက်ခံပြီး ထိုင်နေကြသော ကိုးကွယ်ဆည်းကပ်သူများထံသို့ တော်ဖီများ ဆုပ်၍ ဆုပ်၍ ပက်ကြဲသည်။ တော်ဖီတစ်လုံးက နှလုံးဝေဒနာရှင်မကလေး၏ ဖခင်၏ပေါင်ခွင်ပေါ်သို့ ကျလာ၏။ သူက ဝမ်းမြောက် ပျော်ရွှင်သွားပြီး ယင်းကို ဆွာမိ၏ ပရာဆဒမ်အဖြစ် ခံယူလိုက်၏။ သူသည် တော်ဖီကလေးကို သူ့သမီးကလေးအား ကျွေးလိုက်သည်။ အတန်ငယ်ကြာသောအခါ လူနာမကလေးကို ခွဲစိပ်ခန်းအတွင်းသို့ သွင်းကြ၏။ ဆရာဝန်များက နောက်ဆုံးမိနစ် အိက်စ်ရေး ရိုက်ကြည့်သောအခါ နှလုံးသည် အကောင်းပကတိဖြစ်နေကြောင်း ဘာမှ ချို့ယွင်းချက်မရှိကြောင်း တွေ့ရ၍ အံ့သြတုန်လှုပ် ချောက်ချားသွားကြပြီး လူနာကို ဆေးရုံမှ ဆင်းခွင့်ပြုလိုက်ကြလေသည်။

## ခွဲစိပ်မှုကို ဘယ်သူ လုပ်ဆောင်ခဲ့သလဲ

ဝေဒနာ အတော်များများ ခံစားနေရသော လူတစ်ယောက်သည် စူပါ အထူးကုဆေးရုံကြီးသို့ လာရောက်၍ သူ၏နှလုံးကို စမ်းသပ်စစ်ဆေးခြင်း ခံယူ၏။ သူ့အခြေအနေမှာ အလွန်စိတ်ဆင်းရဲစရာကောင်း၏။ ဆရာဝန်များက သူသည် ခွဲစိပ်မှုဒဏ်ကို ခံယူနိုင်လောက်သည့်အခြေအနေ မရှိဟု ယူဆကြ၍ ဘာမှလုပ်မပေးဘဲ နေကြ၏။ လူနာက ဆွာမိကို စိတ်အားထက်သန်စွာ ဝတ်ပြု၍ သူ့ကျန်းမာရေး ပုံမှန်အခြေအနေရောက်အောင် ကယ်မတော်မူပါရန် ဆုတောင်းစပြု၏။ ဘဂဝမ်က သူ့ဆုတောင်းကို ကြား၍ ထိုလူနာအကြောင်း ကို ဆရာဝန်များထံ စုံစမ်း၏။ သူတို့က သူသည် ဝေဒနာအများအပြားခံယူ နေရပြီး ခွဲစိတ်ကုသရန် မသင့်ဟု သူတို့ယူဆပါကြောင်း တင်ပြကြ၏။ ဆွာမိက ပြောသည်။ "ခွဲစိတ်မှုကို ဆောင်ရွက်ကြ။ မလိုလားအပ်တာ ဘာမှ ဖြစ်မှာ မဟုတ်ဘူး။ အဲဒါကို ကျွန်ုပ် ကြီးကြပ်မယ်" ခွဲစိတ်မှုကို လုပ်ဆောင် ကြသည်။ ဆရာဝန်များ လုံးဝ မယုံကြည်နိုင်လောက်ကြအောင် ယင်းသည် အောင်မြင်သွားလေသည်။ ရက်အနည်းငယ်ကြာသွားသောအခါ သူ့အကြောင်း ကို ဆွာမိက မေးမြန်း၏။ ဆရာဝန်များက ခွဲစိတ်မှုသည် အလွန်အောင်မြင် ကြောင်းနှင့် သူ့ကျန်းမာရေးသည် အလွန်ကောင်းမွန်ကြောင်း ပြန်လည် တင်ပြ ကြ၏။

စူပါအထူးကုဆေးရုံကြီးတွင် ရုပ်ထွေး ခက်ခဲသော ခွဲစိတ်မှုများကို ဗီဒီယိုရိုက်ကူး၍ မှတ်တမ်းတင်သည့် အလေ့အထရှိ၏။ ဆွာမိက ထိုခွဲစိပ်မှု ဗီဒီယိုကို ပြန်ကြည့်ကြရန် ဆရာဝန်များအား စေခိုင်း၏။ ကြည့်ကြသော အခါ ခွဲစိတ်မှုစားပွဲ ပတ်လည်တွင် ဆွာမိသည် သူတို့၏ပုံသဏ္ဌာန်အမျိုးမျိုး ကို ခံယူကာ လှုပ်ရှားလုပ်ဆောင်နေသည်ကို တွေ့မြင်ရ၍ အတိုင်းမသိ အံ့ဩ သွားကြလေသည်။ ခွဲစိတ်မှုများကို လုပ်ဆောင်သည်မှာ ဆွာမိ တစ်ဦးတည်း သာ ဖြစ်ကြောင်း သူတို့သည် ဆွာမိ၏လက်တော်များထဲတွင် အသုံးချခံပစ္စည်း များသာ ဖြစ်ကြောင်း သဘောပေါက်သွားကြကာ မာန်မာနများ၊ အတ္တစွဲများ ကင်းကွာ၍ သူတို့သည် ဆွာမိ၏ ခြေတော်အစုံကို ဦးခိုက်ကြလေသည်။

စူပါ အထူးကုဆေးရုံကြီးနှင့် ပတ်သက်၍ ဆွာမိက ပြောသည်။

"ဒီမှာ လူနာတွေဟာ ရွှင်လန်းကြတယ်။ သူတို့ဆွေမျိုးတွေလည်း ပျော်ရွှင်ကြတယ်။ ဆရာဝန်တွေက လူနာတွေကို ပြုံးပြုံးရွှင်ရွှင် ကုပေးကြတယ်။ သူနာပြုတွေက သူတို့တာဝန်တွေကို ရွှင်ရွှင်လန်းလန်း ထမ်းဆောင်ကြတယ်။ တစ်နေရာလုံး ပျော်ရွှင်မှုနဲ့ ပြည့်နေတယ်။ လုပ်အားပေးတွေက အဆောင်တွေ အခန်းတွေကို ဖိတ်ဖိတ်တောက်အောင် ပွတ်တိုက် သန့်ရှင်းရေးလုပ်ပေးနေကြတယ်။ ဒီဆေးရုံမှာ ဘာအဖိုးအခမှ မတောင်းခံဘူး။ ဒီလောက် အဆင့်မြင့်တဲ့ ဆေးဝါးကုသမှုနဲ့ လိုအပ်ချက်တွေကို ဘယ်လိုလုပ်ပြီး လုံးဝ အခမဲ့ ပေးအပ်နိုင်ပါလိမ့်လို့ တခြားက ဆရာဝန်တွေက သိချင်စိတ် ဖြစ်ကြတယ်။ အဲဒီလို သိချင်စိတ်တွေ သံသယတွေ မရှိသင့်ဘူး။ စင်ကြယ်တဲ့နှလုံးသားနဲ့ ဆောင်ရွက်တဲ့ အလုပ်တစ်ခုက ရန်ပုံငွေ မရှားဘူး"

## ဘုရား ဒီမှာရှိနေတာ ဘာကြောင့် ဆေးရုံလိုမလဲ

ကိုးကွယ်ဆည်းကပ်သူတို့၏ ပြဿနာများကို ဖြေရှင်းပေးမည့် ဘုရားဝင်စားသည့် ပုဂ္ဂိုလ်ရှိနေသည့်အခါ ဘာကြောင့်ဆေးရုံလိုမလဲဟု မေးခွန်းထုတ်ကြသူများ ရှိကြသည်။ ဘဂဝမ်စရီဆာသီယဆိုင်းက ထိုကဲ့သို့သော သံသယများကို ရည်ညွှန်း၍ ပြောကြားသည်မှာ "ဆွာမိဟာ မကျန်းမာသူများကို သူရဲ့အလိုတော်မျှနဲ့ ကုစားပေးနိုင်တယ်။ ဒီတော့ ဒီလောက်ကြီးမားပြီး လိုအပ်တဲ့ အရာ အမျိုးမျိုးနဲ့ ပြည့်စုံတဲ့ဆေးရုံကြီးကို ဘာကြောင့် လိုအပ်မလဲ" လို့။ လူတချို့က မေးခွန်းထုတ်နိုင်ကြစရာရှိတယ်။ ဒါဟာ ကျွန်ုပ်ရဲ့ တစ်ခုတည်းသော ဆေးရုံကြီးမဟုတ်ဘူး။ ချင်နိုင်း (မြို့)မှာ ဆေးခန်း၊ သို့မဟုတ် ဆေးရုံတစ်ခု ဖွင့်ထားတဲ့လူတစ်ယောက် ရှိတယ်ဆိုပါစို့။ သူက မသန်စွမ်းတဲ့ကလေးတွေကို ကုသပေးတယ်။ သူ့ရဲ့ကုသရေးဌာနဟာလည်း ကျွန်ုပ်ရဲ့ဟာပဲ။ အမှန်အတိုင်းကတော့ ဆေးရုံတိုင်းဟာ ဘယ်မှာပဲရှိရှိ ကျွန်ုပ်ပိုင်ပဲ။ ကျွန်ုပ်ရဲ့ အကူအညီကို လေးလေးနက်နက် တောင်းခံသူတွေဟာ သူတို့ ဘယ်သူပဲဖြစ်ဖြစ်၊ ဆေးရုံက အိမ်က တခြားတစ်နေရာက ဘယ်နေရာကပဲဖြစ်ဖြစ် ဘယ်ဘာသာစကားနဲ့ ဆုတောင်း ဆုတောင်း သူတို့အားလုံးဟာ ကျွန်ုပ်ရဲ့လူတွေဖြစ်တယ်။ သူတို့ကို ကျွန်ုပ် ပိုင်တယ်။ ကျွန်ုပ်ကို ပရရှန္တိနိလာယမ် ပတ်လည်က မြေကေအနည်းငယ်မှာပဲ ကန့်သတ်မထားကြနဲ့။ လူတစ်ယောက်ဟာ ပရရှန္တိ

(မြင့်မြတ်တဲ့ ငြိမ်းချမ်းမှု) ကို ဆုတောင်းတဲ့အခါတိုင်း သူ ရှိနေတဲ့နေရာဟာ ပရရှန္တိနီလာယမ် (ဘာဘာ့စခန်း) ဖြစ်လာတယ်။

"နောက်ထပ် ထင်ရှားတဲ့အချက်တစ်ချက်ကိုလည်း သတိပြုပါ။ ဒီဆေးရုံကြီးဟာ သင်တို့စိတ်ထဲမှာ ယုံကြည်မှုကို သွတ်သွင်းပေးတယ်။ ဘုရားသဘောကို သင်တို့ အသိအမှတ်ပြုစေတယ်။ သင်တို့စိတ်ထဲက သံသယတွေကို ပယ်ဖျောက်ပေးတယ်။ ဆေးရုံတစ်ခုဟာ မကျန်းမာသူတွေကို ရောဂါပျောက်ကင်းစေတဲ့အပြင် နောက်ထပ် ရည်ရွယ်ချက်တစ်ခုကိုလည်း ပြည့်ဝစေတယ်။ လူတချို့က ဆေးဝါးတွေ ထိုးဆေးတွေကို မျက်စိမှိတ်ပြီး ယုံကြည်ကြတယ်။ အဲဒီလိုလူတွေကို ဆေးဝါးကုသမှုဆိုင်ရာ အကူအညီပေးဖို့ဟာလည်း ကျွန်ုပ်ရဲ့တာဝန်ဖြစ်တယ်။ ဘုရားသခင်နဲ့ သူရဲ့ ကရုဏာတော်အပေါ် သူတို့ရဲ့ယုံကြည်မှုက မခိုင်မာသေးဘူး။ အဲဒီလိုလူတွေကိုလည်း ကူညီဖို့ ဆေးရုံတစ်ခုကို သေသေချာချာ လိုအပ်တယ်"

## အခန်း [၁၂]

## ဝိဘူသီးက ကင်ဆာကို ဖျက်သိမ်းလိုက်ခြင်း

တစ်ခါတွင် ရှေ့နေတစ်ယောက် ပရုရှ်နီလာယမ်သို့ ရောက်လာသည်။ သူသည် စွဲစွဲမြဲမြဲ ဆေးလိပ်သောက်သူတစ်ဦးဖြစ်ပြီး လည်ချောင်းကင်ဆာ ရနေသည်။ ဆရာဝန်များက သူ့ကို ခွဲစိတ်မှု၊ ဓာတ်ကင်မှုနှင့် ဓာတု ကုထုံး တို့ကို ခံယူရန် အကြံပေးကြသည်။ သူက ကုသမှုမခံယူမီ ဆွာမိ၏ ကောင်းချီး ပေးမှုကို ခံယူလိုသည်။ ဆွာမိက သူ့ကို အင်တာဗျူးခေါ်ပြီး သူ့လက်ဖဝါး များကို ခွက်သဏ္ဍာန်ယှဉ်စေကာ ဝိဘူသီးအများကြီး ဖန်ဆင်း၍ ထည့်ပေး လိုက်ပြီး စားစေသည်။ ၎င်းသည် အညိုရောင်ရှိပြီး ကြက်ဟင်းခါးသီးကဲ့သို့ ခါးသည်။ ဆွာမိက သူ့ကို ဝိဘူသီးအားလုံးကုန်အောင် စားစေသည်။ သူသည် အင်တာဗျူးအပြီးတွင် ကော်ဖီသောက်ရန် စားသောက်ဆိုင်သို့ သွားသည်။ ဆိုင်တွင် သူသည် ဗယာကြော်များကို တွေ့၍ စားချင်စိတ်ပေါက်လာသဖြင့် စားလိုက်ရာ တစ်ပန်းကန်ကြီး ကုန်သွားသည်။ လည်ချောင်းနာကြောင့် စားလို စိတ်ရှိသော်လည်း ကောင်းကောင်းမစားနိုင်ခဲ့သည်မှာ ကြာပြီ။ ယခုမူ သက်သောင့်သက်သာ စားနိုင်သည်ကို တွေ့ရ၍ သူ အံ့အားသင့်သွားသည်။ သူသည် သူ့လည်ချောင်းကို လက်ချောင်းနှိုက်၍ ကင်ဆာဖြစ်နေသော နေရာ ကို စမ်းကြည့်ရာ မနာကျင်တော့ချေ။ သူသည် ကင်ဆာပျောက်ကင်းသွားပြီ ဖြစ်ကြောင်း သဘောပေါက်၍ အကြီးအကျယ် ဝမ်းမြောက်ပျော်ရွှင်သွားလေ သည်။

နောက်တစ်နေ့တွင် ဆွာမိက သူ့ကို အင်တာဗျူးခန်းသို့ ထပ်ခေါ်သော အခါ သူက ဆွာမိကို ကျေးဇူးအထူးတင်ရှိပါကြောင်း လျှောက်ထားပြီး ခြေတော်ကို ဦးခိုက်သည်။ သူက ဆွာမိကို သူသည် ဆင်မီဘာသာ ကျွမ်းကျင်သူ တစ်ယောက်ဖြစ်ကြောင်း လျှောက်ထားပြီး ဆွာမိ၏ ဆာနသနဆာရာသီ လစဉ်ထုတ်စာစောင်ကို သူ ဆင်မီဘာသာဖြင့် ပြန်ဆို ထုတ်ဝေခွင့်ပြုပါရန် ပန်ကြားလေသည်။ အဲဒါကြောင့် ကျွန်ုပ် သင့်ကို ပုတ္တပါတီကို လာစေခဲ့တာ ဖြစ်တယ်" ဟု ပြန်ကြားလေသည်။ ထိုအချိန်မှစ၍ ကောင်းချီးပေးခြင်း ခံရသော ထိုသူသည် ဆာနသနဆာရာသီကို ဆင်မီဘာသာဖြင့် ပြန်ဆို ထုတ်ဝေနေခဲ့လေသည်။

## လူမျိုးနွယ်စုခေါင်းဆောင် သက်ဝင်ယုံကြည်လာခြင်း

အိန္ဒိယပြည်ကို ပြန်လည် မဖွဲ့စည်းမီကာလက ယခုအခါ အရုဏာခါးလ်ခေါ် ဒေသသည် အာသပြည်နယ်ထဲတွင် ပါဝင်ခဲ့လေသည်။ ထိုဒေသသားအများဆုံးသည် လူမျိုးနွယ်စု ဖြစ်ကြသည်။ သူတို့သည် သီးခြားပြည်နယ်တောင်းဆိုနေကြပြီး အာသံအစိုးရကို ဆန့်ကျင်၍ ပြောက်ကျားစစ်ပွဲ ဆင်နွှဲနေကြလေသည်။ အစိုးရက သူတို့သဘောကျလာပြီး ပြေလည်အောင် အမျိုးမျိုးကြိုးစားသည်။ သူတို့ဒေသ ဖွံ့ဖြိုးရေးအတွက် ရူပီးငွေပေါင်း ကုဋေကုဋာ သုံးစွဲ၍ ဆေးရုံများ၊ ကျောင်းများ၊ လမ်းများနှင့် အခြားလိုအပ်သည့် အဆောက်အအုံများ တည်ဆောက်ပေးသည်။ သို့သော် လူမျိုးနွယ်စုများသည် မကျေနပ်နိုင်ဘဲ ခွဲထွက်ရေးကိုသာ ဆက်လက် တောင်းဆိုနေခဲ့သည်။

ဤအခြေအနေတွင် လူမျိုးနွယ်စု ခေါင်းဆောင်တစ်ယောက်သည် အမျိုးအမည် မဖော်ထုတ်နိုင်သော ရောဂါတစ်မျိုးဖြင့် မကျန်းမမာဖြစ်၏။ အစိုးရက သူ့ကို ဆေးဝါးကုသမှု အကူအညီအများကြီးပေး၏။ ကာလကတ္တားနှင့် နယူးဒေလီမြို့များရှိ နာမည်ကျော်ဆေးရုံကြီးများတွင် ဆေးကုသမှုဆိုင်ရာ စမ်းသပ် စစ်ဆေးမှုများ လုပ်ဆောင်ပေးခဲ့၏။ အကြောင်းမထူး။ သူသည် ဘာမှမစားနိုင်။ စားနေကျ အစာတွေ ဘာမှမစားတော့။ သူ၏ဆွေမျိုးညာတိမိတ်သင်္ဂဟများသည်။ မျှော်လင့်ချက် မထားကြတော့။

ပြည်နယ် ပြည်ထဲရေးဝန်ကြီး စရီရာဂျာက လူနာကို ဘဂဝမ် ဆိုင်း

ဘာဘာ၏ ရှေ့တော်မှောက်သို့ ပို့ဆောင်ရလျှင် သက်သာရာရနိုင်သည်ဟု တွေးမိ၏။ အိန္ဒိယအစိုးရထံမှ ခွင့်တောင်း၏။ နောက်ဆုံးတွင် နာမကျန်းဖြစ်နေသော လူမျိုးနွယ်စုခေါင်းဆောင် အပါအဝင် လူ ၂၉ ဦးပါ အဖွဲ့သည် ပုတ္တပါတီသို့ ရောက်လာကြလေ၏။

ပရိသတ်ခန်းမတွင် သူတို့နေရာ ယူမိကြသောအခါ ဆွာမိက သူတို့ထံလာ၍ "သင်တို့ ဘယ်ကလဲ" ဟု ဟိန္ဒီဘာသာဖြင့် မေး၏။ သူတို့သည် အာသံပြည်နယ်ကဖြစ်ကြောင်း ဝန်ကြီးက ပြန်ဖြေ၏။ ဆွာမိက "အထဲဝင်ကြ" ဟု အင်္ဂလိပ်လို ပြော၏။ သို့ဖြစ်၍ သူတို့သည် အင်တာဗျူးခန်းအတွင်းသို့ ဝင်သွားကြလေသည်။ ပရိသတ်များ ဖူးမြော်ကြအပြီးတွင် ဆွာမိသည် အခန်းထဲသို့ ဝင်လာ၏။ သူသည် ဝိဘူသီးများ ဖန်ဆင်းပြီး လူမျိုးနွယ်စုခေါင်းဆောင်ကို စားစေ၏။ သူက သူ၏ပလ္လင်ထက်တွင် ထိုင်ပြီး "သင်တို့ဘာကြောင့် လာကြသလဲ" ဟု မေး၏။ ဝန်ကြီးက ပြန်ဖြေသည်။ "တပည့်တော်တို့ အရှင်ဘုရားကို ဖူးမြော်ဖို့ လာခဲ့ကြတာပါ။ ဒီလူမျိုးနွယ်စု ခေါင်းဆောင်ဟာ အစာအိမ်ရောဂါ ရနေပါတယ်။ ဆေးဝါးကုသမှုတွေက အထောက်အကူ မပြုခဲ့ပါဘူး။ ကာလကတ္တားနဲ့ ဒေလီမှာ လုပ်ဆောင်ခဲ့တဲ့ ဆေးကုသမှုဆိုင်ရာ စမ်းသပ်စစ်ဆေးမှုတွေကလည်း ဘာရောဂါဆိုတာ မဖော်ထုတ်နိုင်ခဲ့ကြပါဘူး။ သူဟာ အစိုင်အခဲအစာကို လက်မခံနိုင်ပါဘူး။ ရလဒ်အနေနဲ့ အဲဒီဒေသက လူမျိုးနွယ်စုဝင်တွေဟာ တပည့်တော်တို့ရဲ့ ဆေးကုသမှုစနစ်လုပ်ထုံးလုပ်နည်းတွေနဲ့ ဆေးရုံတွေကို မယုံကြည်ကြတော့ပါဘူး။ ဒီလူဟာ ထင်ရှားတဲ့ လူမျိုးနွယ်စုခေါင်းဆောင်တစ်ယောက် ဖြစ်ပါတယ်။ အရှင်ဘုရားပဲ သူ့ကို ကုသပေးနိုင်ပါတော့မယ်" ဆွာမိက သူ့ကို စိတ်ချအောင် ပြောပြ၏။ "မပူပါနဲ့ သူ ပြည့်ပြည့်ဝဝ ပျောက်ကင်းသွားပါလိမ့်မယ်" ထို့နောက် ဆွာမိသည် လူမျိုးနွယ်စု ဧည့်သည်များအား သူတို့ဘာသာစကားဖြင့် စတင်ပြောဆို၏။ သူတို့ရွာနှင့် ပတ်ဝန်းကျင်အကြောင်း သူ ပြောပြ၏။ ရွာသားများသည် နေဘုရားနှင့် လဘုရားအတွက် ဘုရားကျောင်းတစ်ဆောင် ဆောက်လုပ်ရန် စဉ်းစားနေကြသည့်အကြောင်းကိုလည်း ထည့်သွင်း ပြောကြားသွား၏။ ပြောဆိုနေရင်း ဆွာမိသည် အလွန်အသေးစိတ်စွာ ထွင်းထု ပုံဖော်ထားသော အချင်း ကိုးလက်မရှိ ကြေးနီ ပလိတ်ပြားဝိုင်း တစ်ပြားကို ဖန်ဆင်း

လိုက်၏။ တစ်ဖက်တွင် နေ၊ နောက်တစ်ဖက်တွင် လ၏ပုံကို ထွင်းထုထား၏။ ပလိတ်ပြား၏ သိမ်မွေ့လှသော လက်ရာမြောက်မှုကို သူတို့ သတိပြုမိစေရန် ထောက်ပြပြီး ဆောက်လုပ်မည့် ဘုရားကျောင်းကို ဒိုနိုပိုလို (သူတို့ဘာသာစကားတွင် နေလဟု အဓိပ္ပာယ်ရသည်) ဟု ခေါ်တွင်ကြရန် ကြေညာလိုက်သည်။ ဤကြေးပလိတ်ပြားကို ဘုရားကျောင်းတွင် ဌာပနာပြီး မှန်မှန်ဝတ်ပြုကြရန် အကြီးအကျယ် အံ့ဩနေကြသော လူမျိုးနွယ်စုဝင်များအား ညွှန်ကြားသည်။ ဘုရားကို ဝတ်ပြုခြင်းသည် အမြဲအကျိုးရှိသည်ဟု သူက ပြော၏။ သူသည် သူတို့ကို ဝိဘူသီးများ ပေးစွန့်ပြီး သူ၏ကြာပဒုံကို ထိခွင့်ရခြင်းတည်းဟူသော ထူးမြတ်လှသည့် အခွင့်အရေးပေးခြင်းအားဖြင့် ကောင်းချီးပေးလိုက်လေသည်။

သူတို့သည် ထို့နောက် အဆာပြေ စားသောက်ရန် စားသောက်ဆိုင်ကို သွားရောက်ကြသည်။ ခေါင်းဆောင်သည် အိဒလီ ခေါ် ပဲနှင့်ဆန် ရောနှောပြုလုပ်ထားသည့် မုန့်များကိုမြင်၍ သူ့ကို ကျွေးကြရန် ပြောသည်။ သူ့အဖော်များက ထိုအစိုင်အခဲဖြစ်သော အစာသည် သူ့ကို အခါတိုင်းကလို အော့အန်စေလိမ့်မည်၊ သို့မဟုတ် အကြီးအကျယ် ဗိုက်နာစေလိမ့်မည်ကို စိုးရိမ်ကြသည်။ သို့ရာတွင် ဆွာမိက သူ့ကို အာမခံချက်ပေးခဲ့သဖြင့် သူတို့က သူ့ကို တွန့်တွန့်ဆုတ်ဆုတ်နှင့်ပင် အိဒလီ စားခွင့်ပြုလိုက်ကြလေသည်။ သူက အိဒလီ ပန်းကန်ပြားတစ်ချပ်စာနှင့် တွဲဖက်ပေးသော ဆော့စ်တို့ကို စက္ကန့်ပိုင်းအတွင်းမှာပင် အပြောင်ရှင်းပစ်လိုက်လေသည်။ ခံတွင်းတွေ့လှ၍ သူသည် နောက်တစ်ပန်းကန်စားပြန်၏။ သူ့အဖော်များက မယုံကြည်နိုင်သော အံ့ဩမှုဖြင့် စောင့်ကြည့်နေကြခိုက်တွင် နှစ်ပေါင်း အတော်ကြာ အစိုင်အခဲ အစာမစားခဲ့သော ထိုသူသည် အိဒလီ တစ်ခုပြီးတစ်ခု ဆက်စားရာ စုစုပေါင်း ၃၂ ခု ကုန်သွားလေသည်။

သူက သူ့အဖော်များကို ပြောလိုက်သည်။ "ဒါ လူသာမန်မဟုတ်ဘူး။ သူဟာ ကျွန်ုပ် နှစ်ပေါင်းများစွာ ခံစားခဲ့ရတဲ့ ဝေဒနာကို ဝိဘူသီးကလေး အနည်းငယ်နဲ့ မိနစ်ပိုင်းအတွင်း ကုပေးလိုက်တယ်။ သူဟာ ဘုရားဝင်စားတဲ့ ပုဂ္ဂိုလ်ဆိုတာ သံသယမရှိနိုင်ဘူး။ သူက ကျွန်ုပ်တို့ တည်ဆောက်ဖို့ စီစဉ်နေတဲ့ ဒိုနိုပိုလို ဘုရားကျောင်းအကြောင်း ပြောပြပြီး ရုပ်ပုံနှစ်ခု ဖန်ဆင်း

ပေးခဲ့တယ်။ ကျွန်ုပ်တို့ သူ့ကို အလုံးစုံ ပုံအပ်ပြီး သူ ပြောခဲ့တာတွေကို တစ်ခွန်းမကျန် နာခံကြစို့"

## ဝိဘူသီး၏ အံ့ဖွယ်အာနိသင်

ဘဂဝမ်စရီဆာသီယ ဆိုင်းဘာဘာ၏ အထူးလက်ရာဖြစ်သော ဝိဘူသီးသည် ကျန်းမာခြင်းကို ပေးအပ်ရုံသာမက အခြားလိုအပ်ချက်များကိုလည်း ပြည့်ဝစေတတ်လေသည်။ ပက်တာဆန်သည် ကနေဒါနိုင်ငံမှ အလွန် အောင်မြင်သော လုပ်ငန်းရှင်တစ်ယောက် ဖြစ်လေသည်။ သူသည် သူ့လုပ်ငန်းနှင့် ပတ်သက်၍ ကမ္ဘာအနှံ့အပြား သွားလာရသည်။ ထိုကဲ့သို့သော ခရီးတစ်ခေါက်တွင် သူသည် အိန္ဒိယသို့ ရောက်လာပြီး ပါမောက္ခ ဘဂဝမ်တမ်၏သား ဒေါက်တာ ဗာလကရိသျှဏနှင့် တွေ့သည်။ ဒေါက်တာ ဗာလကရိသျှဏက သူ့ကို သူ့အိမ်သို့ ဖိတ်သည်။ ထိုနေအိမ်ကို ဘုရားကျောင်းတစ်ခုအလား ပြင်ဆင်ထားသည်။ ဘုရားခန်းဇောင်မြင့်အလယ်ရှိ ပလ္လင်ပေါ်တွင် ဆွာမိ၏ လှပသော ဓာတ်ပုံတစ်ပုံ တင်ထားသည်။ ပက်တာဆန်က အထင်ကြီးသွားပြီး မည်သူ့ဓာတ်ပုံဖြစ်ကြောင်း စုံစမ်းသည်။ ဒေါက်တာ ဗာလကရိသျှဏက သူ့ကို ဘာဘာနှင့် သူ၏ဘုရားတန်ခိုးတော်များအကြောင်း၊ သူ၏မေတ္တာနှင့် ကရုဏာတို့အကြောင်း ဘုရားကိုင်းရှိုင်းပြီး သူသည် ထင်ရှားသည့် သူတော်စင်များ၏ ဆုတောင်းများကို ဖြေကြားသည့်အနေဖြင့် လူသားတို့၏ လွတ်မြောက်မှုကို ဆောင်ကြဉ်းပေးရန် လူ့ဝင်စားအဖြစ် ခံယူခဲ့ကြောင်းတို့ကို ပြောပြ၏။ ပက်တာဆန်သည် ဘာဘာ့အကြောင်း ကြားရသည့်အခါ စိတ်ဝင်စားလာ၏။ သဘောလည်း အလွန်ကျလာ၏။ သူက ဘာဘာ့ကို သူ အစဉ်သတိရမိစေမည့်အရာတစ်ခုခု ပေးပါရန် ဒေါက်တာ ဗာလကရိသျှဏကို တောင်း၏။ သူသည် ဘာဘာ၏ဓာတ်ပုံ သို့မဟုတ် ရုပ်ပုံတစ်ပုံကို မျှော်လင့်ဟန်တူသည်။ သို့သော် ဒေါက်တာ ဗာလကရိသျှဏက ပို၍ အဖိုးတန်သောအရာတစ်ခုကို စဉ်းစားမိ၏။ ဆွာမိ၏ အကောင်းဆုံး အမှတ်တရပစ္စည်းမှာ ဝိဘူသီးဖြစ်သည် ဟု သူ ခံစားမိသည်။ ထို့ကြောင့် သူသည် ပက်တာဆန်ကို ဝိဘူသီးအထုပ်ကလေး တစ်ထုပ်ပေးလိုက်၏။ ပက်တာဆန်က အနည်းငယ် စိတ်ပျက်သွားပြီး "ပြာ ဒီကြီးမြတ်တဲ့ ယောဂီကြီးကို သတိရစေဖို့ ခင်ဗျား ကျွန်တော့်ကို

ပြာပေးသလား'' ဟု မေးလိုက်၏။ ဗာလကရိသျှဏက အသာအယာ ရှင်းပြသည်။ ''ဒါ ရိုးရိုးပြာ မဟုတ်ဘူး။ ဘုရားခေတ် ကိန်းအောင်းနေတဲ့ပြာဖြစ်တယ်။ ဒါဟာ ဘုရားခေတ် ကိန်းအောင်းနေတဲ့ ဝိဘူသီးပဲ။ အဲဒါဟာ တန်ဖိုးမဖြတ်နိုင်ဘူး။ အလွန်အဖိုးတန်တယ်။ ခင်ဗျား စိုးရိမ်ရတဲ့ဒုက္ခ ကြုံတွေ့ရင် ဆွာမိရဲ့ကရုဏာတော်သာ ခင်ဗျားကို ကယ်ဆယ်နိုင်မယ်လို့ စဉ်းစား ပြာကလေး နည်းနည်း ပါးစပ်ထဲထည့်ပြီး သူ့ကို ဆုတောင်းပါ''

ပက်တာဆန်သည် လန်ဒန်မှတစ်ဆင့် နယူးယော့သို့ လေကြောင်းမှ ပြန်လေသည်။ သူသည် မိန်းမများနှင့် ကလေးများအကြားတွင် နေရာရ၏။ သူတို့သည်များစွာ ဆူညံ၍ အနှောင့်အယှက်ပြုနေကြသည်။ သူသည် အလွန် အမင်း အနေရ အထိုင်ရခက်နေသည်။ လေယာဉ်က လန်ဒန်မြို့အနီးသို့ ချဉ်း ကပ်လာသောအခါ သူသည် ဝိဘူသီးအထုပ်ကလေးနှင့် ဒေါက်တာ ဗာလကရိ သျှဏ ပြောပြလိုက်သော ၎င်း၏ ကောင်းကွက်များကို သွားသတိရ၏။ သူသည် ချက်ချင်းပင် အထုပ်ကလေးကို ဖောက်၍ အနည်းငယ် လျှာပေါ်တင်ပြီး လန်ဒန်မှ နယူးယော့ အသွားခရီးတွင် ပို၍ သက်သောင့်သက်သာရှိသော ထိုင်ခုံရပါစေကြောင်း ဘာဘာကို စိတ်အားထက်သန်စွာ ဆုတောင်းလေသည်။ သူ လန်ဒန် လေဆိပ်တွင် ဆင်းသောအခါ အသံချဲ့စက်မှ သူ့နာမည်ခေါ်နေသည်ကို ကြားရ၍ အံ့အားသင့်သွား၏။ ကြေညာချက်က သူ့နာမည်ကိုခေါ်ပြီး လေကြောင်းရုံးခန်းသို့ ချက်ချင်း သွားရောက်ရန် ညွှန်ကြားသည်။ သူသည် ရုံးခန်းရောက်သောအခါ လန်ဒန်မှ နယူးယော့ခရီးစဉ်တွင်း သူ့ကို ပထမတန်း၌ နေရာပေးထားကြောင်း သူ့ကို ပြောပြ၏။ သူက အလွန်သဘောကျသွားပြီး အပိုကျသင့်ငွေကို ပေးမည်ပြု၏။ အပိုကျသင့်ငွေကို သူ့ကိုယ်စား ပေးဆောင်သွားပြီးဖြစ်ကြောင်း တာဝန်ကျ အရာရှိက သူ့ကို ပြောကြားရာ သူသည် လုံးဝ အံ့အားသင့်သွားပြီး ရင်ခုန်လာခဲ့လေသည်။ ဘာဘာ၏ ဝိဘူသီး ကလေး အနည်းငယ်ကို စားပြီး ဘာဘာ၏ နာမတော်ကို သတိရ ဆုတောင်း ရုံဖြင့် သူသည် မိုင်ပေါင်းထောင်ချီ ဝေးကွာသော ဘာဘာ့ထံမှ အကူအညီ ရရှိပြီး သူ့ဆန္ဒပြည့်ဝခဲ့လေသည်။

# အခန်း [ ၁၃ ]

# ပင်လယ်ရပ်ခြား တန်ခိုးပြမှုများ

## ဂျွန်ဟာစ္စလော့နှင့် ယေရှု၏ရုပ်ပုံ

ဤသည်မှာ မက္ကဆီကိုနိုင်ငံမှ ဒေါက်တာ ဂျွန်ဟာစ္စလော့၏ ဇာတ်လမ်း ဖြစ်သည်။ သူသည် ၁၆ နှစ်အရွယ်မှစ၍ ဘာသာရေး လိုက်စားမှုများဘက် သို့ တိမ်းညွတ်ခဲ့သည်။ သူသည် အမှန်တရားကို ရှာဖွေမှုတွင် နက်နက် ရှိုင်းရှိုင်း ပါဝင်ဆောင်ရွက်ခဲ့သော စိတ်အားထက်သန်သည့် အမြင့်မှန်းသူ တစ်ဦး ဖြစ်သည်။ သူသည် ဒေါက်တာ အန္နီဘက်ဆန့်၊ ဂျစ်ဆူးကရိသျှဏာ မူရသီ၊ ပရမ်ဟမ်စယောဂနန္ဒ၊ မဟာသီမဟက်ရှ်ယောဂီ၊ ဆွာမိဆိဗနန္ဒနှင့် ဗုဒ္ဓဘာသာ ဝိပဿနာစနစ် ကျွမ်းကျင်သူများကဲ့သို့သော ထင်ရှားသည့်ပုဂ္ဂိုလ် ကြီးများ စိတ်ဝိညာဉ်ဆိုင်ရာ တွေးခေါ်သူများနှင့် ထိတွေ့ဆက်သွယ်ခဲ့ပြီး သူတို့၏ လမ်းညွှန်မှုကို လိုက်နာရင်း ဘာသာရေး စူးစမ်းမှု လမ်းကြောင်းကို နှစ်ပေါင်းများစွာ လျှောက်လှမ်းခဲ့သည်။ သို့သော် ထိုခရီးအဆုံးတွင် သူ၏ အနောက်တိုင်း နှလုံးသားထဲ၌ ချိုမြသော မေတ္တာစမ်းချောင်းသည် ခန်းခြောက် ခဲ့ပြီး ယင်းအထဲတွင် ကြောက်စဖွယ် ဟာလာဟင်းလင်းဖြစ်မှုသာ ကျန်ရှိ တော့သည်ဟု သူ သဘောပေါက်လာခဲ့သည်။ ၁၉၆၈ ခုတွင် သူသည် ပထမ ဆုံးအကြိမ်အဖြစ် စရီဆာသီယဆိုင်းဘာဘာအကြောင်းကို ကြားသိရပြီး ပုဋ္ဋ ပါတီသို့ လာရောက်ကာ သူ့ကို ဖူးမြော်လေသည်။ ဘာဘာကို ပထမဆုံး

ဖူးမြင်လိုက်ရချိန်မှာပင် ဘာဘာသည် စိတ်ဝိညာဉ်ဆိုင်ရာ တတ်သိမှုနှင့် သတိပြုမိမှု အားလုံးတို့၏ အရင်းအမြစ်ဖြစ်သည်ဟု သူ အာရုံရမိလေသည်။ ဘုရားကိုယ်တော်တိုင်သည် သူ၏နှလုံးသားထဲသို့ မေတ္တာအဖြစ် ဝင်ရောက်ခဲ့ပြီး ထိုစွဲမြဲသောမေတ္တာသည် ဘာဘာဖြစ်သည်ဟု သူ ခံစားမိလေသည်။ အဆင့်မြင့်လာစေသော သူ၏အတွေ့အကြုံကြောင့် သူသည် စကြဝဠာတစ်ခုလုံးတွင် မေတ္တာဓာတ်က ပျံ့နှံ့ဝင်ရောက်နေသည်ဟူသော ကြွယ်ဝသည့် သိမြင်မှုကို ဖြစ်ထွန်းလာစေနိုင်ခဲ့လေသည်။

၁၉၇၃ ခု ရှီးဗားရဣရီပွဲတော် အကြိုနေ့တွင် ဘာဘာသည် ဟစ္စလော့နှင့် အခြားသူတချို့ကို မိုက်စိုးခရိုင်ရှိ ဘန္ဒိပူတောအတွင်းသို့ ခေါ်သွားလေသည်။ မွန်းတည့်ချိန်လောက်တွင် သူတို့သည် တောတွင်းရှိ ညှေ့ဂေဟာသို့ ရောက်ကြလေသည်။ မှောင်ရီပျိုးချိန်တွင် သူတို့သည် လမ်းပြများအဖြစ် ဆောင်ရွက်သော တောတွင်းသားများ၏ အကူအညီဖြင့် တောင်ကျချောင်းတစ်ခု၏ သဲသောင်သို့ ရောက်ရှိသည့်အထိ အတော်ဝေးဝေး လမ်းလျှောက်ကြရသည်။ သူတို့သည် သဲပြင်ပေါ်တွင် ထိုင်နားကြသည်။ ဆွာမိသည် ချုံတစ်ချုံမှ အကိုင်းငယ် နှစ်ခုကို ဆွဲဖြတ်ပြီး သူ့လက်ဖဝါးပေါ်တွင် တစ်ခုပေါ်တစ်ခု ကန့်လန့်ဖြတ်တင်၍ ထိုဟာ ဘာဖြစ်ကြောင်း ဟစ္စလောကို မေးသည်။ ဟစ္စလော့က လက်ဝါးကပ်တိုင်ဖြစ်ကြောင်း ပြန်ဖြေသည်။ ဆွာမိက ထိုအရာပေါ်တွင် လက်သီးဆုပ်၍ အုပ်ကိုင်လိုက်ပြီး လက်သီးဆုပ်ကို အသာအယာ သုံးကြိမ်မှုတ်သည်။ သူသည် သူ၏လက်ဖဝါးကို ဖွင့်လိုက်သောအခါ ယေရှု၏ ရုပ်ပုံတော် တင်ကပ်ထားသော သစ်သားလက်ဝါးကပ်တိုင် ဖြစ်နေသည်ကို တွေ့ရလေသည်။ သူသည် ထိုအရာကို ဟစ္စလော့အား ပေးလိုက်ပြီး ပြောပြသည်။ "ဒါဟာ ယေရှုခရစ်တော် အသက်စွန့်ချိန်မှာ သူ့ကြည့်ရတာ ဘယ်လိုပုံပေါက်တယ်ဆိုတာ အတိအကျပြတဲ့ပုံပဲ။ အဲဒါဟာ ပန်းချီဆရာတွေ တွေးကြည့်ခဲ့ကြတာနဲ့ သို့မဟုတ် စာရေးဆရာတွေ ဖော်ပြခဲ့ကြတာနဲ့ လုံးဝ မတူဘူး။ သူဟာ အဲဒီအချိန်မှာ အစာမစားရတာ ရှစ်ရက်ရှိပြီ။ သူရဲ့ ဝမ်းဗိုက်က ဟောင်းလောင်းဖြစ်ပြီး ကျုံ့ဝင်နေတယ်။ သူ့ကိုယ်ဟာ ခန်းခြောက်နေပြီး သူ့နံရိုးတွေဟာ ပြိုင်းပြိုင်းထနေတယ်" ဟစ္စလော့က ဘာမှမပြောနိုင်ဘဲ လက်ဝါးကပ်တိုင်ကို အံ့ဩခြင်းကြီးစွာ စိုက်ကြည့်နေသည်။ ဆွာမိက ဆက်

ပြောသည်။ ''ဒီလက်ဝါးကပ်တိုင်ကို ယေရှုကို ကားစင်တင်ပြီး အဆုံးစီရင်ခဲ့တဲ့ မူလ လက်ဝါးကပ်တိုင်က သစ်သားနဲ့ အမှန်တကယ် ပြုလုပ်ထားတာ ဖြစ်တယ်။ နှစ်ပေါင်း ၂၀၀၀ ကျော်က သစ်သားဟောင်းကို ရှာဖွေတွေ့ရှိဖို့ ကျွန်ုပ် အချိန်ယူခဲ့ရတယ်။ ဒါကြောင့် သုံးကြိမ် မှုတ်ခဲ့ရတယ်။ မူလ လက်ဝါးကပ်တိုင်က အပိုင်းအစတိုင်းဟာ ကြေကွဲလွင့်စဉ်ပြီး ပတ်ဝန်းကျင် ပစ္စည်းတွေနဲ့ ရောနှောပျံ့နှံ့နေကြပြီ။ ကျွန်ုပ်ဟာ အဲဒါကြောင့် အပိုင်းအစကလေးတွေကို ပြန်စုရတယ်။ ဒီလက်ဝါးကပ်တိုင်အတွက် လုံလုံလောက်လောက်ရရှိတဲ့အခါမှာ ကျွန်ုပ် အဲဒါကို ဖန်ဆင်းလိုက်တယ်။ ဒီလက်ဝါးကပ်တိုင်ပေါ်မှာ သင်တို့ မြင်ရတဲ့ ယေရှုရဲ့ပုံတော်ဟာ သူ ကွယ်လွန်ချိန်က ပုံအတိုင်း ဖြစ်တယ်''

သီတင်းပတ် အနည်းငယ်အကြာတွင် ဟစ္စလော့နှင့် သူ့ဇနီးသည် မဏ္ဍဆီကိုသို့ ပြန်ခဲ့ကြသည်။ လက်ဝါးကပ်တိုင်ပေါ်မှ ရုပ်တုကလေးမှာ သေးငယ်လှသည့်အတွက် ယေရှု၏မျက်နှာ အင်္ဂါရပ်တို့ကို ရှင်းရှင်းလင်းလင်း မမြင်ရချေ။ ဟစ္စလော့၏မိတ်ဆွေတစ်ဦးဖြစ်သူ ဝေါလ်တာဝုလ်ဖ်က ယေရှု၏ပုံကို တစ်ပိုင်းစီ ရောင်စုံဓာတ်ပုံများ ရိုက်ကူးပြီး ပုံကြီးချဲ့ကာ ပေါင်းစပ်၍ ပုံတစ်ပုံ ထုတ်ယူလိုက်သည်။ ထိုပုံသည် ကြည်လင် ပြတ်သား၍ ထူးထူးခြားခြား စိတ်ကို ထိခိုက်စေပြီး အကန့်အသတ်မရှိသော မေတ္တာ၊ ကရုဏာနှင့် ဝေဒနာခံစားနေရမှုတို့ကို ပေါ်လွင်စေသည်။ ထိုဓာတ်ပုံများကို စားပွဲတစ်ခုပေါ်တွင် တင်ပြီး ရုပ်တု၏အနုစိတ် ပန်းပုလက်ရာကို အများရှုမြင်နိုင်ကြစေရန် ပြသထားသည်။ မြင်ရသူများသည် ဘဂဝမ်စရီဆာသီယဆိုင်း၏ ဖန်ဆင်းမှု စွမ်းပကားကို အံ့ဩမိကြသည်။

ထိုနေ့အထိ မဏ္ဍဆီကန် ကမ်းရိုးတန်းတွင် ကောင်းကင်သည် လုံးဝကြည်လင် ရှင်းလင်းနေခဲ့သည်။ သို့သော် ဆိုင်းမဆင့် ဗုံမဆင့် တိမ်ညိုများ တက်လာပြီး ကြောက်မက်ဖွယ် လျှပ်စီးလက်လေသည်။ အခိုက်အတန့် အနည်းငယ်အတွင်း၌ပင် လေပြင်းများ အရှိန်အဟုန်နှင့် တိုက်ခတ်လာပြီး အိမ်ပြတင်းများကို ကွဲကြေစေရန် ခြိမ်းခြောက်ကြလေသည်။ တံခါးခန်းဆီးများသည် လွင့်ဝဲနေကြသည်။ ရုတ်တရက် ဖြစ်ပေါ်လာသော ဤကသောင်းကနင်း အခြေအနေအလယ်တွင် မစ္စစ်ဟစ္စလော့က တွေးမိ၍ ပြန်ပြောသည်။ ''အခု

ညနေ ၅ နာရီ သောကြာနေ့။ ခရစ်တော် ကားစင်တင် အဆုံးစီရင်ခံခဲ့ရတဲ့ အချိန်နဲ့ နေ့ပဲလေ။ ကျွန်မတို့ရှေ့မှာ အခုဖြစ်ပျက်နေတာတွေကို သမ္မာကျမ်း ထဲမှာ ဖော်ပြထားတယ်။ ''သူမသည် မြင့်မြတ်သော စာအုပ်တစ်အုပ်ကို ထုတ်၍ သက်ဆိုင်ရာအပိုင်းကို ဖတ်ပြသည်။ ''ယေရှုလက်ဝါးကပ်တိုင်ပေါ် တွင် ကွယ်လွန်ချိန်၌ မုန်တိုင်းကြီးတစ်ခု တိုက်ခတ်ကာ ကောင်းကင်သည် မိုးကြိုးထစ်ချုန်းခြင်း၊ လျှပ်စီးလက်ခြင်းတို့ဖြင့် ပြည့်နေသည်။ ဘုရားကျောင်း နံရံတွင် အလှဆင် ချိတ်ဆွဲထားသော ပန်းချီကားများ ရုပ်ပုံများသည် လွင့်စဉ် သွားကြသည်'' တဲ့။ ထိုစဉ်က ဟာစ္စလော့၏ နေအိမ်တွင် ရောက်ရှိနေကြသူ အပေါင်းသည် သူတို့ တွေးမကြည့်နိုင်လောက်အောင် အံ့ဖွယ်ကောင်းသော ဖြစ်ရပ်ကို ကြုံတွေ့လိုက်ရသည့်အတွက် ဝမ်းမြောက် ရွှင်လန်းကြလေသည်။ နောက်တစ်နေ့တွင် ဆန်ဒီအေးဂိုးသမာဓိ သတင်းစာက မုန်တိုင်းတစ်ရပ် မမျှော်လင့်ဘဲ တိုက်ခတ်သွားခဲ့ကြောင်း ဖော်ပြလေသည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၂၅၀၀ ကျော်က ဖြစ်ပွားခဲ့သည်ဆိုသော မုန်တိုင်းအချိန်မဟုတ်အခါမဟုတ် ပြန်လည် တိုက်ခတ်မှုနှင့် ဘဂဝမ်ဆိုင်း ဘာဘာ ဖန်ဆင်းပေးလိုက်သော လက်ဝါးကပ်တိုင်တို့အကြား ဆက်စပ်မှု ရှိရမည်ဟု ဟာစ္စလော့နှင့် သူ့မိတ်ဆွေများက ခံစားမိကြလေသည်။ ထိုအဖြစ် အပျက်ကို ဆွာမိသို့ ဒေါက်တာ ဖနိဗန္ဓက တင်ပြသောအခါ ထိုအဖြစ်အပျက် များသည် အမှန်တကယ် ဖြစ်ပွားခဲ့ကြောင်းနှင့် ယင်းတို့သည် ဟာစ္စလော့နှင့် သူ့မိတ်ဆွေများ မှန်းဆကြသည့်အတိုင်း မှန်ကန်ကြောင်း ဆွာမိက အတည်ပြု ခဲ့လေသည်။

## အင်ဒြာဒေဝီ

ရုရှားသူတစ်ဦးအဖြစ် မွေးဖွားခဲ့သော အင်ဒြာဒေဝီသည် အိန္ဒိယမှ ယောဂပညာကို ပိုင်နိုင်တတ်ကျွမ်းခဲ့ပြီး ဒေါက်တာ မစ္စစ်ကနောဝါး ဟူသော သူမ၏ရုရှားနာမည်ရင်းကို စွန့်လွှတ်ကာ အင်ဒြာဒေဝီဟူသော အိန္ဒိယနာမည် ကို ခံယူခဲ့လေသည်။ သူမသည် မက္ကဆီကိုနိုင်ငံ တက္ကတီမြို့တွင် ရိပ်သာ စခန်းဖွင့်ပြီး ယောဂပညာကို သင်ကြားပေးခဲ့သည်။ အသက် ၆၀ အရွယ်တွင် သူမသည် မဒရပ်စ်မြို့တွင် ပောင်းဝဒ်မာဖက် (Sai Baba, Man of

Miracles အမည်ရှိ စာအုပ်ဖြင့် ဆိုင်းဘာဘာအကြောင်း ကမ္ဘာကို အစောဆုံး လောက် အသိပေးခဲ့သည့် ဩစတြေးလျနိုင်ငံသား သတင်းစာဆရာ ဖြစ်သည်။ ထိုစာအုပ်ကို မိုငြမ်းပြ၍ ဗိုလ်မင်းဟံ အမည်ခံ ကလောင်ရှင်က "သိဒ္ဓိရှင် ယောဂီကြီး ဆိုင်းဘာဘာ" ဟူသော အမည်ဖြင့် စာအုပ်ထုတ်သည်။ မြန်မာ ပြည်တွင်း ပထမဦးဆုံး ထွက်ပေါ်သော ဆိုင်းဘာဘာအကြောင်း စာအုပ်ဖြစ် သည်။ ထိုစာအုပ်သည် ထိုခေတ်အခြေအနေအရ ပိတ်သိမ်းခြင်းခံခဲ့ရပြီး စာအုပ် အချို့အဝက်သာ စာဖတ်သူများ လက်သို့ ရောက်ရှိခဲ့သော ရှားပါးစာအုပ် ဖြစ်သည်။ စင်စစ် ဆိုင်းဘာဘာသည် သိဒ္ဓိရှင်လည်းမဟုတ်။ ယောဂီလည်း မဟုတ်။ အဝတာရခေါ် ဘုရားဝင်စားသည့် ပုဂ္ဂိုလ်သာ ဖြစ်သည်။ မြန်ဆိုသူ) နှင့် တွေ့ဆုံခဲ့ပြီး စရီဆာသီယဆိုင်းဘာဘာအကြောင်းကို ပထမဆုံးအကြိမ် ကြားသိခဲ့သည်။ သူမသည် ထူးထူးခြားခြား အထင်မကြီးခဲ့ချေ။

တစ်ကြိမ်တွင် သူမသည် မွမ်ဘိုင်းမြို့၌ ချယာဆတ်စထရီကန္တိလားလ် ပိုင်ဆိုင်သော ဘရီဂူးဆမ်ဟိတာခေါ် ရှေ့ဖြစ်ဟောကျမ်းကို တွေ့ရှိခဲ့သည်။ ထိုကျမ်းထဲတွင် သူမအကြောင်းကို ရှာဖွေရာ ဤသို့ ပါဝင်သည်ကို တွေ့ရှိ ရသည်။ "ရှေးဘဝအဆက်ဆက်က ကောင်းမှုများကြောင့် သင်သည် ထူးမြတ် သော ပုဂ္ဂိုလ်ကို ဖူးမြင်ရတော့မည့်ဆဲဆဲ ဖြစ်သည်။ ယခုအချိန်မှာပင် သင် သည် သူ၏စောင့်ရှောက်မှုအောက်၌ ရှိနေသည်။ ထူးမြတ်သောပုဂ္ဂိုလ်ဆိုသည် မှာ ဘုရားကို ဆိုလိုသည်" ဟု ဆက်လက် ရှင်းလင်းဖော်ပြထား၏။

၁၉၆၆ ခု သူမ အသက် ၆၆ နှစ်အရွယ်တွင် သူမသည် စရီဆာသီယ ဆိုင်းကို ပထမဆုံးအကြိမ် ဖူးမြင်ရလေသည်။ မြင်မြင်ချင်းပင် သူမသည် သူ၏ဘုရားဖြစ်ခြင်းကို ပြင်းပြင်းပြပြ သက်ဝင်ယုံကြည်သွားလေသည်။ ဆွာမိ က သူမကို အင်တာဗျူးပေးပြီး သူမ ဘာအလိုရှိသလဲဟု မေးလေသည်။ သူမက လောကီစည်းစိမ်ချမ်းသာ သို့မဟုတ် လွတ်မြောက်ခြင်းကိုပင် မတောင်း ခံပါ။ "ဆွာမိ တပည့်တော်မရဲ့ နှလုံးသားထဲက စိတ်ဝိညာဉ်ဆိုင်ရာ မီးအိမ် ကို ထွန်းညှိပေးပါ" ဟူ၍သာ ရိုးရိုးရှင်းရှင်း ဆုတောင်းလေသည်။ ဆွာမိက ဆွဲပြားတစ်ခုနှင့် ဝိဘူသီများ ဖန်ဆင်း၍ သူမကိုပေးပြီး "သင် တစ်ခုခု လိုတဲ့အခါတိုင်း ကျွန်ုပ်ကို တ,လိုက်ပါ။ ကျွန်ုပ်တို့အကြားမှာ ရုပ်ဝတ္ထု ကွာဝေးမှု ဘယ်လောက်ပဲရှိရှိ သင်ရဲ့ ဆုတောင်းကို ကျွန်ုပ်ကြားမယ်။ ကျွန်ုပ် ဟာ အမြဲ သင်နဲ့အတူရှိနေမယ်" ဟု စိတ်ချရအောင် ပြောလေသည်။

တစ်ခါတွင် မက္ကဆီကန်တောင်တန်းများ၌ သစ်တောကေများနှင့် အိမ်ပေါင်း ရာထောင်ချီ၍ ဖျက်ဆီးခဲ့သော တောမီးကြီးတစ်ခု လောင်ကျွမ်းခဲ့၏။ ယင်းသည် မက္ကဆီကိုရှိ ဆိုင်းအဆောက်အအုံများကို ဖျက်ဆီးရန် ခြိမ်းခြောက်လာသဖြင့် အနီးတစ်ဝိုက်တွင် နေထိုင်သူများသည် ကားများဖြင့် ထွက်ပြေးကြရ၏။ သူတို့သည် တောင်ထိပ်ရှိ အိမ်တစ်အိမ်တွင် ခိုလှုံကာ ဆိုင်းဘာဘာကို လေးနက်ရိုကြားမှု ဝတ်ပြုဆုတောင်းနေကြသည်။ မီးသည် သူတို့အောက် တောင်ခြေဝန်းကျင်တွင် မာန်ဟုန်ပြင်းနေသည်။ နောက်ဆုံးတွင် မီးကျသွား၍ သူတို့ အိမ်ပြန်ကြသည့်အခါ အင်ဒြာဒေဝီ၏ ဆိုင်းနီလာယမ်သည် ၎င်း၏ဝန်းကျင်ရှိ သစ်ပင်သစ်တောများ၊ အဆောက်အအုံများအားလုံးကို လောင်မြိုက် ဖျက်ဆီးခဲ့သော်လည်း ၎င်းသည် မပျက်မစီး၊ မထိမခိုက်၊ ထီးတည်းမားမား ကျန်ရှိခဲ့သည်ကို တွေ့ကြရလေသည်။ ဘာဘာသည် နီလာယမ်ကို ကိုယ်တိုင် ကြွရောက် ကာကွယ်ပေးခဲ့သည်ဟု ခံစားမိကြလေသည်။

ဤမီးကြီး လောင်ကျွမ်းနေချိန်တွင် အင်ဒြာဒေဝီသည် ရှီကာဂိုမြို့တွင် ဘဂဝမ်စရီဆိုင်းဘာဘာအကြောင်း ဟောပြောနေသည်။ မီးကြီး အပြင်းအထန် လောင်ကျွမ်းနေပုံကို တီဗီတွင် သူမ မြင်ရ၏။ မီးသည် ဆိုင်းနီလာယမ်နှင့် အလွန်နီးကပ်စွာ လောင်မြိုက်ခဲ့ကြောင်းကိုလည်း ဖတ်ရ၏။ သို့သော် သူမသည် လုံးဝ စိတ်ပူခြင်းမရှိ။ "အဲဒါကို ဘဂဝမ်ပိုင်တယ်။ သူ အဲဒါကို သူ ဆန္ဒရှိသလို လုပ်လိမ့်မယ်။ အဲဒါဟာ လောင်ကျွမ်းသွားစေဖို့ သူ အလိုတော်ရှိရင် အဲဒါဟာ လောင်သွားမှာပဲ" ဟု သူမက ပြော၏။ သူမ၏ ခိုင်မာသော ယုံကြည်မှုနှင့်အညီ ထိုအဆောက်အအုံသည် လုံးဝ လုံခြုံခဲ့၏။ ရက်အနည်းငယ်အကြာတွင် အနန္တပူရ်မြို့ရှိ အမျိုးသမီးများ ကောလိပ်ကို လာရောက် ဖွင့်လှစ်ပေးရန် ဘာဘာ၏ဖိတ်ကြားချက်ကို သူမ လက်ခံရရှိလေသည်။ သူမသည် မက္ကဆီကိုမှ လာရောက်၍ ဖွင့်ပွဲတွင် ပါဝင်ဆင်နွဲလေသည်။ သူမ မက္ကဆီကိုသို့ မပြန်မီ ဘဂဝမ်က လက်ရှိမီးနတ်ဘုရားမပုံပါသော ဆွဲပြားတစ်ခု ဖန်ဆင်း၍ သူမအားပေးပြီး "ဒါဟာ သင့်ဂေဟာအတွက်ပဲ။ ဒါက အဲဒါကို ကာကွယ်စောင့်ရှောက်လိမ့်မယ်။ ဒီက နောက်ကို အဲဒါဟာ မီးဘေးရဲ့ခြိမ်းခြောက်မှုကို ဘယ်တော့မှ မခံရတော့ဘူး" ဟု ပြောလေသည်။

ဘဂဝမ်စရီဆာသီယ ဆိုင်းဘာဘာ၏ဖြစ်တော်စဉ်

ပုတ္တပါတီသို့ အင်ဒြာဒေဝီ လာရောက်သောအခါ သူမသည် ကျောင်းသားကလေးများအတွက် ယောဂသင်တန်းများ ဖွင့်ပေး၏။ ဘာဘာက သူမ၏ ဝန်ဆောင်မှုများကို သဘောကျ၏။ သူသည် သူမအတွက် စိန်စီထားသော လက်စွပ်တစ်ကွင်းကို ဖန်ဆင်းပေးလိုက်သည်။ သူမသည် လက်ဝတ်လက်စား ဝတ်ဆင်ခြင်းကို စွန့်လွှတ်ခဲ့သည်မှာ ကြာပြီ။ သို့သော် ဆွာမိ၏ ပုံပါသော လက်စွပ်ဖြစ်လျှင် ဝတ်မည်ဟု သူမက အောက်မေ့၏။ ဆွာမိက သူမ၏ အတွေးကို သိရှိ၍ လက်စွပ်ကို ပြန်ယူပြီး အသာအယာ လေနှင့်မှုတ်သည်။ ချက်ချင်းပင် ၎င်းသည် ပြောင်းလဲသွား၏။ ယခုအခါ ၎င်းတွင် ဆွာမိ၏ ရုပ်ပုံပါသော ကျောက်ကလေး ပါဝင်၏။ လက်စွပ်ကို ဝတ်ပေးရင်း "သင် ဆန္ဒရှိတဲ့အခါတိုင်း ဒီလက်စွပ်ထဲမှာ ကျွန်ုပ်ကို သင် မြင်နိုင်တယ်။ သင် ဒီလက်စွပ်ကို ကြည့်တဲ့အခါ အဲဒီအခိုက်အတန့်မှာ ကျွန်ုပ် အိန္ဒိယမှာရှိနေတဲ့ အတိုင်း အတိအကျ သင် မြင်တွေ့ရလိမ့်မယ်။ ကျွန်ုပ် ဘာလုပ်နေတယ် ဆိုတာကို သင် မြင်နိုင်တယ်"—ဟု ဘာဘာက ပြောလေသည်။

တစ်ခါတွင် အင်ဒြာဒေဝီ ကာလီဖိုးနီးယားတွင် ရောက်နေခိုက် လက်စွပ်ကို ကြည့်လိုက်ရာ ဘာဘာ ကားဖြူကြီးတစ်စီးတွင် ထိုင်နေသည်ကို မြင်လိုက်ရလေသည်။ "ဆွာမိ တစ်နေရာရာကို သွားနေသည်" ဟု သူမ၏ နေ့စဉ်မှတ်တမ်းတွင် ရေးမှတ်လိုက်၏။ နောက်တစ်ကြိမ် ကြည့်မိရာတွင် ဘာဘာသည် သူ့ရှေ့တွင် စက်ဝိုင်းခြမ်းပုံ ဝိုင်းဖွဲ့ထိုင်နေကြသော ကိုးကွယ်ဆည်းကပ်သူတစ်စုအား စကားပြောနေသည်ကို မြင်သည်။ ထိုရှုခင်းသည် ပရရှန္တိနီလာယမ်တွင် မဟုတ်ဟု သူမ ခံစားမိ၏။ ထိုရှုခင်းကိုလည်း သူမ၏ ဒိုင်ယာရီတွင် အသေးစိတ် မှတ်သားသည်။ နောက်ပိုင်းတွင် ပရရှန္တိနီလာယမ်သို့ ရောက်သောအခါ ထိုရှုခင်းနှစ်ခုအကြောင်းကို ဘာဘာ၏တပည့်ရင်းကြီး စရီကပ်စ်တူရီအား သူမ မေးမြန်းသည်။ ပထမမြင်ကွင်းသည် ဆွာမိ ခရီးလှည့်နေစဉ်ကဖြစ်ကြောင်း သူက အတည်ပြု ပြောကြားသည်။ "ဒါပေမဲ့ ဆွာမိရဲ့ကားက အဖြူရောင်မှ မဟုတ်တာ" ဟု သူမက အတွန့်တက်၏။ သူမ တွေ့မြင်ချိန်တွင် ဆွာမိသည် အမှန်တကယ် ကားဖြူကြီးစီးနေခဲ့ကြောင်း စရီကပ်စ်တူရီက ရှင်းပြ၏။ ဒုတိယမြင်ကွင်းမှာ ဝေးလံသော ကေရဲလား ပြည်နယ်တွင်ဖြစ်ကြောင်း ကပ်စ်တူရီက ပြောပြ၏။

၁၉၇၀ ပြည့်နှစ် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ပရရှန္တိနီလာယမ်၌ ကျင်းပသော စတုတ္ထမြောက် အိန္ဒိယပြည်လုံးဆိုင်ရာ စရီဆာသီယဆိုင်းဘာ အကျိုးဆောင်အဖွဲ့များမှ အမှုဆောင်များ ညီလာခံတွင် အင်ဒြာဒေဝီက ဘဂဝမ်၏ ရှေ့မှောက်၌ ဟောပြောရသည်။ ထိုဟောပြောချက်တွင် ဖော်ပြပါဖြစ်ရပ်နှစ်ခုအကြောင်း သူမက ထည့်ပြောရာ စရီကပ်စ်တူရီက "ဒီတော့ ခင်ဗျားက ဘာဘာ့ကို အနီးကပ် စောင့်ကြည့်နေတယ်ပေါ့လေ" ဟု ပြက်လုံးထုတ်ရာ ဆိုင်းဘာဘာ အပါအဝင် အားလုံး ရယ်မောကြလေသည်။

အင်ဒြာဒေဝီသည် ရုပ်ရှင်များ၊ စာအုပ်များ၊ ဟောပြောချက်များဖြင့် အမေရိကားတွင် ဆွာမိ၏အဆိုအမိန့်ကို ပျံ့နှံ့စေရေးတွင် တန်ဖိုးမဖြတ်နိုင်သော ဝန်ဆောင်မှုကို ထမ်းရွက်ခဲ့၏။ သူမ၏ စည်းရုံးလှုံ့ဆော်မှုအတွင်းတွင် သူမသည် မမျှော်လင့်သော ပြဿနာတစ်ရပ်ကို ရင်ဆိုင်ခဲ့ရ၏။ သူမ၏ လူစုပွဲများ ဟောပြောပွဲများကို တက်ရောက်ကြသူများက ဘာဘာ ဖန်ဆင်းသော ဝိဘူသီများကို တောင်းခံလာကြခြင်း ဖြစ်၏။ နောက်တစ်ခေါက် အိန္ဒိယသို့ အလာတွင် သူမက ဤကိစ္စကို ဆွာမိအား တင်ပြ၏။ ရုတ်တရက် အဖုံးပါသော ငွေဘူးကလေးတစ်ဘူး အထက်က ချပေးလိုက်သကဲ့သို့ ဆွာမိလက်ထဲ ရောက်လာ၏။ ဆွာမိက ထိုအရာကို သူမအားပြပြီး ပြောသည်။ "ဒါဟာ မကုန်ခန်းနိုင်တဲ့ ဝိဘူသီဘူးပဲ။ သင် ဒီထဲက ဝိဘူသီ ကြိုက်သလောက် ထုတ်ပြီး ဝေငှ ဘယ်တော့မှ မကုန်ခန်းဘူး" သူသည် ဘူးထဲတွင် ပါဝင်သည့် ဝိဘူသီအားလုံးကို စက္ကူတစ်ရွက်ပေါ်သို့ သွန်ချလိုက်၏။ ထိုနောက် ၎င်းကို အသာအယာပုတ်လိုက်ရာ ဝိဘူသီများ ပြန်ပြည့်သွားလေသည်။ ထိုဘူးမှ ဝိဘူသီများကို မကျန်းမာသူများအား ကုသရာတွင် အသုံးပြုရန် သူမကို သူက ညွှန်ကြား၏။ ထိုမှ နောက်ပိုင်းတွင် မကျန်းမာသူများ သူမထံလာတိုင်း သူမက သူတို့ကို ဘာဘာ၏ဂုဏ်တော်များအကြောင်း ပြောပြကာ ဝိဘူသီ အချို့ ပေးလိုက်သည်။ ဤလွယ်ကူ ရှင်းလင်းသော ကုသမှုသည် လူအများကို ပြန်လည် ကျန်းမာလာစေလေသည်။

၁၉၆၉ ခုတွင် ရှီးဗားရှရီပွဲတော်အတွက် ပုတ္တပါတီသို့ လာရောက်သောအခါ ဆွာမိက သူမ ဝေါ်လ်တာကောင်ဝမ်နှင့် သူ့ ဇနီး အယ်လ်စီနှင့် အခြားသူအချို့ကို အင်တာဗျူး ခေါ်၏။ စိတ်ဝိညာဉ်ဆိုင်ရာ ဟောပြောမှုအချို့

အပြီးတွင် ဆွာမိသည် ပုလဲ ၁၀၈ လုံး ပါဝင်သော လှပသည့် စိပ်ပုတီး တစ်ကုံးကို ဖန်ဆင်းလိုက်ကာ သူတို့အားပြ၏။ ဘာဘာက ပြောသည်။ "ဒါဟာ ရိုးရိုးစိပ်ပုတီး မဟုတ်ဘူး။ အင်မတန် အာနိသင် ထက်မြက်တယ်။ အဲဒါဟာ နာတာရှည်ရောဂါတိုင်းကို ပျောက်ကင်းစေနိုင်တယ်။ ဒါဟာ အင်ဒြာဒေဝီရဲ့ အကျိုးဆောင်လုပ်ငန်းအတွက် အင်မတန် လိုအပ်တယ်" အဖိုးတန်လှသော ထိုစိပ်ပုတီးကို ဘာဘာက အင်ဒြာဒေဝီလက်သို့ အပ်နှင်းလိုက်၏။ သူမက ပျော်ရွှင်လှ၍ မျက်ရည်များ ကျလာပြီး "ဆွာမိ ဒါက ဘယ်ရောဂါတိုင်းကို မဆို ပျောက်ကင်းစေမှာလား" ဟု မေးသည်။ ဘာဘာက ပြန်ဖြေသည်။ "စောစောပိုင်းဘဝတွေက ဆက်ခံလာခဲ့ရတဲ့ ကံကြမ္မာ ဝဋ်ကြွေးကြောင့် ဖြစ်ရတဲ့ရောဂါတွေကလွဲရင် ဒါဟာ ရောဂါတိုင်းကို ပျောက်ကင်းစေနိုင်ပါ တယ်။ ဝဋ်ကြွေးကြောင့် ရောဂါရတဲ့သူတွေအတွက်တော့ ကျွန်ုပ်တောင် ဘာမှ လုပ်မပေးဘူး"

အင်ဒြာဒေဝီ၏ယောဂစင်တာသို့ လာရောက်သူ ဦးရေသည်များလာ၏။ သူတို့အထဲက အများအပြားက သူတို့အား မြင့်မြတ်သောမန္တန်တစ်ခုခု သင်ကြား ပို့ချပေးရန် သူမကို တောင်းဆိုကြ၏။ ထိုကဲ့သို့ မရအရ တောင်းဆိုမှုကို မဖြေရှင်းနိုင်သည့်အတွက် ယင်းကိစ္စကို ဆွာမိအား တင်ပြလိုက်သည်။ သူက သူမကို အကြံပေးသည်။ "မန္တန်တွေအားလုံးထဲမှာ အထက်မြက်ဆုံးကတော့ ဥုံပဲ။ ဒါပေမဲ့ သင်သိတဲ့အတိုင်း အဲဒါကို လူတိုင်းကို ပေးလို့မရဘူး။ တစ် ယောက်ယောက်က မန္တန်ပို့ချပေးဖို့ ပန်ကြားတဲ့အခါ သင့်လက်စွပ်ထဲက ကျွန်ုပ် ရဲ့ ပုံကို ကြည့်ပြီး မေးလိုက်ပါ။ အဲဒီအခိုက်အတန့်မှာ သင့်စိတ်ထဲမှာ ပေါ် လာတဲ့ မန္တန်ကို တောင်းခံသူကို ပေးလိုက်ပါ။ အဲဒါဟာ ကျွန်ုပ်ထံက လာတဲ့ မန္တန်ဖြစ်လိမ့်မယ်" ဤစကားများဖြင့် သူသည် ကိုးကွယ်ဆည်းကပ်သူတို့ အား မြင့်မြတ်သောမန္တန်အတွင်းသို့ သွတ်သွင်း ချီးမြှင့်ပို့ချပေးရန် စိတ်ဝိညာဉ် ဆိုင်ရာ အာဏာနှင့် ပိုင်ဆိုင်မှုကို သူမအား ပေးအပ်လိုက်လေသည်။

အင်ဒြာဒေဝီသည် သုံးခါပြန် ကောင်းချီးပေးခြင်းကို ခံရ၏။ ပထမ သူမသည် ဆွာမိကို သူမ နှစ်သက်သည့်အချိန်တွင် ဖူးမြော်ခွင့်ကောင်းချီး ပေးခြင်းကို ခံယူရ၏။ ဒုတိယအနေနှင့် သူမသည် နာမကျန်းသူများအား ကုသပေးခွင့် ကောင်းချီးပေးခြင်းခံရ၏။ တတိယအနေနှင့် သူမသည် အမြင့်

မှန်းသူတို့အား မန္တန်ချီးမြှင့်ပို့ချခြင်းအာဏာကို ကောင်းချီးပေးခြင်းခံရ၏။ ဆွာမိသည် ဤကောင်းချီးပေးမှု သုံးရပ်ထဲမှာ တစ်ခုကိုမျှ အခြားတစ်စုံတစ်ယောက်သို့ ပေးအပ်ခြင်း မပြုခဲ့ပေ။

## ဒေါက်တာဖရန့်က်ဘာရှိနောင်းစကီး

ဒေါက်တာ ဖရန့်က်ဘာရှိနောင်းစကီးသည် အမေရိကန်ပြည်ထောင်စု အရီဇိုးနားပြည်နယ်တက္ကသိုလ်တွင် ရူပဗေဒ ပါမောက္ခဖြစ်လေသည်။ သူသည် ကာလီယန်ဓာတ်ပုံ ပညာကျွမ်းကျင်မှုများကို ရယူပိုင်ဆိုင်ခဲ့၏။ ယင်းသည် လူသားများအပါအဝင် သက်ရှိသတ္တဝါအားလုံးကို ပတ်ရံထားသော ရောင်စုံအရောင်အဝါတောက်ပမှုကို ကာလီယန်ကင်မရာဟု သိရှိကြသော အထူးကင်မရာဖြင့် ရိုက်ကူးသည့် ဓာတ်ပုံပညာ ဖြစ်လေသည်။ အရောင်၊ မတူနိုင်းယှဉ်မှု၊ ပြင်းပြမှု၊ တောက်ပမှု၊ ဖြက်နှင့်ဓောက်တို့သည် လူတစ်ယောက်နှင့် တစ်ယောက် မတူကွဲပြား ခြားနားကြသည်။ သက်ဆိုင်သူ၏ ကျန်းမာရေးနှင့် အသိဉာဏ်ဆိုင်ရာ စိတ်ဝိညာဉ်ဆိုင်ရာ အဆင့်အလျောက်လည်း ကွဲပြားကြသည်။ လူသာမန်များအတွက် ၎င်းသည် ဓောက်တစ်ပေခန့်ရှိတတ်သော်လည်း ကြီးမြတ်သော တွေးခေါ်သူများ၊ ယောဂီများနှင့် စိတ်ဝိညာဉ်ဆိုင်ရာ အဆင့်မြင့်သူများ ပတ်လည်တွင်မူ နှစ်ပေခန့်အထိ ရှိနိုင်သည်။

ဤကိုယ်ရောင်ကိုယ်ဝါတွင် တောက်ပမှုအမျိုးမျိုး ပေါင်းစပ် ပါဝင်သည်။ လူတစ်ယောက်သည် ကျန်းမာရွှင်လန်းနေသောအခါ ၎င်းသည် ဖြူနေလိမ့်မည်။ သူသည် ချစ်ခင်ကြင်နာ သနားစိတ်ပေါက်နေသောအခါ ၎င်းသည် ပြာနှမ်းနှမ်း ဖြစ်လာလိမ့်မည်။ ပြင်းပြသော ချစ်ခင်စိတ်ပေါက်နေသောအခါ ၎င်းသည် နှင်းဆီရောင်ဖြစ်လာလိမ့်မည်။ ဒေါသနှင့် မုန်းတီးစိတ်ပေါက်နေသောအခါ ၎င်းသည် နီလာလိမ့်မည်။ ဤအလင်းရောင် တောက်ပမှုကို ပကတိမျက်စိဖြင့် မြင်နိုင်သူ အလွန်ရှားသည်။ သို့သော် ကာလီယန်ကင်မရာဖြင့် ၎င်းကို ရှင်းရှင်းလင်းလင်း ဓာတ်ပုံရိုက်ယူနိုင်သည်။ ဓာတ်ပုံရိုက်ခံသူ၏ စိတ်နေစိတ်ထား ပြောင်းလဲမှုများကိုပင် ဓာတ်ပုံများတွင် မြင်နိုင်သည်။ ဒေါက်တာဘာရှိနောင်းစကီးသည် ထောင်ပေါင်းများစွာသော ကမ္ဘာ့ခေါင်းဆောင်များ၊ ဘုရင်များ၊ ဘုရင်မ/မိဖုရားများ၊ မြင့်မြတ်သော ပုဂ္ဂိုလ်များ၊ ဘာသာရေး

အကြီးအကဲများကို ကာလီယန် ကင်မရာဖြင့် ဓာတ်ပုံရိုက်ယူခဲ့သည်။ နှစ်ပေခွဲ ကျော်သော ကိုယ်ရောင်ကိုယ်ဝါ တောက်ပမှုရှိသူများကို သူ မတွေ့ခဲ့ပေ။

ဒေါက်တာ ဘာရီနောင်းစကီးသည် အမေရိကားတွင် ဆိုင်းဘာဘာ အကြောင်း စာအုပ်အချို့ကို ဖတ်ခဲ့ရသည်။ သူသည် ဘာဘာ၏ ဘုရားဖြစ်မှု အကြောင်းကို ကြားခဲ့သည်။ သို့သော် သူသည် ဘာဘာ့အပေါ်ခိုင်မာသော ယုံကြည်မှု ဖြစ်ပေါ်မလာခဲ့ချေ။ ၁၉၇၇ ခု ခရစ္စမတ်နေ့တွင် သူသည် အိမ် တစ်အိမ်၌ ရောက်နေသည်။ အိမ်သားများသည် ဆိုင်း ကိုးကွယ်ဆည်းကပ် သူများ ဖြစ်ကြ၍ ဆိုင်းဘဂျန်းများ သီဆိုခြင်းဖြင့် ခရစ္စမတ်ကို ဆင်နွှဲနေ ကြသည်။ ယင်းကို မပျော်ပိုက်သည့်အတွက် သူသည် အထပ်ထပ်ရှိ သူ့ကို ပေးအပ်ထားသောအခန်းသို့ သွားရောက်ပြီး မီးငြိမ်း၍ အိပ်ရာဝင်သည်။ အခန်း ထဲရှိ စားပွဲတစ်ခုပေါ်တွင် ဆိုင်းဘာဘာ၏ဓာတ်ပုံတစ်ပုံ တင်ထားပြီး ဓာတ်ပုံ ရှေ့တွင် မီးမထွန်းရသေးသော ဖယောင်းတိုင်တစ်တိုင် စိုက်ထားသည်။ သူ ကြည့်နေစဉ်မှာပင် ရုံခနဲ အသံထွက်လာပြီး ဖယောင်းတိုင်သည် ရုတ်တရက် မီးထတောက်လေသည်။ ဘယ်သူမှလည်း ဝင်မလာ။ ဘယ်သူကမှလည်း ဖယောင်းတိုင်ကို မီးမထွန်း။ ဘယ်လိုလုပ်ပြီး အဲဒါ မီးတောက်လာသလဲ။ သူ အတွေးရခက်သွား၏။ သူသည် ဓာတ်ပုံကို ထပ်ကြည့်လိုက်ရာ ဆွာမိက သူ့ကို ပြုံးကြည့်နေသည်ကို မြင်လိုက်ရလေသည်။

နောက်နှစ် (၁၉၇၈ ခု) တွင် သူသည် ဘန်ဂလောမြို့တွင် ကျင်းပ သည့် ညီလာခံတစ်ခုကို တက်ရောက်ရန် အိန္ဒိယသို့ ရောက်လာခဲ့သည်။ သူသည် ထိုအခွင့်အရေးကို အသုံးချပြီး အိန္ဒိယပြည်အနှံ့အပြား သွားရောက် ကာ ရာနှင့်ချီ၍ရှိသော ယောဂီများနှင့် မြင့်မြတ်သောပုဂ္ဂိုလ်များအား သူ၏ ကာလီယန်ကင်မရာဖြင့် ဓာတ်ပုံရိုက်ယူခဲ့သည်။ ကိုယ်ရောင်ကိုယ်ဝါ ဖြက် နှစ်ပေကျော်သူကို သူ မတွေ့ရချေ။

တစ်မနက်ခင်းတွင် သူသည် ၅ နာရီအချိန်၌ ဘာဘာကို ပထမဆုံး အကြိမ် မြင်လိုက်သည်။ သူသည် ဘာဘာကို ကြည့်လိုက်မိသောအခါ အံ့သြ တုန်လှုပ်သွားသည်။ ဆွာမိ၏ ပတ်လည်ရှိ ကိုယ်ရောင်ကိုယ်ဝါမှာ သူ အရမ်း ကာရော မျှော်လင့်ထားသည်ထက်ပင် ကျော်လွန်နေသည်။ ယင်းသည် ပေ လေးဆယ်ကျော်ရှိသည်။ ကိုးကွယ်ဆည်းကပ်သူများက ဘဂျန်းများ သီဆိုနေ

ကြခိုက်တွင် ယင်းသည် ပို၍ ပို၍ ဝေးဝေးပျံ့နှံ့လာပြီး အဆောက်အအုံတစ်ခု လုံးနှင့် ၎င်းအထဲတွင် စုရုံးနေကြသော ကိုးကွယ်ဆည်းကပ်သူများအားလုံးကို လွှမ်းခြုံသွားလေသည်။ ယင်းသည် တောက်ပလွန်း၍ ပတ်ဝန်းကျင်ရှိ မီးချောင်း များကြောင့်လောဟု ဘာရိနောင်းစကီး စစ်ဆေးကြည့်ရှုမိသည်။ ဆွာမိ လှုပ်ရှား သည့်အခါ ယင်းသည်လည်း သက်ရှိ တုန်ခါသောအစွပ်တစ်ခုကဲ့သို့ ရွေ့လျား လေသည်။ ယင်းသည် ဆွာမိနှင့် တစ်သားတည်းဖြစ်ကာ သူ့ထံမှသာ ထွက် ပေါ်လာနေခြင်း ဖြစ်ရမည်ဟု သူ ကောက်ချက်ချမိလေသည်။

ထိုအချိန်တွင် နွေသင်တန်းများ ဖွင့်လှစ်သင်ကြားနေသည်။ သို့ဖြစ်၍ ဘာရိနောင်းစကီးသည် ဆွာမိကို သုံးလေးရက်ကြာမျှ စောင့်ကြည့်နိုင်ခဲ့သည်။ တစ်နေ့တွင် ပရိသတ်ကြီးကို ဟောပြောရန် ဆွာမိက သူ့အား စေခိုင်း၏။ ဘာရိနောင်းစကီးက သူ၏အလားတူမရှိသော အတွေ့အကြုံကို ဖော်ပြ၏။ "ကျွန်တော်ဟာ သိပ္ပံပညာရှင်တစ်ယောက်ပါ။ ကျွန်တော်ဟာ ခရစ်ယာန် တစ်ယောက်ပါ။ ဒါပေမဲ့ အခြေခံအားဖြင့် အဲဒီဘာသာကို ကျွန်တော်ရဲ့ယုံကြည် မှုဟာ ပြင်းပြင်းပြပြ မရှိလှပါဘူး။ ဒီကာလီယန်ကင်မရာနဲ့ ကျွန်တော်ဟာ ကမ္ဘာအရပ်ရပ် အလွှာပေါင်းစုံက ထင်ရှားတဲ့ပုဂ္ဂိုလ် ၁၅၀၀၀ လောက်ကို ရိုက်ကူးစစ်ဆေးခဲ့ပါတယ်။ ဒါပေမဲ့ ဒီမှာတော့ ကျွန်တော်ဟာ တခြား ဘယ် နေရာမှာမှ မတွေ့ခဲ့တဲ့ အရာတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ပါတယ်။ ဘာဘာ့ထံက ဖြာထွက်လာတဲ့ ရောင်ခြည်ဟာ ထူးထူးခြားခြား နှင်းဆီရောင်သမ်းနေပါ တယ်။ အဲဒါဟာ အပြင်းပြဆုံး၊ အနက်ရှိုင်းဆုံး၊ ကိုယ်ကျိုးမငဲ့ဆုံး မေတ္တာရဲ့ စရိုက်လက္ခဏာ ဖြစ်ပါတယ်။ နောက်ထပ် ပြိုင်စံကင်းတာတစ်ခုက သူရဲ့ ကိုယ်ရောင်ကိုယ်ဝါဟာ ဒီပရိသတ်ခန်းမကြီးကို ဖုံးလွှမ်းသွားရုံသာမက ကျွန်တော့် မျက်စိတစ်ဆုံး အလင်းရောင် ရေကြီးမှုကြီးလို ပျံ့နှံ့သွားပါတယ်။ အဲဒါက အရာအားလုံးကို ဖုံးလွှမ်းသွားပါတယ်။ အဲဒီ နှင်းဆီရောင် တောက်ပ မှုဟာ ပြင်းပြင်းပြပြ တောက်ပပြီး လုံးဝ ကြည်လင်တဲ့ ရွှေရောင်နဲ့ ငွေရောင် အစင်းကြောင်းတွေကိုလည်း ပြသနေပါတယ်။ ဒီမှာ ကျွန်တော် အခုအချိန် အထိ ဘယ်တုန်းကမှ မကြုံကြိုက်ဖူးတဲ့ အံ့ဖွယ်သရဲ မြင်ကွင်းရှိနေပါတယ်။ ဆွာမိဟာ မေတ္တာရဲ့ ပြည့်ဝတဲ့ ပြယုဂ်ဖြစ်ပါတယ်။ ဆွာမိဟာ ကျွန်တော် တို့အနားကို လာပြီး ကျွန်တော်တို့ကို တို့ထိတဲ့အခါမှာ အဲဒီတောက်ပမှုက

ကျွန်တော်တို့ကိုယ်ထဲကိုလည်း စီးဝင်ပါတယ်။ ကျွန်တော်တို့ဟာ အားကောင်းလှပြီး အလွန်နူးညံ့ သိမ်မွေ့တဲ့ အဲဒီတောက်ပမှု စမ်းချောင်းကြီးထဲမှာ နစ်မြုပ်နေကြပါတယ်။ ကျွန်တော် ဒီမှာ စကားပြောနေတုန်းမှာ ကျွန်တော့်ကိုယ်ဟာ တုန်ခါနေပါတယ်။ ပရိသတ်များ မမြင်ကြဘူးလား။ ဒါပေမဲ့ ဒီတုန်ခါမှုဟာ ကြောက်ရွံ့လို့ မဟုတ်ပါဘူး။ မဖော်ပြနိုင်လောက်အောင် အသရေတင့်နေတဲ့ သူ့ကို ဝန်းရံနေတဲ့ လူ့သဘာဝလွန် ကိုယ်ရောင်ကိုယ်ဝါဟာ စိတ်ကို အလွန်ထိခိုက်လှုပ်ရှားစေတဲ့အတွက် ကျွန်တော့်ကိုယ်ဟာ မထိန်းနိုင်အောင် တုန်ခါနေခြင်း ဖြစ်ပါတယ်”

ဆွာမိက စိန်လက်စွပ်တစ်ကွင်း ဖန်ဆင်းပြီး ဒေါက်တာ ဘာရိုနောင်းစကီးကို ပေးလိုက်သည်။ လူအများ အလွန်ရယူလိုကြသော အင်တာဗျူးတွေ့ဆုံခွင့်ကိုလည်း ပေးသည်။ ဆွာမိက သူ၏ လသားအရွယ် မြေးကလေးအကြောင်းကိုလည်း သူ့ကို ပြောသည်။ “သင် အမေရိကားက အိမ်ကို ပြန်ရောက်တဲ့နေ့မှာ သင့်မြေးကလေးဟာ ခွဲစိတ်ခံရလိမ့်မယ်။ စိတ်မပူနဲ့ ခွဲစိတ်မှုဟာ အောင်မြင်လိမ့်မယ်။ ကလေးဟာ လုံးဝ ကျန်းမာလာလိမ့်မယ်” ဤစကားများကို ဆွာမိက သူ့ဘာသာသူ ပြောကြားခြင်းဖြစ်သည်။ ဒေါက်တာ ဘာရိုနောင်းစကီးက ကလေးအကြောင်းကို လုံးဝ ထုတ်ဖော် ပြောကြားခြင်း မပြုခဲ့ပေ။ သို့သော် သူသည် ကလေးအကြောင်း ဘာဘာ၏ ပြောစကားကို များစွာ ဂရုမစိုက်ခဲ့ပေ။ သူသည် နှစ်ပေါင်းများစွာ ကြာပြီး ကလေး ကြီးပြင်းလာသည့်အခါ ခွဲစိတ်မှုလုပ်ရမည်ဟု ဆရာဝန်များ ပြောထားသည်ကို သိနေသည်။ သူသည် ထို့ကြောင့် အိမ်ပြန်ရောက်သည့်အခါ ထိုနေ့မှာပင် ကလေးကို ခွဲစိတ်ပြီးသွားပြီဟု ကြားသိရသဖြင့် အံ့အားသင့်သွားလေသည်။ ကလေးကို ခွဲစိတ်သော ဆရာဝန်မှာ အိန္ဒိယသား ဖြစ်သည်။ ဒေါက်တာ ဘာရိုနောင်းစကီးက သူ၏ပုတ္တပါတီ အတွေ့အကြုံအားလုံးကို သူ့အား ပြောပြပြီး ဆွာမိပေးလိုက်သော စိန်လက်စွပ်ကိုပြသည်။ ဆွာမိ ပြောခဲ့သည့်အတိုင်းပင် ကလေးသည် မကြာမီ ပြန်ကျန်းမာလာလေသည်။ ဒေါက်တာ ဘာရိုနောင်းစကီးသည် ဆွာမိ၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် အားလုံး သိမြင်သော ဘုန်းတော်ကို အံ့သြမကုန် ဖြစ်ရလေသည်။

ဒေါက်တာ ဘာရိုနောင်းစကီးသည် ရုရှားဒဿနပညာရှင် အလ်ဖ်

မက်ဆင်း၏ တပည့်တစ်ဦး ဖြစ်သည်။ အလ်ဖ်သည် အသက်အရွယ် အလွန်ငယ်စဉ်ကပင် ဘဝ၏စိတ်ဝိညာဉ်ဆိုင်ရာအမြင်များကို စိတ်ဝင်စားခဲ့ပြီး ၁၅ နှစ်အရွယ်တွင် စိတ်ဝိညာဉ်ဆိုင်ရာ တတ်သိမှုကို ရှာဖွေခဲ့သည်။ ယင်းသို့ ရှာဖွေရင်း သူသည် ၁၉၃၆ ခုတွင် အိန္ဒိယသို့ ရောက်လာကာ အနန္တပူရ်သို့ မီးရထားဖြင့် ခရီးသွားသည်။ ကမ္ဘလာပူရ်ဘူတာရုံတွင် သူသည် ၁၀ နှစ်ပင် မပြည့်တတ်သေးသော ဆာသီယဆိုင်းဘာဘာကလေးကို မြင်ရ၍ အကြီးအကျယ် အံ့အားသင့်သွားသည်။ ထိုလူကလေး ပတ်လည်တွင် တိုင်းတာ၍ မရနိုင်လောက်သော ကိုယ်ရောင်ကိုယ်ဝါကို သူ သတိပြုမိ၍ "သူဟာ ဘုရားဓာတ်ဝင်နေတဲ့သူပဲ" ဟု တအံ့တသြ ပြောမိသည်။ အလ်ဖ်သည် လူကလေး၏ နောက်က လိုက်သည်။ သို့သော် တွေ့ခွင့်မရခဲ့ချေ။ ရုရှားပြည်သို့ ပြန်အရောက်တွင် အလ်ဖ်သည် လူငယ်များအတွက် ကာလီယန်ကင်မရာ သုံးစွဲမှု လေ့ကျင့်ရေးစင်တာတစ်ခုကို ဖွင့်လှစ်ခဲ့လေသည်။ သူ မကွယ်လွန်မီတွင် သူသည် သူ၏တပည့်တစ်ဦးဖြစ်သော ဘာရိုနောင်းစကီးကို အိန္ဒိယသို့ သွား၍ ဆိုင်းဘာဘာကို လေ့လာရန် မှာကြားသွားခဲ့လေသည်။

ဒေါက်တာ ဘာရိုနောင်းစကီးသည် အလျှံပယ် ကောင်းချီးပေးခံရသူ ဖြစ်၏။ သူသည် ဆွာမိ၏ ဘုရားတန်ခိုးတော်ကို သူ၏ သိပ္ပံနည်းကျ ကိရိယာဖြင့် စုံစမ်းစစ်ဆေးရန် ထူးခြားလှသည့်အခွင့်အရေးကို ပေးခြင်းခံခဲ့ရ၏။ သူ၏တွေ့ရှိချက်အရ ပြည့်ပြည့်ဝဝ သက်ဝင်ယုံကြည်၍ သူသည် ဆွာမိ၏ ဘုရားတန်ခိုးတော်ကို အနက်ရှိုင်းဆုံး ယုံကြည်ချက်ဖြင့် တစ်ကမ္ဘာလုံးသို့ ကြေညာခဲ့လေသည်။

## ဒေါက်တာ အတ်အောင်းဂျမ်ဆိုင်

၁၉၄၅ ခု ဝန်းကျင်က ဖြစ်သည်။ ဒုတိယကမ္ဘာစစ်သည် မပြီးဆုံးသေး။ ဘဂဝမ်စရီဆာသီယဆိုင်းသည် ဘန်ကောက်မြို့ရှိ အိမ်တစ်အိမ်ရှေ့တွင် ပေါ်လာသည်။ သူသည် အိမ်ရှင်မကိုခေါ်၍ ဝိဘူသီးအချို့ပေးပြီး ၎င်းကို အိမ်ခေါင်မိုးပေါ်တွင် အနှံ့အပြား ပက်ဖြန်းရန် ပြောကြားကာ ပျောက်ကွယ်သွားလေသည်။ သူသည် သူမ၏ဘာသာစကား (ထိုင်းဘာသာ) ဖြင့် စကားပြောသည်။ သူမသည် ခိုင်းသည့်အတိုင်း လုပ်ဆောင်လေသည်။ မိနစ်အနည်း

ငယ်အတွင်းမှာပင် လေကြောင်းမှ တိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားသည်။ သူမ၏ အိမ်မှလွဲ၍ အနီးတစ်ဝိုက်ရှိ အိမ်များအားလုံးသည် ဗုံးများ ထိမှန်ပျက်စီးကြ လေသည်။

အတ်အောင်းဂျမ်ဆိုင်နအာယုဒယသည် ထိုမိသားစုမှ လူကလေး ဖြစ် လေသည်။ အချိန်ကျလာသောအခါ သူသည် သိပ္ပံကျောင်းသားတစ်ဦး ဖြစ် လာပြီး သိပ္ပံနှင့် စက်မှုနည်းပညာ အင်ဂျင်နီယာလ်ကောလိပ်မှ ပါရဂူဘွဲ့ရရှိ ခဲ့လေသည်။ သူသည် သူ့နိုင်ငံမှ ဝန်ကြီးအချို့၏ အကြံပေးပုဂ္ဂိုလ်အဖြစ် လုပ်ကိုင်ပြီး ရာထူးအဆင့်မြင့်မားလာသည်။

၁၉၇၁ ခုတွင် အမေရိကန်ပြည်ထောင်စု အမျိုးသား လေကြောင်းနှင့် အာကာသအုပ်ချုပ်ရေးအဖွဲ့ (နာဆာ) က အင်္ဂါဂြိုဟ်ကို စူးစမ်းလေ့လာရန် လူမပါသည့် အာကာသယာဉ်တစ်စီး စေလွှတ်ရေးစီမံချက်အတွက် သိပ္ပံ ပညာရှင်တစ်ဦး အလိုရှိကြောင်း ကြော်ငြာသည်။ ထိုအလုပ်ကို အတ်အောင်း လျှောက်လိုက်ရာရသွားသည်။ စီမံချက်မှာ အခက်အခဲများအားလုံးကို ကျော် လွှားပြီး ထိုဂြိုဟ်မျက်နှာပြင်ပေါ်တွင် ယာဉ်တစ်စီး ချောချောမောမော သက် ဆင်းစေကာ ထိုမျက်နှာပြင်မှအရာများကို နာဆာတွင် ဓာတ်ခွဲစစ်ဆေးနိုင်စေ ရေးအတွက် ယူဆောင်လာရန် ဖြစ်သည်။ လိုအပ်သော ပစ္စည်းကိရိယာများ ကို ဒီဇိုင်းထုတ်ပြီး စီမံကိန်းရေးဆွဲရန်အလုပ်ကို အတ်အောင်းအား ပေးအပ် လေသည်။

အင်္ဂါဂြိုဟ်၏အလားတူ စရိုက်လက္ခဏာများနှင့် ပုံစံငယ်တစ်ခု၊ ဒုံးပျံ နှင့် ဂြိုဟ်ပေါ်ဆင်းယာဉ်တို့၏ ပုံစံငယ်တို့ကို တည်ဆောက်ကာ စုံစမ်း စစ်ဆေး မှုများ ပြုလုပ်ရန် ဆောင်ရွက်ကြ၏။ စီမံချက်တစ်ခုလုံးအတွက် လိုအပ်သည့် ရန်ပုံငွေများကို နာဆာက ထောက်ပံ့၏။ လအနည်းငယ်အတွင်းတွင် အတ် အောင်းသည် စမ်းသပ်ခန်းတွင် စမ်းသပ်မည့် လိုအပ်သောပစ္စည်း ကိရိယာ များကို ပြုလုပ်နိုင်ခဲ့သည်။ သို့သော် သူ စောစောပိုင်းက စိုးရိမ်ခဲ့သည့်အတိုင်း ပင် ဆင်းသက်ယူနစ်သည် အင်္ဂါဂြိုဟ်၏ လေထုထဲသို့ ဝင်ဝင်ချင်းပင် မီး လောင် ပျက်စီးသွားလေသည်။ နောက်ထပ် လအနည်းငယ်အကြာတွင် အတ် အောင်းသည် နောက်တစ်ခု ထပ်ဆောက်၏။ ၎င်းသည်လည်း အလားတူ ကံကြမ္မာကို ရင်ဆိုင်ရပြန်သည်။ နောက်ထပ် အကြိမ်တော်တော်များများ ဤ

အတိုင်း ဖြစ်နေကြ၏။ စီမံချက်ကြီးတစ်ခုလုံးသည် ပျက်ပြားတော့မည်ပုံ ပေါက်နေ၏။ ငွေကြေးရင်းနှီးမြှုပ်နှံမှု အမြောက်အမြားသည်လည်း အလဟဿ ဖြစ်ခဲ့ရလေပြီ။

အတ်အောင်းသည် ဘာလုပ်ရမှန်းမသိတော့။ သူသည် ကြောက်ဖွယ် ကောင်းလောက်အောင် စိတ်ဓာတ်ကျနေ၏။ နောက်ဆုံးတွင် သူသည် အောင်မြင်သော စမ်းသပ်မှုတစ်ခုကို ပြုလုပ်နိုင်ခဲ့၏။ ယင်းသည် ချောချောမောမော ပြီးဆုံးသွား၏။ မိုက်ကင်းဟု အမည်ပေးထားသော ပကတိအရွယ် ဒုံးပျံကို တည်ဆောက် အသင့်ပြင်ပြီး အချိန်ကျသောအခါ ပစ်လွှတ်လိုက်သည်။ ၎င်းသည် အောင်မြင်ပြီး အင်္ဂါဂြိုဟ်မျက်နှာပြင်မှ ဝတ္ထုပစ္စည်းများကို ပြန်ယူလာနိုင်ခဲ့သည်။ အတ်အောင်းသည် သူ၏အောင်မြင်မှုအတွက် သူ၏ အားထုတ်မှုများသာမက 'မမြင်ရသော လက်များ' ကပါ ကူညီကြသည်ဟု သဘောပေါက်၏။ ဤမှနောက်ပိုင်းတွင် သူသည် သူ၏သိပ္ပံပညာလိုက်စားမှုကို စွန့်လွှတ်ကာ ဘုရားကို ရှာဖွေမှုဖြင့် သူ့ကိုယ်သူ အလုပ်များစေခဲ့လေသည်။ သူသည် သူ့မိခင်နှင့်အတူ အိန္ဒိယပြည်သို့ လာရောက်ကာ ပွိုက်ဖီးလ်ဒ်မြို့သို့ ရောက်လာသည်။ ဘဂဝမ်က အတ်အောင်းကို ဆာသီယဆိုင်းအဖွဲ့အစည်းများတွင် ပါဝင်လှုပ်ရှားပြီး လူ့စံတန်ဖိုးများနှင့် ဆက်စပ်နေသည့် စိတ်ဝိညာဉ်ဆိုင်ရာ ပညာရေးကို ဖြန့်ဖြူးရန် တာဝန်ပေးလေသည်။

များမကြာမီ ထူးခြားလှသော အဖြစ်အပျက်များ ပေါ်ပေါက်၏။ အတ်အောင်းသည် ဆွာမိ၏လုပ်ငန်းများတွင် လုံးဝ နစ်မြုပ်နေ၍ ဘန်ကောက်ရှိ သူ၏ ကိုယ်ပိုင်စက်ရုံကို လှည့်မကြည့်နိုင် ဖြစ်နေ၏။ တစ်ညတွင် လုံခြုံရေးအစောင့်သည် စက်ရုံအဝင်ပေါက်ရှိ သူ၏အခန်းထဲတွင် အိပ်နေ၏။ သူသည် မအိပ်ခင် သူ၏အခန်းတံခါးကို မင်းတုပ်ထိုးခဲ့၏။ သို့သော်ငြားလည်း ဘဂဝမ် စရီဆာသီယဆိုင်းသည် အခန်းထဲဝင်လာ၍ သူ့ကိုနှိုးပြီး သူ့တာဝန်ကို ကျေကျေပွန်ပွန် ထမ်းဆောင်ရန် (တာဝန်ချိန်တွင် မအိပ်ရန်) ပြောကြား၏။ သူက ထိုင်းဘာသာဖြင့် ပြောကြားခြင်းဖြစ်၏။ အစောင့်သည် တံခါးကို အတွင်းမှ မင်းတုပ်ထိုးထားသော်လည်း ထိုလူစိမ်း မည်သို့ဝင်လာခဲ့သည်ကို နားမလည်နိုင် ဖြစ်နေ၏။ နောက်နေ့ညတွင်လည်း ထိုအတိုင်းဖြစ်ပြန်၏။ နောက်ဆုံးတွင် စက်ရုံပိုင်ရှင် ရောက်လာသောအခါ အစောင့်က သွားရောက်တွေ့ဆုံကာ

ဆန်းကြယ်သော ထိုအဖြစ်အပျက်များကို တင်ပြပြီး သူ၏တာဝန် ပျက်ကွက်မှုအတွက် တောင်းပန်သည်။ အတ်အောင်း၏အခန်းထဲတွင် ချိတ်ဆွဲထားသော ဘဂဝမ်စရီဆာသီယဆိုင်း၏ ဓာတ်ပုံကို ဓာတ်ပုံအစောင့်က သူ့ကို လာနှိုးသူမှာ ထိုပုဂ္ဂိုလ်ဖြစ်ကြောင်း သူ့အလုပ်ရှင်ကို ပြောပြလေသည်။

ရက်အနည်းငယ်ကြာသောအခါ အတ်အောင်းသည် ပရရှန္တိနီလာယမ်သို့ ရောက်လာ၏။ ဘဂဝမ်က ပညာရေးစနစ်များကို လူ့စံတန်ဖိုးများနှင့် ဆက်စပ်ပေးရန် လိုအပ်ကြောင်း ဟောပြောနေခိုက် ဖြစ်သည်။ သူသည် ဟောပြောရင်း တန်းလန်းကပင် အတ်အောင်းအား စင်မြင့်ထက်သို့ ဖိတ်ခေါ်၍ စကားပြောခိုင်း၏။ အတ်အောင်းက သူ၏ဆွာမိနှင့် အတွေ့အကြုံများနှင့် ဆွာမိက သူ့ကို ချစ်ခင် ကြင်နာစွာ စောင့်ရှောက်ခဲ့ပုံများကို ပြောပြလေသည်။

ထိုနေ့မှ နောက်ပိုင်းတွင် ထူးချွန်ထင်ရှားသော သိပ္ပံပညာရှင်ဒေါက်တာ အတ်အောင်းဂျမ်ဆိုင်းသည် ဆွာမိ၏ နတ်သုဒ္ဓါကဲ့သို့ ချိုမြသော စိတ်ဝိညာဉ်ဆိုင်ရာ ပညတ်ချက်များကို အနောက်တိုင်းသို့ အားသစ်လောင်းထားသော စောက်ချမှု ပိုမိုအားကောင်းသော ယုံကြည်မှုတို့ဖြင့် ဖြန့်ဖြူးသော ဘုရားလုပ်ငန်းကို အလုပ်အကျွေးပြုခြင်းအားဖြင့် သူ့ဘဝကို ပြည့်ဝစေခဲ့လေသည်။ ၁၉၉၈ ခုတွင် ဒေါက်တာအတ်အောင်းသည် လူ့စံတန်ဖိုးများဆိုင်ရာ စရီဆာသီယဆိုင်း ပညာရေးစိတ်ကူးများကို ပြန့်ပွားစေရန် ဘန်ကောက်မြို့တွင် ဆာသီယဆိုင်းပညာရေး အင်စတီကျူကို တည်ထောင်လေသည်။ အင်စတီကျူက ၂၀၀၀ ပြည့်နှစ် စက်တင်ဘာလတွင် ပရရှန္တိနီလာယမ်၌ "စံတန်ဖိုးများအားဖြည့်ခြင်း ညီလာခံကို ကျင်းပခဲ့ရာ နိုင်ငံပေါင်း ၇၁ နိုင်ငံမှ ပညာသင်ကြားပေးသူ ၆၅၀ တက်ရောက်ခဲ့ကြလေသည်။ ဆွာမိက တက်ရောက်သူအတော်များများကို စိန်လက်စွပ်များ ချီးမြှင့်ပြီး စိတ်ဓာတ် တက်ကြွဖွယ်ရာ ဟောပြောမှုများလည်း လုပ်ဆောင်ပေးခဲ့လေသည်။

## ပျော်ပျော်နေပါ သင့်ထံက ကျွန်ုပ် ဒါပဲတောင်းဆိုတယ်

ဂျွန်ဆင်ကလဲသည် အမေရိကန်ပြည်ထောင်စု ကွန်နက်တီဘတ်ပြည်နယ်မှ ကုဋေကြွယ် သူဌေးတစ်ဦးဖြစ်သည်။ သူ့ဘဝတစ်ဆင့်တွင် သူသည် သူ၏စိတ်အေးချမ်းမှုကို ပျက်စီးစေသော လုပ်ငန်းပြဿနာဝက်ပါထဲသို့

ကျရောက်သွားခဲ့လေသည်။ တစ်ညတွင် သူသည် သူ့အခန်းထဲတွင် ထိုင်ရင်း ဘုရားကို ဆုတောင်းလေသည်။ ''သင် ဘယ်မှာရှိတယ်၊ သင် ဘာနဲ့တူတယ် ဆိုတာ ကျွန်ုပ် မသိပါဘူး။ သင်ဟာ တည်ရှိတယ်ဆိုတာ တစ်ခုတည်းကိုပဲ ကျွန်ုပ် သိပါတယ်။ ကျေးဇူးပြုပြီး ကျွန်ုပ်ကို ကူညီပါ'' သူသည် စိတ်အား ထက်သန်လှစွာ ဆုတောင်းပြီး အလုံးစုံ ပုံအပ်လိုက်လေသည်။ ထိုမှနောက်တွင် ဘုရား၏ မမြင်ရသောလက်က သူ့ကို ကာကွယ်စောင့်ရှောက်နေသည်ကို သူ သတိပြုလာမိလေသည်။

တစ်ညတွင် သူသည် နံနက်စော ၂ နာရီနှင့် ၃ နာရီအကြား သူ၏ အတွင်းခန်းထဲတွင် တစ်ဦးတစ်ယောက်ရှိနေသည်ကို သတိပြုမိသည်ဟု ခံစားမိလေသည်။ ထိုသူသည် မလှုပ်မရှားဘဲ ရပ်နေသည်။ သူသည် ဘယ်သူဖြစ်ကြောင်းနှင့် ဘာကိစ္စရောက်နေကြောင်း ဆင်ကလည်း မသိရှိချေ။ သို့သော် သူသည် ရှင်းမပြနိုင်သော မရေမရာ ပျော်ရွှင်ချမ်းမြေ့မှုတစ်ရပ်ကို ခံစားရကြောင်း သူအသိအမှတ်ပြုမိလေသည်။ နောက်တစ်ညတွင်လည်း အလားတူ မြင်တွေ့ရပြန်၏။ ယင်းသည် အိပ်မက်မဟုတ်ကြောင်း သူ သေချာ၏။ ယင်းသည် ကွင်းကွင်းကွက်ကွက်နိုင်လွန်းသည်။

ဆင်ကလဲသည် နယူးယော့မြို့ရှိ စိတ်ဝိညာဉ်ဆိုင်ရာစင်တာကို သွားရောက်ပြီး တွေ့ရသူတစ်ဦးအား သူ၏ မကြာသေးမီက အတွေ့အကြုံများကို ပြောပြ၏။ ထိုသူက ''ခဏကလေးနော် တဆိတ်'' ဟု ပြောပြီး ဝိဘူသီးပြာထုပ်ကလေးတစ်ခု ယူလာကာ ဆင်ကလဲကို ပေးရင်း ''ဆိုင်းရမ်'' ဟု ရေရွတ်၏။ သူသည် ဘဂဝမ်စရီဆာသီယဆိုင်းအကြောင်း အတော်ကြာအောင် ပြောပြကာ ယင်းသည် ဆွာမိက သူ့ကို ဖူးမြင်ခွင့်ပေးခဲ့ခြင်းဖြစ်ကြောင်း ပြောသည်။ ဆင်ကလဲသည် လေးလေးနက်နက် စိတ်လှုပ်ရှားသွားလေသည်။ သူသည် ဝေးလံသောအရပ်ရှိ အမေရိကမှ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးမျှသာ ဖြစ်ပြီး သူ့တွင် စိတ်ဝိညာဉ်ဆိုင်ရာ တတ်သိမှု လုံးဝ နီးပါးမရှိ။ သူသည် စရီဆာသီယဆိုင်းဘာဘာအကြောင်း စာအုပ်တစ်အုပ်ပင် မဖတ်ဖူးခဲ့။ ယင်းသို့ ဖြစ်သော်ငြားလည်း အရှင်မြတ်သည် သူ့အိမ်ကို ကိုယ်တိုင်ကိုယ်ကျ ကြွရောက်လာပြီး သူကဲ့သို့ မမှုလောက်သော သူတစ်ယောက်ကို ဖူးမြင်ခွင့်ပေးခဲ့သည်။ သူ၏စိတ်ထဲတွင် သူသည် ထိုအခိုက်အတန့်၌ ဆွာမိ၏ ခြေရင်းတွင် ဝပ်စင်း

ခဲ့သည်။ သူ၏နှလုံးသားသည် ဘဂဝမ်၏ကရုဏာတော်နှင့် မေတ္တာကို တမ်းတ မိလေသည်။

ထိုတမ်းတမှု၏ အကျိုးဆက်အနေဖြင့် သူသည် ပရရှန္တိနီလာယမ်သို့ ထွက်ခွာခဲ့လေသည်။ သူ ရောက်လာသောအခါ ဆွာမိက သူ့ကို အင်တာဗျူး ခန်းသို့ ဖိတ်ခေါ်ပြီး "ကျွန်ုပ် သင့်ထံ နှစ်ခါလာခဲ့တယ်" ဟု ပြောလေသည်။ ဆင်ကလဲက ရုတ်တရက် နားမလည်နိုင်သေးဘဲ စိုက်ကြည့်နေမိသည်။ ဆွာမိ က ဆက်ပြောသည်။ "ကျွန်ုပ် သင့်အတွက် အများကြီး လုပ်ပေးခဲ့တယ်။ သင့်ကို ကျွန်ုပ်အများကြီး ပေးခဲ့ပြီးပြီ။ ဒါတောင် သင့်မှာ ငြိမ်းချမ်းမှု မရှိ သေးဘူး။ သင် ဆွာမိအတွက် တစ်ခုခုလုပ်ပေးပါလား" ဆွာမိ၏စကား များကို ကြားရသောအခါ ဆင်ကလဲသည် ဆွာမိ ဘာပဲတောင်းတောင်း ပေး အပ်ရန် အသင့်ဖြစ်နေလေသည်။ သူက ပြောလိုက်သည်။ "အသေအချာပေါ့ ဆွာမိ" ဆွာမိက ပြုံးရင်း ပြောလိုက်သည်။ "အမြဲပျော်ပျော်နေ၊ အဲဒါဟာ သင့်ထံက ကျွန်ုပ်ရဲ့ တစ်ခုတည်းသော တောင်းခံမှုပဲ" ဆင်ကလဲသည် သူ့ ထံမှ ဆွာမိ၏လိုအပ်ချက်ကို ကြားရသောအခါ မူးမိုက်သွားတော့မတတ် အံ့ဩသွားလေသည်။ သူ၏ကျန်းမာ ပျော်ရွှင်မှုမှလွဲ၍ အခြားဘာမှမတောင်း ခံချေ။

၁၉၉၃ ခုနှစ် မင်္ဂလာရှိသော ဂုရုပူနီးမနေ့တွင် ခမ်းနား ထည်ဝါလှ သည့် ပူးရ်နားချန္ဒရ (လပြည့်ဝန်း) စည်းဝေးခန်းမကြီး၌ ဟောပြောရင်း ဆင်ကလဲက ပြောကြားသွားသည်။ "ကျွန်တော် ငယ်စဉ်က ခရစ်ယာန် လူ ကလေးတစ်ယောက်အဖြစ် ကြီးပြင်းအောင် ပြုစုစောင့်ရှောက်ခံခဲ့ရစဉ်မှာ ကျွန်တော်ဟာ ယေရှုခရစ်တော် ထွက်ခွာသွားပြီး နှစ်ပေါင်းနှစ်ထောင်ကျော် ကြာမှ လူဖြစ်ခဲ့ရတာကို စိတ်ဆင်းရဲမိခဲ့ပါတယ်။ တစ်ဦးဦးက ကျွန်တော့်ရဲ့ နာကျင် ငိုကြွေးသံကို အမှန်တကယ် ကြားသိခဲ့ပါတယ်။ ခရစ်တော်ကို ကျွန်တော်တို့ထံ စေလွှတ်ခဲ့တဲ့ အဲဒီဘုရားဟာ ဒီမှာ ထိုင်နေပါတယ်"

ဆင်ကလဲက တန်ခိုးပြသည့် ဖြစ်ရပ်နှစ်ခုကိုလည်း တင်ပြသွားသည်။ "ပရရှန္တိနီလာယမ်ကို ကျွန်တော် ရောက်မလာခင် လအနည်းငယ်မှာ ကျွန်တော် ဟာ အလုပ်ကိစ္စနဲ့ တစ်နေရာကိုသွားဖို့ရှိတယ်။ ကျွန်တော်ရဲ့ ရဟတ်ယာဉ်ကို ကျွန်တော်ကိုယ်တိုင် မောင်းသွားမယ်လို့ ကျွန်တော့်မိန်းမကို ကျွန်တော် ပြော

တယ်။ သူက ကျွန်တော့်ကို ဖျက်ဖို့ ကြိုးစားတယ်'' ''ရှင့်စိတ်က အခု တစ်လောမှာ ရှင့်အလုပ်ကိစ္စ ပြဿနာတွေနဲ့ ရှုပ်ထွေးနေတယ်။ လေယာဉ်မှူး အဖြစ် အသက်မွေးနေတဲ့ ယာဉ်မှူးတစ်ယောက်ကို ရှင် ဘာဖြစ်လို့ မငှား သလဲ။ ဆာသီယဆိုင်းဘာဘာအား အလုပ်များလွန်းလို့ ရှင့်ကို ကာကွယ်ပေး ဖို့ တစ်ချိန်လုံး ရှင်နဲ့အတူ လာထိုင်မပေးနိုင်ဘူး။ သူက ရှင့်ကို တစ်ချိန်လုံး ကာကွယ်ပေးရမှာကျနေတာပဲ။ သူ့မှာ စောင့်ရှောက်ပေးရမယ့် လူတွေအများ ကြီး ရှိတယ်'' ကျွန်တော်က သူ့ကို ပြောပြတယ်။ ''ငါဟာ အေအတန်းအစား အရည်အချင်းပြည့် လက်မှတ်ရ လေယာဉ်မှူးတစ်ယောက်ပါကွာ။ ငါရဲ့ ပျံသန်း မှု စွမ်းရည်ကို မင်းက ဘာဖြစ်လို့ သံသယရှိနေရတာလဲ'' ကျွန်တော် ကျွန်တော့်ရဟတ်ယာဉ်ကို မောင်းခဲ့တယ်။ ဒါပေမဲ့ ကျွန်တော့်မိန်းမ စိုးရိမ် ခဲ့တဲ့ အတိုင်းပဲ လမ်းမှာ ရဟတ်ယာဉ်စက်ပျက်တယ်။ ဟိုက်ဒရောလစ် (အရည်ရဲ့ လှုပ်ရှားမှုအားနဲ့ လည်ပတ်တဲ့) စနစ်က ပျက်ပြားသွားတယ်။ ကျွန်တော်ဟာ ရဟတ်ယာဉ်ကို ထိန်းလို့မရတော့ဘူး။ ငါတော့ သေတော့မယ် လို့ ကျွန်တော် အောက်မေ့တယ်။ ကျွန်တော်ဟာ ကျွန်တော့်အိတ်ကပ်ထဲက ဆွာမိရဲ့ဓာတ်ပုံကို ထုတ်ပြီး ကြည့်လိုက်တယ်။ နောက်တစ်ခဏမှာ ဆွာမိ ဟာ ရဟတ်ယာဉ်ထဲ ကျွန်တော့်ဘေးမှာ ရောက်နေတာကို ကျွန်တော် တွေ့ လိုက်တယ်။ သူဟာ ရဟတ်ယာဉ်ကို ကျွမ်းကျင်စွာ မောင်းနှင်ပြီး တောင် ကုန်းစောင်းတစ်ခုမှာ ဆင်းလိုက်တယ်။ သူဟာ ဘေးတံခါးကိုဖွင့်၊ ကျွန်တော့် ကို ဂရုတစိုက် ဆွဲထုတ် ရဟတ်ယာဉ်ကို တွန်းဖယ်ပြီး ပျောက်ကွယ်သွား တယ်။ အဲဒါဟာ ဘဂဝမ်က ကျွန်တော့်ကို ကယ်ဆယ်ခဲ့ပုံပါ။ အကြိမ်ကြိမ် ကယ်ဆယ်ခဲ့ပြီး ကျွန်တော့်ကို သူ့ခြေတော်ရင်း နီးသထက်နီးလာအောင် ဆွဲ ခေါ်ခဲ့ပါတယ်။

''ဒီ့ထက်ပိုပြီး အံ့ဩစရာကောင်းတဲ့ အဖြစ်အပျက်တစ်ခုကို ကျွန်တော် တင်ပြပါဦးမယ်။ ဒီလူစုလူဝေးမှာ ရှေ့ဆုံးတန်းက ထိုင်နေသူတစ်ယောက် ဖြစ်တဲ့ အမျိုးသမီးဟာ ကျွန်တော့်သမီး မာလီးန်ဆင်ကလဲ ဖြစ်ပါတယ်။ သူဟာ မြင်းစီးကျွမ်းကျင်သူ တစ်ယောက်ပါ။ သူဟာ မြင်းကောင်းတစ်စီးဝယ် ပြီး ပြိုင်ပွဲတွေဝင်ဖို့ အဲဒါကို လေ့ကျင့်ပေးပါတယ်။ တစ်ခါတော့ သူဟာ မြင်းစီးလမ်းမှာ အမြန်စီးပြီး တံတိုင်းတစ်ခုကို ခုန်ဖို့ ကြိုးစားတယ်။ အကြောင်း

မလှုချင်တော့ မြင်းခြေထောက်ဟာ တံတိုင်းကို မလွတ်ဘူး။ သူဟာ မြင်းပေါ်က လိမ့်ကျပြီး သူ့ခေါင်းနဲ့ မြေကြီးနဲ့ ဆောင့်မိတယ်။ ပေါင် ၁၈၀၀ လောက်လေးတဲ့ မြင်းက သူ့ကိုယ်ပေါ်ကို ပိကျတယ်။ သူ့ကို ဆေးရုံတင်ရတာ ၄၅ မိနစ်လောက်ကြာတယ်။ ကျွန်တော့်ကို ဖုန်းနဲ့ အကြောင်းကြားလို့ အဲဒီကို ကျွန်တော် အမြန်သွားတယ်။ ကျွန်တော်က ကျွန်တော့်အင်္ကျီအိတ်ထဲက ဝိဘူသီးပြာထုပ်ကလေးကို ထုတ်ပြီး သူ့မျက်နှာက ဒဏ်ရာတွေကို လိမ်းပေးတယ်။ သူ့ပါးစပ်ထဲကိုလည်း နည်းနည်းထည့်ပေးတယ်။ နောက်တစ်နေ့မှာ ကျွန်တော် ဆေးရုံသွားပြီး သူ့ကိုကြည့်တဲ့အခါ သူ့မျက်နှာမှာ ဘာဒဏ်ရာမှ မရှိတော့ဘူး။ သုံးလလောက်ကြာမှ သူ ပြည့်ပြည့်ဝဝ ပျောက်ကင်းကျန်းမာပြီး မြင်းပြန်စီးနိုင်တယ်။ ဒါပေမဲ့ ဇာတ်လမ်းက ဒီမှာ မဆုံးသေးဘူး။

အင်တာဗျူးခန်းထဲမှာ ဆွာမိက မာလီးန်ကို ကြည့်ပြီး မေးတယ်။ "ကျွန်ုပ် သင့်ကို လေဖြတ်ခြင်းကနေ ကယ်ဆယ်ခဲ့တယ် မဟုတ်လား" သူက ပြန်ဖြေတယ်။ "ဟုတ်ပါတယ် ဆွာမိ၊ ကျွန်မကို ဆွာမိ ကယ်ဆယ်ခဲ့ပါတယ်" အင်တာဗျူးပြီးတော့ ကျွန်တော်က မာလီးန်ကို မေးပါတယ်။ "ဆွာမိက သမီးကို ဘာမေးတာလဲ။ သမီးက သူ့ကို ဘာပြန်ဖြေလိုက်တာလဲ" အဲဒီအခါမှာ သူက ကျွန်တော့်ကို ပြောပြပါတယ်။ "ကျွန်မ အက်ဆီးဒင့်ဖြစ်တဲ့နေ့မှာ ကျွန်မ မျက်လုံးတစ်ဖက် ပျက်သွားပါတယ်။ မြင်းက ကျွန်မအပေါ် လေးလေးလံလံကျလာတဲ့အခါမှာ ကျွန်မ ကိုယ်တစ်ခြမ်း သေသွားပါတယ်။ ကျွန်မ မိုးရေထဲမှာ ဘာမှမလှုပ်နိုင် မကိုင်နိုင် လဲနေတုန်းမှာ လူတစ်ယောက်က ကျွန်မကို စောင့်ကြည့်နေခဲ့ပါတယ်။ ကျွန်မကို လူနာတင်ယာဉ်နဲ့ ဆေးရုံကို ပို့တဲ့အခါမှာ သူဟာ ယာဉ်ထဲမှာ ကျွန်မ ဘေးမှာပါလာပါတယ်။ အရေးပေါ် ကုသဆောင်မှာလည်း သူက ကျွန်မဘေးမှာ တစ်ချိန်လုံး ရှိခဲ့ပါတယ်။ သူဟာ ဆေးရုံမှာ တစ်ညလုံး ကျွန်ုပ်ကို စောင့်ကြည့်နေခဲ့ပါတယ်။ အဲဒီသူက တခြားသူ မဟုတ်ပါဘူး။ ဒီဆိုင်းဘာဘာ ဖြစ်ပါတယ်။ သူဟာ ကျွန်မ မျက်လုံးကို ကောင်းသွားစေပါတယ်။ လေဖြတ်တာကိုလည်း ပျောက်ကင်းစေခဲ့ပါတယ်။ အဲဒီကျတော့မှ သူဟာ ဆေးရုံက ထွက်ခွာသွားပါတယ်" တဲ့။ ဒီအဖြစ်အပျက်ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း တော်တော်ကြာကဖြစ်ပျက်ခဲ့ပေမဲ့ အဲဒီအကြောင်းကို အင်တာဗျူးခန်းမှာ ဘာဘာနဲ့ သူနဲ့ ပြောဆို

ကြတော့မှပဲ ကျွန်တော် သိရပါတယ်။ ဒါဟာ မိမိတို့ရဲ့မိဘတွေထက်တောင် ဆွာမိက ပိုရင်းနှီးသေးတယ်ဆိုတာပြတဲ့ ကောင်းမွန်လှတဲ့သာဓက တစ်ရပ် ဖြစ်ပါတယ်။

"တပည့်တော်ရဲ့ ဆွာမိ တပည့်တော်အရှင်ဘုရားကို ပြည့်ပြည့်ဝဝ ယုံကြည်ပါတယ်။ တပည့်တော်ရဲ့ကိုယ်ကို အရှင်ဘုရား ခြေတော်ရင်းမှာ လုံးဝ ပုံအပ်ပါတယ်" ဟု ဆင်ကလဲက နိဂုံးချုပ်လိုက်လေသည်။

## ဂျာဂဒီးဆန်

သူသည် မလေးရှားအစိုးရ စက်မှုဖွံ့ဖြိုးရေးအာဏာပိုင်အဖွဲ့တွင် ဒု-ညွှန်ကြားရေးမှူးချုပ်အဖြစ် အမှုထမ်းနေသည်။ ဆွာမိအကြောင်းကို သူများ ပြောတိုင်း သူသည် မထေမဲ့မြင် မလိုတမာ ရှုတ်ချ ပုတ်ခတ်ဝေဖန်လေ့ရှိသည်။ သူ့နာမည်မှာ ဂျာဂဒီးဆန် ဖြစ်သည်။ တစ်ကြိမ်တွင် သူသည် သူ့ယောက္ခမ၏ အိမ်သို့ ရောက်သွားသည်။ သူမ၏အခန်းတွင် သူသည် ဆွာမိ၏ ဓာတ်ပုံကို မြင်သည်။ သူသည် ဆွာမိကို အပြင်းအထန် ပြစ်တင်ရှုတ်ချသည်။ နှစ်နာရီ ကြာမျှ မကျေမနပ် လျှောက်ပြောနေပြီး နောက်ဆုံးတွင် သူသည် ဓာတ်ပုံကို ပြောလိုက်သည်။ "သင့်မှာ ဒီလူတွေ ပြောကြားနေကြတဲ့ ဘုရားတန်ခိုးတော် တွေ တကယ်ရှိတယ်ဆိုရင် ကျွန်ုပ်ကို သက်သေပြပါ။ အဲဒီအခါကျမှ ဒီ ယုံတမ်းစကားတွေကို ကျွန်ုပ် ယုံမယ်" သူသည် ဘဂဝမ်ဘာဘာကို စိန် ခေါ်ခဲ့ရာ ရောက်သည်ဟု သဘောမပေါက်မိချေ။ ထိုစကားကို သူ ပြောပြီး သည်နှင့် တစ်ပြိုင်နက် သူ့ကို မကြည်မသာ ဖြစ်စေခဲ့သည့် ဓာတ်ပုံပေါ်တွင် ဝိဘူသီးများ ပေါ်ထွက်လာလေသည်။

နောက် လေးလအကြာတွင် ဂျာဂဒီးဆန်သည် အိန္ဒိယသို့ သွားရောက် ပြီး ပရရှန္တိနီလာယမ်သို့ ရောက်လာသည်။ ပရိသတ်ခန်းမကြီးတွင် ဆွာမိသည် သူ့အနီးသို့ အသာအယာကပ်လာပြီး "မလေးရှားကလား" ဟု မေးလေသည်။ သူ မလေးရှားက လာကြောင်း ဆွာမိ ဘယ်လိုသိသလဲဟု တွေးတော အံ့သြရင်း သူက "ဟုတ်ပါတယ် ခင်ဗျာ"ဟုဖြေလိုက်သည်။ ဆွာမိက သူ့ကို အင်တာဗျူး ခန်းတွင်းသို့ ဖိတ်ခေါ်သည်။ အသက် ၃၂ နှစ်ရှိပြီဖြစ်သော ဂျာဂဒီးဆန်သည် ဖခင်ရှေ့ရောက်နေသော ခုနစ်နှစ်သားကလေးတစ်ဦးကဲ့သို့ ခံစားမိလေသည်။

ဆွာမိ၏ ဖခင်ဆန်သော ချစ်ခင်ကြင်နာမှုက သူ၏နှလုံးသားကို ပျော်ဆင်း သွားစေသည်။ သူ၏ ပါးများပေါ်သို့ မျက်ရည်များ အလျှံပယ် စီးကျလာ ကြသည်။ သူသည် ဆွာမိကို သက်ဝင်ယုံကြည်လာခဲ့သည်မှာ လေးလသာ ရှိသေးသည်။ ထိုအချိန်မတိုင်မီက သူသည် သူ့အတွက် မထေမဲ့မြင် ပြုမှုသာ ရှိခဲ့သည်။ ထိုညှိမှောင်သောကာလအတွင်း သူ့အပေါ် သူ၏ ဆိုးယုတ်ခဲ့မှု သည် သူ၏နှလုံးသားတွင် လေးလံစွာ ချိတ်ဆွဲနေပြီး သူ၏စိတ်ဆင်းရဲမှုကို မဖုံးကွယ်နိုင်တော့ချေ။ သူသည် ရင်ဖွင့်ရန် ဆုံးဖြတ်လိုက်သည်။ သူက ပြောကြားလိုက်သည်။ "ဆွာမိ ကျေးဇူးပြုပြီး ကျွန်ုပ်ကို ခွင့်လွှတ်ပါ။ လွန်ခဲ့တဲ့ လေးလအထိ ကျွန်ုပ်ဟာ သင့်ကို မယုံကြည်ခဲ့ပါဘူး" ဘဂဝမ်က သူ၏ လက်ညှိုးကို ဗယ်မှညာ၊ ထို့နောက် ညာမှဗယ် လှုပ်ရမ်းပြပြီး ပြုံး၍ ပြော လိုက်သည်။ "ဟား ဟား သင်ဟာ မယုံကြည်သူတစ်ယောက်မျှသာ ဖြစ်ရုံ မကဘူး သင်ဟာ အပြင်းအထန် ဆန့်ကျင်ခဲ့တယ်။ သင်ဟာ အားကောင်းတဲ့ အတိုက်အခံဖြစ်ခဲ့တယ်" ဂျာဂဒီးဆန်သည် ပူဆွေးခြင်း ရှက်ခြင်းတို့ဖြင့် လဲပြိုကျကာ ဘာဘာ၏ ကြာပဒုံခြေတော်ရင်းတွင် ဝပ်စင်း၍ ငိုကြွေးစပြု လေသည်။ ဆွာမိက သူ့ပခုံးကို ကိုင်ပြီး ဖြည်းညင်းစွာ ပင့်တင်ပေးသည်။ "မငိုနဲ့ ဘန်ဂရု (ဆွာမိက ချစ်ခင်သူများကို ခေါ်လေ့ရှိသော နာမည်) ဆွာမိ အရာရာကို သိတယ်"

ယခုအခါ ဂျာဂဒီးဆန်သည် ဆွာမိ၏အကြံပေးချက်အရ အရှေ့တိုင်း လုံးဆိုင်ရာ ဆာသီယဆိုင်း အဖွဲ့အစည်းများ၏ ညှိနှိုင်းဆောင်ရွက်သူအဖြစ် အမှုထမ်းနေလေသည်။

## အခန်း (၁၄)

# ကျွန်ုပ်ဟာ လူတိုင်းရဲ့အတိတ်၊ ပစ္စုပ္ပန်နဲ့ အနာဂတ်ကို သိတယ်

"အထွတ်အထိပ်ပုဂ္ဂိုလ်ဟာ လူအသွင်နဲ့ မြေပြင်ကို ဆင်းသက်လာခဲ့တာဟာ မယုံကြည်နိုင်လောက်အောင် ထူးခြားတဲ့ဖြစ်ရပ်တစ်ခုလို့ သင်တို့ထင်မြင်နိုင်တယ်။ ဒါပေမဲ့ သင်တို့ ကျွန်ုပ်နေရာမှာရှိရင် သင်တို့ သိပ်အံ့သြမှာ မဟုတ်ဘူး။ ကျွန်ုပ်ဟာ သင်တို့ထဲက လူတိုင်းရဲ့အတိတ်၊ ပစ္စုပ္ပန်နဲ့ အနာဂတ်ကို ပြည့်ပြည့်ဝဝ သတိထားမိတယ်။ အဲဒါကြောင့် ကျွန်ုပ်ဟာ သနားခြင်းရဲ့ ဖုံးလွှမ်းခြင်း မခံရဘူး။ ကျွန်ုပ်မှာ ကရုဏာနဲ့ မေတ္တာမရှိလို့ မဟုတ်ဘူး။ ကျွန်ုပ်ရဲ့နှလုံးသားဟာ ကျောက်သားနဲ့ လုပ်မထားတာ သေချာတယ်။ ဒါပေမဲ့ သင်တို့ရဲ့နှလုံးသားတံခါးကို သင်တို့ ပိတ်ထားရင် ကျွန်ုပ်ရဲ့ ချိုမြိန်တဲ့မေတ္တာလှိုင်းတွေဟာ ဘယ်လိုလုပ်ပြီး ဝင်ရောက်နိုင်မလဲ။ သင်တို့က မျက်ရည်ကျပြီး ပြောတယ်။ "ဆွာမိ တပည့်တော် ကန်းနေပါတယ်။ တပည့်တော်ဟာ အရှင်ဘုရားရဲ့ ဘုရားဓာတ်ကိန်းအောင်းတဲ့ အသွင်တော်ကို ဖူးမြင်ချင်ပါတယ်။ တပည့်တော်ရဲ့စိတ်ဆင်းရဲမှုဟာ အရှင်ဘုရားရဲ့ နှလုံးသားကို မပျော့ပျောင်းစေဘူးလား" သင်တို့ဟာ မျက်မမြင်တစ်ယောက်ရဲ့ စိတ်ဒုက္ခကို မြင်ရတဲ့အခါမှာ သင်တို့ရဲ့နှလုံးသားတွေဟာ ထိခိုက်တယ်။ ကျွန်ုပ်ရဲ့နှလုံးသားကရော သနားခြင်းကို မခံစားရဘူးလား။ ဒါပေမဲ့ စိတ်ဆင်းရဲနေတဲ့သူရဲ့

အတိတ်ဘဝတွေ အပါအဝင် နောက်ခံ ပတ်ဝန်းကျင်အခြေအနေ တစ်ရပ်လုံးကို ကျွန်ုပ်က သိနေတဲ့အတွက် ကျွန်ုပ်ရဲ့တုံ့ပြန်ချက်က သဘာဝကျကျပဲ ခြားနားနေတယ်။ ကျွန်ုပ်သိတဲ့အရာတွေကို သင်တို့လည်း သိလာရင် အဲဒီသူရဲ့ ကိုယ်စိတ်ဆင်းရဲမှုအပေါ် သင်တို့ရဲ့ တုံ့ပြန်ချက်ဟာလည်း တစ်မျိုးဖြစ်သွားမှာပဲ။ ဒီဘဝမှာ လူတစ်ယောက် ရိတ်သိမ်းရတာဟာ အရင်ဘဝတွေမှာ သူ စိုက်ပျိုးခဲ့တဲ့ မျိုးစေ့တွေရဲ့အသီးတွေပဲ။ ဒီတော့ သူရဲ့စောစောပိုင်းက မကောင်းတဲ့ လုပ်ရပ်တွေက သူ ရရှိလာတာတွေကို သူ ကြုံရဖို့ ကျွန်ုပ်က သူ့ကို ခွင့်ပြုလိုက်တယ်။ အထူးပြောနေစရာ မလိုတာကတော့ အပြစ်ပြေပျောက်အောင် ကောင်းမှုတွေ လုပ်ဆောင်ခြင်းဟာ အဲဒီဆင်းရဲဒုက္ခကို အတော်အသင့် လျော့နည်းစေနိုင်တယ်ဆိုတာပါပဲ။ ကျွန်ုပ်ဟာ သင်တို့ရဲ့ ပျော်ရွှင်မှုသို့မဟုတ် စိတ်ဆင်းရဲမှုရဲ့ အကြောင်းရင်း မဟုတ်ဘူး။ သင်တို့ကို ဖိစီးနေတဲ့ အဲဒီလက်ထိတ်နှစ်ခုကို သင်တို့ကိုယ်တိုင် ပုံဖော်ခဲ့တာဖြစ်တယ်"

## မကောင်းမှုသည် မကောင်းမှုကို ဖြစ်စေသည်

တစ်ကြိမ်တွင် ဇနီးမောင်နှံ နှစ်ယောက်သည် သူတို့၏သားသမီး နှစ်ယောက်နှင့်အတူ ပရရှ်ိနီလာယမ်သို့ ရောက်လာကြသည်။ မိဘများရော သားသမီးများပါ ရုပ်ဆင်းအင်္ဂါ အလွန်တင့်တယ်ကြသည်။ သူတို့သည် ဘဂဝမ်ကို ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံရရန် စိတ်အားထက်သန်နေကြသည်။ သူတို့သည် ယင်းကိစ္စနှင့်ပတ်သက်၍ ဘဂဝမ်၏တပည့်ရင်းတစ်ဦးဖြစ်သော ဗိုလ်မှူးကြီး ဂျိုဂါရောင်းကို ချဉ်းကပ်ကာ အကူအညီတောင်းကြသည်။ ဗိုလ်မှူးကြီးသည် မိသားစု၏ရုပ်ရည်ကို သဘောကျပြီး ဘာဘာ့ကို ပြောပေးကာ သူတို့မိသားစုသည် ရုပ်ရည်အလွန်ချောမောကြောင်း ပြောပြမိသည်။ ဆွာမိက ပြောသည်။ "သင်ဟာ အဲဒီမိဘများနဲ့ သားသမီးများ ရုပ်အလွန်လှကြောင်း ပြောနေတယ်။ အဲဒါက ဟုတ်ပါရဲ့။ ဒါပေမဲ့ ကလေးနှစ်ယောက်စလုံး မျက်စိကန်းနေကြတာကို သင် သိသလား" ဗိုလ်မှူးကြီး ဂျိုဂါရောင်းသည် နောက်တွန့်သွားသည်။ ဆွာမိသည် ထိုမိသားစုကို မတွေ့ရသေးချေ။ ဂျိုဂါကိုယ်တိုင်သည် ထိုချစ်စရာကောင်းသော ကလေးနှစ်ယောက် မျက်စိမမြင်ကြောင်းကို သတိမပြုမိခဲ့ချေ။ သူသည် ထိုမိသားစုကို ထပ်တွေ့သောအခါ အကျိုး

အကြောင်းကို စုံစမ်းသည်။ အဖြစ်မှန်ကို သိရသောအခါ သူသည် စိတ်ဆင်းရဲ ရ၏။ အမျိုးသမီးက ကလေးများ မျက်စိပြန်မြင်လာအောင် ဆွာမိကို ပြော ပေးပါရန် ဂျိုဂါရောင်းကို တောင်းပန်ပြန်သည်။ သူသည် ထိုကိစ္စကို ဆွာမိ အား ထပ်မံ တင်ပြ၏။ ဆွာမိက ဘာမှပြန်မပြော။

နောက်တစ်နေ့တွင် ဆွာမိသည် ထိုနေ့ထုတ်သတင်းစာကို လက်တွင် ကိုင်ပြီး သူ့အခန်းမှ ထွက်လာ၏။ သူသည် သတင်းစာကို ဂျိုဂါ ရောင်းအား ပေးပြီး သတင်းတစ်ပုဒ်ကို ဖတ်စေသည်။ ထိုသတင်းတွင် ဘွတ်ကာပတ္တမ် မြို့၌ မိထွေးဖြစ်သူက ကလေးနှစ်ယောက်အား မျက်လုံးများကို ဖောက်၍ ကန်းသွားစေခဲ့ကြောင်း ပါရှိ၏။ ချောက်ချားဖွယ် ထိုသတင်းကို ဖတ်ပြီး နောက် ဂျိုဂါရောင်းက ဆွာမိကို စိုက်ကြည့်မိ၏။ "ဒီအဖြစ်အပျက်ကို သင် ကိုင်တွယ်ရမယ်ဆိုရင် သင် ဘာလုပ်မလဲ" ဟု ဆွာမိက မေးလိုက်သည်။ ဂျိုဂါရောင်းက ချက်ချင်း ပြန်ပြန်ဖြေသည်။ "အဲဒီနှလုံးသားကင်းမဲ့တဲ့ မိန်းမ ကို တပည့်တော် ကန်းသွားစေပါ့မယ်" ထိုအခါ ဆွာမိက သူ့ကို ညင်ညင် သာသာ ပြောလိုက်သည်။ "ဒါပေမဲ့ ဘုရားက အဲဒီလိုမလုပ်ဘူး။ အဲဒီအစား သူ့ကလေးနှစ်ယောက်ကို ကန်းသွားစေခဲ့တယ်။ ဒီကလေးနှစ်ယောက်ကိုတော့ ကျွန်ုပ်ထံမှာ ထားခဲ့ပါစေ။ သူတို့ သေသေချာချာ ပျော်ရွှင်ကြမှာပါ။ သူတို့ အမေအတွက်ကတော့…" ဘာဘာသည် ဆက်မပြောဘဲ ထိုနေရာမှ ထွက်ခွာ သွားကာ ဗိုလ်မှူးကြီး ဂျိုဂါရောင်းကို မှုးမိုက်သွားတော့မတတ် အံ့အားသင့် ကျန်ခဲ့စေလေသည်။

ဂျိုဂါရောင်းသည် အတွေးရခက်သွားသည်။ ဆွာမိနှင့် သူ ခဏစကား ပြောခဲ့ရခြင်း၏ ထူးခြားမှုမှာ ဘာဖြစ်သလဲ။ ဆွာမိသည် ဘာကြောင့် ထိုနေ့ ထုတ် သတင်းစာမှ သတင်းကို သူ့ကိုပြသလဲ။ ဆွာမိသည် အကြောင်းမလှ သော မိခင်ဖြစ်သူကို တစ်စုံတစ်ရာ တိုက်ရိုက် ထုတ်ဖော်ပြောပြခြင်းအား ဖြင့် စိတ်ဆင်းရဲအောင် မလုပ်လိုကြောင်း ထင်ရှားသည်။ လူတိုင်းသည် မိမိတို့အတိတ်က ပြုလုပ်ခဲ့သည်။ မကောင်းမှု၏ ဝဋ်ကြွေးကို ပေးဆပ်ရမည် ဖြစ်ကြောင်း ဘာဘာက ပြလိုသည်ဟု သူ ကောက်ချက်ချမိလေသည်။

# အခန်း [ ၁၅ ]

# နာမစမာရန်၏ အရေးပါမှု

"အရှင်မြတ်ရဲ့ နာမတော်ကို ရွတ်ဆိုမှုဟာ ဒီကလိယုဂ် (ခေတ်) အတွင်းမှာ လွတ်မြောက်ခြင်းရှိ ရစေနိုင်တဲ့ တစ်ခုတည်းသောနည်းလမ်း ဖြစ်တယ်။ ဘုရားသခင်ရဲ့ နာမတော်သည်သာ ကျွန်ုပ်တို့ကို အကုသိုလ်အပြစ်များက ချွတ်ကယ်နိုင်မှာဖြစ်တယ်။ နာမတော်ကို ရွတ်ဖတ်ခြင်းအားဖြင့် ဘယ်ကြီးလေးတဲ့အလုပ်ကိုမဆို ပြီးမြောက်စေနိုင်တယ်"

နာမစမာရန် ဆိုသည်မှာ ဘုရားသခင်၏ နာမတော်ကို အထပ်ထပ် ဆင်ခြင်အောက်မေ့နေခြင်း ဖြစ်သည်။ ၎င်းသည် ဘုရားထံ ရောက်ရှိရန် အမြင့်မှန်းသူတစ်ဦးအား တင်းတင်းကျပ်ကျပ် ညွှန်ကြားသည့် စိတ်ဝိညာဉ်ဆိုင်ရာ အလေ့အထများအနက်မှ တစ်ခုဖြစ်သည်။ ယင်းအား ဆွာမိ အရေးထားပုံကို အဖြစ်အပျက်တစ်ခုက ဖော်ပြနေသည်။

ကိုးကွယ် ဆည်းကပ်သူတစ်ယောက်က မေးသည်။ "ဆွာမိ အလုံးစုံပုံအပ်ခြင်း (သရနာဂတိ) အကြောင်းကို တပည့်တော်တို့ မကြာခဏ ကြားရပါတယ်။ အဲဒါကို ဘယ်လို ပြီးမြောက်စေနိုင်ပါ့မလဲ" ဆွာမိက ညင်ညင်သာသာ ပြန်ဖြေသည်။"ဘန်ဂရု စရနာဂတိကို သင် အလှမ်းမမီဘူး။ အဲဒါနဲ့ ဘာလို့ ဒုက္ခရှာနေမလဲ။ နာမစမာရန်ကို အားကိုးလုပ်ဆောင်ပါ။ ဘုရားသခင်ကိုယ်တော်တိုင် သင့်အလိုကျ ဆောင်ရွက်ပေးဖို့ အသင့်ရှိနေလိမ့်မယ်"

ဆွာမိသည် တစ်ကြိမ်တွင် နာမစမာရန်၏ အထူးအရေးပါ အရာရောက်

ပုံကို ရှင်းပြခဲ့သည်။ "အဲဒါဟာ စိတ်ဝိညာဉ်ဆိုင်ရာ အလေ့အထတွေ အားလုံး ထဲမှာ အမြင့်မြတ်ဆုံး ဖြစ်တယ်။ အဲဒီထဲမှာ ဂျပမ် (ဘုရားသခင်၏နာမ တော်ကို အထပ်ထပ် ရွတ်ဆိုခြင်း) ပါဝင်တယ်။ အဲဒါဟာ မမှားယွင်းနိုင်ဆုံး အာပတ်ဖြေခြင်း (အပြစ်မှ ကုစားခြင်း) ဖြစ်တယ်။ ကုချဲလားဟာ ကရိသျှဏ ရဲ့ ကရုဏာတော်ကို နာမစမာရန်နဲ့ပဲ ရယူနိုင်ခဲ့တယ်။ သင်တို့ဟာ နာမ စမာရန် လုပ်ဆောင်နေတဲ့အခါမှာ နာမတော်ကို ပြင်းပြတဲ့စိတ်အားထက်သန် မှု၊ နက်ရှိုင်းတဲ့ အလေးထားမှု၊ ချစ်ခင်မှုတို့နဲ့ ရွတ်ဆိုပါ။ အဲဒါက သင်တို့ အပေါ် အလွန်ကြီးမားတဲ့ ကောင်းကျိုးချမ်းသာကို ကျရောက်စေပါလိမ့်မယ်။ ဒီကလိယုဂမှာ နာမစမာရန်က ကယ်တင်ခြင်းကို ရရှိပြီး တခြားနည်းနဲ့ မပြတ် တောက်စေနိုင်တဲ့ မွေးလိုက် သေလိုက် သံသရာက လွတ်မြောက်စေဖို့ လုံ လောက်တယ်။

"နာမစမာရန်ဟာ သင်တို့ကို နှိပ်စက်နေတဲ့ စိတ်တည်ငြိမ်မှု ကင်းမဲ့ ခြင်း၊ ဝိသမလောဘနဲ့ တခြားရောဂါတွေကနေ ပျောက်ကင်းစေနိုင်တဲ့ တစ်ခု တည်းသော ဆေးတော်ကြီး ဖြစ်တယ်။ အဲဒါဟာ သင်တို့ကို ကြာရှည် တည်မြဲတဲ့ ငြိမ်းချမ်းမှုနဲ့ ရောင့်ရဲမှုကို ပေးတယ်။

"သင်တို့ ရွေးချယ်တဲ့ နာမတော်ဟာ ဘုရားရဲ့ ထောင်နဲ့ချီပြီးရှိတဲ့ နာမတော်တွေထဲက ဘယ်ဟာမဆို ဖြစ်နိုင်တယ်။ အခု အများသုံးနေကြတဲ့ နာမတော်တွေထဲက တစ်ခုခုကို ရွေးချယ်ပြီး နေ့စဉ် နာမစမာရန်အတွက် အနည်းဆုံး ငါးမိနစ်အချိန်ပေးပါ။ နေ့စဉ်လုပ်ငန်းထဲမှာ အဲဒါကို ထည့်သွင်း ပါ။ အဲဒါဟာ သင်တို့ကို အကြီးအကျယ် အကျိုးပြုပါလိမ့်မယ်"

## တုလသမ္မာ

လွန်ခဲ့သည့်အချိန်အတန်ကြာက တုလသမ္မာ အမည်ရှိ အမျိုးသမီး တစ်ယောက်သည် ပရုရှုံ့နီလာယမ်တွင် နေထိုင်သည်။ တစ်နေ့တွင် သူသည် သူ့ရွာသို့ အော်တိုလန်ချားဖြင့် သွားရောက်စဉ် လန်ချားသည် လူသူအသွား အလာပြတ်သောနေရာတစ်ခု၌ လမ်းဘေးသစ်ပင်ကြီးတစ်ပင်ကို ဝင်တိုက်ကာ တိမ်းမှောက်သွားပြီး သူသည် လက်ကောက်ဝတ်တွင် ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားလေသည်။ အော်တိုလန်ချားပေါ်မှ လိမ့်ကျစဉ်တွင် သူသည်

ဆိုင်းရမ်ဟု အော်လိုက်လေသည်။ အက်ဆီးဒင့်ဖြစ်ပြီး မိနစ်ပိုင်းအတွင်းမှာပင် ထိုနေရာသို့ ကားတစ်စီး ရောက်လာလေသည်။ ကားမောင်းလာသူက တုလဆမ္မာနှင့် အော်တိုလန်ချားသမားကို ကားပေါ်တင်ပြီး သူ့အိမ် ခေါ်သွားခဲ့သည်။

အကျိုးအကြောင်း မေးမြန်းသောအခါ အော်တိုယာဉ်မောင်းက ထိတ်လန့်စရာ အသေးစိတ် အချက်များကို ထုတ်ဖော် ပြောကြားသည်။ သူမ ဝတ်ဆင်ထားသော အဖိုးတန် ရွှေလက်ဝတ်လက်စားများကို မြင်သောအခါ သူသည် လိုချင်တပ်မက်စိတ်ဖြစ်လာပြီး လုယူရန် ကြံစည်မိသည်။ ထို့ကြောင့် သူသည် လူသူပြတ်လပ်ရာသို့ မောင်းလာပြီး သစ်ပင်ကို တမင်ဝင်တိုက်ခြင်း ဖြစ်သည်။ တုလဆမ္မာသည် မေ့မြောသွားလိမ့်မည်။ သူ၏ လက်ဝတ်လက်စားများကို သူ လုယက်ယူငင်နိုင်လိမ့်မည်ဟု သူ မျှော်လင့်သည်။ ကြောက်စရာ ဒုက္ခရောက်ချိန်တွင် ဘုရား၏နာမတော်ကို ယုံကြည် ကိုးစားစွာ သူမ ရွတ်ဆိုနိုင်သည်ကို သူ အံ့အားသင့်မိသည်။ သူမသည် မြင့်မြတ်ပြီး ဘုရားတရား ကိုင်းရှိုင်းသူတစ်ယောက် ဖြစ်ရာသည်။ ထိုကဲ့သို့သောသူကို သူမ လုယက်ထိုက်ဟု သူ ခံစားမိလေသည်။ ထို့အပြင် ပုံမှန်အားဖြင့် လူသူပြတ်လပ်သော နေရာတွင် ထိုအချိန်ကျမှ လူတစ်ယောက်က အံ့အားသင့်စရာ ကားနှင့်ရောက်လာပြီး သူ့အကြံကို ပျက်စီးစေခဲ့သည်။ ယင်းသည် ဘုရား၏ စွက်ဖက်ခြင်းလား။ သူသည် ထိုသို့ တွေးမိသောအခါ ကြက်သီးထမိလေသည်။

သူသည် တုလဆမ္မာအား အကြောင်းစုံ ဖြောင့်ချက်ပေးပြီးနောက် အစစ်အမှန် နောင်တရမိကြောင်း ပြောပြလေသည်။ သူသည် ထိုတွင်မရပ်သေး။ ထိုအချိန်မှစ၍ သူသည် သူမကို ခင်မင်နီးကပ်လာလေသည်။ သူသည် မကြာခဏ သူမထံ လာလည်ပြီး သူမ၏အဆင်ပြေမှုကို မေးမြန်း စုံစမ်းကာ စေတနာကောင်းထားသည့် ဆွေမျိုးတစ်ဦးသဖွယ် မိတ်ဆွေရင်းချာတစ်ယောက် ဖြစ်လာခဲ့လေသည်။ ဤအဖြစ်အပျက်သည် နာမစမာရန်၏ အစွမ်းသတ္တိကို ပေါ်လွင်စေခဲ့လေသည်။

## နာမစမာရန်သည် ဘုရားကို ပင့်ခေါ်သည့်သဘောဖြစ်သည်

ဤစာအုပ် စောစောပိုင်းတွင် ဆုံခဲ့ရသည့် ဘဂဝမ်ဆာသီယဆိုင်းဘာဘာ၏ တပည့်မရင်းကြီးဖြစ်သူ ပက်ဒါဘော့တူက သူ့ကို မေးသည်။

''ဆွာမိဓယန် (တရားအားထုတ်မှု) ဆိုတာ ဘာပါလဲ။ အဲဒါကို ဘယ်လို လုပ်ဆောင်ရမလဲ'' ဆွာမိက သူ့ကို ပြန်ပြောသည်။ ''ဓယန်အတွက် ဒုက္ခခံမနေနဲ့။ သင်ဟာ နာမစမာရန် လုပ်ဆောင်နေတာပဲ။ အဲဒါဆို လုံလောက်ပြီ''

တစ်ညတွင် သူမသည် ဆွာမိ၏ စံကျောင်းတော်ရှေ့က သစ်ပင်ကြီးတစ်ပင်အောက်တွင် အိပ်နေသည်။ မိုးဖွဲကလေးကျလာ၍ သူမသည် ထိုနေရာမှ ထွက်ခွာလာခဲ့ပြီး ဆွာမိ၏အခန်းအပြင်ဘက်ရှိ ဝရန်တာတွင် အိပ်ရန်ပြင်ဆင်သည်။ သူမသည် အိပ်ရာခင်းနေစဉ် အကျင့်ဖြစ်နေသည့်အတိုင်း 'ဥုံစရီဆိုင်းရမ်' ဟု ရွတ်လိုက်သည်။ ဆွာမိက ထွက်လာပြီး သူမကို ဆွဲထုကာ ''အထုံမ သင် ကျွန်ုပ်ကို အိပ်ခွင့်မပေးတော့ဘူးလား'' ဟု ပြောလိုက်သည်။ ပက်ဒါဘော့တူက ပြောလိုက်သည်။ ''ဆွာမိကို ဘယ်သူက မအိပ်ရအောင်တားနေလို့လဲ'' ဆွာမိက ပြန်ပြောသည်။ သင် ကျွန်ုပ်ကို ပင့်ခေါ်နေတဲ့အခါမှာ ကျွန်ုပ်က ဘယ်လိုလုပ်ပြီး အိပ်ရာဝင် အိပ်နိုင်မလဲ'' အမျိုးသမီးက ရှင်းပြသည်။ ''တပည့်တော်မဟာ နာမစမာရန် လုပ်တဲ့အကျင့်ရှိလို့ ကိုယ့်ဘာသာကိုယ် 'ဥုံ စရီဆိုင်းရမ်လို့ ရွတ်တာပါ။ အရှင်ဘုရားကို ပင့်ခေါ်ဖို့ မရည်ရွယ်ခဲ့ပါဘူး'' ဘဂဝမ်က သူမကို ပြောပြသည်။ ''အဲဒီ ဂျပမ် (ရွတ်ဆိုမှု) ဟာ ဘာအဓိပ္ပာယ်ရှိသလဲ။ အဲဒါဟာ ကျွန်ုပ်ကို ပင့်ခေါ်ရာရောက်တယ်။ နာမစမာရန်ဟာ ဘုရားပင့်တာနဲ့ အတူတူပဲ''

## နာမာစမာရန်သည် ဘုရားကို ဖုန်းဆက်ရာရောက်သည်

စရီကပ်စ်တူရီ၏သား မူရ်သီးသည် ဘူမိဗေဒဘာသာဆိုင်ရာသုတေသနလုပ်နေသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ သူသည် အာသံပြည်နယ်ရှိ တောကြီးဒေသကို လှည့်လည်သွားလာရသည်။ တစ်နေ့တွင် သူတစ်ယောက်တည်းရှိနေစဉ် ဝက်ဝံကြီးတစ်ကောင်က သူ့ကိုမြင်တွေ့ပြီး အနားကပ်လာစပြုသည်။ မူရ်သီးက ထွက်ပြေးသည်။ သို့သော် ဝက်ဝံက သူ့နောက်မှ လိုက်သည်။ သူသည် ပြေးရင်း ကျောက်တုံးများကို တိုက်မိပြီး လဲကျသည်။ သူက ''ဘာဘာဘာဘာ'' ဟု အော်သည်။ မိနစ်ပိုင်းအတွင်း ထရပ်ကားတစ်စီး ဘယ်ကမှန်းမသိ ထွက်ပေါ်လာ၍ သူသည် ကားပေါ်တက်ခိုလှုံနိုင်ပြီး အသက်ချမ်းသာ

ရရခဲ့သည်။ လအနည်းငယ်အကြာတွင် ပရရှ္ကိနီလာယမ်သို့အခါ "သင် ဖုန်းဆက်တာကို ကျွန်ုပ်ရလို့ ကျွန်ုပ် ထရပ်ကားတစ်စီး လွှတ်လိုက်တယ်။ အချိန်မီရောက်ရဲ့လား" ဟု ဆွာမိက သူ့ကို ပြောလေသည်။

## အပိုနိုင်ခံရသူများဟာ ကျွန်ုပ်ရဲ့ကလေးတွေ ဖြစ်ကြတယ်

စရီကပ်စ်တူရီသည် ကာနာတကပြည်နယ် ဒါဗန်ဂီရီမြို့ရှိ ကောလိပ်ကျောင်းတစ်ကျောင်းတွင် ကျောင်းအုပ်အဖြစ် ဆောင်ရွက်နေသောအခါ သူ့တွင် အနန္တပ္ပခေါ် အမှုထမ်းတစ်ယောက် ရှိလေသည်။ ထိုသူသည် ဆွာမိကို အလွန်သဒ္ဓါကြည်ညိုသည်။ သူသည် သူ့အလုပ်ရှင်၏အိမ်တွင် ဘဂျန်းသီဆိုပွဲများ၌ လိုအပ်သည့် ပန်းများ၊ သစ်သီးများ၊ အမွှေးတိုင်များနှင့် ပရုတ်တို့ကို စုယူပေးရသည်။ ၎င်းတို့သည် အရည်အသွေးအကောင်းဆုံးများ ဖြစ်ကြစေရန် သူသည် တစ်ဈေးလုံး လှည့်လည်ရှာဖွေ ဝယ်ယူသည်။ သူသည် အိမ်ရှိ ဆွာမိ၏ ရုပ်ပုံရှေ့တွင်ရပ်ကာ သူ့ကို သနားသဖြင့် ပန်းတစ်ပွင့် စွန့်ကြဲပါရန် ဆုတောင်းသည်။ သူသည် ဆွာမိ၏ရုပ်ပုံရှေ့တွင် တစ်ကိုယ်တည်းရှိနေပြီး အကြာကြီး စကားပြောနေတတ်သည်။ ညှိုးနွမ်းသွားသော ပန်းကုံးတစ်ကုံးကို ဆွာမိ၏ရုပ်ပုံမှဖြုတ်ယူပြီး သူ့ကိုပေးသောအခါ သူသည် ၎င်းကို ပရာဆဒမ် (ဘုရားကပ်ပြီး စွန့်သောအရာ) အဖြစ် အမြတ်တနိုးထားရှိသည်။ တစ်နေ့တွင် ဆွာမိသည် သူ့ဓာတ်ပုံကြီးတစ်ပုံကို ကပ်စ်တူရီအားပေးပြီး "ဒါကို ဒါဗန်ဂီရိယူသွားပြီး အနန္တပ္ပရဲ့ ဘုရားကျောင်းမှာထားလိုက်" ဟု ပြောလေသည်။ အနန္တပ္ပ၏ နိမ့်ကျသော တဲအုပ်ကလေးသည် ဘာဘာ၏စကားအရ ဘုရားကျောင်း ဖြစ်လာလေသည်။ ထိုဓာတ်ပုံမှ ဝိဘူသီးများ ကျလာနေပြီး လူအများအပြား လာရောက်၍ စုဆောင်းရယူကြလေသည်။

အနန္တပ္ပ၏သမီးငယ်၏ လင်ယောကျ်ားဖြစ်သူသည် မိုက်စိုးပြည်နယ်ရှိ မီးရထားဌာနတွင် အလုပ်လုပ်နေသည်။ သူတို့မောင်နှံသည် ဘန်ဂလောမြို့ရှိ မထင်မရှား အိမ်ကလေးတစ်လုံးတွင် နေထိုင်ကြသည်။ ထိုသူသည် မယုံသင်္ကာဖြစ်တတ်သောသဘော ရှိသည်။ သူက သူ့မိန်းမ၏အကျင့်သိက္ခာကောင်းမှုကိုပင် သံသယဖြစ်သည်။ သူသည် သူ့မကို ဆက်တိုက်ဒုက္ခပေးသည်။ သူ့မကို အကျဉ်းသားတစ်ယောက်ကဲ့သို့ အခန်းတစ်ခန်းတွင် ပိတ်

လှောင်ထားသည်။ သူ့ကို ဘယ်သူကမှ အမှန်သိလာအောင် ဖြောင်းဖြ နားချ၍ မရ။

ထိုကဲ့သို့သော နှိပ်စက်မှုကို မခံနိုင်တော့၍ သနားဖွယ် ထိုမိန်းမသည် သူမအား ပုတ္တပါသီရှိ စရီဆာသီယဆိုင်းဘာဘာထံ လိုက်ပို့ရန် သူမ၏ ယောက်ျားကို တောင်းပန်လေသည်။ ဘာဘာက သူမသည် အကျင့်သိက္ခာ ကောင်းမွန် စင်ကြယ်သည်ဟု ကြေညာပါက သူမ၏ယောက်ျားက သူမကို အေးအေးဆေးဆေး ထားရှိရန် သူမက ပြောသည်။ ယင်းသို့မဟုတ်ပါက သူမသည် ပုတ္တပါသီမှာပင် နေထိုင်တော့မည်ဟု ဆိုလေသည်။

အနန္တပ္ပ သူ့ဇနီး သူတို့သမီးနှင့် သမက်တို့သည် ပုတ္တပါတီသို့ သွား ရောက်ခဲ့ကြ၏။ ဆွာမိက သူတို့ကို အင်တာဗျူးခေါ်တွေ့ပြီး အနန္တပ္ပ၏သမက် ကို ပြောသည်။ "သင့်မိန်းမဟာ စရီရာမ အရှင်မြတ်ရဲ့ ဇနီးသီတာလိုပဲ အလွန်ကြည်လင်စွာ ရှင်းလင်းပြီး စင်ကြယ်တယ်။ သူမဟာ ရှီးဗား (သီဝ) အရှင်မြတ်ရဲ့ ကြင်ရာတော် ပါရ်ဗတီအရှင်မနဲ့ အလားတူပဲ" သူက သူ့ကို အကျိုးသင့် အကြောင်းသင့် ပြောပြနားချရန် ကြိုးစားသည်။ သို့သော် ထိုသူက ဆွာမိ၏စကားကို လက်သင့်မခံဘဲ ဇော်ကားမော်ကား ဖြစ်လာသည်။ ဆွာမိ က သူ့ကို အခန်းထဲမှ နှင်ထုတ်ပြီး တံခါးပိတ်ထားလိုက်သည်။ သူက အနန္တပ္ပ ကို စိတ်မပူရန် အကြံပေးပြီး ထိုသူသည် မကြာမီ မကြာမီအပြုအမူ အပြော အဆို ပြုပြင်ကောင်းမွန်လာကာ သူ့မိန်းမနှင့် ပျော်ပျော်ရွှင်ရွှင် နေထိုင်လိမ့် မည်ဟု စိတ်ချအောင် ပြောကြားလေသည်။

အပြန်လမ်းတွင် သူတို့သည် ပယ်နုဂွန္ဒာဂူတာသို့ ညဦးနက်မှ ရောက် ရှိကြပြီး ဂွန်တကားလ်မှလာမည့် သန်းခေါင်ရထားကို စောင့်ကြရသည်။ အနန္တပ္ပ၏သမက်သည် လျှောက်ပြောပြီး မြင့်မြတ်သော သူများနှင့် အလှူခံ ပုဂ္ဂိုလ်များကို ရှုတ်ချလေသည်။ သူသည် သိသိသာသာပင် သူ၏မကောင်း သော ပုံစံကို မပြောင်းလဲသဖြင့် အနန္တပ္ပသည် စိတ်ဆင်းရဲရလေသည်။ ရထား သည် သန်းခေါင်အချိန်တွင် ဝင်ရောက်လာသည်။ သမက်ဖြစ်သူသည် အနန္တပ္ပ သူ့ဇနီးနှင့် သူတို့၏သမီးကို တတိယတန်းတွဲတစ်တွဲပေါ်သို့ တင်ပေးသည်။ သူကိုယ်တိုင်ကတော့ မီးရထားဝန်ထမ်းဖြစ်၍ ပထမတန်းတွဲတစ်တွဲကို တက် စီးလေသည်။

ထွက်ခွာလာပြီး တစ်နာရီခန့်အကြာတွင် ရထားသည်။ တုန္ဒိဘာဝိဘူတာရုံသို့ ဆိုက်လေသည်။ ရုတ်တရက် အနန္တပွ၏သမက်သည် နာကျင်စွာ အော်ဟစ်ပြီး ကျယ်ကျယ်လောင်လောင် ညည်းညူစပြုလေသည်။ ထိုအသံကို ကြား၍ ဂါတ်မိုလ်က တွဲထဲဝင်လာသည်။ ဘူတာတွင်းရှိ မီးရထားဝန်ထမ်းများကလည်း ဘာဖြစ်သလဲ စုံစမ်းရန် စုလာကြသည်။ ထိုနေ့သည် သူ့ပါးများကို သူ ပွတ်နေသည်ကို တွေ့ကြရသည်။ ကြောက်လန့်နေပြီး သူသည် ပတ်ဝန်းကျင်ကို ခိုးကြောင်ခိုးဝှက် ကြည့်သည်။ ဂါတ်မိုလ်က သူ့ကို မေးသည်။ "ဘယ်သူက ဒီတွဲထဲကို ဝင်ပြီး မင်းကို ပါးတွေရိုက်ခဲ့သလဲ"

ငိုကြွေးညည်းညူရင်း သူသည် ရထားပေါ်မှ ဆင်းပြီး ရုံပိုင်၏ ရုံးခန်းကို ဝင်ထိုင်ကာ ဘာဖြစ်ခဲ့သည်ကို သူ့ကို ပြောပြသည်။ "တုန္ဒိဘာဝိဘူတာကို မရောက်ခင် ခြောက်မိုင်လောက်အလိုမှာ ရုတ်တရက် အခန်းထဲက မီးတွေ လင်းလာတယ်။ ကျွန်တော်က ထပြီး အိပ်ရာပေါ်မှာ ထိုင်တယ်။ အနီရောင် တောက်နေတယ်။ ဆိုင်းဘာဘာဟာ တစ်ခန်းလုံးမှာ ရှိနေသလိုပဲ။ ဘာဘာက ကျွန်တော့်ပါးတွေကို ရိုက်စပြုတယ်။ သူဟာ ကျွန်တော့်ပတ်ဝန်းကျင်နေရာ အနှံ့မှာ ရှိနေပြီး ကျွန်တော်ဟာ အဘက်ဘက်က ပါးရိုက်တာတွေကို ခံနေရတယ်။ ကျွန်တော့်ပါးတွေကို ရိုက်ရင်း သူက ပြောနေတယ်။ "သင့်မိန်းမဟာ အပြစ်ကင်းတယ်၊ စင်ကြယ်တယ်လို့ ကျွန်ုပ် သင့်ကို ပြောပြတဲ့အခါမှာ သင်က ကျွန်ုပ်ကို မယုံကြည်ဘူး။ သင် သူ့ကို ဒုက္ခပေးနေတာ ရပ်မလား မရပ်ဘူးလား။ သူဟာ ငါ့ကလေး။ သူတင်မကဘူး အဖိနှိပ်ခံရသူတွေအားလုံးဟာ ငါ့ကလေးတွေ ဖြစ်ကြတယ်။ သင် ကျွန်ုပ်ကို နာခံမလား၊ မနာခံဘူးလား" ရထား ဒီဘူတာကို ဝင်လာတော့ အနီရောင်ဟာ ပျောက်ကွယ်သွားပြီး ပုံမှန်အလင်းရောင် ပြန်ပေါ်လာပါတယ်" ဟု သူက ပြောပြလေသည်။

ဤအဖြစ်အပျက်အပြီးတွင် သူတို့မောင်နှံ၏ဘဝသည် လုံးလုံးလျားလျား ပြောင်းလဲသွားလေသည်။ သူတို့သည် သင့်သင့်မြတ်မြတ် ချစ်ချစ်ခင်ခင် နေထိုင်စပြုကြလေသည်။

လအနည်းငယ်အကြာတွင် ဘဂဝမ်ဘာဘာသည် ကိုးကွယ် ဆည်းကပ်သူအချို့နှင့် စကားပြောနေသည်။ ရှီရ်ဒီဆိုင်းသည် မကြာခဏ ဒေါသကို ပြတတ်သည်။ လက်ရှိ အဝတာရကတော့ မေတ္တာရှင် ဖြစ်သည်ဟု သူက

ပြောသည်။ စရီကပ်စတူရီက ခပ်ပျော့ပျော့ ဝင်ပြောသည်။ "ဆွာမိ ဒီလက်ရှိ လူဝင်စားဘဝမှာ အရှင်ဘုရား တစ်ယောက်ယောက်ကို မရိုက်နှက်ခဲ့ဘူးလား" ဘာဘာက ပြန်ဖြေသည်။ "ကျွန်ုပ်ဟာ အခုမေတ္တာရဲ့ ပြယုဂ်ဖြစ်တယ်" သို့သော် စရီကပ်စတူရီက ထပ်မေးသည်။ "ဒီလူဝင်စားဘဝမှာ အရှင်ဘုရား ဘယ်သူ့ကိုမှ မရိုက်နှက်ခဲ့ဘူးလား" ဆွာမိက ပြန်ပြောသည်။ "အနန္တပွဲရဲ့ သမက်ကို သင် ရည်ညွှန်းနေတာလား ကျွန်ုပ် သူ့ကို ပြုလုပ်ခဲ့တာဟာ ချစ်လို့ ဖြစ်တယ်" စရီကပ်စတူရီက ပြောသည်။ "ဆွာမိရဲ့မေတ္တာနဲ့ ကရုဏာကို အဲဒီသနားစရာ ရိုးစင်းတဲ့ ကလေးမအပေါ် အလျှံပယ် ရွာချခဲ့ပါတယ်" ဘာဘာက ထပ်ဖြည့်ပြောလိုက်သည်။ "ဟုတ်တယ် အဲဒီသမက်အပေါ်မှာ ရောပဲ"

## ဘော့စနီးယားက အဖြစ်အပျက်

ဘော့စနီးယားနိုင်ငံသည် တစ်ခါတုန်းက ပြဿနာများပေါ်ပြီး ဒုက္ခသည် စခန်းများတွင် လူအများအပြား ခိုလှုံနေကြရသည်။ ဆွာမိကို ကိုးကွယ်ဆည်းကပ်သူ ဘော့စနီးယားအမျိုးသမီးတစ်ဦးသည် ဒုက္ခသည်များကို ပေါင်မုန့်များနှင့် ဘီစကွတ်မုန့်များ ဝေငှသည်။ သူမသည် သူတို့ကို ဆွာမိ၏ဓာတ်ပုံများနှင့် ဝိဘူသီး ပြာထုပ်များလည်း ပေးသည်။ သူတို့သည် စားရင်း ဆွာမိ၏ ဓာတ်ပုံကို ကြည့်ကာ အချင်းချင်း စကားပြောနေကြသည်။ သူတို့ ဆွာမိ၏ ဓာတ်ပုံကို ကြည့်ပြီး ဘာတွေပြောနေကြသလဲ သိချင်၍ သူမ၏ ဗင်ကားမောင်းသူကို စေလွှတ်နားထောင်ခိုင်းလိုက်သည်။ ခဏနေတော့ သူ ပြန်လာပြီး သူမကို ပြောပြသည်။ "ဒီဓာတ်ပုံထဲက လူဟာ ငါတို့ကို နေ့စဉ်လာပြီး ပေါင်မုန့်တွေ၊ ဘီစကွတ်တွေ ဝေခဲ့တယ်။ ဒီနေ့တော့ သူ မလာအားလို့။ အဲဒီအမျိုးသမီးကို လွှတ်လိုက်တာ ဖြစ်ရမယ်" လို့ သူတို့ ပြောနေကြပါတယ်ဟု သူက သူမကို ပြောပြလေသည်။

၁၉၉၆ ခုတွင် ဗရင်ဒဗန်၌ ကျင်းပသော နွေသင်တန်းများ၌ ထို အမျိုးသမီးကို ဆွာမိက စကားပြောစေသည်။ သူမက အထက်ပါအဖြစ်အပျက်ကို ပြန်လည် တင်ပြပြီး "ကျွန်မတို့ဟာ ကောင်းမှုလုပ်ဖို့ ခြေတစ်လှမ်းလှမ်းရင် ဆွာမိက အမြဲကျွန်မတို့ရှေ့မှာ ရှိနေပါလိမ့်မယ်" ဟု နိဂုံးချုပ်သွားလေသည်။

## အခန်း [ ၁၆ ]

# ဒုက္ခသည် ဘုရားကို အနီးရောက်လာစေသည်

စရီမဟာ ဘားရတ် ဇာတ်တော်တွင် ပန္ဍဝညီနောင်တို့သည် သူတို့၏ တောတွင်း အနှင်ခံရမှု ကုန်ဆုံး၍ ဌာနေပြန်လာကြသည်။ သူတို့မယ်တော် ကွန်သီးဒေဝီသည် အလွန်ဝမ်းမြောက် ပျော်ရွှင်သည်။ သူမသည် ကျေးဇူးတင်စွာဖြင့် ကရိသျှဏာ အရှင်မြတ်ကို ဦးညွှတ်ဂါရဝပြုသည်။ သူက ပြောလိုက်သည်။ ''ချစ်စွာသောအဒေါ် သင် နောက်ထပ် လိုအပ်တာရှိသေးသလား။ ကျွန်ုပ် အဲဒါကို ပြည့်ဝစေမယ်'' သူမက ကျိုးနွံစွာ ပြန်ဖြေသည်။ ''အို… ကရိသျှဏာ အရှင်မြတ်၊ တပည့်တော်မရဲ့သားတွေဟာ တောထဲမှာ သစ်ဥသစ်ဖုတွေကို စားပြီး သည်းမခံနိုင်လောက်စရာ ပင်ပန်းခက်ခဲမှုတွေကို ခံစားခဲ့ကြရလို့သာ အရှင်မြတ်ဟာ သူတို့နဲ့ အမြဲအတူရှိနေခဲ့ပြီး သူတို့ကို ကာကွယ်စောင့်ရှောက်ပေးခဲ့တာဖြစ်တယ်။ အလားတူပဲ အရှင်မြတ်ရဲ့ ထောက်ပံ့ကာကွယ်မှု အရှင်မြတ်ရဲ့ ချိုမြိန်ရင်းနှီးတဲ့မေတ္တာနဲ့ အနီးကပ်ရှိနေမှုတို့ကို တပည့်တော်မ အခက်အခဲတွေ ကြုံတဲ့အခါကျတော့မှ တပည့်တော် မရရှိခဲ့ပါတယ်။ ဒါကြောင့် တပည့်တော်မကို တစ်ချိန်လုံး ပင်ပန်းဆင်းရဲမှုတွေကိုသာပေးဖို့ ဆုတောင်းပါတယ်''

စရီဆာသီယဆိုင်း၏ဘဝနှင့် ပတ်သက်သော အလားတူဖြစ်ရပ်တစ်ခုကို တင်ပြထိုက်သည်။ ဆွာမိသည် တစ်ခုသောနှစ်တွင် နွေသင်တန်းများကို

အူတီ (နှာမည်ကျော်တောင်စခန်းမြို့) တွင် ဖွင့်လှစ်ကာ ကျောင်းသားများအားလုံးကို ထိုစခန်းသို့ ခေါ်ဆောင်သွားရန် ဆုံးဖြတ်လေသည်။ သင်တန်းများပြီး၍ ဘန်ဂလောသို့ မပြန်ကြမီတွင် သူက သူတို့ကို ပြောသည်။ "သင်တို့အူတီကို ဝေးဝေးလံလံ လာခဲ့ကြရတဲ့အတွက် ရှုခင်းသာတွေကို လှည့်လည်ကြည့်ရှုပြီး ဘုရားဖန်ဆင်းထားတဲ့ အလှအပတွေကို အရသာခံကြ" ကျောင်းသားများက ဆွာမိလည်း သူတို့နှင့်အတူ လိုက်ပါရန် မရအရ ပြောကြသည်။ သို့မဟုတ်ပါက သူတို့မသွားတော့ဟု ပြောကြသည်။ သူတို့စိတ်ကူးမှာ ရှုခင်းလှသော နေရာများတွင် ဆွာမိနှင့်အတူ ဓာတ်ပုံအရိုက်ခံကြရန် ဖြစ်သည်။ ဆွာမိက သဘောတူပြီး ပင်လယ်မျက်နှာပြင်အထက် ပေ ၈၀၀၀ ကျော်တွင် တည်ရှိသော ဒေါဒဘက်တ ရှုခင်းသာစခန်းသို့ ဘတ်စ်ကားများဖြင့် သွားရောက်ရန် စီစဉ်သည်။ သူက လူကလေးများကို ရှေ့ကသွားနှင့်ကြရန်နှင့် မကြာမီ သူနောက်မှ လိုက်လာ ပူးပေါင်းမည်ဖြစ်ကြောင်း ပြောကြားသည်။

သူတို့ ထွက်ခွာသွားပြီး အတန်ကြာတွင် ဆွာမိသည် နန္ဒာနဝနမ်စခန်းမှ ဒေါဒဘက်တသို့ ကားဖြင့် ထွက်ခွာလာသည်။ သူ ထွက်သွားပြီးနောက် သူ့ကို ဖူးမြော်ရန် လူငယ်နှစ်ယောက် နန္ဒာနဝနမ်သို့ မော်တော်ဆိုင်ကယ်ဖြင့် ရောက်လာကြသည်။ ဆွာမိသည် ဒေါဒဘက်တသို့ သွားရောက်နေကြောင်း သိရသည့်အခါ သူတို့လည်း ဆွာမိနောက်သို့ လိုက်ကြသည်။ သူတို့သည် ဆွာမိ၏ကားကို မီအောင် ဆိုင်ကယ်ကို အမြန်စီးကြသည်။ ဆွာမိ၏ကားတွင် အတူလိုက်ပါလာသူတစ်ယောက်က ပြောသည်။ "ဒီကောင်ကလေးတွေက ဘယ်သူတွေလဲ။ သူတို့ ဆိုင်ကယ်စီးတာမြန်လွန်းတယ်။ သူတို့ဟာ လူရမ်းကားကလေးတွေ ဖြစ်ရမယ်" ဘာဘာက သူ့အမှားကို ပြင်သည်။ "မဟုတ်ဘူး မဟုတ်ဘူး၊ သင်ဟာ အဖြစ်မှန်ကို မသိဘဲနဲ့ အမြန်ကောက် ချက်ဆွဲလို့ မရဘူး။ သူတို့က ကျွန်ုပ်ရဲ့ ဒါရှန်အတွက် စိတ်အားထက်သန်နေကြလို့ အဲဒီလိုစီးတာ"

လမ်းကွေ့တစ်ခုတွင် ဆိုင်ကယ်ပေါ်မှ လူငယ်နှစ်ယောက်သည် ဆွာမိကား အနီးသို့ အမြန်ကပ်လာပြီး အရှိန်မထိန်းနိုင်တော့ဘဲ လဲကျသွားလေသည်။ ဆွာမိက သူ့ကားကို ချက်ချင်းရပ်စေသည်။ သူသည် သူတို့ထံသွား၍ သူတို့ကိုယ်များပေါ်မှ ဖုန်ကို ခါပေးပြီး သူတို့ကို အသာအယာ ဆုံးမသည်။

''ချစ်စွာသော လူကလေးတွေ သင်တို့ နာသွားသလား။ ဘာကြောင့် သင်တို့ ဒီလောက်မြန်မြန် မောင်းနှင်နေကြတာလဲ။ သင်တို့ ဆွာမိကို တွေ့ချင်ရင် နန္ဒာနစနမ်ကို လာနိုင်တာပဲ'' လူကလေးတစ်ယောက်က ပြန်ပြောသည်။ ''ဆွာမိ တပည့်တော်တို့ အရှင်ဘုရားကို သိပ်ဖူးမြင်ချင်ကြပါတယ်။ ဒီကံဆိုးတဲ့ မတော်တဆဖြစ်မှုနဲ့ ကြုံရတဲ့အတွက် တပည့်တော်တို့ဟာ အခု အရှင်ဘုရားရဲ့ ဒါရှန် (ဖူးမြင်ရမှု) သာမက အရှင်ဘုရားရဲ့ စပါရှန် (ထိတွေ့မှု) နဲ့ ဆမ်ဘာရှန် (အပြန်အလှန်စကားပြောမှု) တို့ကိုပါ ရရှိခဲ့ပါတယ်။ တပည့်တော်တို့ ဒီလို လဲမကျခဲ့ရင် အရှင်ဘုရားက တပည့်တော်တို့အနားကို ကပ်လာခဲ့မှာ မဟုတ်ပါဘူး။ တပည့်တော်တို့ ခေါင်းများကို ချစ်ခင် ကြင်နာစွာ ပုတ်ပေးခဲ့မှာ မဟုတ်ပါဘူး။ အခုလို ချိုချိုသာသာ ရင်းရင်းနှီးနှီးလည်း စကားပြောခဲ့မှာ မဟုတ်ပါဘူး။ ဒါကြောင့် ဆွာမိ အရှင်ဘုရား တပည့်တော်တို့ကို ပင်ပန်းဆင်းရဲမှု တစ်ခုခုပေးရင် အရှင်ဘုရားရဲ့ ဒါရှန် စပါရှန်နဲ့ ဆမ်ဘာရှန်ကိုလည်း ပေးတော်မူပါ။ အဲလို အမြိုက်သုခမျိုး ရရှိဖို့အတွက် တပည့်တော်တို့ဟာ ဘယ်လောက်အတိုင်းအတာရှိတဲ့ ဆင်းရဲဒုက္ခကိုမဆို ခံစားဖို့ အသင့်ရှိနေပါမယ်''

## နိဂုံး

စရီဆာသီယ ဆိုင်းဘာဘာကို ၁၉၂၆ ခု နိုဝင်ဘာလ ၂၃ ရက်နေ့တွင် အိန္ဒိယပြည် အန္ဓရာပရာဒက်ရှ်ပြည်နယ် ပုတ္တပါတီရွာ၌ ဖွားမြင်ခဲ့ပြီး သူသည် ၂၀၁၁ ခု ဧပြီလ ၂၄ ရက်နေ့တွင် လူ့ပြည်ကို စွန့်ခွာကာ မဟာသမာဓိဝင်စံသွားခဲ့လေသည်။ သူသည် ယခင်ဘဝက ရှီရ်ဒီဆိုင်းဘာဘာဟူသော အမည်ဖြင့် ဝင်စားခဲ့၏။ ရှီရ်ဒီဆိုင်းသည် ၁၈၃၈ ခု စက်တင်ဘာလ ၂၈ ရက်နေ့တွင် ဖွားမြင်ပြီး ၁၉၁၈ ခု အောက်တိုဘာလ ၁၅ ရက်တွင် ခန္ဓာကိုယ်ကို စွန့်ခွာသွားခဲ့လေသည်။ ယခုအထိ ဆိုင်းဘာဘာနှစ်ပါး ပေါ်ပေါက်ခဲ့ပြီးပြီ။ ပရီမ္မဆိုင်းဟူသော အမည်ဖြင့် တတိယမြောက် ဆိုင်းဘာဘာ ကြွလာဦးမည်ဟု ဒုတိယ ဆိုင်းဘာဘာက ကြေညာထားသည်။

ဆာသီယဆိုင်းဘာဘာသည် ဆာသီယ (သစ္စာ)၊ ဓမ္မ၊ ပရီမ္မ (မေတ္တာ)၊ ရှန္တိ (ငြိမ်းချမ်းမှု) နှင့် အဟိံသ (မညှဉ်းဆဲမှု) တည်းဟူသော လမ်းစဉ်ကြီးငါးရပ်ကို ချပေးသည်။ သစ္စာကို စောင့်ထိန်းကြရန် ဓမ္မကို လိုက်နာကျင့်သုံးကြရန် သတ္တဝါအားလုံးကို မေတ္တာထားကြရန် ငြိမ်းချမ်းမှုကို ထိန်းသိမ်းကြရန် ညှဉ်းဆဲမှုကို ရှောင်ရှားကြရန် သွန်သင်သည်။ တစ်နေ့တာကာလကို မေတ္တာဖြင့်စ မေတ္တာဖြင့် ဖြတ်သန်းပြီး၊ မေတ္တာဖြင့် ကုန်ဆုံးစေပါဟု တိုက်တွန်းသည်။ အားလုံးကို ချစ်ခင်ပါ။ အားလုံးကို အလုပ်အကျွေးပြုပါဟု ညွှန်ကြားသည်။ လူအားလုံး၏ နှလုံးသားတွင် ဘုရားသခင် စံမြန်းနေသည်ဖြစ်၍ ထိုဘုရားကို အမြဲအာရုံပြု ကိုးကွယ်ဆည်းကပ်ပါဟုလည်း ပြောကြားသည်။

သက်သတ်လွတ်စားခြင်းသည် သတ္တဝါများကို မေတ္တာထားရာ ရောက်ပြီး ကျန်းမာရေးအတွက်လည်း ကောင်းမွန်သဖြင့် သက်သတ်လွတ်စားခြင်းကို ဘာဘာကြီး အထူးအားပေးသည်။ နာရာယနဆဲဗားခေါ် မရှိဆင်းရဲသားများအား ကျွေးမွေးစောင့်ရှောက်ခြင်းကိုလည်း ဘာဘာကြီး အထူးနှစ်ခြိုက်သည်။ မိမိတို့၏ငွေကြေးဥစ္စာ ပစ္စည်းများကို မိမိတို့လောက် မပြည့်စုံသူများအား မျှဝေပေးကြရန်လည်း ဘာဘာကြီးက တိုက်တွန်းသည်။

အထူးသဖြင့် နာမစမာရန် (ဘုရား၏ နာမတော်တစ်ခု၊ သို့မဟုတ် အချို့ကို ဆင်ခြင်အောက်မေ့ ရွတ်ဆိုနေခြင်း) သည် အကြီးမြတ်ဆုံး ကောင်းမှုဖြစ်ကြောင်း လက်ရှိ ကလိယုဂ်ခေတ်တွင် ယင်းကို ကျင့်သုံးခြင်းအားဖြင့် သံသရာလွတ်မြောက်နိုင်ကြောင်း အကြိမ်ကြိမ် ပြောကြားခဲ့လေသည်။ သို့ဖြစ်၍ ရာမ၊ ကရီသျှဏ၊ ရှီးဗား အစရှိသည့် နာမတော်များကို အချိန်ရတိုင်း ရွတ်ဆိုနေသင့်ပါသည်။ ယင်းသို့ ရွတ်ဆိုနေ၍ ဘာအရှုံးမျှမရှိပါ။ အကျိုးအမြတ်သာ ရရှိစေမည်ဖြစ်ပါကြောင်း လေးမြတ်စွာ တင်ပြလိုက်ရပါသည်။